www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ဆုပြည့်စုံထွန်းစာပေ
မှ ထုတ်ဝေထားသော

အင်္ဂလိပ်–မြန်မာ နှစ်ဘာသာတွဲ
တိုင်းရင်းသားရိုးရာ
ပုံပြင်များ









တန်ဖိုး - ၁၅၀၀

အမှတ် – ၅၀၈/၅၁၂ (၂–ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၁၈၁၆၆၄၊ ၁၈၆၈၁၁ qualityph@gmail


သို့ ...............................

မှ ...............................


Quality စာအုပ်တိုက်မှ စီစဉ်သည်

Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com

www.burmeseclassic.com


ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်း...





မိုးလ်ချုပ်ကြီးအကြောင်းအရာ

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ

တန်ဖိုး – ၅၀၀၀ ကျပ်

မြန်မာပြည်သူ့ အချစ်တော်

ဗိုလ်ချုပ်ဦးအောင်ဆန်း

တန်ဖိုး – ၂၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

တန်ဖိုး – ၅၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့

တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကမ္ဘာ

Quality စာတည်းအဖွဲ့

တန်ဖိုး – ၆၀၀၀ ကျပ်



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုမှ

စီအိုင်ဒီ အခန်းကဏ္ဍ

တန်ဖိုး – ၁၀၀၀ ကျပ်



အောင်ဆန်း၏ အောင်ဆန်း

ပို့အောင်လေး

တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းရာပြည့်မော်ကွန်း

တန်ဖိုး – ၈၀၀၀ ကျပ်


BURMESE CLASSIC


Quality Publishing House

အမှတ် ၅၀၈/၅၁၂ (၂-ခ) လွှာ၊ ပထမထပ်၊

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရေစီကွန်ဒို)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။



http://Quality.myanmaronlinesales.c?m တွင်

တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့် [illegible]

www.burmeseclassic.com

www.burmeseclassic.com

MARCH NO.134,2016

PREVIEW


| | |
|---|---|
| ၄ | တစ်ကိုယ်တော် ဘဝက် |
| ၃၅ | ...ယောက်ပြီး တစ်ယောက် |
| ၄၇ | အချစ် နွံ |
| ၅၇ | တစ္ဆေကို အစာကျွေးခြင်း |
| ၇၆ | တုံးအောက်ကဖား ပြားတဲ့ဖားက ပြား -ဓောင်းတဲ့ဖားကဓောင်း |
| ၉၅ | သီပွဲမောင်လှ |
| ၁၁၀ | တန်ရာတန်ကြေး |
| ၁၂၀ | ခုနစ်တွေမင်းသား |
| ၁၃၄ | ခြောက်ကျတ် |
| ၁၅၈ | သွေးပျက်တဲ့ည |
| ၁၇၃ | စက္ကူနိုင်ငံအတွင်း |
| ၁၈၇ | ဆားပုလင်းနေမင်းခေါင်း နှင့် တစ်လမ်းသွား ညှို့မောင် |
| ၁၉၈ | ကျားဆိုး |
| ၂၁၀ | သည်းထိတ်ရင်ဖိုအချစ် |
| ၂၄၀ | ပြိတ္တာဝင်စားသူ၏ သွေးကြွေးကလဲ့စား |




www.burmeseclassic.com


www.burmeseclassic.com



အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)
အုပ်ချုပ်အယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ မင်းထွဋ်၊
နေခင်လတ်၊ ဝေလင်း၊ သန်းထက်ဇင်၊ ထွန်းထွန်း၊
မြို့မင်းဦး၊ ညီနွယ်၊ မြူမြူသင်း၊ မြတ်နှင်းနွယ်၊
ကြည်စင်သန့်၊ အိမြူ့မီမီ။

ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၁၈)
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ-၅၀၀
တန်ဖိုး-၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၀၅၆၂)
Quality Publishing House
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
မင်းထွဋ်
အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊
ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။
ကွန်ပျူတာနှင့် ဖလင်
Quality



NEXT MONTH

ထူးဆန်းသော
အိမ်ငှားမိန်းမတစ်ယောက်
**ဒဂုန်ရွှေမျှား**






ကျား နဲ့ ဓား
**ဇေယျမင်းသ**

ငရဲ နဲ့ နိဗ္ဗာန်၊
အမေ နှင့် သား
**မောင်ညိုမှိုင်း**
(သန်လျင်)




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အညီလိုညမျိုးတွင်...

ဒေါက်တာကျော်ဖံလှ၏ တိုက်ကြီး ဆီမှ ငိုရှိုက်သံသဲ့သဲ့ ပျံ့လွင့်လာတတ်၏၊ ညည်းညူသံ ပိုးတဝါး ကြားရတတ်ပါ ချေသည်၊

မိုးတစ်ညအ၏ ဝင်းလက်သောလျှပ် စီးတစ်ပြက်တွင် ဆံပင်ဖားလျားချထား သော မိန်းမလှတစ်ယောက်ကို ဒေါက် တာကျော်ဖံလှ၏ တိုက်ကြီးပေါ်မှ လေ သာဆောင်တွင် တွေ့ရဖူးသည်ဟု ပတ် ဝန်းကျင်ရှိ လူအချို့က ဆိုကြသည်၊

ဟုတ်...မဟုတ်တော့ မသိ၊

တစ်ကိုယ်တော်ဘခက်သည်အသိ ရခက်သော ဒေါက်တာကျော်ဖံလှ၏ တိုက်အိုကြီးဆီသို့ ချဉ်းကပ်ခဲ့ပါသည်၊ တိုက်အိုကြီးသည် သမိုင်းအလွန် ကျိုက် ကလာ၏အတွင်းပိုင်းတွင်ရှိ လူနေအိမ် ခြေများနှင့် ဝေးသောနေရာတွင် ထီးထီး ကြီး တည်ရှိနေသဖြင့် ဒီအချိန်မျိုးတွင် လူသွားလူလာပြတ်လျက်ရှိသည်၊

မိုးကလည်း ရွာနေသည်၊

သို့ပေမဲ့ ကျိုးတိုးကျဲတဲ၊ ခပ်ဖွဲဖွဲ တလေး၊

လမ်းဘေးရှိ မီးတိုင်ကလေးတွေမှ ဝါကျင်ကျင် လျှပ်စစ်မီးရောင်ကလည်း အမှောင်ကို ဖြိုခွင်းနိုင်ခြင်းမရှိ၊

"ဘခက်" ၏အကြိုက်ပင်၊

ဒီလိုညမျိုးကို "ဘခက်" တမ်းတခဲ့ ၏၊ မျှော်မှန်းခဲ့၏၊ မက်မောခဲ့၏၊ သူ့အလုပ် ကလည်း ညမင်းသားဖြစ်သည်၊ ဥပဒေ၏ အပြင်အပမှဖြစ်သည်၊ သို့တစေ၊ ဘခက် တွင် ဂိုဏ်းမရှိ "အုပ်စု" မရှိ၊ အလုပ်တစ်ခု ကို အုပ်နှင့်သင်းနှင့် မလုပ်တတ်ပါချေ၊ တစ်ယောက်တည်းဆိုတော့ ပို၍ လွတ် လပ်သည်၊ စိတ်တိုင်းကျသည်၊

သို့မို့ကြောင့် သူ့ကို ဘဝတူ အကြောင်းသိ အပေါင်းအသင်းတွေက နာမည်တစ်ခု ပေးထားကြ၏၊

"တစ်ကိုယ်တော် ဘခက်" တဲ့၊

ဘခက်သည် ဒေါက်တာကျော်ဖံလှ ၏ တိုက်အိုကြီးနောက်ဖေးမှ ပိန္နဲပင်အုပ် ထဲတွင် နေရာယူထားသည်၊ အမှောင်နှင့် ဘခက်က လင်မယားဖြစ်နေ၍ သူ့ကို ပိုး တဝါးလေးမျှ မမြင်ရ၊ အဲ - မီးရောင်ပိုး တဝါးထွက်နေသော ဒေါက်တာကျော်ဖံ လှ၏ တိုက်အိုကြီးကိုတော့ ရေးပေါင်း ရဲတိုက်ကြီးပမာ သူက မြင်နေပါသည်၊

ဘခက်သည်အခြေအနေအရပ်ရပ် ကို အေးဆေးတည်ငြိမ်စွာ စောင့်ကြည့် နေပါသည်၊ မည်သည့်ထူးခြားချက်ကိုမျှ



မတွေ့ရ၊ မီးရောင်လင်းနေသော အပေါ် ထပ်ရှိအခန်းတစ်ခုမှအပ တိုက်ကြီးတစ် ခုလုံး မည်းမည်းကြီးဖြစ်နေသည်၊

လှုပ်ရှားသက်ဝင်မှု တစ်စုံတစ်ရာ ကိုမှ မတွေ့ရချေ၊

တကယ်ဆိုတော့လည်း သူ့အလုပ် အလောတော်၍မဖြစ်၊ အချိန်ယူ၍အကျ အန စီစဉ်ပြီးသားမို့လည်း လစ်ကွက် အလေးတွေ၊ ဟာကွက်ကလေးတွေမရှိ စေချင်၊

သူသည် လက်ကိုင်ပဝါအနက်ဖြင့် ထိချည်ထားသော "ရာဒို" ကိုဖြကြည့် လိုက်သည်၊ "ဖော့ပါးရပ်စ်" ဒိုင်ခွက်များ အညာဆယ်နာရီတိတိကို ပြနေသည်၊

စောသေးသည်၊

လောလို့မဖြစ်သေး၊

တိုက်ကြီးအပေါ်ထပ်ရှိစနေထောင့် မှ အခန်းသည် မီးလင်းလျက်ပင် ရှိနေ သေးသည်၊ ထိုအခန်းထဲတွင် ဂျာမန်လုပ် "ဆေးဆီဝရင်း" စန္ဒယားကြီးတစ်လုံးရှိ နေသည်၊ စန္ဒရားကြီးပေါ်တွင်မတော့ - ငြိမ်ပြတ်နေသော စောင်းအိုတစ် ထည်၊

ထဿိုပါအဝတ်နက်ဖြင့် အုပ်ဆိုင်း ထားသော လူခေါင်းရိုးတစ်လုံး၊ ဒါတွေ

ကအသေအချာကိုရှိနေပါသည်၊ ကြော ဝိ စန္ဒရားသံသဲ့သဲ့ထွက်ပေါ်လာ၏၊ "ဝင် သိုဗင်" ၏ ဖယောင်းတိုင်မီးလောင်သံ တေးသွား၊

ချောက်ချားဖွယ်ကောင်းလိုက် ပါဘိ၊

❁ ❁ ❁

လူခေါင်းကြီးတစ်လုံး၊

သည်အကြောင်းကို ဦးစိန်ဘထံမှ တစ်ဆင့် ကြားသိရခြင်းပင်၊ ဦးဘစိန် သည် အင်မတန်လက်ရာမြောက်လှ သည်ဟု နာမည်ကျော်ကြားနေခဲ့သော ရှေးပန်းတိမ်ဆရာတစ်ဦးပင် ဖြစ်သည်၊

ဦးဘစိန်နှင့် ဘခက်သည် အစ ကတည်းက သိကျွမ်းခဲ့ကြ၏၊ ဆက် သွယ်မှုကြ၏၊ ထိုညတွင်တော့ "တော် ဝင်ဘား" တွင် ဦးဘစိန်နှင့် ဆုံဖြစ်ကြ၏၊

တော်ဝင်ဘားအတွင်းတွင်ဘခက် အကာစံသောအိုးဘရမ်ဒီအရက်အတော် ဝင်သွားသည်နှင့် ဦးဘစိန်သည် အာ သွက်လျှာသွက်ဖြစ်လာတော့၏၊ ဘား ကိုလည်းမိုးလားကဲလားပြောလာတော့



www.burmeseclassic.com

www.burmeseclassic.com

၏ သူ့စာတားထဲတွင် ဒေါက်တာကျော်ဖံ
လူ၏အကြောင်းပါလာသည်။

"ငါ့တစ်သက်မှာတော့ ဒါလောက် အရည်အသွေးကောင်းပြီး ကြီးမားတဲ့ ပတ္တမြားတွေကို မတွေ့ဖူးတာအမှန်ပဲ ဘခက်၊ အဲဒီလောက်အရည်အသွေး ကောင်းပြီး တန်ဖိုးရှိတဲ့ပတ္တမြားနှစ်လုံး ကို ဒေါက်တာကျော်ဖံလူက ငါ့ကို ဘာ လုပ်ခိုင်းတယ် မှတ်သလဲ"

ဦးစိန်ဘက စကားဖြတ်လိုက်ပြီး ခနံ့ခွက်ကိုကိုင်လိုက်သည်။ ဘခက်သည် အိုးဘရမ်ဒီလက်ကျန် တစ်ပက်ခန့်ကို ထပ်၍ငှဲ့ပေးလိုက်ပြီး ဆော်ဒါရေပေး လိုက်၏။ အဘိုးကြီးက တစ်ကျိုက်တည်း နှင့် အပြတ်ရှင်းလိုက်၏။

"ဆက်ပါဦး - ဦးစိန်ဘ၊ ခင်ဗျား စကားက စိတ်ဝင်စားဖို့ကောင်းသား"

"အဲဒီပတ္တမြားကြီးနှစ်လုံးကို ဘယ် သရိုင်းက ကောက်လာမှန်းမသိတဲ့ လူ အရိုးခေါင်းကြီးတစ်လုံးရဲ့ မျက်စိနေရာ မှာ ရွှေနဲ့ကွင်းပြီး တပ်ခိုင်းခဲ့တယ်ကွ၊ အံ့ရော...အံ့ရော"

ဘခက် စိတ်ဝင်စားသွားပြီ။

"နေပါဦးဗျာ၊ အဲဒီဒေါက်တာကျော်ဖံ ဒါလောက်တန်ဖိုးရှိတဲ့ပတ္တမြားတွေကို ဘာအဓိပ္ပာယ်နဲ့ အရိုးခေါင်းမှာ တပ်ခိုင်း ရတာလဲ ဦးစိန်ဘရဲ့"

"ဟ ဒါတော့ ငါလည်း ဘယ်သိ မလဲကွ၊ အဲ - လက်ခကို တော့ တစ် ထောင်တိတိ ပေးသွားတယ်မောင်ရေ့ အတော့်ကို ရက်ရောတဲ့လူပဲ"

"ဟုတ်မှလည်း ပြောပါ ဦးစိန်ဘ ရယ်၊ မူးမူးနဲ့ပေါက်နေတာများလား"

"စက်ပါကွာ - ငါတကယ်ပြောနေ တာကွ၊ အခု မင်းတိုက်တဲ့အရက်တွေ အပင်းဖြစ်စေရရဲ့ သူကိုယ်တိုင်စောင့် ကြည့်ပြီး သူ့ရှေ့မှာတင် လုပ်ပေးလိုက်ရ တာပါကွာ၊ ငါ မညာပါဘူး၊ ကဲ - မှာဦး လေကွာ - အရက်"

"အန်ထော်နီ"

"ဆပ်"

"နောက်ထပ် ခုနစ်ပက်"

"ရက်စ် - ဆား"

စားပွဲထိုးလေး အန်ထော်နီ ထွက် သွားသည်နှင့် ဘခက်သည် ဒူးယား တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း သူ့ ဦးနှောက်ကို အလုပ်အနည်းငယ် ပေး လိုက်သည်။ ဦးစိန်ဘ၏ စကားတွေက အတိအကျ အမှန်အကန် ဖြစ်ခဲ့ပါမူ ဒီ ပတ္တမြားကြီးနှစ်လုံးသည် သူ့အတွက် စိတ်ဝင်စားစရာ ဖြစ်နေပြီမဟုတ်လား။

သို့တစေ ဦးစိန်ဘလို လူစားမျိုးမှာ အရက်တစ်ခွက်ဝင်သည်နှင့် စကားကြီး စကားကျယ်ပြောတတ်၏။ ကြွားဝါ၍နှင့် ရှိ၍ ကိုင်ပေါက်တတ်၏။ မယုံအခက် ယုံအခက်၊ အရက် ရောက်လာသည်။

"ကဲ - ဦးစိန်ဘ ဗျ၊ ပြီးတော့ ကျွန် တော်မေးတာ ဖြေစမ်းပါဦး၊ ဒေါက်တာ ကျော်ဖံလူဆိုတာ ရွှေဘုံသာလမ်းမှာ ဆေးတိုက်ဖွင့်ထားတယ်မဟုတ်လား ဆင်"

"ဆရာဝန် လိုင်စင်ပြုတ်သွားပြီလို့ ကြားတယ်ကွ၊ ဆေးဆိုင်ပိတ်ပြီး သမိုင်း ဘက်က သူ့တိုက်အိုကြီးမှာ ဇာတ်မြှုပ်ပြီး သွားနေသတဲ့ကွ"

"ဘာဖြစ်လို့ ဆရာဝန်လိုင်စင်ပြုတ် သွားရတာလဲ"

"ဟ - ဒါတော့ ငါလည်း ဘယ်သိပါ့ မလဲ၊ အဲ - ငါပြောနိုင်တာကတော့ ဆရာ ဝန်ဆိုတဲ့သိက္ခာနဲ့ မညီတဲ့အလုပ်မျိုးလုပ် လို့ဖြစ်မှာပေါ့ - ဘခက်ရ"

ဘခက်သည် ဒေါက်တာကျော်ဖံလူ အကြောင်းကို အစကတည်းက ကြား ခဲ့သည်။ သို့မို့ကြောင့် ဒေါက်တာ ကျော်ဖံလူ၏အကြောင်းကို ဦးစိန်ဘ ပြောသည်မှာ မှန်သင့်သလောက် မှန် သည်ဟု လက်ခံလိုက်၏။

"ဒီမှာ ဦးစိန်ဘ၊ တစ်ခါတုန်းက ကျွန် တော် ဒေါက်တာကျော်ဖံလူကို သူ့ကား ပေါ်မှာ တွေ့လိုက်ဖူးတယ်ဗျ၊ ကောင်မ လေးတစ်ယောက်နဲ့၊ အဲဒီကောင်မလေး က ဆယ့်ကိုးနှစ်လောက်ပဲ ရှိဦးမယ်၊ ချောတာကတော့ ရက်ရက်စက်စက်ပဲ၊ အဲဒါ သူ့သမီးလား"

"ဟား ဟား ဟား ဟား - ဘယ်က လာ သမီးဖြစ်ရမှာလဲ၊ ဇနီးကွ - ဇနီး။ သမီးအရွယ်ကလေးကို ဇနီးအဖြစ် သိမ်း ပိုက်ထားတာလေကွာ၊ နာမည်က အေးမီ မြိုင်တဲ့၊ အရင်တုန်းက သူ့ဆေးတိုက်က နပ်စ်မလေးပေါ့၊ အဲ - သူက "ဇာတ်ကောင်" ကွ၊ ပထမ မယားကြီးက ဆုံးသွားပြီ။

ကောင်မလေးကို ငွေနဲ့ပေါက်ပြီး အပိုင်သိမ်းသွားလိုက်တာပေါ့၊ ဒါတော့ အလိုတော့ လိုက်တယ် - မောင်ရေ့ စိန် ဆိုလည်း တစ်ဆင်စာ၊ ပုလဲဆိုလည်း တစ်ဆင်စာ၊ အဲဒီလိုကြော့နေအောင် ဆင်ထားတာကွ၊ ငါ့ပန်းထိမ်ဆိုင်ကို ခဏ ခဏလာတာနဲ့ငါလည်းသိနေတာပေါ့၊ ဒါနဲ့များတောင် လင်ငယ်နဲ့ လိုက်ပြေး သွားတယ်ဆိုတော့ - အင်း"

"ဟင် - အေးမီမြိုင် မရှိတော့ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ရှိတော့မလဲ၊ အဲ – လွန်ခဲ့တဲ့ သုံးလလောက်က လင်ငယ်နဲ့ ထွက်ပြေးသွားလို့ ခုတွေ့ဘာတွေတိုင်ပြီး မြေလှန်ရှာသေးသတော – ဘခက်ရာ၊ ကောင်မလေးကလည်း လက်ဝတ်လက်စားတွေလုပြီး မြေတစ်ဆုံး မိုးတစ်ဆုံး လစ်သွားလိုက်တာ အရာဆိပေါ်မလာတော့ဘူးတဲ့ကွ"

ဦးစိန်ဘသည် အရက်သောက်လိုက်၏ စကားပြောလိုက်နှင့် ဒေါက်တာကျော်ဖလှအကြောင်းကိုဖောက်သည်ချနေ၏။ ဘခက်ကမူ လူခေါင်းရိုးတွင် ရွှေနှင့်တွင်း၍ တပ်ဆင်ပေးလိုက်ပါသည်ဆိုသော ရောမပဗ္ဗမြားကြီးနှစ်လုံး အကြောင်းကို တွေးနေမိ၏။

"အဲ့ဒီ ခင်စောစောတ ခင်ဗျားပြောတဲ့ ပဗ္ဗမြားနှစ်လုံးဟာ ဘယ်လောက်တန်မယ်ထင်သလဲ – ဦးစိန်ဘ"

"အင်း – ငါ့အထင်ပြောရရင်တော့ ဒါလောက် အရည်အသွေးကောင်းတဲ့ ရတနာမျိုးကို ဝယ်ယူနိုင်တဲ့သူ မြန်မာပြည်မှာတောင် ရှိမယ်မထင်ဘူး။ သိန်းနဲ့ချီပြီး တန်လိမ့်မယ်လို့ပဲ ခန့်မှန်းနိုင်တယ်၊ အတိအကျတော့ ဖြတ်လို့တော့ မလွယ်ဘူးကွ"

ထိုညက ဦးစိန်ဘကို ခေါင်းငိုက်စိုက်ကျအောင် သူက ဒကာခံလိုက်သည်၊ ဦးစိန်ဘတစ်ယောက် စားပွဲပေါ်တွင် မျက်နှာအပ်ရင်း လေက်ပြသွား၏။

"အန်တော်နီ"

"ဆပ်"

"ရော့ – ငွေနှစ်ဆယ်၊ သူ့ကို သုံးဘီးနဲ့တင်ပြီး ကန်တော်ကလေး နဝရတ်ကိုးသွယ် ပန်းတိမ်ဖိုကို ပို့လိုက်၊ ပိုတာ မင်းယူ"

တကယ်တော့ ဘခက်သည် တော်ဝင်ဘားအပေါ်ထပ်မှ တစ်ယောက်တည်း ဆင်းခဲ့ပါသည်၊ သူ့ခေါင်းထဲတွင် အကြောင်းအရင်းသုံးရပ်က စွဲငြိပါလာခဲ့၏။

လူက အရိုးခေါင်း တပ်ဆင်ထားသော ပဗ္ဗမြားကြီးနှစ်လုံး။

အင်မတန်လှပသည့် အေးမိမြိုင်။

လူထူးဆန်းကြီး ဒေါက်တာကျော်ဖလှ။

◉ ❀ ◉

ဤတွင်…။

တစ်ကိုယ်တော်ဘခက်အဖို့ လုပ်စရာ တစ်ခုပဲကျန်တော့၏။ ပန်းထိမ်ဆရာဦးစိန်ဘ ပြောခဲ့သော ဒေါက်တာကျော်ဖလှ၏ ပဗ္ဗမြားနှစ်လုံး တပ်ဆင်ထားသော လူအရိုးခေါင်းကြီး ကေန် ရှိရှိ သိအောင် စုံစမ်းရန်တည်း။

တကယ်တမ်းပြောရလျှင် သည်လိုရှုပ်စပ်တ လည်နေသော ညမင်းသားတစ်ယောက်အဖို့ သည်ကိစ္စမျိုးမှာ လိမ့်မှာ်သီး အခွံနွှာရသလောက် မခက်ပါ၊ သူ့အခန်းသို့တစ်ပတ်တစ်ခါအလည်လာလေ့ရှိသော ဂေါ်လီမလေးကေရီ၏ အရာစီယာကမှ အဖြတ်ရခက်ဦးမည်။

ဦးစိန်ဘနှင့် တွေ့ပြီးသည်နှင့် သူ၏ ရှေ့လုပ်ငန်းအတွက် အကွက်ကျကျ အစီအစဉ်ရေးဆွဲပြီး ဖြစ်နေ၏၊ ဘခက်သည် တစ်ညသောသန်းခေါင်ယံတွင် ဒေါက်တာကျော်ဖလှ၏ တိုက်ကြီးကို သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများနှင့် တယ်လီဖုန်းလိုင်းကို ဖြတ်ပစ်လိုက်သည်။

အဲ – နောက်တစ်နေ့နံနက်စောစောတွင် ကိုယ်တော်ချောက ဒေါက်တာကျော်ဖလှ၏ တိုက်အိုကြီးသို့ ဝင်တည်ထည်ရောက်ရှိသွားတော့၏၊ သူ့ကိုယ်ပေါ်တွင်တော့ လုပ်သားဝတ်စုံပြာနှင့် လျှပ်စစ်အမှတ်အသားတံဆိပ်ပါသော ဦးထုပ်နှင့်၊ အဟဲ။

သူသည်အပေါက်ဝရှိလူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏၊ တံခါးဖွင့်လာသူမှာ ဆေးရုံတော့ ဒေါက်တာကျော်ဖလှ ကိုယ်တိုင်ထွက်လာ၏၊ သူ၏ပုံသဏ္ဌာန်က မြူမြူဖွေးဖွေး ပိန်ပိန်ပါးပါး အရပ်တာကြောက်ပေလောက်ရှိမည်၊ ဆံပင်တွေတ နက်မှောင်နေသော်လည်း မျက်လုံးနှစ်လုံးက သုသာန်မြေက လူသေလို အေးစက်နေ၏၊ ရုပ်ရှင်ထဲတွင် မြင်ဖူးသော "ဒရက်ကူလာ" ခေါ်သွေးစုပ်ဖုတ်ကောင်ကြီးနှင့် တူလှသည်၊ ဘခက်သည်တော့ ထဲတွင် စိမ့်ခနဲဖြစ်သွားမိသဖြင့် ကိုယ့်ကိုယ်ကိုယ်ကြိတ်၍ ကျိန်ဆဲလိုက်မိသည်၊

"ဆို – မောင်ရင် ဘာကိစ္စလဲ"

"ကျွန်တော် လျှပ်စစ်တော်ပိုရေးရှင်းက လိုင်းမင်းပါခင်ဗျာ၊ မနေ့ညတဲ့ ဒီဘက်ကို သွယ်တန်းထားတဲ့ ဓါတ်လိုင်းတွေ ရှော့ဖြစ်သွားပါတယ်၊ အဲဒါ ဦးရဲ့တိုက်မှာကော ဘာများဖြစ်ပါသေးလဲ ခင်ဗျာ"

"အာ – ဟုတ်တာပေါ့ ညသန်းခေါင်လောက်က မီးတွေပြတ်သွားတယ်ကွ၊ အရေးပေါ်ဗွာနကို ဖုန်းဆက်ကြည့်သေးတယ်၊ အဲ – ဖုန်းလိုင်းပါ ပြတ်နေတယ် ထင်ပါရဲ့မရဘူး"

www.burmeseclassic.com

"ဟုတ်ပါလိမ့်မယ်ဦး၊ ကျွန်တော်ဒီအိတ်လမ်းထဲကကြိုးတွေကိုစစ်ကြည့်တော့ အားလုံးကောင်းပါတယ်၊ ဦးရဲ့တိုက်ကြီးထဲမှာများ တစ်ခုခုဖြစ်နေသလားလို့၊ ကျွန်တော်ဝင်ပြီး စစ်ဆေးကြည့်ရှုနိုင်ပါသလားခင်ဗျာ"

"ရပါတယ် - မောင်ရင်၊ မီးလင်းအောင်သာ ဆောင်ရွက်ပေးစမ်းပါ၊ မင်းကို ဦးက ဘောက်ဆူးပေးပါ့မယ်"

"မလိုပါဘူး - ဦးရယ်၊ ဒါက ကျွန်တော်တို့တာဝန်ပါ"

ဒေါက်တာကျော်ဖလှသည် အခန်းထဲတွင် တံမြက်စည်းလှဲနေသော မည်းညစ်တွတွခေါင်းတုံးပြောင်ကြီးကိုလက်ခုပ်တီး၍ ခေါ်လိုက်၏။ "သူနာမည်က မဲလုံးတဲ့၊ စကားမပြောနိုင်သလို နားလည်းမကြားဘူး။ ဒါပေမဲ့ - မောင်ရင်လိုတာကို လက်ဟန်ခြေဟန်နဲ့သာပြ၊ လူကောင်းထက်ပိုပြီး သူက နားလည်သေးတယ်၊ ကဲ - မဲလုံး - မောင်ရင့်ကို မီတာဘောက်စ်ရဲ့ မီးခလုတ်တွေ၊ မီးကြိုးတွေကို လိုက်ပြပေးလိမ့်မယ်"

ဒေါက်တာကျော်ဖလှသည် မဲလုံးကို လက်ဟန်ခြေဟန်နှင့် ပြလိုက်၏။ ငနဲကြီးက ပုတ်သင်ညိုလို ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်းသူ့ကိုတိုက်ကြီးထဲသို့ ခေါ်သွင်းသွားခဲ့သည်။

ဘခက်သည် မဲလုံးညွှန်ပြသော မီးခံသေတ္တာမီးခလုတ်များ၊ ဝါယာကြိုးများကို ခပ်တည်တည်ဖွင့်၍ စစ်ဆေးလိုက်သည်။ အောက်ထပ်တွင် ပြီးသွားသည်နှင့်အပေါ်ထပ်ကိုလက်ညှိုးညွှန်ပြခဲ့၏။ မဲလုံးက သူ့ကိုဦးဆောင်၍ခေါ်သွားသည်။ ယခုအချိန်အထိ ပတ္တမြားကြီးနှစ်လုံး တပ်ဆင်ထားပါသည်ဆိုသော လူခေါင်းရိုးကြီးကို မတွေ့သေး။

သို့ဖြင့် ...။

တိုက်ကြီးအပေါ်ထပ် စနေထောင့်ရှိ စာကြည့်ခန်းသို့ ရောက်သွားကြ၏။ ဘခက် ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။

စာကြည့်ခန်း၏ထောင့်တွင်စန္ဒရားကြီးတစ်လုံးရှိသည်။ စန္ဒရားပေါ်တွင်တော့ ကြိုးပြတ်နေသောစောင်းအိုတစ်လက်နှင့် ကတ္တီပါအနက်စနှင့်အုပ်ထားသော လုံးဝန်းသောပုံသဏ္ဌာန်တစ်ခုကို မြင်လိုက်ရ၏။

ဝင်းလက်နေသော နံနက်ခင်း၏ နေခြည်သည် ပြတင်းပေါက်မှ တိုးဝင်၍ စောင်းအိုပေါ်သို့ကျနေသည်။ စောင်းအိုကြီးသည် ဝင်းခနဲ၊ လက်ခနဲ၊ ပြာခနဲ၊ နီခနဲ၊ ဖြိုးဖြိုးဖြက်ဖြက်အရောင်တွေ ထွက်နေ၏။

စိန်၊ နီလာ၊ ပတ္တမြား၊ ဥဿဖရား၊ ကျောက်သားအစစ်တွေကို စောင်းအိုကြီးတွင် ခြယ်၍ မွမ်းမံထားခြင်းပါတကား၊ အံ့အားသင့်စရာပင်။

ပြီးတော့ ကတ္တီပါအနက်စအုပ်ထားသော လုံးဝန်းသည့်သဏ္ဌာန်တစ်ခုက စောင်းအိုကြီး၏ ဘေးတွင်ရှိနေ၏။ ပန်းချီဆရာဦးစိန်ဘ ပြောကြားခဲ့သော ပတ္တမြားနှစ်လုံး တပ်ဆင်ထားသော လူခေါင်းရိုးကြီးပေလော၊ မပြောတတ်သေး။

တစ်ကိုယ်တော် ဘခက်သည် လျှပ်စစ်ခွဲသားကိုတစ်ပဲသားလောက်အလွန်းအပဲ့မခံဘဲ အခန်းထဲရှိမီးခလုတ်များ၊ ဝါယာကြိုးများကိုခပ်တည်တည်ဖွင့်၍ စစ်ဆေးနေသည်။ ဟိုဟာဖြုတ်၊ ဒီဟာတပ်နှင့် ကလိနေခြင်းဖြစ်သည်။

မဲလုံးသည် ခေါင်းတုံးပြောင်ကြီးကို သပ်ပေးရင်းခပ်တည်တည်ရပ်နေ၏။ လက်နှစ်ဖက်ကိုပိုက်၍ သူ၏ လုပ်ရှားမှုတွေကို ကျောက်ရုပ်လို ရပ်ကြည့်နေသည်။ သူ့လက်ထဲတွင် ဓားကောက်ကြီးတစ်လက်သာ ထည့်ပေးလိုက်ပါက တစ်ထောင့်တစ်ည ပုံပြင်ထဲက "သင်းကွပ်"ကြီးနှင့် ရွှတ်စွပ်။

သည်သတ္တဝါကြီးကို ဘယ်လိုလှစ်ပြီး "ပ"ထုတ်ရပါ့။

"ကိုမဲလုံး - ရေတစ်ခွက်လောက် သွားခပ်ဗျာ"

ငနဲကြီးက တုပ်တုပ်မျှ လှုပ်တော်မမူ။

အော် - မှားသွားပါပြီတကော။

နားလည်း မကြား၊ စကားလည်း မပြောတတ်ဆိုတော့ ကမ္ဘာသုံး အသံတိတ် သင်္ကေတကိုပဲ သုံးရတော့မည်။

ဘခက်သည် ပြုံးပြရင်း ပါးစပ်ကို ရေသောက်သည့် ပုံသဏ္ဌာန်မျိုး လုပ်ပြလိုက်သည်။ ငနဲကြီးက ခေါင်းတစ်ချက်ညိတ်၍အခန်းထဲမှဖွဲ့ခနဲ ထွက်သွား၏။ ပြေလည်လိုက်ပါဘိ။

ဘခက်သည် မဲလုံး ခြေသံပျောက်သွားသည်နှင့် စန္ဒရားကြီးရှေ့သို့ ဖြတ်ခနဲ ရောက်သွားသည်။ ပြီးတော့ ကတ္တီပါအနက်စနှင့်အုပ်ဆိုင်းထားသောလုံးဝန်းသော သဏ္ဌာန်ကြီးကို လှန်လိုက်သည်။

"အား"

လန့်၍ မအော်မိသော်လည်း သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားခဲ့၏။

www.burmeseclassic.com

နီရဲတောက်ပြောင်သော မျက်လုံးနှစ်လုံးတတောက်ပသော မျက်ဝန်းအိမ်ထဲမှသူ့ကိုစိုက်ကြည့်နေသည်။ ပြီးတော့ တချိုးတိုးတဲ့တဲ့သွားကြီးတွေက ဖြီးဖြီးနေ၏။

တုတ်ပါသည်။

စနွေရာပေါ်မှ လူခေါင်းရိုးဖြူဖြူကြီး၊

ဝဋ္ဋမြားနှစ်လုံးကို ရှေ့နှင့်ကွင်း၍ မျက်လုံးနေရာတွင်တပ်ဆင်ထားသည်။

ဦးစိန်ဘသည် သူ့အား မှန်သောစကားတို့ပြောခဲ့ပေပြီ။

ဘခက်သည်ပဋ္ဋမြားမျက်လုံးကြီးနှစ်လုံးကို ကြောင်၍ ကြည့်နေမိသည်။ ညှို့ဓာတ်မိနေသလို ပတ်ဝန်းကျင်ကိုလည်း မေ့သွားမိရသည်။

ခြေသံတဖျပ်ဖျပ်သည် သူ၏သတိအမှုရဉ်ကိုလှုပ်နှိုးလိုက်၏။ ဘခက်သည် လူရိုးခေါင်းကြီးကို ကဗ္ဗာဒီပါစအနက်နှင့် တခန်းကတန်းအုပ်လိုက်ရင်း လှုပ်လက်စဦးခေါင်းဆီသို့ လှစ်ခနဲ ရောက်ရှိသွားခဲ့၏။ မဲလုံးသည် ရေတစ်ခွက်ကိုင်ရင်း အခန်းတွင်းသို့ ရောက်ရှိလာသည်။

"အား - ကျေးဇူးပဲ - မဲလုံးရေ၊ ရေငတ်နေတာ အတော်ကြာသွားပြီ"

သူသည် တုန်ရီလှုပ်ရှားနေသော ရင်ကို မဲလုံးလက်ထဲမှ ရေတစ်ခွက်ဖြင့် ငြိမ်းအေးစေလိုက်၏။ ယခုတော့ သူ့ရည်ရွယ်ချက် အောင်မြင်ခဲ့ပြီ။ တွေ့လိုမြင်လိုလှသောပဋ္ဋမြားကြီးနှစ်လုံးနှင့်လူခေါင်းရိုးကြီးကို တွေ့မြင်ခဲ့ရလေပြီ။

မကြာခင် အခန်းတွင်းသို့ ဒေါက်တာကျော်ဖုံလှ ရောက်ရှိလာပါသည်။

"ဘယ်နှယ့်လဲဟေ့ - ရှော့ခ်ဖြစ်တာရာလို့ တွေ့ပြီလား"

"တွေ့ပါတယ် - ဦး။ ဟောဒီ မီးခလုတ်ထဲက ဓါယာနှစ်စရှော့ခ်ဖြစ်ပြီး ဖြူ(စ်)ဘောက်ထဲက ဖြူ(စ်)ပြတ်သွားတာပါ။ ကျွန်တော်အခုပဲပြင်ဆင်ပြီးသွားပါလိမ့်မယ်"

တစ်ကိုယ်တော် ဘခက်က သွက်သွက်လက်လက် ရှက်ရှက်ရှာရှာ မုသာဝါဒသုံးရင်းပြောပြလိုက်တော့ဒေါက်တာကျော်ဖုံလှက သဘောကျသွားဟန်ရှိ၏။

"ရော့ - မင်းအတွက် - လက်ဖက်ရည်သောက်"

ဆယ်တန်တစ်ရွက်ကို သူ့လက်ထဲတွင် မြင်လိုက်ရသည်။

"အာ - မလိုပါဘူး - ဦးရယ်၊ ကိစ္စမရှိပါဘူး"

"ဦးက စေတနာနဲ့ပေးတာပါ၊ မင်းပညာကို ချီးကျူးတဲ့အနေနဲ့ပါ။ ဦးတို့ကတော့ "အီလက်ထရိတ်"အကြောင်းဆိုရင် ဘာမှနားမလည်ဘူး။ ဘယ်ဟာအဖိုး၊ ဘယ်ဟာအမဆိုတာတောင် မခွဲခြားတတ်ဘူးကွ။ အင်း - လူတစ်ယောက်ခန္ဓာကိုယ်ထဲမှာရှိတဲ့ အသည်းတွေ၊ နှလုံးတွေ၊ ကျောက်ကပ်တွေကို ခွဲရစိတ်ရမယ်ဆိုရင်တော့၊ ဟဲ - ဟဲ ဦးလောက်တော်တဲ့ လူ ဒီမြန်မာပြည်မှာ ရှိမယ်တောင် မထင်ဘူး။ ဟား - ဟား - ဟား"

သူ့စကားကို သူ့ဟာသူ သဘောကျစွာ ရယ်သည်။

ဘခက်သည်လည်း ရောယောင်၍ရယ်လိုက်ရသည်။ ဒီလိုပင် မရယ်ချင်ဝဲအတင်းရယ်မဝိုချင်ပဲအတင်းမျက်ရည်ကျပြရသည်၊ လောက၏မွေတာကို သူ တောင်းကောင်းနားလည်ထားပါသည်။

တစ်ကိုယ်တော်ဘခက်သည် သူ့အလုပ်ကို လက်စသတ်၍ ဒေါက်တာကျော်ဖုံလှ၏ တိုက်အိုကြီးပေါ်မှ ဆင်းခဲ့သည်။ ပြီးတော့ လမ်းထောင့်ရှိ ဓာတ်တိုင်မှမီးကြီးကိုပြန်ဆက်ပေးလိုက်၏။

လင်းပေရော့ - ထိန်ထိန်။

အိမ်အပြန်။

အဲ - သူ့အခန်းသို့အပြန်တွင်တော့ ဘခက်အူမြူးနေပါ၏။ သူ့လိုအိမ်ခြေယာခြေ အတည်တကျမရှိ ဖြစ်သလိုနေ၊ ပျော်သလိုစား၊ ကြုံရာတွင် နားတတ်သော ညမင်းသားတစ်ယောက်အဖို့ အတည်တကျနေလို့လည်း မဖြစ်ရေး မဖြစ်။

သို့ပေမဲ့ - သူက အထက်တန်းစား ညမင်းသား။

ကလေကချေလမ်းဘေးတွင် ရှေ တတ်သော အညတရမဟုတ်၊

စားတော့ ဟိုတယ်၊ သောက်တော့ ဘရန်ဒီ၊ ဆက်တီတွေ၊ တစ်ကိုယ်စာ ဆိုဖာရှည်ကြီးတွေ ခင်းကျင်းထားသည့် ခပ်မိမိ တိုက်ခန်းတစ်ခန်းကိုလည်း ငှား လိုက်သေးသည်။

ကေရီသည် သူ့အခန်းဝတွင် နုတ်ခမ်းလှလှလေးကိုစူရင်း စောင့်နေသည်။

"ဘယ်သွားပေနေတာလဲ၊ သူများ ဖြင့် စောင့်နေရတာ ကြာလှပြီ သိလား သိပ်ဆွေးဖို့ကောင်းတာပဲ"

"ဝေါ - သွားဖန်တာပါ ကေရီရယ်"

"ထောခဲ့လား၊ သူများအတွက် ဈေးကိုလိုက်ပို့ပြီး ဖော့စောင်းဝမ်းဆက် ဝမ်းပေးရမယ်နော်"

"ဝမ်းဆက်မကဘူး၊ နောက်ဆုံး ဝိုလ်ချုပ်ဈေး၊ တစ်ဈေးလုံး ဝယ်ပေးနိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ကေရီသည် ငွေဆွဲလွဲလေး လိုမ့်
ဒိုတ်သလို ရယ်သည်။ မို့တာ မြင့်တာ
တွေ သွက်သွက်သိမ့်သိမ့်ခါကုန်သည်။

"သူများကလည်းသူ့အတွက်လက်
ဆောင်တွေ တစ်ထောကြီး ပါလာသတဲ့
ဦးရှင်တွေဗိုဗို့သာ ဖြင်ထားသလား"

သူတို့အခန်းထဲသို့ ဝင်သွားခဲ့ကြ
သည်။

တစ်ယောက်က "ညမင်းသား"၊
တစ်ဦးက "ကေရီ" အထက်တန်း
လွှာတ ကေါလီပလေး။ မပျံလွှား ...။

အေး - တောင်းကြွရောပေါ့ဗျား။

• ❦ •

ပစ်မှတ်(Target)ကိုတော့ အသေ
အချာ မြင်နေရပြီ။ လေ့လာမြတ်ဖို့ပဲ ကျန်
တော့သည်။ သို့တစေ၊ ပစ်မှတ်၏
Motion လှုပ်ရှားမှုနှင့် Characterstic
အမူအကျင့် (Background History)
နောက်ကြောင်းရာဇဝင်ကို သိဖို့လို
သည်။ အဲဒီတော့ တစ်ကိုယ်တော်
ထောက်လှမ်းရေးလုပ်ခဲ့ရ၏။

ဒေါက်တာကျော်ဖလှ

ငယ်စဉ်ကတည်းက ချမ်းသာသော
အမျိုးအနွယ်မှ ဆင်းသက်လာသည်။
စိတ်ဓာတ်ပြင်းထန်သည် (Revange)
လက်စားချေလိုမှုကို နှံမင်သည်။ M.B.
B.S ဘွဲ့နှင့် (Surgical Specalist)
စိတ်ကုသမှုပါရဂူဘွဲ့ကို (London)တွင်
ရယူခဲ့၏။

မိဘပေးစားသော ခင်ခင်ကြီးနှင့်
လက်ထပ်ခဲ့သည်၊ သားသမီး မထွန်း
ကား။ သူသည် ဆေးကောင်စီမှ သတ်
မှတ်ထားသော ဆရာဝန်တို့၏စည်းကမ်း
ဥပဒေနှင့်မညီသော အပြုအမူမျိုးကို
ကျူးလွန်ခဲ့သဖြင့် လိုင်စင်အသိမ်းခံရ
သည်။

ဒေါ်ခင်ခင်ကြီးသည် လွန်ခဲ့သော
တစ်နှစ်ခန့်က နှလုံးရောဂါဖြင့်ကွယ်လွန်
သွားသည်။ အရှိုက ဒေါ်ခင်ခင်ကြီး သေ
ဆုံးရသည်မှာ ဒေါက်တာကျော်ဖလှ၏
ပယောဂမကင်းဟုပင်ဆိုကြ၏။ အဘယ့်
ကြောင့်ဆိုသော် ဒေါ်ခင်ခင်ကြီး သေဆုံး
၍ တစ်လမပြည့်မီ သူ၏ဆေးတိုက်တွင်
လုပ်ကိုင်ခဲ့ဖူးသော အင်မတန်လှပသည့်
သူနာပြုဆရာမလေး အေမီမြင့်ကို အတိ
အလင်း လက်ထပ်၍ ယူလိုက်သော
ကြောင့်ပင် ဖြစ်သည်။

မဲလုံး ...။

အသုံးမကျသည့် လူအနွကြီးတစ်
ယောက်ဟုထင်ရသော်လည်း သခင့်ပေါ်
တွင် ခြံစောင့်ခွေးတစ်ကောင်လို သစ္စာရှိ





ဘခက်သည် ညာခြေဖြင့်
"မေတာ်ဂိုတစ်" တစ်ချက် ဖျပ်ခနဲ
သွင်းလိုက်သည်။ ရန်သူကလည်း
သူ့လှုပ်ရှားမှုနှင့် တစ်သမတ်တည်း
ညာခြေတစ်ဖက် ထွက်လာ၏။
ခြေထောက်နှစ်ချောင်း ကြောင်းခနဲ ထိမိ
ဘခက်က သူ့ခြေကို ပြန်၍ ရုတ်သိမ်းလိုက်၏။
တော်ပါသေးရဲ့ ...။ မှန်ကြီးထဲမှ သူ့အရိပ်ကို
မြင်ပြီး တန်ခိုက်တော့မလို့။
မှန်နှင့် တစ်လက်မခန့်အလိုတွင်
ခြေကို ပြန်၍ နုတ်နိုင်ခဲ့လို့သာပေါ့။

# ၆၆

သော ကျွန်ယုံကြီးတစ်ယောက်ပင် ဖြစ်
သည်။ နားမကြား၊ စကားပြောနိုင်သော်
လည်း သူ၏အသိအာရုံက သာမန်လူ
တွေထက် မြင့်မားနေဟန်ရှိသည်။ ကိုယ်
ခန္ဓာတည်ဆောက်မှု သန်မာထွားကျိုင်း
သည်။ သတ်ပုတ်တိုက်ခိုက်နိုင်းရာတွင်
လေးပင်မည့် သက္ကာန်မျိုးဖြစ်သည်။
လောကကြီးမှာ ဒေါက်တာကျော်ဖလှမှ
အပ ကိုးကွယ်ရာမရှိဟု မှတ်ယူထား
သည့်တန်တူသည်။ ဒေါက်တာကျော်ဖ
လှ၏ ငယ်မွေးတပည့်ကြီးတစ်ဦးဖြစ်ပြီး
အမိုင်းရှိတိုက်အိုကြီးတွင် ဒေါက်တာ
ကျော်ဖလှနှင့်နှစ်ယောက်တည်းနေထိုင်
၍ ဝေယျာဝစ္စအားလုံးကို လုပ်ကိုင်ပေး
နေရသည်။

ဒါပါပဲ ...။

တစ်ကိုယ်တော်ဘခက် စုံစမ်းသိရှိ
ရသမျှတော့ ဒါလောက်ပါပဲ။

ဒါဆိုရင် သူ့အတွက် လုံလောက်မှု
ရှိသွားပါပြီ။

တစ်ခုပဲကျန်တော့သည်။ လေ့လာ
မြတ်ရန် ...။

သူ့ပစ်မှတ်ကတော့ [illegible]ကြီး
နှစ်လုံးကို မျက်လုံးနေရာတွင် တစ်ခေါင်

www.burmeseclassic.com

ထားသောလူအရိုးခေါင်းကြီးတစ်လုံးနှင့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားအစစ်တွေ စီခြယ်ထားသော တောင်းအိုကြီးတစ်လက်။

ဒီပစ္စည်းနှစ်ခုသည် တိုက်အိုကြီး၏ အပေါ်ထပ်မှ စနေထောင့်ရှိ အခန်းထဲတွင် တိတိကျကျရှိနေပြီ မဟုတ်ပါလား။

ယခုတော့ တစ်ကိုယ်တော်ဘခက်သည် ဒေါက်တာကျော်ဖလှ၏ တိုက်အိုကြီးပေါ်မှ စနေထောင့်ရှိမီးလင်းနေသော အခန်းမှာ မှောင်မိုက်သွားသလို "ဗင်သိုဝင်" ၏ထေးသွားကလည်း ဆုံးသွားပါပြီ။ ဘခက်သည်နောက်ထပ်တစ်နာရီတိတိ အချိန်ဖြုန်းလိုက်ရပြန်၏။ သူတို့တစ်တွေအိပ်လောက်ပြီထင်တော့မှ တိုက်အိုကြီး၏နောက်ဖေးသို့ကြောင်တစ်ကောင်လို ချဉ်းကပ်ခဲ့သည်။

လေရူးတစ်ချက် ...။

မိုးတစ်ဖွဲ ...။

အသည်းထဲတွင် စိမ့်သွားသည်။ ကြက်သီးမွှေးညင်းတွေ ထသွားသည်။ ဘယ်လိုဖြစ်တာပါလိမ့်၊ သည်တိုက်အိုကြီးနှင့်ပတ်သက်၍ ပြောကြားသောစကားတွေက သူ့စိတ်ကိုချောက်ချားစေတာများလား။

ဟား-ဟား-ရယ်ချင်လိုက်ပါဘိ။

ကြောက်မွေးပါရင် ပလာယာနဲ့ ဆွဲနုတ်ပစ်မပေါ့။

ဘာပိုသံလဲ-ပြီးတော့-မိန်းမတစ်ယောက် ဆံပင်ဖားလျားချလို့တဲ့။ အလကားစကားတွေ။

ဘခက်သည်ဒေါက်တာကျော်ဖလှ၏ တိုက်အိမ်ကြီးပေါ်မှ ငိုရှိုက်သံတွေ၊ ညည်းညူသံတွေကြားရသည်။ အကာလညအခါ လေသာဆောင်တွင် ဆံပင်ဖားလျားနှင့်ထိုင်နေသောမိန်းမတစ်ယောက်တွေ့ရသည်ဟု ပတ်ဝန်းကျင်က ပြောသည့်စကားတွေကိုပေယျာလကန်ထားလိုက်သည်။ မေ့ပစ်လိုက်သည်။ ခေါက်ထားလိုက်သည်။

မကြောက် - တစ်စက်ကလေးမှ မကြောက်။

သူသည်တိုက်အိုကြီး၏နောက်ဖေးပေါက်သို့ ခြေသံလုံလုံနှင့် ချဉ်းကပ်ခဲ့သည်။ နောက်ဖေးတံခါးကို သူ၏ သော့ဖွင့်ကိရိယာများ အကူအညီဖြင့် ငါးမိနစ်အတွင်း ဖွင့်နိုင်ခဲ့လေသည်။

ဘခက်သည်သေးငယ်သောဖောင်တိန်အရွယ်လက်နှိပ်ဓာတ်မီးအငယ်စားကလေးကို အသုံးပြု၍ တိုက်အိုကြီးအတွင်းသို့ဝင်ခဲ့၏။ သူ့ရှေ့တွင်ရှည်လျားသောစင်္ကြံတစ်ခုရှိသည်။ စင်္ကြံဆုံးသည်နှင့် ကျယ်ဝန်းသော ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်ရှိသွားပါသည်။

ထိုအချိန်တိုင်အောင် မဲလုံး၏ ဟောက်သံလေးမှုမကြားရ၊ အသက်ရှူသံလေးမှုမကြားရ၊ တိုက်ကြီးတစ်ခုလုံး တစ်စပြင်ကဲ့သို့ ငြိမ်သက်နေပါသည်။ ဘခက်သည် တိုက်ကြီး၏အနေအထားကို သိရှိပြီးသားမို့ သူ့အတွက် လှုပ်ရှားရသည်မှာ ခက်ခက်ခဲခဲ မရှိလှပါ။

သို့နှင့် အပေါ်ထပ်သို့ လှေကားကြီးထိပ်သို့ရောက်ရှိသွားသည်။ သူ၏လက်နှိပ်ဓာတ်မီးရောင်မှိန်မှိန်ကလေးက လှေကားရင်းသို့ ထိုးမိသွားသည်။

ရိပ်ခနဲ မြင်လိုက်ရ၏။

လူတစ်ယောက် ...။

ဘခက်သည် ညာခြေဖြင့် "မေကာရီတစ်" တစ်ချက် ဖျပ်ခနဲ သွင်းလိုက်သည်။ ရန်သူကလည်း သူ့လှုပ်ရှားမှုနှင့် တစ်သဝေမတိမ်း ညာခြေတစ်ဖက် ထွက်လာ၏။ ခြေထောက်နှစ်ချောင်းချောင်းခနဲ မထိမီ ဘခက်က သူ့ခြေကို ပြန်၍ရုတ်သိမ်းလိုက်၏။

တော်ပါသေးရဲ့...။

မှန်ကြီးထဲမှ သူ့အရိပ်ကို ပြန်ပြီး ခန်မိတော့မလို့။

မှန်နှင့် တစ်လက်မခန့်အလိုတွင် ခြေကို ပြန်၍ နုတ်နိုင်ခဲ့လို့သာပေါ့။ သို့ မဟုတ်လျှင် "ချလွမ်း" ခနဲ မိုးကြိုးပစ်သ ထက် အသံကျယ်သွားပေမည်။ လှေကားကြီးအနီးရှိ နံရံတွင် ကိုယ်လုံးပေါ် မှန်ကြီး ကပ်ထားသည်ကို မီးမြင်သော အဖြစ် ရောက်ခဲ့စဉ်က သူမြင်ခဲ့ရသည် သတိမထားမိခဲ့။

ဘခက်သည် ကိုယ့်ကိုယ်ကိုပ ကျိတ်၍အပြစ်တင်ပြီး လှေကားထစ် ကို ရွတ်နင်း၍ တစ်ထစ်ချင်း တက် သည်။ လှေကားထစ်ငါးထစ်လော အရောက်တွင် သူ့တစ်ကိုယ်လုံး ထုံသွား သည်။ အကြောအချဉ်တွေ ဆိုင်းသွား သလို ခံစားလိုက်ရသည်။

ငိုရှိုက်သံ သဲ့သဲ့ ...။

ညည်းညူသံ သဲ့သဲ့ ...။

သူ့နားထဲတွင်အငွေ့ခနဲ နာနာကြည် ကြည်းရှိုက်လိုက်သောမိန်းကလေးတစ် ယောက်၏အသံကို စွတ်နစ်ပိုင်းလော ကြားလိုက်ရသည်။ ဘခက်သည် မျှ ကိုယ်ကို ကျောက်ရုပ်လိုငြိမ်၍ နားစွင့် ထားလိုက်သည်။

တိုက်အိုကြီးသည် ပကတိ ငြိမ်လျက်။

ဘခက်လည်း ငြိမ်နေသည်။

www.burmeseclassic.com

အသံမကြားရတော့၊ နောက်ထပ်ဘာသံမှ ထပ်၍ မကြားတော့၊ စိတ်ထင်လို့များလား၊ သူသည် ဆက်လက်၍ စောင့်နေသည်၊ သည်းခံပြီးတော့ စောင့်နေသည်၊ အဝ်ကျသံမျှ မကြားတော့ပြီ၊ တော့ - စိတ်ဗွဲလမ်းလွန်း၍ပဲ ဖြစ်ရမည်၊ ဘခက်သည် သတိသမ္ပဇဉ်ကို အစွမ်းကုန်ဖွင့်၍လှေကားပေါ်သို့တက်၍တက်ခဲ့သည်၊ အပေါ်သို့ရောက်သည်နှင့် ဒေါက်တာကျော်ဖလှ၏ အိပ်ခန်းဘက်သို့ နားစွင့်လိုက်၏၊ ဟောက်သံသဲ့သဲ့ကြားရသည်၊

သူသည်တကြည့်ခန်းဘက်သို့ခပ်သွက်သွက် လှမ်းခဲ့၏၊ ခန်းဆီးစကို အသာလှစ်တရင်းအခန်းတွင်းသို့လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်၊

စောင်းအိုတစ်လက်နှင့် ကတ္တီပါ အနက်စဖြင့် အုပ်ဆိုင်းထားသော လှရီးခေါင်းကြီးကို စန္ဒရားပေါ်တွင် အနေအထားမပျက် တွေ့လိုက်ရသဖြင့် အတိုင်းမသိ ဝမ်းသာသွားရသည်၊

ဘခက်သည်အခန်းထဲသို့လှစ်ခနဲဝင်လိုက်ပြီး စန္ဒရားကြီးနားသို့ ပေါ့ပါးစွာချဉ်းကပ်သွားသည်၊ကတ္တီပါအနက်စကို လှန်တာနီးတွင်တော့ သူ့လက်တာတဆတ်ဆတ် တုန်နေသည်၊ ရင်တွေကလည်း တဒိန်းဒိန်း ခုန်နေသည်၊

သူသည် ကတ္တီပါစကို ဆတ်ခနဲ ဆွဲလှန်လိုက်၏၊

သူ့တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွား၏၊

နီရဲသောမျက်လုံးကြီးနှစ်လုံးက သူ့ကိုစိုက်ကြည့်နေ၏၊ သွားကျဲကျဲကြီးတွေက ပြုံးဟ၍နေသည်၊ ဘခက်သည် ညို့ချက်မိနေသလို ငြိမ်သက်စွာ ရပ်ကြည့်နေမိ၏၊ သူ၏ သတိသမ္ပဇဉ်ကလည်း လွင့်မျောနေဟန်ရှိသည်၊

သူစိတ်ကို ပြန်လည်စုစည်းမိချိန်တွင်တော့ အမှားအယွင်းတစ်စုံတစ်ခုရှိနေပြီဖြစ်ကြောင်း ဘခက်သိလိုက်ပါ၏၊ သည်အခန်းထဲတွင် သူ့အပြင် အခြားသက်ရှိသတ္တဝါတစ်ဦးရောက်ရှိနေပြီဟု သူ့စိတ်တွင်အလိုအလျောက်ခံစားလိုက်ရသည်၊

သို့တစေ...

သူ့အသိက စက္ကန့်ဝက်လောက်နောက်ကျခဲ့ပါသည်၊ပြင်းထန်သောရိုက်ချက်က သူ့နောက်စေ့ကို "ဒုတ်" ခနဲ လာထိသည်ဆိုလျှင်ပင် ကြယ်တွေ လတွေ ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားသည်ကို မြင်လိုက်ရပြီး အမှောင်ကမ္ဘာထဲသို့ ဖောက်ထိုးမိုးမျှော်ကျသွားခဲ့ပါ၏၊

❀ ❀ ❀

ခေါင်းထဲတွင် ဒီဇယ်ထားဆယ်စင်းဖြတ်သွားသလို တဂျုန်းဂျုန်းနှင့် ဆူညံကိုက်ခဲနေသည်၊သည်အသိကိုပထမဦးဆုံး ဘခက် ခံစားလိုက်ရပါသည်၊ ထို့နောက် လေးလံသောမျက်ခွံကို အားယူဖွင့်လိုက်သည်၊ စူးရှသောမီးရောင်က မျက်စိထဲသို့ ထိုးဖောက်ကျဆင်းလာသဖြင့် ဘာကိုမှ ပီပီပြင်ပြင် မမြင်သာ၊

မျက်စိကျင့်သားရလာသောအခါတွင်မှ ဘခက်သည် သူရောက်ရှိသောနေရာနှင့်သူ့အခြေအနေကိုရုတ်တရက်ပြန်လည်သတိရမိလိုက်သည်၊

သူသည် အခန်းကျယ်ကြီးတစ်ခုထဲတွင်ရောက်နေ၏၊ကြမ်းပြင်ပေါ်တွင် သေတိုက်အနေအထားဖြင့်လဲလျောင်းနေရသည်၊ သူ့လက်ကို လက်ပြန်ကြိုးချည်ထားသည်၊ ခြေထောက်တွေကလည်း လှုပ်မရ၊

သူ့ရှေ့တွင်လူနှစ်ယောက်ရှိနေ၏၊ တစ်ယောက်က မိန်းမသား၊ တစ်ဦးကအသက်ကို ခန့်မှန်းရမလွယ်ကူသော ယောက်ျားတစ်ယောက်၊ သူတို့နှစ်ဦးစလုံး၏ မျက်နှာမှာ မေးရိုးကြီးတွေ ငေါထွက်နေကြပြီး ရုပ်ပျက်ဆင်းပျက်ဝိန်လိုနေကြသည်၊ ဟောက်ပက်နေသောမျက်လုံးအိမ်ထဲတွင်တော့ အရောင်အဆင်းကင်းမဲ့နေသောလူသေလိုမျက်လုံးကြီးတွေ ရှိနေပါသည်၊

အမျိုးသမီးသည်လက်ရန်းပါသောကုလားထိုင်အိုကြီးပေါ်တွင် မလှုပ်မယှက် ထိုင်နေ၏၊ သူ့မရှေ့လူနာတင်ခုတင်ကြီးပေါ်တွင်မှ လူတစ်ယောက်လဲလျောင်းနေ၏၊သူ၏အောက်ပိုင်းတွင်မှ စောင်တစ်ထည် လွှမ်းခြုံထားသည်၊ သူတို့နှစ်ယောက်အခြေအနေက လွတ်ရုန်းနိုင်သည်တော့မဟုတ်ပါ၊နှစ်ဦးစလုံးအား ကြိုးနှင့် ချည်နှောင်ထားသည်၊ ပြီးတော့ ဖြူဖွေးသော လူခြေထောက်ကြီးကြီးတစ်စုံကို နံရံတွင်ဆွဲချိတ်ထားသည်၊

"ခြော် - ရှင် သတိရလာပြီတိုး"

အမျိုးသမီး၏အသံက ကြာရှည်လေးဖျော့လွင့်လာသည်၊

"ဟုတ် - ဟုတ်တယ်၊ ကျွန်တော်သတိရပြီ၊ ကျွန်တော် ဘယ်ရောက်နေသလဲ"

"ငရဲခန်း"





www.burmeseclassic.com

www.burmeseclassic.com

"ဘာ"

"ဒေါက်တာကျော်ဇံလှရဲ့ ငရဲခန်းကြီးထဲမှာပေါ့"

သရုတော့ ဘစက်၏အတွေးတကြည်ကြည်လင်လင်ဖြစ်ဖြစ်လာပြီ၊ သူသည် လူအရိုးခေါင်းကြီးကို ကြည့်နေစဉ် သူ့ခေါင်းတို တစ်ယောက်ယောက်တရှာရှာနေကြီး ရိုက်ချလိုက်ခြင်းကို ခံခဲ့ရပြီးသတိမေ့သွားခဲ့သည်။

သရု သတိရလာတော့ အခန်းတစ်ခုထဲတွင် ကြိုးတုပ်လျက် ရောက်နေ၏။ အခန်းက ငရဲခန်းတဲ့၊ တစ်ကိုယ်တော် ဘစက်သည် သူရောက်ရှိနေသော အခန်းကြီးကို ကြည့်လိုက်သည်၊ ဝင်ပေါက်တစ်ခုတည်းသာရှိသောကျောက်တုံးများဖြင့် အခိုင်အမာတည်ဆောက်ထားသော အခန်းကြီးပင်၊ ပြတင်းပေါက်တစ္ဆတစ်ပေါက်မှမရှိ၊ ထိန်လင်းတောက်ပသော မီးအုပ်ဆောင်းကြီးတစ်ခုကို မျက်နှာကျက်တွင် ချိတ်ဆွဲထားသည်၊

အခန်းထောင့်တွင် ဆေးပုလင်းများ၊ ပြွန်များ၊ ဓန်ပေါင်းအိုးကြီးနှင့် ခွဲစိတ်ရာတွင် အသုံးပြုသော ကိရိယာများထည့်ထားသည့် မှန်ဗီရိုကြီးတစ်လုံးနှင့် လူနာခွဲစိတ်ကုသရာတွင်အသုံးပြုသော ခုတင်တစ်လုံးကို တွေ့ရသည်၊

"လူတွေကို အရှင်လတ်လတ် နှိပ်စက်တဲ့ ငရဲခန်းကြီးပေါ့၊ ဒီအခန်းကြီးထဲမှာ မသေရုံတစ်မည် ဒုက္ခခံရတာ သုံးလလောက်ရှိနေပြီ၊ ဒါပေမဲ့ - ကျွန်မစိတ်ထဲမှာတော့ နှစ်ပေါင်းသုံးရာလောက် ကြာလှပြီလို့ ထင်နေတယ်"

အမျိုးသမီးအသံက နာကြည်းတုန်လှုပ်ဖွယ်ကောင်းလှသည်၊ ဘစက်သည် အမျိုးသမီး၏မျက်နှာကို အသေအချာ ကြည့်လိုက်၏၊ သည်တွင် တစ်စုံတစ်ရာကို အမှတ်ရလိုက်မိပါသည်၊

"မင်း - မင်း - အေးမီမြိုင် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မဟာ ဒေါက်တာကျော်ဇံလှ မတရားသိမ်းပိုက်တာကို ခံလိုက်ရတဲ့ အေးမီမြိုင်ပါပဲ၊ ရှင် ကျွန်မကို သိသလား"

ဘစက် ခေါင်းညိတ်ပြလိုက်သည်၊ သို့ရာတွင် အေးမီမြိုင်၏ အလှအပဟူသမျှကတော့ ပျောက်ကွယ်ချုပ်ငြိမ်းနေခဲ့ပါပြီ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရှာပါပြီ၊

"သူကတော့ ..."

"သူက ကျွန်မချစ်သူ ဆေးကျောင်းသား ကိုကိုလတ်လေ၊ ဒေါက်တာကျော်ဇံလှဟာ ကျွန်မကို မတရားအနိုင်ကျင့်ပြီး သိမ်းပိုက်ခဲ့ပေမယ့် ကိုကိုလတ်ဟာ ကျွန်မကို မေ့ထားမပျက်ခဲ့ပါဘူး၊ ကျွန်မကို သူ့လက်ကလွတ်အောင် ကြိုးစားခဲ့ရှာပါတယ်၊ ဒါတွေကို သိသွားခဲ့တဲ့ ဒေါက်တာကျော်ဇံလှဟာ ..."

အေးမီမြိုင်အသံက တိမ်ဝင်သွားပါသည်၊ ပြီးတော့ ရှိုက်သံတွေ ထွက်ပေါ်လာ၏၊

"ဒါ - ဒါဖြင့် ဒီအခန်းကြီးက ဒေါက်တာကျော်ဇံလှအိမ်ကြီးထဲက မြေတိုက်ကြီးပေါ့၊ ဟုတ်လား - အေးမီမြိုင်"

သူ့အမေးကို အေးမီမြိုင် တစ်ယောက်မဖြေလိုက်ရပါချေ၊ ထုထဲသော သံတံခါးကြီးက ပွင့်ဟလာပြီး လူနှစ်ယောက် ဝင်လာကြ၏၊

ဒေါက်တာကျော်ဇံလှနှင့် ဆွဲ့အနားကြားသောလူအရုပ်ကြီး မဲလုံးပါတကား၊

"အင်း - သတိရလာပြီကိုး၊ ဘယ်နှယ့်လဲ - တော်တော်လေးမှ မြိုးမြိုးမြက်မြက်ရှိခဲ့လား - မောင်ရင်၊ အဲ - ဘယ်သူ့ဘွယ့် မင်းအမည်"

"ကျုပ်နာမည် ဘစက်၊ ကျုပ်ကို ဘာလုပ်ကြမလို့လဲ"

"အာ - အာ - သိရပါတယ်၊ မောင်ရင့်ကို ဘာလုပ်မယ်ဆိုတာ မကြာခင် ပဟာဒီအခန်းထဲကလူတွေကိုမောင်ရင် နည်းနည်းပါးပါး သိထားဖို့လိုမယ်ထင်တယ်"

ဒေါက်တာကျော်ဇံလှသည် ဆေးပြွန်းလိပ်ကြီးကို အငွေ့တထောင်းထောင်းထအောင် ရှိုက်ဖွာလိုက်ပြီး အေးမီမြိုင်ရှေ့သို့ ရောက်ရှိသွားပါသည်၊

"ဟောဒါကကျုပ်ရဲ့ဒုတိယဇနီးချောကလေး အေးမီမြိုင်ဆိုတာပေါ့၊ အရင်တုန်းက ဒီကမ္ဘာမှာ သူ့လောက်ချောတာ လှတာ စွဲမက်စရာကောင်းတာ ဘယ်ရှိပါ့မလဲ"

ထို့နောက် ဒေါက်တာကျော်ဇံလှသည် အေးမီမြိုင်ရှေ့ခုတင်ပေါ်တွင် လဲလျောင်းနေသူအား မုန်းတီးစက်ဆုပ်စွာ ကြည့်လိုက်ပါသည်၊

"အဲ - သူကတော့ကျုပ်ရဲ့အခင်တော်ချောမောလှပတဲ့ ဇနီးချောကလေးကို တိတ်တိတ်ပုန်းကြာခိုနေတဲ့ ခပ်မိုက်မိုက်ပြောရရင် လင်ငယ်တလေးပေါ့တွား၊ ဟဲ - ဟဲ"

"မဟုတ်ဘူး - မဟုတ်ဘူး၊ ကိုကိုလတ်ဟာ ကျွန်မချစ်သူ၊ ရှင်သာ ကျွန်မကိုသူ့လက်ထဲက မတရားသိမ်းပိုက်ခဲ့တဲ့ ခွေးကြီး"



www.burmeseclassic.com

www.burmeseclassic.com

အေမီမြိုင် အော်လိုက်သည်။

အဘိုးကြီးက တဟားဟားရယ်ပစ်လိုက်၏။ အေမီမြိုင်၏စကားကိုဥပေက္ခာပြုလိုက်၏။

"ဘခက် - မင်းဟာ ငါ့ဘဝမှာ အမြတ်နိုးဆုံးဖြစ်တဲ့ ပတ္တမြားကြီးနှစ်လုံးကို လာခိုးတဲ့ ရတနာသူခိုး"

ဒေါက်တာကျော်ဇလ၏အသံက ထန်မာလာသည်။ ပြီးတော့ ကိုကိုလတ်ကို လက်ညှိုးထောက်ထောက် ထိုးလိုက်၏။

"သူကတော့ ငါပိုင်ဆိုင်တဲ့အသွေးအသားတွေကို တိတ်တိတ်ပုန်းခိုးတဲ့ တာသေသူခိုးမင်းတို့နှစ်ယောက်စလုံးဟာ အတူတူပဲ၊ အေး - ငါဟာ ငါ့အပေါ်မှာ စောရားလုပ်တယ်လို့ထင်တဲ့လူတွေမှန်သမျှကို လုလုပပကလေး လက်စားချေတတ်တယ်ကွ"

သူ့အသံက ပြန်လည်၍ တည်ငြိမ်လာသည်။

"ငါငယ်ငယ်တုန်းက အိမ်မှာမွေးထားတဲ့ ကြောင်မကြီးက ငါ့လက်ကို ကုပ်တယ်၊ ငါက အဲဒီကြောင်ကို ဘာပြန်လုပ်ခဲ့တယ်ထင်သလဲ"

ဘခက်၏ရင်ဝယ် စိုးရွံ့တုန်လှုပ်မှုက ထင်ရှားသိသာလာနေသည်။

"ကြောင်ကိုလူကြီးတွေမသိအောင် ဖမ်း၊ ဂိုဒေါင်ထဲမှာ မလှုပ်နိုင်၊ ကြိုးတုပ်ပြီးခြေတွေလက်တွေကိုတစ်ချောင်းချင်း ဓားနဲ့ဖြတ်၊ ရင်ကိုခွဲ၊ အသည်းကိုထုတ်ပြီး စိမ်ပြေနပြေ လက်စားချေသတ်ဖြတ်ပြီး ကစားခဲ့တယ်၊ အဲဒီကတည်းက ခွဲစိတ်ဖြတ်တောက်ရတဲ့အရသာကို မက်မောခဲ့ရတာကလား"

ဘခက် တစ်ကိုယ်လုံး အေးစက်သွားသည်။ တုန်လှုပ်သွားသည်။

"ခင် - ခင်ဗျားကြီးကျုပ်ကိုဘာလုပ်မလို့လဲ"

ဒေါက်တာကျော်ဇလက အားရကျေနပ်စွာ ရယ်လိုက်သည်။

"နေပါဦးလေ၊ ငါပြောခဲ့တဲ့စကားတွေကို ဆုံးအောင်နားထောင်ပါဦး။ အဲ အဲ - ငါဟာ ခွဲစိတ်ကုသမှုဆိုင်ရာ ပါရဂူဘွဲ့ကို လန်ဒန်မှာ ကိုယ်ပိုင်စရိတ်နဲ့ သွားသင်ခဲ့ရတယ်၊ အဲ - မိဘကလည်း ချမ်းသာခဲ့ တာကိုး၊ အဲ - ဒါပေမဲ့ - ကံမကောင်း အကြောင်းမလှတော့ ငါ့လိုင်စင်ပြုတ်သွားခဲ့ရပါတယ်ဆိုတော့ဒါပေမဲ့ ငါဟာ အင်မတန်တော်တဲ့ ခွဲစိတ်ကုသမှုဆရာဝန်တစ်ယောက်ပါ၊ ငါ့လက်တွေဟာ မခွဲစိတ်ဘဲ မနေနိုင်တော့ဘူးကွ"



ဒေါက်တာကျော်ဇလသည် ကိုကိုလတ်လဲလျှောင်းနေသော စုတင်ဖြူကြီးဆီခြေရင်းသို့ရောက်ရှိသွားပြီးစောင်ဖြူကြီးကို ဆွဲလှန်ပစ်လိုက်သည်။

"အား ..."

ဘခက်၏ပါးစပ်မှ ရှူးရှူးဝါးဝါးအသံတစ်ချက် ထွက်သွားမိ၏။

မမျှော်လင့်သော ...

မထင်မှတ်သော ...

ကိုကိုလတ်ကို လမ်းမလျှောက်နိုင်အောင် ဒုက္ခပေးထားသော လူမဆန်သော အပြုအမူမြင်ကွင်းကို တွေ့လိုက်ရ၏။

* * *

ဒေါက်တာကျော်ဇလသည် အေမီမြိုင်ကို မတရားအနိုင်ကျင့်၍ သိမ်းပိုက်ခဲ့သော်ငြားလည်း အေမီမြိုင်၏ငယ်ချစ်ဦး ဆေးကျောင်းသားလေး ကိုကိုလတ်အား အေမီမြိုင်ကို မပြတ်နိုင်ခဲ့ပါ။

အေမီမြိုင်သည် သူ၏ မသန့်စင်တော့သည့် ကိုယ်ခန္ဓာနှင့် ညစ်နွမ်းနေသော နှလုံးသားကို ချစ်သူ၏ လက်သို့ အပ်နှင်းချင်တော့၊ မပေးရက်နိုင်တော့၊ ကြိုးသား နှလုံးကွဲမတတ် ခံစားနေရရှာသော ကိုကိုလတ်ကို သနားမိသည့်စိတ်နှင့် တိတ်တဆိတ် ဆက်သွယ်ခဲ့သည်။ အတွေ့ခံခဲ့သည်။

ဒါကို ဒေါက်တာကျော်ဇလ သိရှိသွားသည်နှင့် ကိုကိုလတ်ကို လျှို့ဝှက်စွာဖမ်းဆီးပြီး ရက်စက်စွာ လက်စားချေသည်။ ယုတ်ယုတ်မာမာ တုံ့ပြန်ခဲ့သည်။ ကိုကိုလတ်နှင့် အေမီမြိုင်ကို သူ၏တိုက်အိုကြီးရှိမြေအောက်ခန်းထဲတွင် လျှို့ဝှက်စွာ ချည်နှောင်ထားလိုက်၏။ ပတ်ဝန်းကျင်သို့မူ အေမီမြိုင်တစ်ယောက် လင်ငယ်နောက်လိုက်သွားသည်ဟုသတင်းဖြန့်ခဲ့သေးသည်။

ပြီးတော့ - အေမီမြိုင်၏ရှေ့တွင်ပင် ကိုကိုလတ်၏ ခန္ဓာကိုယ်ကို တစ်သတ်တာ လူစဉ်မမီအောင် လုပ်လိုက်လေသည်။

ရက်စက်ယုတ်မာသည့်လူကြီးပင်။

အေမီမြိုင်ခမျာမှာတော့ ချစ်သူ၏ ဝေဒနာကိုစိတ်မချမ်းသာစွာမြင်ပင်တွေ့နေရသည်။ သူတို့နှစ်ဦးစလုံးကိုအသက်မသေစေရန်တော့ဒေါက်တာကျော်ဇလက ဂရုစိုက်ခဲ့ပါသည်။ ဘခက်သည်လွန်ခဲ့သည့်သုံးလလောက်က "ပျောက်ဆုံးနေသော ဆေးကျောင်းသားတစ်ဦး" ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို သတင်းစာများတွင် ဖတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ အဖြေပေါ်ပြီ။

ဒီ-ငရဲစန်းကြီးထဲကိုလည်း သူကိုယ်တိုင် ရောက်ရှိနေခဲ့ပြီ။

"ဘယ့်နှယ်လဲ - လူတစ်ယောက်အသတ်မသေစေဘဲ ဒုက္ခပေးတာကိုမြင်ဖူးသွားပြီမို့လား။ နောက်ထပ်နှစ်လလောက်ဆက်ပြီး ခွဲစိတ်လိုက်မယ်ဆိုရင် သူဟာ စကားမပြောနိုင်တော့ဘူး။ သူ့နားတွေ မျက်စိတွေဟာလည်း မကြားနိုင် မမြင်နိုင်တော့ဘူး။ အဲဒီတော့မှ လူ့လောကထဲကို ထည့်ပေးလိုက်မယ်။ အဲမင်းကိုလည်းငါမသတ်ပစ်ပါဘူးဘခက်၊ စိတ်ချပါ-ဟား-ဟား-ဟား"

အောင်မြင်နက်ကျောသော ဒေါက်တာကျော်ဖလှ၏ ရယ်သံကြီးက မြေကိုတ်စန်းထဲတွင် သိမ့်သိမ့်တုန်သွားအောင် ထွက်ပေါ်လာသည်၊ ဒေါက်တာကျော်ဖလှ၏ စိတ်သည် ပင်ကိုစိတ်မဟုတ်တော့ဘဲ စိတ်ဝေဒနာစွဲကပ်နေပြီဟု သိလိုက်ပါပြီ၊

"အရူးကြီး - လူယုတ်မာကြီးခင်ဗျား ကျုပ်အသားကို မထိနဲ့၊ ကျုပ်ကိုတရားဥပဒေအတိုင်း ရဲလက်ကိုအပ်ပါ"

ဘခက်အသံကုန်အော်လိုက်သည်။

"ဟား - ဟား - ငါမရူးပါဘူးကွာ၊ ရူးနေတာကမင်းတို့တစ်တွေ ပတ်ဝန်းကျင်က လူတွေ၊ တကျာရူးတွေ၊ ဥစ္စာရူးတွေ ဟား - ဟား - ဟား၊ အဲ - ပြောရဦးမယ် ခင်ခင်ကြီးကို သတ်ပစ်တယ်လို့ လူတွေက ပြောနေကြတယ်၊ အမှန်တော့ ခင်ခင်ကြီးဟာငါ့အင်မတန်မြတ်နိုးတွယ်တာခဲ့တဲ့ မိန်းမတစ်ယောက်ကွ၊ ငါကဘာဖြစ်လို့ သတ်ရမှာလဲ"

"မင်းလာနိုးတဲ့အရိုးခေါင်းကြီးဟာ ခင်ခင်ကြီးရဲ့အရိုးခေါင်းကြီးပေါ့၊ သချိုင်းက ပြန်ဖော်ပြီး ငါအမြတ်နိုးဆုံးဖြစ်တဲ့ ပတ္တမြားကြီးနှစ်လုံးကိုတပ်ဆင်ပေးထားခဲ့တာပဲ၊ အဲဒီမျက်စိတွေဟာငါ့နှလုံးသားကို အေးမြစေခဲ့တယ်၊ ခင်ခင်ကြီးကိုယ်တိုင်အသက်ရှင်လျက်ကငါ့ကိုကြည့်နေသလို ရင်ထဲမှာ နွေးထွေးစေခဲ့တယ် ဘခက်၊

"အဲ - မင်းက ငါအမြတ်နိုးဆုံးပစ္စည်းတွေကိုမှ လာနိုးတဲ့သူခိုးဆိုတော့"

ဒေါက်တာကျော်ဖလှသည် သူ့စကားကို မတင်မကျ အဆုံးသတ်လိုက်ပြီး - ဆေးပစ္စည်းများ ထည့်ထားသောဗီရိုကြီးဆီသို့ လျှောက်သွားပါသည်၊ မဲလုံးကတော့ ကျောက်ရုပ်ကြီးလို လက်ပိုက်ကြည့်နေခဲ့၏၊

ဘခက်သည်တုပ်နှောင်ထားသော ကြိုးတွေကို ခွေးရူးခွေးတန်း ရုန်းကန်ကြည့်သည် မရ၊ ခြေတွေလက်တွေ ပွန်းပြီး အသားနီ လန်လာသည်၊

ဒေါက်တာကျော်ဖလှကတော့ ဆေးထိုးပြွန်တစ်ချောင်းကိုကိုင်ရင်း သူ့ထံအေးအေးဆေးဆေးလျှောက်လာနေ၏၊ အထဲတွင်တော့အမျိုးအမည်မသိ ဆေးတစ်မျိုး၊

ထိုစဉ်မှာပင်ဖွင့်ထားသောသံတံခါးကြီးဆီမှ အသံသဲ့သဲ့တစ်မျိုးကို ကြားလိုက်ရသည်၊ တယ်လီဖုန်းခေါ်သံလား၊ လူခေါ်ခေါင်းလောင်းသံလားတော့တိတိ မပြောတတ်၊

"အေး - မင်းရဲ့လက်တွေကို အောင်ကြည့်ထားနှင့်ပေါ့ဘခက်ရာ"

ဒေါက်တာကျော်ဖလှသည် ဆေးထိုးအပ်ကို စားပွဲခုံပေါ်တွင် တင်၍ မဲလုံးအား အချက်ပြလိုက်ရင်း မြေတိုက်စန်းထဲမှ ထွက်ခွာသွား၏၊ မဲလုံးသည် သံတံခါးကြီးကိုပိတ်၍ တံခါးပေါက်ဘေးမှ ခွေးခြေကလေးပေါ်တွင် လက်ပိုက်ပြီး ထိုင်နေ၏၊

ဤသတ္တဝါကြီးမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးဝမ်းသာခြင်းများ၊ အလျှင်းကင်းမဲ့နေပုံရသည်၊ လူသားတစ်ယောက်၏ခံစားမှုမှန်သမျှမဲလုံးတွင် ချုပ်ငြိမ်းနေခဲ့ပုံပင်၊ တဒင်္ဂအတွင်း ဆိတ်ငြိမ်မှုက ကြီးစိုးသွားသည်၊

တစ်ကိုယ်တော် ဘခက်သည် ခေါင်းအေးအေးဆေးဆေးထားလိုက်ပြီး အခြေအနေကို ပြန်လည်သုံးသပ်လိုက်သည်၊ ပင်ကိုစိတ်ထားမရှိတော့ဘဲ အရူးတစ်ပိုင်းဖြစ်နေသော ဒေါက်တာကျော်ဖလှ၏လက်ထဲမှ မည်သည့်နည်းနှင့် လွတ်မြောက်အောင် စွမ်းဆောင်ရပါ လိမ့်၊

အေမီမြိုင်သည်ဘခက်ကိုအားကိုးတကြီးကြည့်နေရှာသည်၊ ကိုကိုလတ်၏ ညည်းညူသံသဲ့သဲ့က ချောက်ချားဖွယ်ရာ ထွက်ပေါ်နေသည်၊

မဲလုံးကတော့ မလှုပ်မယှက် ကျောက်ရုပ်၊

သို့တစေ၊ ထိုငနဲကြီးကို သတိမူတ်မည့် အခွင့်အရေး တစ်စက်ကလေးမျှ ရှိမနေခဲ့၊

ဤစဉ်မှာပင် ဆန်းကြယ်သောတရား၏ ဖေးမမှုကြောင့် အခွင့်အရေးတစ်ခုက မိုးပေါ်က ကျလာသလိုဖြစ်ပေါ်လာခဲ့၏၊

တစ်ခန်းလုံးပိန်းပိတ်အောင်မှောင်သွားသည်၊

www.burmeseclassic.com

သည်တော့မှ ညာခြေဖျားတွင် အားအကုန်ထည့်လိုက်ပြီး ဒေါက်တာ ကော့ဝဲလ်၏ နံဘေးကို တွန်းကန်ထည့် လိုက်၏။ မကောင်းဆိုးဝါးအသံကြီးသည် အခန်းထဲတွင် ပဲ့လွင့်သွားသလို သူ့ကိုယ် ကြီးမှာလည်း လွင့်ထွက်သွားသည်။ ကြမ်းပြင်ပေါ်တွင် သုံးလေးပတ်လည်ရင်း ငြိမ်သက်သွားသည်။ ထို့အတူ သူလည်း 66 ဒူးထောက်လျက်ကျသွားသည်။



တိုလီမုလီကိုယ့်ခြေထောက် မမြင်သာတော့။

မီးမျက်လှေပြီထင့်။

မီးသည် ဒီလိုပင် မကြာခဏ ပျက်လေ့ရှိသည်။

ဘခက်သည်မဲလုံးအသံကို နားစွင့်လိုက်၏။ ဘာသံမှ မကြားရ။ ဘခက်သည်တွန့်တရစ် ကြမ်းပြင်တစ်လျှောက် သူ့ကိုယ်သူ ပုလင်းတစ်လုံးလို လှိမ့်လိုက်ပါသည်။ တစ်စုံတစ်ခုကို တိုက်မိပြီး သူ့လှုပ်ရှားမှုက ရပ်တန့်သွားပါသည်။ လှုပ်ခတ်သံများ ကြားလိုက်ရသည်။

ဆေးပစ္စည်းများ ထည့်ထားသော မှန်ဗီရိုကြီးပါလား။

က်ကောင်းလေစွ။

ဘခက်သည် မှန်ဗီရိုကြီးကို ခဲခဲ သည်းသည်း နောက်ကျောဖြင့် မှီ၍ ထိုင် လိုက်ရင်း ကြိုးတုပ်ထားသော လက်နှစ် ဖက်ဖြင့် ထိုးခွဲလိုက်သည်။

"ရှလွမ်း"

မှန်ကွဲသံက မိုးမြိမ်းသံအလား ကျယ်လောင်လှသည်ဟု ထင်ရသည်။

ဘခက်သည် အသက်ရှူဖို့ပင် မေ့ လျော့သွားမိပြီး မဲလုံးထံကို နားစွင့်လိုက် သည်။

နားကန်းကြီးသည် မှန်ကွဲသံကို ကြားဟန်မတူ။

သူသည်ဗီရိုထဲသို့လက်နှစ်ဖက်ထိုး သွင်းလိုက်သည်။ ကွဲ၍ တစ်ပိုင်းတစ်

ကျန်ခဲ့သော ထောင်နေသည့် မှန်စတစ် ခုက သူ့လက်ကို ထိုးခွဲလိုက်သည်။ နာ ကျင်ပေမယ့် ဘခက် ဝမ်းသာသွားသည်။

သို့တစေ ဤလုပ်ငန်းမှာ ထင် သလောက် လွယ်ကူခြင်း မရှိလှ။ အထိ အရှ များလှသည်။

"အဟမ်း"

မဲလုံး၏ ချောင်းဟန့်သံကြီး ပေါ် ထွက်လာသည်။ ဤအခန်းထဲတွင် ဘေးတော်စရာတစ်ခု ဖြစ်ပေါ်နေပြီကို မဲလုံး၏အသိစိတ်တွင် ရိပ်မိသွားဟန်တူ သည်။ တစ်ချိန်တည်းမှာပင် မဲလုံး၏ခြေ သံကို ကြားလိုက်ရ၏။

ဘခက်၏ တစ်ကိုယ်လုံး ချွေးဖြင့် စိုနေသည်။

ဖော် ...။

သေးငယ်သော ဖောချွေးဖြင့် ရှန်း တန်လှုပ်ရှားရင်း ထွက်ပေါ်လာသော ဖောချွေး။

ဘခက်သည် အံတစ်ချက်ကြိတ် လိုက်ပြီး လက်နှစ်ဖက်ကို မှန်ကွဲစထဲသို့ ဆောင့်ထိုးပစ်လိုက်သည်။ တင်းကျပ် နေသောကြိုးတွေက ပြုတ်ထွက်သွားပြီး လက်တစ်ဖက် ဗီရိုထဲသို့ ကျူ့ဝင်သွား သည်။ ပုလင်း၏ လည်ပင်းကို တိုင်မိ သည်။

ထိုစဉ်တွင် ...

ဝင်းလဲ့တောက်ပသော အလင်း ရောင်ကမျက်စိထဲတိုးဝင်လာ၏။ ဘခက် သည် မီးလင်းလာသည်နှင့် သူ့မျက်လုံး ကိုဖျတ်ခနဲ ပိတ်ပစ်လိုက်၏။ ဤသည်မှာ မဲလုံးထက်သာသော အချက်ပင်တည်း။ မဲလုံးသည် စူးရှသောအလင်းရောင် ကြောင့် မျက်စိတွေ ပြာဝေနေမိတ် ဘခက်၏အကြည့်က ပီပီပြင်ပြင်ဖြစ်နေ ပြီ။ မဲလုံးကား သူ့ခြေရင်းတွင် ရပ်နေ၏။

လက်တစ်ကမ်းအလို။

သူ့ကိုယ်ကြီးသည် ဘခက်အပေါ် သို့ မိုတ်မိုတ်ကန်းတန် ခုန်အုပ်လိုက်၏။ ဒီလိုနေရာမျိုးတွင် ဘခက်က မကြောက် တတ်။ သူ၏ခန္ဓာကိုယ်ကို တစ်ဖက်လှိမ့် ပေးပြီး အရှိန်နှင့်ပစ်ကျလာသော မဲလုံး၏ ဦးခေါင်းကို လက်ထဲကပုလင်းနှင့်အားရ ပါးရ သယ်ထည့်လိုက်သည်။

"ရှလွမ်း"

ပုလင်းကွဲသွားသလို မဲလုံးသည် ကြမ်းပြင်ကိုမက်မက်စက်စက်နမ်းလျက် ကြီး မှောက်သွားသည်။ ဘခက်သည် လက်ထဲကပုလင်းဖင်နှင့်ခြေထောက်





www.burmeseclassic.com

www.burmeseclassic.com

တွေ့ တုပ်နှောင်ထားသော ကြိုးကို ထိုးဖြတ်လိုက်၏၊ ကြိုးက အလွယ်တကူ ပြတ်မသွား။

သူ့အမှားပင်၊

မဲလုံး၏ခေါင်းသည် အုန်းသီးတစ်လုံးထက်ပင်မာပြင်းပုံရသည်၊ နေကြီးတဟုန်း၍ထလာ၏၊ သူ့လက်ထဲတွင် ဒီရိုထဲက နှိုက်ခဲ့ဟန်တူသော ဓားတစ်ချောင်း။

ဓားသွားသည် ဘခက်၏ ကျောပြင်မှ နှလုံးသားတည့်တည့်နေရာသို့ ထိုးစိုက်တော့မလာသည်၊ ဘခက်သည် ကိုယ်ကို လိမ့်၍ ရှောင်လိုက်၏၊

"အင့် ..."

ဓားသွားသည် သူ့ပခုံးထဲသို့ စိုက်ဝင်လာသည်၊ သည်တစ်ခါတော့ အရှိန်နှင့် ဝိုက်ဆင်းလာသော မဲလုံး၏ လည်ပင်းကို ဗုလင်းဖင်ပြတ်ကြီးနှင့် ဆောင့်ထိုးထစ်လိုက်၏။

"အား"

စူးစူးဝါးဝါး အော်သံနက်ကြီးနှင့် အတူလန်ကျသွားသည်၊ ရက်စက်လွန်းရာတော့မယ် သူ့အသက်ကိုယ့်အသက် လုရသည့်ပွဲမို့ ဘခက် မညှာနိုင်တော့၊

ဖြစ်တော့မှမြေထောက်ကကြီးတွေကို အပြီးတိုင် ထိုးဖြတ်လိုက်ရ၏၊ ယခုတော့ လွတ်ပြီ လွတ်ပြီ၊

အေဒီမြိုင်သည် သတ်ပုတ်ပွဲကို ရင်တမမနှင့် စောင့်ကြည့်နေရာမှ ကျေနပ်နှစ်သိမ့်သည့် အပြုံးတစ်ခုကို ပြုံးလိုက်ပါသည်၊ သည်အပြုံးမှာ သုံးလအတွင်းမှ တစ်ခုတည်းသော အပြုံး ဖြစ်ပါလိမ့်မည်၊

"တစ်ယောက်ကျန်သေးတယ်"

အေဒီမြိုင်အသံက တက်ကြွနေသည်၊ ဘခက်သည် ထရပ်လိုက်၏၊ သူ့ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်၊

အေဒီမြိုင်အသံက တက်ကြွနေသည်၊ ဘခက်သည် ထရပ်လိုက်၏၊ သူ့ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်၊ ပခုံးမှ သွေးတွေ စီးကျနေသည်၊ ဘခက်သည် အေဒီမြိုင်ကို အသာအယာခေါင်းညိတ်ပြလိုက်ပြီး တံခါးဝသို့ ဒယီးဒယိုင် လျှောက်သွားပါသည်၊ သူ၏ဘယ်လက်တစ်ခုလုံး နည်းနည်းလေးမှ မလှုပ်နိုင်လောက်အောင် ထုံကျင်နေသည်၊

"ဂေါက် - ဂေါက် - ဂေါက်"

ကျောက်လှေကားထစ်တွေမှ တစ်ထစ်ချင်းဆင်းလာသည့် ခြေသံသဲ့သဲ့ကိုကြားလိုက်သည်၊ ဘခက်သည်တံခါးဝတွင် ကျောမှီရင်း ကပ်လိုက်သည်၊

"ဝှီ"

ဆီမထည့်သည်မှာကြာပြီဖြစ်သော သံတံခါး၏ ပတ္တာများက ရှည်လျားစွာ မြည်သွားသည်၊ ဒေါက်တာကျော်ဇံလှသည် သူ့ကို ကျောပေးရင်း ရပ်နေသည်၊

မမျှော်လင့်သောမထင်မှတ်သော အခြေအနေတစ်ခုက သူ့ကို စောင့်ကြို နေသည်၊

မဲလုံးသည် အခန်းထောင့်တွင် အသွင်မပျက် လဲနေသည်၊ အေဒီမြိုင်က သော့ပြုံးလို့၊ ဘခက် - တော၊

"ကျွန်တော် ဒီမှာပါ - ဒေါက်တာ"

ဒေါက်တာကျော်ဇံလှသည်နောက်ကိုရုတ်ခနဲကြည့်လိုက်သည်နှင့်ဘခက်အညာလက်သီးတစ်လုံးကိုသတ်ကွက်စစ်ကွက်ထည့်၍ သုံးလိုက်သည်၊

"ဒွတ် - ဒုတ်"

ညာဖြောင့်လက်သီးသည် ဒေါက်တာကျော်ဇံလှ၏ အရှိုက်ကို အတ်ခနဲ ဆန့်ဝင်သွားသလို ငိုက်ကျလာသော ဘအသောင်ကို လက်နံ့ဖြင့် ခေါက်ထည့်လိုက်ခြင်းပါပဲ၊

လဲ ... သွား၊

သည်တော့မှ ညာခြေဖျားတွင်အားအကုန်ထည့်လိုက်ပြီး ဒေါက်တာကျော်ဇံလှ၏နံစောင်းကို ကျုံးကန်ထည့်လိုက်၏၊

မကောင်းဆိုးဝါးအသံကြီးသည် အခန်းထဲတွင်ပျံ့လွင့်သွားသလို သူ့ကိုယ်ကြီးမှာလည်း လွင့်စဉ်ထွက်သွားသည်၊ ကြမ်းပြင်ပေါ်တွင် သုံးလေးပတ်လည်ရင်း ငြိမ်သက်သွားသည်၊

ထိုအတူသူလည်းဒူးထောက်လျက်ကျသွားသည်၊ "အား" ဟူ၍ သူ့ကိုယ်ထဲတွင် တစ်စက်ကလေးမျှ မရှိနေတော့ပြီပေ၊ ပြာဝေလာသော မျက်လုံး၊ ပခုံးမှ စီးကျလာသောသွေးတွေ၊

အေဒီမြိုင်သည် သူ့ကို တစ်စုံတစ်ရာ လှမ်းပြောခဲ့သည်၊

ဘာပြောလိုက်သည်ကို ထိထိဝေမကြားလိုက်ရ၊ သူသည် ကျောက်လှေခါးထစ်များကို လေးဖက်ထောက်၍ တက်ခဲ့၏၊ လှေကားဆယ့်သုံးထစ်အရောက်တွင် ပိတ်ထားသောတံခါးတစ်ချပ်ကို တွေ့ရသည်၊ တံခါးကို တွန်းဖွင့်လိုက်သောအခါတွင်မှ ငရဲခန်းထဲရှိ ကိုယ်လုံးပေါ် မှန်ကြီးဘေးသို့ ရောက်သွားသည်၊ ကနုတ်ပန်းနွယ်များဖြင့် ဘောင်ခတ်ထားသော ဤမှန်ကြီးသည်ပင်လျှင် ဒေါက်တာကျော်ဇံလှ၏ မြေအောက်ငရဲခန်းကိုဝင်သော လျှို့ဝှက်တံခါးပေါက်များကြီးပါတကား၊

www.burmeseclassic.com

အလင်းရောင်ဖျော့ဖျော့သည် ပြတင်းပေါက်များကြားမှ တိုးဝင်နေ၏။ အမှောင်သည် ကုန်ဆုံးလုနီးလေပြီ။

အရုဏ်ဦး...။

အမှောင်၏အရုဏ်ဦး...။

သို့မဟုတ် အမှောင်ငရဲခန်း၏ အရုဏ်ဦး။

ယခုမှ အဓိုအနှင့်ထိုက်တန်သော ငွေကြေးကြီးနှစ်လုံးတို့ ယူလိုက ယူနိုင်ပါပြီ။ စိန်ရွှေငွေရတနာတွေကို စီခြယ်ထားသော ဓားတစ်လက်ကို ပိုင်ဆိုင်လိုက ပိုင်ဆိုင်နိုင်ပါပြီ။

သို့တစေ...

ရာဇဝတ်မှု ကောင်းကျိုးမပြု...။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ...။

ထိုအသိသည် တစ်ကိုယ်တော်ဘခက်၏ နှလုံးသားတိုင်အောင် စွဲငြိတွယ်တပ်လာပါပြီ။ သူ့ကိုယ်ထဲရှိ လည်ပတ်နေသောသွေးတွေကလည်း တဖြည်းဖြည်းလျော့နည်းလာပါပြီ။

ဘခက်သည် ရှိသမျှအင်အားတွေကို စုစည်းလိုက်ပြီး သူ လုပ်သင့်သည်ဟု တိတိကျကျ ဆုံးဖြတ်ချက်ချလိုက်သည့် အလုပ်တစ်ခုကို လုပ်ဆောင်ရန် ကြိုးစားလိုက်သည်။ သည်အလုပ်မှာ သူ့ဘဝတွင် လူသားအဆန်ဆုံးသော အလုပ်တစ်ခု ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

သူသည် အခန်းထောင့်ရှိ တယ်လီဖုန်းရှိရာသို့ ခဲခဲယဉ်းယဉ်းရောက်ရှိသွား၏။ တယ်လီဖုန်းရီဆီဗာကို မလိုက်ပြီး ဒိုင်ခွက်ဂဏန်းလေးများကို ခပ်သွက်သွက် လှည့်ချလိုက်၏။

တစ်ကိုယ်တော်ဘခက် ရှင်လန်းတက်ကြွနေသောအသံက ဝါယာကြိုးမှတစ်ဆင့် တစ်ဖက်က နားထောင်သူထံသို့ ရောက်ရှိသွားပါသည်။

အနီးဆုံးရဲစခန်းတစ်ခုခုတော့ "တစ်ကိုယ်တော်ဘခက်" အား အကူအညီပေးနိုင်ကောင်းလေမည်ထင့်...။

→ ဆွေလှိုင်ဦး



ဆွေမြ

တစ်ယောက်ပြီး
တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ထောင်ရေးပြဿနာ၏ နောက်ဆက်တွဲ အမုန်းများနှင့် ရောထွေးသွားသောအခါ ...

**လေးယာဉ်ပေါ်မှ ...**

ဆင်းလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်ထံသို့ ခြေနန်းရိုက်လိုက်သော အမျိုးသမီးက ဆီးကြိုနေသည်။ သူမ၏ မျက်နှာက ရောမွှေရှုပသည့်နည်းတူ ကိုယ်ခန္ဓာကလည်း အရိုးအဆစ် ကျန ပြေပြစ်သည်။

အသက်အားဖြင့် (၂၅)နှစ်နှင့် သုံးဆယ့်နှစ်ဝန်းကျင်ဟု ခန့်မှန်းရသည်။ သူမ၏လက်ထဲတွင် မီကျောင်းသားရေဖြင့် ပြုလုပ်ထားသော လက်ဆွဲအိတ် အတောင်းစားတစ်ခုပါသည်။ သူမက ကျွန်ုပ်ကို ရွှန်းဝင့်တောက်ပသောမျက်လုံးအစုံဖြင့် ကြိုဆိုသည်။

"ဦးဇော်ထွန်းပါလားရှင်"

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်သည်။

မကြာမီအမျိုးသမီးသည်ကျွန်ုပ်နှင့် အတူလေဆိပ်ခန်းမဆောင်ကြီးအတွင်းရှိ ဆိုဖာများပေါ်တွင် မျက်နှာချင်းဆိုင် နေရာယူမိကြသည်။

"လျှို့ဝှက်ထားရမယ့်အကြောင်း တစ်ခုကြောင့် ကျွန်မအမည်နဲ့ နေရပ်ကို မသိချင်ပါနဲ့ဦးရှင်"

"ရပါတယ်။ ဒါထက် - ကျွန်ုပ်နဲ့တွေ့ရတဲ့ရည်ရွယ်ချက်က ဘာများလဲ"

"ပြောမှာပေါ့ရှင်။ လောလောဆယ် သတင်းဂျာနယ်ထဲမှာပါတဲ့ ကိုကျော်မိုး အကြောင်း ဖတ်ပြီးရောပေါ့နော်"

"သူ့ဇနီးသတ်မှုနဲ့ ရုံးတင်စစ်ဆေးခံနေရတဲ့ကိုကျော်မိုးအကြောင်းကိုတော့ ဖတ်ပြီးပါပြီ"

"အဲဒီကိုကျော်မိုးဟာ သူ့ဇနီးကို သတ်လိမ့်မယ်လို့ ကျွန်မ မယုံကြည်ပါဘူးရှင်။ သူ့မှာ လွတ်ဖို့လမ်းရော ရှိပါ့မလား"

"ဒါတော့ သေချာပြောလို့မရဘူး။ လက်ရှိတွေ့ရတဲ့အချက်အလက်တွေက သူ့အတွက် အခြေအနေမကောင်းဘူး"



"ဘယ်လိုအချက်အလက်တွေလဲ"

"သူ့ဇနီးက အင်မတန်ချမ်းသာကြွယ်ဝတယ်။ အိမ်မှာ သူတို့လင်မယား နှစ်ယောက်တည်း နေကြတယ်၊ လူသတ် လက်နက်ကလည်း သူ့ကိုယ်ပိုင်သေနတ်၊ နောက်ပြီး - သူကားမောင်းတဲ့ အခါ ဝတ်လေ့ရှိတဲ့ ညာလက်အိတ်မှာ ယမ်းမှုန့်တွေ တွေ့ရတယ်၊ ဒါကြောင့် အဲဒီလက်အိတ်ကိုစွပ်ပြီးတော့ ပစ်သတ်ခဲ့တယ်လို့ ယူဆစရာရှိကြောင်း ဓာတုဗေဒ စစ်ချက်အရ သိရတယ်ဆိုတော့"

"ဒါပေမဲ့ - သူသတ်တာမှ မဟုတ်ဘဲရှင်"

"ဒါဖြင့် - ကိုကျော်မိုးရဲ့ဇနီး ဒေါ်ယဉ်ယဉ်ကိုသတ်တာ ဘယ်သူလဲ ခင်ဗျား သိသလား"

"ဒါတော့ - ကျွန်မ မသိဘူး။ ကျွန်မ ကတော့ ကိုကျော်မိုးကို လွတ်စေချင်တာပါရှင်။ အဲဒီတော့ ရှင့်အနေနဲ့ အမှန်တကယ်သတ်တဲ့ လူသတ်သမားကို ဖော်ထုတ်နိုင်အောင် အထူးကြိုးစားဆောင်ရွက်ပေးပါနော်"

"ကောင်းပြီလေ - ခင်ဗျားကို ဆက်သွယ်ချင်ရင် ဘယ်လိုဆက်သွယ်ရမလဲ"

"အဲဒီ့အတွက် လိုအပ်တဲ့အချိန်မှာ ကျွန်မ ရှင့်ကို ဆက်သွယ်ပါ့မယ်။ လောလောဆယ် ရှင်တည်းခိုဖို့အတွက် အေးမြတန်သာ ဧည့်ရိပ်သာမှာ အခန်း အဆင်သင့်ငှားထားပြီးပါပြီ"

သူမသည် စကားဆုံးသည်နှင့် လက်ဆွဲအိတ်ကြီးကို ဖစ်ဖွင့်လိုက်သည်။ ငွေစက္ကူထပ်များသေးဘက်တွင် မိန်းမကိုင် ပြာလွဲ့သောပစ္စတိုလေးတစ်လက်ကို အမှတ်မထင် မြင်လိုက်မိသည်။

"စရန်သဘောမျိုးပေါ့ရှင်"

သူမထံမှ ငွေစက္ကူတစ်ဆုပ်သည် ကျွန်ုပ်ထံသို့ရောက်ရှိလာသည်။ ကျွန်ုပ်က သားရေဂျာကင်အင်္ကျီအတွင်းအိတ်ထဲသို့ သွတ်သွင်းလိုက်သည်။

ကျွန်ုပ်နှင့် သူမသည် လေဆိပ်အဆောက်အအုံပြင်ဘက်ရှိ ကားပါကင်သို့ ရောက်လာကြသည်။ သူမက ရပ်ထားသော အနက်ရောင်မာစီဒီးဆလွန်းကို ဖွင့်ကာ စတီယာရင်နောက်တွင် နေရာယူလိုက်ပြီးနောက် ကားတံခါးကိုပြန်ပိတ်သည်။ ကားရှေ့ခန်းထဲတွင် ငါးဆယ်အရွယ် ချစ်စဖွယ်သမီးငယ်တစ်ဦး ပါသည်။

www.burmeseclassic.com

ကျွန်ပ်က ကားနောက်ခန်းတွင် နေရာယူသည်။

"အဲဒီဦးဦးက ဘယ်သူလဲ မေမေ"

တာလေးမက ကျွန်ပ်ကို လှည့်ကြည့်ရင်း အမျိုးသမီးကို မေးသည်။

"မေမေတို့ မိတ်ဆွေတစ်ယောက်ပေါ့-သူရယ်"

အမျိုးသမီးက စက်နှိုးရာမှ လှမ်းဖြေသည်။

"မေမေကြီး - အခု ဘယ်မှာလဲ မေမေ"

"ခွေးလေးမှာပေါ့ကွယ်"

ခကြာပြီ အမျိုးသမီးမောင်းလာသော ကားသည် လမ်းမကြီးအတိုင်း ပြေးနေသည်။ ကျွန်ပ်အတွက် ကြိုတင်ငှားရမ်းထားသော ညောင်ရိုးသာရေတွင် ကားရပ်ပေးပြီးနောက် ကျွန်ပ်က ကားပေါ်မှ ဆင်းပြီးသည်နှင့် တစ်ပြိုင်နက် အရှိန်အဟုန်ဖြင့် မောင်းထွက်သွားသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်ပ်သည် ကိုကျော်မိုး၏ အမှုစစ်ဆေးရာ ရုံးခန်းသို့ အငှားကားဖြင့် ရောက်ရှိခဲ့သည်။

ကိုကျော်မိုးသည် အသက်အားဖြင့် သုံးဆယ်ခန့်ရှိမည်။ ဥပဓိရုပ်အားဖြင့် ခန့်ညားသည်။ တရားခံအကျိုးဆောင်အဖြစ် ဆောင်ရွက်သူမှာ ကျွန်ပ်နှင့် ကျောင်းနေဖက်သူငယ်ချင်းကိုဝင်းကြည်ဖြစ်သည်။ ကိုဝင်းကြည်သည် ပခုံးကျယ်ကျယ်နှင့် အရပ်မြင့်သည်။ သူနှင့်ကျွန်ပ် မဆုံဖြစ်ကြသည်မှာ ငါးနှစ်ခန့်ရှိလေပြီ။ သူ့အား တရားသူကြီးက မေးခွင့်ပြုလိုက်သောအခါ သူက နေးကွေးစွာ ထသည်။ သူ့အသံက တည်ငြိမ်နေသည်။

"ဦးကျော်မိုးနဲ့ ဇနီးဖြစ်သူတို့ ကတောက်ကဆဖြစ်ခဲ့တဲ့နေ့က မေလ ဆယ့်ကိုးရက်နေ့ မှန်ပါသလား"

"မှန်ပါတယ်"

"အကြောင်းရင်းက ဘာများလဲ"

"ငြင်းခုံခြင်းတစ်ခုက စပါတယ်"

"သာမန်အငြင်းပွားစရာအကြောင်းပဲလား။ မှတ်မိသလောက် အကျဉ်းချုံးပြောပြပါ"

"ကျွန်တော်တို့ရဲ့ နောင်ရေးဖြစ်ပါတယ်။ ကျွန်တော့်ဇနီးဟာ တခြားလူတစ်ယောက်နဲ့အတူ တခြားတစ်မြို့ တစ်ဒေသကို ခရီးထွက်ဖို့ အစီအစဉ်လုပ်နေတာကို ကျွန်တော်က ရိပ်မိလို့ မေးရာက စပါတယ်"



တရားရုံးခန်းအတွင်းရှိပရိသတ်က တီးတိုးတီးတိုး သဖန်းပိုးဖြစ်လာကြသည်။ ကျွန်ပ်၏လက်ျာဘက် နှစ်ခုံကျော်အတွင်းမှ အမျိုးသမီးတစ်ယောက်က ကိုယ်အထက်ပိုင်းကို ရှေ့သို့ တိုင်းလျက် ကိုကျော်မိုး၏စကားသံကို နားစွင့်နေသည်။

သူမသည် ခရမ်းရောင်ဘလောက်စ်အင်္ကျီကိုဝတ်ဆင်ထားပြီး ထမီကပိုးဖျော့အနက်နှင့် အသားဖြူဖြူ၊ သွယ်လျသောကိုယ်လုံးဖြစ်သည်။

"တခြားလူတစ်ယောက် ဆိုတာ အဲဒီလူရဲ့နာမည်က ဘယ်သူပါလဲ"

"ကျွန်တော်မသိပါဘူး။ ယဉ်ယဉ်က အဲဒီလူရဲ့နာမည်ကို ပြောမပြခဲ့ပါဘူး"

"ဒေါ်ယဉ်ယဉ်က ဘာကြောင့် တခြားလူတစ်ယောက်နဲ့ ခရီးထွက်သွားချင်ရတာလဲ။ ဦးကျော်မိုးနဲ့ စကားများတဲ့ အကြောင်းရဲ့အစကို မှတ်မိပါသလား"

"ထုံးစံအတိုင်း ငွေကြေးကိစ္စက စတာပါပဲဗျာ။ ကျွန်တော်က လက်ရှိကားဟောင်းပစ်ပြီး ကားအသစ်တစ်စီးထပ်ဝယ်ဖို့ ငွေတောင်းတာက စပါတယ်။ ယဉ်ယဉ်က ကျွန်တော်တောင်းသမျှငွေတွေကို မကြာခဏ ပေးနေရတာ စိတ်ကုန်လာပြီတဲ့။ ဒါနဲ့ - ကျွန်တော်ကလည်း သူ့ဆီက ခဏခဏ လက်ဖြန့်တောင်းနေရတာ ငြီးငွေ့လာပြီလို့ ပြန်ပြောပါတယ်။ အဲဒီတော့ - ယဉ်ယဉ်က သူ့ကို ငွေမက်ပြီးယူတာ၊ အခု - ငွေကိုပဓာနမထားတဲ့ လူတစ်ယောက်ကိုတွေ့ရပြီ၊ အဲဒီလူနဲ့ဆိုရင် သူ့ဘဝက အရမ်းစိတ်ချမ်းသာသတဲ့"

ကိုကျော်မိုးကစကားကိုခေတ္တရပ်၍ မဲ့ပြုံးတစ်ချက်ပြုံးပြီးမှ ဆက်ပြောသည်။

"ဒါနဲ့ - ကျွန်တော်က မင်း စိတ်ချမ်းသာတဲ့လူနဲ့သွားချင်ရာသွား။ လွတ်လွတ်လပ်လပ်နေနိုင်တယ်၊ ငါလည်းသွားချင်ရာသွားမယ်လို့ပြောလိုက်တယ်။ နောက်တော့ - အိမ်ပြင်ထွက်၊ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့တာပါပဲ။ ယဉ်ယဉ်စိတ်ပြေတဲ့အခါပြန်လာဖို့ ရည်ရွယ်ချက်နဲ့ ထွက်ခဲ့တာပါ၊ ကျွန်တော်တို့ လင်မယားတာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တဲ့အခါဖြစ်၊ ပြန်တည့်တဲ့အခါလည်း တခြားလင်မယားတွေလိုပါပဲ"

"ဦးကျော်မိုးအိမ်က ထွက်သွားတော့ ဘယ်အချိန်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှစ်နာရီထက်တော့ နောက်ကျမယ်မထင်ပါဘူး"

"ခင်ဗျား ထွက်သွားတဲ့အချိန်မှာ ဒေါ်သည်ယည်ဟာ အသက်ရှင်လျက် ကျန်ခဲ့ပါသလား"

"ဟုတ်ပါတယ်"

"ခင်ဗျားထွက်လာချိန်မှာ ခင်ဗျား သေနတ်က အိမ်မှာ ကျန်ခဲ့ပါသလား"

"ဟုတ်ပါတယ်"

"ကျည်ဆန်ထည့်ထားပါသလား"

"အများအားဖြင့် ကျည်ဆန်ထည့်ပြီး ကျွန်တော်အိပ်တဲ့ခေါင်းအုံးအောက်မှာ ထားလေ့ရှိပါတယ်၊ အဲဒါက အစဉ်အလာတစ်ခုသဘောမျိုးဖြစ်နေတာပါ"

"ခင်ဗျားကားမောင်းတဲ့အခါ စွပ်တဲ့လက်အိတ်ကတော့ ဘယ်မှာကျန်ခဲ့ပါသလဲ"

"အိမ်မှာပဲ ကျန်ခဲ့ပါတယ်၊ အဲဒီလက်အိတ်ကို အိမ်ရှေ့စားပွဲပေါ်မှာ အမြဲတမ်းထားပါတယ်"

"ခင်ဗျားအိမ်က ထွက်လာတော့ အိမ်ရှေ့တံခါးမကြီးဖွင့်လျက်သားဖြစ်နေခဲ့သလား"

"ဟုတ်ပါတယ်"

"ဦးကျော်မိုးဟာ ဖနီးဖြစ်သူဒေါ်ယည်ယည်ကို သေနတ်နဲ့ ပစ်သတ်ပြီးမှ ကားနဲ့ ထွက်လာတာ မဟုတ်ဘူးလား"

"လုံးဝမဟုတ်ပါဘူး"

"ရှစ်နာရီဝန်းကျင်မှာ ခင်ဗျားအိမ်ကထွက်လာပြီး ညတွင်းချင်း နောက်တစ်ခေါက် အိမ်ကိုပြန်သွားသေးသလား"

"မသွားခဲ့ပါဘူး၊ နောက်တစ်နေ့ကျမှ ကျွန်တော့်ကို ရဲက ထောက်ကြံ့မှာဖမ်းတဲ့အချိန်အထိ အိမ်ကိုလုံးဝပြန်မရောက်ခဲ့တာ အမှန်ပါ"

"ဒါဖြင့် - အခင်းဖြစ်ခဲ့တဲ့ညရှစ်နာရီနောက်ပိုင်းမှာ ခင်ဗျား ဘယ်မှာရှိသလဲ"

"မိတ်ဆွေတစ်ယောက်နဲ့တွေ့ဖို့ သွားခဲ့ပါတယ်"

ရုံးခန်းအတွင်း၌ပွက်စီပွက်စီအသံများ ထွက်ပေါ်လာပြန်သည်၊

"အဲဒီမိတ်ဆွေက ဘယ်သူပါလဲ ဦးကျော်မိုး"

ကိုကျော်မိုးကခြောက်သွေ့နေသော သူ့နှုတ်ခမ်းကို လျှာဖြင့် တစ်ချက်သိမ်းလိုက်သည်၊

"ကျွန်တော် လောလောဆယ် မပြောလိုသေးပါဘူး ခင်ဗျား"



"ဘာကြောင့်လဲ"

"ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် ဒီအမှုထဲမှာ ရောထွေးစေချင်လို့ပါ"

အကျိုးဆောင်ရှေ့နေ ကိုဝင်းကြည်က တရားသူကြီးဘက်သို့မျက်နှာမူလိုက်သည်၊ ထိုနေ့ ဘာလို့ရပ်နားရန် ခွင့်ပန်သောသဘောမျိုးဖြစ်သည်၊

ရုံးခန်းထဲတွင် တစ်စတစ်စ လူပါးသွားသောအခါကျမှ ကျွန်ုပ်သည် ကိုဝင်းကြည်၏ပခုံးကို လက်ဖြင့်အသာ ဆိုလိုက်သည်၊

"ဟာ - သူငယ်ချင်း ဖော်ထွန်း ဘယ်တုံးက ရောက်နေတာတုန်း၊ ဘာ ကိစ္စလဲ"

"ကိုကျော်မိုးမှာ ဘာအပြစ်မရှိဘူးလို့ ယုံကြည်ထားသူတစ်ယောက်က ကျွန်တော့်ကို ငှားတဲ့အတွက် လာခဲ့ရတာပဲ - ကိုဝင်းကြည်"

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သားတရားရုံးခန်းအပြင်ဘက်သို့ထွက်ခဲ့ကြသည်၊ အပြင်ဘက်တွင် အမျိုးသမီးတစ်ယောက်က ကိုဝင်းကြည်ကို စောင့်နေသည်၊ ကျွန်ုပ် စောစောက ရုံးခန်းထဲတွင် သတိပြုမိခဲ့သော ခရမ်းရောင်ဘလောက်စ်အကျီ ဝတ်ထားသော အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်နှင့် အမျိုးသမီးဖြစ်သည်၊

"အော် - ဟော့ အကြိုင် - တော့ဒါ ကိုယ့် ကျောင်းနေဖက် သူငယ်ချင်း ကိုဖော်ထွန်းပဲ၊ သူက ကိုယ့်ဇနီး"

ကိုဝင်းကြည်က မိတ်ဆက်ပေးသည်၊

ကျွန်ုပ်က အလိုက်သင့်ပြုံးပြသည်၊

"ဒီနေ့ စစ်ဆေးခဲ့တဲ့ အမှုအခြေအနေ ဘယ်လိုလဲ - အစ်ကိုဝင်း"

"သိပ်တော့ အားမရပါဘူးကွာ"

သူ့ဇနီး အကြိုင်၏အမေးကို ဖြေရာမှ ကျွန်ုပ်ဘက်သို့ လှည့်၍ ထင်မြင်ချက် မေးသည်၊

"ဖော်ထွန်း - မင်းအနေနဲ့ ဘယ်လို ကောက်ချက်ချသလဲ"

"ကိုကျော်မိုး ဆိုတဲ့လူဟာ တကယ်ပဲ သစ္စာရှိသူလား၊ ဒါမှမဟုတ် သိပ်ကို မိုက်မဲတဲ့လူလားဆိုတာ ခွဲခြားဖို့ခက်နေတယ် - ကိုဝင်းကြည်"

"ဒါပေမဲ့ - ဒီလူဟာ ခေတ်ပညာတတ်တစ်ယောက်ပဲကွ၊ ဘာဘယ်လို့သူ



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတို့သေနတ်နဲ့ပစ်သတ်တယ်ဆိုရင် အဲဒီသေနတ်နဲ့ သူ့လက်အိတ်ကိုတော့ အလောင်းရဲ့အနီးအနားမှာထားပစ်ခဲ့မှာ မဟုတ်ဘူး၊ သဝန်ကြောင်စိတ်နဲ့ ပစ်သတ်တာဆိုရင်လည်း သူ့မိန်းမကို သူချစ်မှ မချစ်ပဲ၊ သဝန်ကြောင်စရာ အကြောင်း လုံးဝမရှိဘူး"

ထို့နောက် ကိုဝင်းကြည်တို့လင်မယားသည် ကျွန်ုပ်တည်းခိုရာ အေးမြတန်သာဧည့်ရိပ်သာအထိ သူတို့ကားဖြင့် လိုက်ပို့ပေးသည်။

တန်သာယာ၏ညနေစောင်းသည် ရောင်စုံမီးလုံးများဖြင့် တန်ဆာဆင်ထားသောကြောင့် လှပနေသည်။ ကန်ရေပြင်၏အစပ်ရှိ ဥယျာဉ်ထဲတွင် စားပွဲကုလားထိုင်ခုံများ ခင်းကျင်းထားသည်။ သားနားထည်ဝါစွာ ဝတ်စားဆင်ယင်ထားကြသော အမျိုးသား၊ အမျိုးသမီးတို့သည် တန်သာယာ၏ညစာကို မြိန်ယှက်စွာ အရသာခံ၍ စားသောက်နေကြသည်။

"ဒေါ်ယဉ်ယဉ်အသတ်ခံရတဲ့ညမှာ ကိုကျော်မိုးနဲ့ အတူရှိနေခဲ့တဲ့အမျိုးသမီးဟာ ဘယ်သူဖြစ်နိုင်မလဲဗျ"

ကျွန်ုပ်က ကိုဝင်းကြည်ကို ရုတ်တရက် မေးကြည့်လိုက်သည်။

"အဲဒီအကြောင်းနဲ့ပတ်သက်လို့ ကိုကျော်မိုးက တစ်စွန်းတစ်စမှ မဟာခဲ့ဘူးကွ"

ထိုအခိုက်အတန့်တွင် ကျွန်ုပ်တို့ထံသို့ အမျိုးသမီးတစ်ယောက်က ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက်ကို လက်ဆွဲ၍ လျှောက်လာသည်။ သူမသည် ကိုဝင်းကြည်တို့လင်မယားကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီးမှ မျက်နှာလွှဲ၍ ပြန်လှည့်သွားသည်။

"အဲဒါ - ဦးမောင်မောင်မြတ်ရဲ့မိန်းမ ရှုပါ မဟုတ်လား - အကြိုင်"

"ဟုတ်တယ် - အစ်ကိုဝင်း၊ ဘာကြောင့်များ ကျွန်မတို့ကို မမြင်ချင်ယောင်ဆောင်သွားတာလဲ မသိဘူးနော်"

"ဟိုညက ကိုကျော်မိုးနဲ့ အတူတူရှိနေတဲ့အမျိုးသမီးဟာ ရှုပါဖြစ်နေမလား မသိ"

ကိုဝင်းကြည်က သူ့ဟာသူ တီးတိုးရေရွတ်၍ ကောက်ချက်ချသည်။ ထိုအမျိုးသမီး၏ လင်ယောကျ်ား ဦးမောင်မောင်မြတ်၏ဖုန်းနံပါတ်ကို အကြိုင်ထံမှ စပ်စု၍မှတ်သားခဲ့ရသည်။ ထိုဖုန်းနံပါတ်နှင့်တွဲလျက် လိပ်စာကိုဖုန်းလမ်းညွှန်စာအုပ်ကြီးထဲမှ ကူးယူလိုက်သည်။



ထိုလိပ်စာအတိုင်း အိမ်ကို ရှာတွေ့သောအခါ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ရသည်။ တံခါးလာဖွင့်သူမှာ သမီးလေးသူဇာ ဖြစ်သည်။

သမီးလေး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှမ်းလျက် မျက်တောင်သွယ်များတွင် မျက်ရည်များစွတ်စိုနေသည်။

"သမီး - ဘာဖြစ်လို့လဲ၊ သမီးမေမေရော ရှိလား"

"မေမေ အိမ်ထဲမှာ ရှိပါတယ်၊ ဒါပေမဲ့ - နိုးလို့မရဘူး - ဦးဦးရဲ့"

ကျွန်ုပ်သည် အိမ်တွင်းသို့ သွက်သွက်လက်လက်ဝင်ခဲ့သည်။ ရှုပါ၏ဦးခေါင်းသည် ဆွေးကွက်ထဲတွင် ရောက်ရှိငြိမ်သက်လျက် အသက်ရှူ ရပ်တန့်နေလေပြီ။ သူမ၏ ပြာလဲ့သောပစ္စတိုလေးသည် သူမ ညာလက်အနီး ကြမ်းပြင်ပေါ်တွင် ကျနေသည်။

"ဒီအိမ်ကိုဘယ်သူလာတာတွေ့လဲ သမီးလေး"

"တစ်ယောက်ယောက်တော့ လာသယ်ထင်တယ်၊ သမီး အိပ်ရာထဲမှာ အိပ်နေတုန်း မေမေက အော်ကျယ်အော်ကျယ်စကားပြောသံကြားရတယ်၊ ဘာတွေပြောမှန်း သေချာ သဲသဲကွဲကွဲ မကြားရဘူး၊ နောက်တော့ ဒိုင်းခနဲ သေနတ်သံကြားလိုက်ရပြီး လုံးဝတိတ်သွားတယ်၊ ခဏကြာတော့ သမီးထွက်ကြည့်တဲ့အခါ အခုလိုမျိုးတွေ့ရတာပဲ - ဦးဦးရယ်"

"သူဇာ့မေမေနဲ့ စကားများတာ ယောကျ်ား၊ မိန်းမလား"

"ဟင့်အင်း - သမီး မကြားရဘူး၊ မေမေတစ်ယောက်တည်းအော်ပြောသံကြားရတာ"

ထိုအချိန်မှစ၍ကျွန်ုပ်သည် ရဲစခန်းသို့ဖုန်းဆက်ခြင်း၊ ဦးမောင်မောင်မြတ်ထံသို့လည်း အကြောင်းကြားခြင်းများ ပြုလုပ်ခဲ့ရသည်။

"အဖြစ်ဆိုးလှချည်လားများ၊ ရှုပါဟာ ဘာဖြစ်လို့များ သူ့ကိုယ်သူ သတ်သေပါလိမ့်"

ကျွန်ုပ်က ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်တို့အားလည်းကောင်း၊ ခရီးသွားရာမှ အချိန်မီ ပြန်လည်ရောက်ရှိလာသော ဦးမောင်မောင်မြတ်အားလည်းကောင်း၊

www.burmeseclassic.com

ခရီးရောက်မဆိုက် ရှင်းလင်းပြောပြရသည်။

ကျွန်ုပ်သည် ရှုပါနှင့် ပတ်သက်ဆက်နွှယ်ခဲ့ရသော ဖြစ်ရပ်ကိုလည်း အစမှ အဆုံးတိုင် ရှင်းရှင်းလင်းလင်း ပြောပြခဲ့ရသေးသည်။ ရဲတပ်ဖွဲ့ဝင်များ အနေနှင့် လုပ်သင့်လုပ်ထိုက်သော ဆောင်ရွက်မှုများကို ဆောင်ရွက်ခြင်း၊ စာရေးမှတ်သားခြင်း၊ သဲလွန်စရှာဖွေခြင်း စသည့်တို့ကို ပြုလုပ်ခဲ့ကြသည်။ ထို့နောက် အမှုနှင့်ပတ်သက်သူများ ညှိသည့်ခရီးထွက်ခြင်းမှ ပြန်ရန် စိတ်ပင်ပန်းလာကြလိုက်သည်။

၇၇

ကျွန်ုပ်က ကိုဝင်းကြည်အား ရှုပါ အသတ်ခံရ၍ သေဆုံးမှုမှာ ဒေါ်ယဉ်ယဉ် အသတ်ခံရမှုနှင့် ဆက်နွှယ်နိုင်ကြောင်း ကောက်ချက်ဆွဲပြသည် အခါကျမှ ကိုဝင်းကြည်က သူနှင့် ယဉ်ယဉ် တိတ်တခိုးချစ်သူ ဖြစ်နေခဲ့ကြကြောင်း ထုတ်ဖော်ဝန်ခံသည်။

ထို့နောက် ရှုပါကို သတ်သူဟူ၍ဖြစ်နိုင်စရာရှိသူကို ဖော်ထုတ်ရန် စဉ်းစားကြရသည်။ ထိုအတောအတွင်း ရှုပါ၏ အသတ်ခံရမှုကို စုံစမ်းစစ်ဆေးနေသော ရဲစုံထောက်အရာရှိလည်း ရောက်လာသည်။ ရဲစုံထောက်ကိုမြဒင်သည် ကိုဝင်းကြည်၏ မိတ်ဆွေဖြစ်သောကြောင့် ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်။

ခင်ဗျားနဲ့ ဒေါ်ယဉ်ယဉ်ရဲ့ဇာတ်လမ်းကို ခင်ဗျားအမျိုးသမီး အကြိုင် သိလား

ကျွန်ုပ် ရုတ်တရက်တွေးမိသော အချက်တစ်ချက်ကို အခြေတည်၍ ကိုဝင်းကြည်ကို ကောက်ကာငင်ကာ မေးလိုက်ခြင်းဖြစ်သည်။ ကိုဝင်းကြည်တ ပခုံးတစ်ချက်တွန့်ပြလိုက်ပြီးနောက် –

"သိရင်တော့ မလွယ်ဘူး ဖော်ထွန်း ရေး၊ မိုးမီးလောင်မယ့်ပြဿနာဖြစ်သွား မယ်" ဟူ၍ပြောလိုက်စဉ် သူ၏ဇနီး အကြိုင်သည် အိမ်ထဲမှ အေးအေးဆေး ဆေး ထွက်လာသည်။

"အစ်ကိုဝင်းတို့ ဘာတွေဆွေးနွေး နေကြတာလဲ"

အကြိုင်၏မေးခွန်းကို ကျွန်ုပ်နှင့် ကိုဝင်းကြည်က မဖြေရသေးမီ ရဲအရာရှိ ကိုမြဒင်က –

"ကျွန်တော် – ဒီကိုလာတာ မှ ဆရာဝန်ရဲ့ စစ်ဆေးတွေ့ရှိချက်ကို



ထို့နောက် ရှုပါကို သတ်သူဟူ၍ ဖြစ်နိုင်စရာရှိသူကို ဖော်ထုတ်ရန် စဉ်းစားကြရသည်။ ထိုအတောအတွင်း ရှုပါ၏ အသတ်ခံရမှုကို စုံစမ်းစစ်ဆေးနေသော ရဲစုံထောက်အရာရှိလည်း ရောက်လာသည်။ ရဲစုံထောက် ကိုမြဒင်သည် ကိုဝင်းကြည်၏ မိတ်ဆွေဖြစ်သောကြောင့် ကျွန်ုပ်နှင့် မိတ်ဆက်ပေးသည်။ ❞

လာတာဗျ။ တရားခံလို့ကျွန်တော်တို့ တင်ထားတဲ့ ကိုကျော်မိုးရဲ့လက် ထဲမှာ ရားရားပါးပါး အမွေးအမှင် သဲလွန်စတွေ့ခဲ့ရတယ်။ အဲဒီအမွေး တွေဟာ ကိုကျော်မိုးနဲ့ လုံးဝမပတ် ဘူး။ အဲဒီ့လက်အိတ်စွပ်ပြီး မယဉ် ကိုစစ်သတ်ခဲ့တဲ့ လူသတ်မှုတရားခံ ရဲ့လက်ဖမိုးလိုနေရာမျိုးက ကျွတ် တာလို့ မှတ်ချက် အခိုင်အမာ ထားတယ်။ အဲဒီတော့ ကိုကျော်မိုး အခွင့်အရေး"

ရဲစုံထောက် ကိုမြဒင်၏စကား ကိုဝင်းကြည်သည် သူ့ဇနီးအကြိုင် အားပြုံးကျယ်သောမျက်လုံးကြီးများဖြင့် လှမ်းကြည့်လိုက်သည်။

"ဒါ – ဒါဆိုရင် – မင်းလက်ချတ်ပေါ့ အကြိုင်"

"အို – ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

အကြိုင်က သူမ၏လက်နှစ်ဖက်ကို ကျောနောက်တွင် ကပ်၍ဖွက်ထားလိုက်သည်။

"ကိုမြဒင်ပြောတဲ့အတိုင်းဆိုရင် အကြိုင်ရဲ့ လက်ဖမိုးမှာ ကျပ်ပြားဝိုင်း လောက်ရှိတဲ့အနက်ရောင်အမှတ်တစ်ခု ရှိတယ်။ အဲဒီ့အမှတ်ကြီးမှာ အမွေးအမှင် တွေလည်း ပေါက်နေတယ်ဗျ။ အဲဒါ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်မယ်ဆိုရင် ခင်ဗျားတို့ဆီမှာ လက်အိတ်ထဲက တွေ့တဲ့ အမွေးအမှင်တွေနဲ့ အကြိုင်ရဲ့လက်ဖမိုးက အမွေးအမှင်တွေကို သေချာတိုက်ဆိုင်ပြီး စစ်ဆေးကြည့်ဖို့ ကျွန်တော် ခွင့်ပြုပါတယ်ဗျာ"

ဟူ၍ လေးနက်စွာ ခွင့်ပြုတိုက်တွန်းလိုက်လေသည်။ နောက်ဆုံးတွင် လွတ်လမ်းမမြင်တော့သော အကြိုင်က အောက်ပါအတိုင်း ဖြောင့်ချက်ပေးလိုက်လေသည်။

"ကျွန်မ - ဒေါ်ယဉ်ယဉ်ကို သတ်ရတဲ့အကြောင်းက ကျွန်မရဲ့လင်ယောကျ်ား ဖြစ်တဲ့ အစ်ကိုဝင်းကို ကျွန်မလက်က လုယူပြီး တခြားကို တိတ်တဆိတ် ထွက်သွားတော့မယ်ဆိုတာ သိရလို့ စိတ်မထိန်းနိုင်တော့ပဲ ကိုကျော်မိုးလက်အိတ်စွပ်ပြီး ကိုကျော်မိုးသေနတ်နဲ့ပဲ ပစ်သတ်ခဲ့ရတာပါ"

"ဒါဖြင့် - ရှုပါကို သတ်တာ ဘာကြောင့်လဲ"


ရဲစုံထောက်အရာရှိက ဖြတ်မေးသည်။

"ဒေါ်ယဉ်ယဉ်ကိုသတ်တာ ကျွန်မဖြစ်ကြောင်း ဒေါ်ရှုပါ ရိပ်မိသွားတယ်။ ဒါကြောင့် - အချက်ကို အပိုင်ကိုင်ပြီး ကိုကျော်မိုးအတွက် လူသတ်မှုတရားခံအဖြစ်က လွတ်မြောက်ဖို့ ကြိုးစားတော့မှာမို့ ကျွန်မ တရားခံမဖြစ်ချင်လို့ ဒေါ်ရှုပါရဲ့သေနတ်နဲ့ပဲ ဒေါ်ရှုပါကို ရှင်းလိုက်ရတာပါ"

အကြိုင်၏ထွက်ချက်သည် ပြည့်စုံနေလေသည်။

ထို့ကြောင့် ကိုကျော်မိုးသည် ဒေါ်ယဉ်ယဉ်အားသတ်မှုမှ လွတ်မြောက်ခဲ့ရသည်။ သို့ရာတွင် သူ့အပေါ်တွင် သံယောဇဉ်အမျှင်တန်းနေသော ဒေါ်ရှုပါ ဇီဝိန်ကြွေသွားရခြင်းကြောင့် ဖြစ်ပေါ်ရသော ဝေဒနာတစ်နင့်တစ်ပိုးကိုမူ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ခံစားနေရဦးမည်မှာ သေချာနေပါသည်။ ။

→ ဆွေမြင့်



ရမွက်နွံတွင်း သက်ဆင်းပြီး
အမိုက်မှောင်ဖုံးလာသောအခါ မိမိ၏
ခင်ပွန်းကိုပင် သတ်ဖြတ်ရဲလာသည့်
ဘကျောကျွန်မိန်းမတစ်ယောက် ..

ချုပ်နိုင်တော့ ပြစ်မှုပြစ်ဒဏ် ဖြစ်ပွားလာခဲ့ကြပြီး ထောင်ထဲကို ရောက်လာကြတာပဲ။

**အကျဉ်းထောင်** ...

ဆိုတာ ဒုစရိုက်သမားတွေအတွက် ထာဝရနားခိုရာလို့ မှတ်ယူထားပေမယ့် လောဘ၊ ဒေါသ၊ မောဟစိတ်ကြောင့် တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်မိသူတွေအတွက်တော့ သောကလှောင်အိမ်ကြီးပဲဖြစ်ပါတယ်။

ဒီလိုဒုစရိုက်ဝက်ပါးစံအိမ်ကြီးထဲမှာ မွေ့လျော်နေသူတွေကတော့ ထောင်ကို ဝင်စို့ထွက်စို့လုပ်ပြီး ထောင်ကို ခြင်ထောင်သဖွယ် သဘောထားနေသူတွေပဲဖြစ်ပါတယ်။ ဘဝမှာ အကျိုးပေးမကောင်းသူတွေကျတော့ တဒင်္ဂစိတ်မှာဖြစ်ပေါ်လာသည့် လောဘ၊ ဒေါသ၊ မောဟစိတ်ကြောင့် ပစ္စက္ခအချိန်တိုလေးအတွင်းမှာ သတိဉာဏ်ကို မထိန်း

တကယ်တော့ – ဘယ်လိုနည်းနဲ့ပဲ ရောက်လာ၊ ရောက်လာကြပေါ့လေ ထောင်ဆိုသည့်ပရဂုဏ်ဟာနေချင်စရာ၊ နားခိုချင်စရာနေရာဒေသ မဟုတ်ပါဘူးလေ။ တချို့က ထောင်ထဲကို မလာဘူး၊ မရောက်ဘူးသူတွေက "ထောင်ကျမှာ မကြောက်ဘူးကွ" လို့ ပါးစပ်ကသာ ကြိမ်းဝါးတတ်ကြပေမယ့်တကယ်လည်း ထောင်ထဲကိုဝင်လာရရော ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ပြီး တုန်လှုပ်ချောက်ချားကုန်ကြရော။

ဘာကြောင့်လဲ ...၊ ထောင်ထဲကို ရောက်လာကြသူတိုင်းအပေါ်မှာထောင်ဝန်ထမ်းတွေ၊ အကျဉ်းသားတွေက နှိပ်စက်ကလူပြုနေခဲ့ကြလို့လား၊ မဟုတ်ရေးရျမဟုတ်ရပါ။ ထောင်ဆိုတာရောက်



နေသူတွေအတွက် အကြောင်းမဟုတ်ပေမယ့် ထောင်ထဲ မရောက်ဘူးသူတွေကျတော့ အသံကြားရုံနဲ့ ထိတ်လန့်ကြောက်ရွံ့ကုန်ကြရော။

တကယ်လည်း ထောင်ထဲကို ဝင်လာရပြီလည်းဆိုရော အားလုံးက ထောင်ဆိုတာ ဒီလိုပါလားဆိုပြီး နားလည်သဘောပေါက်သွားကြတယ်။ ဖတ်တယ်လေ၊ ထောင်ထဲမှာက ပြင်ပအလူတွေ သားပုပ်လေလွင့်ပြောဆိုနေကြသလို တစ်ဦးအပေါ်တစ်ဦး ကြီးနိုင်ငယ်ညှဉ်းနှိပ်စက်နေသည့်နေရာဒေသမျိုးမှမဟုတ်ဘဲ ထောင်ထဲမှာဆိုတာ ညီးနဲ့ကမ်းနဲ့ ထောင်ဥပဒေ၊ ထောင်ညီးတမ်း၊ ထောင်ကျင့်ဝတ်တွေက ထိန်းချုပ်ထားခဲ့လို့ပါပဲ။

လူကောင်းတစ်ယောက်အကြောင်းကြောင်းကြောင့် ထောင်ထဲကိုဝင်လာရပြီဆိုရင် ကာယကံရှင်ကိုယ်တိုင် မဆိုထားနှင့်၊ ကျန်ရစ်သူမိသားစုဝင်တွေပါသောကတွေ ပွေလီရှုပ်ထွေးလို့ စိတ်ဆင်းရဲသောက ကြုံခဲ့ရပြီမဟုတ်လား။

ဘာကြောင့်လည်း ထောင်ထဲမှာနေရေးထိုင်ရေး အဆင်မပြေမှာ စိုးရိမ်ကြောင့်ကြနေလို့လား၊ ထောင်ထဲကနှစ်ကြီးသမားတွေရဲ့အထုအထောင်းအနှိပ်အစက်များ ခံနေရပြီလား၊ ညဘက်အိပ်ရတာ အဆင်မှ ပြေပါ့မလား၊ စားရေးသောက်ရေးကော ဘယ်လိုများ စားနေရပါ့မလဲဆိုသည့် စိုးရိမ်သောက များပါရတွေနဲ့ ပူပန်စိုးရိမ်နေကြတယ်။

အမှန်တော့ – ထောင်ဆိုတာ ပြစ်ဒဏ်ကျခံလာခဲ့ကြသည့် အကျဉ်းသား၊ အကျဉ်းသူ၊ အမှုရင်ဆိုင် ဖြေရှင်းနေကြဆဲ အချုပ်သား၊ အချုပ်သူအားလုံးအတွက် စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ ကျန်းမာရေးကအစ နိုင်ငံတော်ကတာဝန်ယူစောင့်ရှောက်ပေးနေသည့် နေရာဌာနပါ။

ကိုယ့်ဘက်ကသာ ကိုယ်တ[illegible]လွန်လာခဲ့သည့် ပြစ်မှုပြစ်ဒဏ်အလျောက်ချမှတ်ထားတဲ့ထောင်စည်းကမ်း၊ ထောင်ဥပဒေပေါင်းထဲမှာ ပျပ်ဝပ်ကျိုးနွံစွာ နေတတ်ထိုင်တတ်ဖို့ပဲ လိုပါတယ်။

နဂိုကတည်းက အပြင်လောကမှာပေါက်လွှတ်ပဲစားစည်းမဲ့ကမ်းမဲ့နေတတ်ထိုင်တတ်သူတွေအတွက် စည်းခြံနဲ့နေရထိုင်ရသည့် နေရာမျိုးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

အခနေကျုံမှာပေါ့လေ၊ အဲဒီလိုစည်းလွတ်ဝါးလွတ်နေလို့မရသည့်နေရာမျိုးမှာ ပေါင်ကျော်ပြီး နေရင်တော့ ထုတာထောင်းတာ ခံရမှာပဲ၊

ဘာဖြစ်လို့လည်းဆိုတော့ ထောင်ထဲမှာ အပြင်လောကမှာနေသလို စည်းမရှိတမ်းမရှိနေလို့မရဘူး၊ သွားတာလာတာ၊ နေတာထိုင်တာ၊ စားတာသောက်တာတာအစ အချိန်နဲ့ အတိအကျ ထိန်းချုပ်ထားတော့ စည်းကမ်းတကျ နေထိုင်မှ ထန်တာတျမယ်၊ အထူးသဖြင့် ဘာလုပ်လုပ်၊ ဘာတိုင်ကိုင် အားလုံးကို ပုံစံနဲ့ ချုပ်ထားတာပဲ၊

တချို့ဗိုက်ဆံဝါလားရှိသူတွေကတော့ ငွေရှိလျှင် ဘာမဆိုလုပ်လို့ဖြစ်တယ်လို့ ခံယူထားကြမှာပေါ့၊ တကယ်တော့ ထောင်ဝန်ထမ်းဆိုတာကလည်း လူထဲကလူတွေပဲ၊ ငွေနဲ့ စည်းရုံးသိမ်းသွင်းခံရတော့လည်း စိတ်ဓာတ်တွေ ယိမ်းယိုင်သွားကြမှာပေါ့လေ၊

ငွေဆိုတာ လူတိုင်းအတွက် သည်းခြေကြိုက်ပဲ၊ ဝန်ထမ်းဆိုတာကလည်း ဘာသားနဲ့ ထုထားတာမို့လို့လည်း ငွေခင်းပေးလာတော့ နှစ်းမိကြမှာပေါ့လေ၊ ဒီလိုခေါင်က မလုံတော့လည်း ထောင်ထဲမှာ ငွေနဲ့ပဲ စည်းရုံးသိမ်းသွင်းသွားကြတာကို ခံကြရတာပဲ၊

ဒါကြောင့်လည်း အဆင့်အတန်း ကွာခြားသွားအောင် သူတို့ကပဲ ဖန်တီးပေးနိုင်တာပါ၊ ထောင်ထဲမှာဆိုတာကလည်း ဘာမှမဖြစ်လျှင် ဘာမှမဖြစ်ဝေမယ့်အဲ - ဖြစ်ပြီဟော့ဆိုလို့ကတော့ မီးခိုးကြွက်လျှောက်လိုက်တော့တာပဲ၊

ကျွန်မတို့လို ဝါဒါပေါက်စကလေးတွေကတော့ ဘာလုပ်ပိုင်ခွင့်မှ မရှိဘူး၊ ဆယ့်ငါးရက်တစ်ကြိမ် ဂျူတီ လဲလှယ်သည့်အတိုင်း ထားရာနေ၊ စေရာသွားနေကြရတဲ့ဘဝပါ၊ ကျွန်မတို့ဝါဒါဆိုတာက ထောင်မှူးမမတွေလို ရုံးခန်းထဲ ဖိမ်နဲ့ထိုင်ပြီး နတ်နေကြရတာမဟုတ်ဘူး၊ အိပ်ဆောင်ထဲမှာများ ပြဿနာတစ်ခုခုပေါ်ပြီဟော့ဆို တပည့်မကောင်း ဆရာ့ခေါင်းဆိုသလိုပါပဲ၊ ကျွန်မတို့ ဂျူတီရှိန်မှာ သေသေချာချာ စောင့်ကြပ်ကြည့်ရှုမထားလို့ ဒီလိုဖြစ်ပေါ်လာရတာပဲဆိုပြီး မီးလောင်တော့တာပဲ၊

အမျိုးသမီးဆောင်ဆိုလို့ အထင်မသေးလိုက်နဲ့ သိတယ်မဟုတ်လား၊ မိန်းမဆိုတာ ပစ်ပစ်များတတ်ကြတာ၊ အတင်းအဖျင်းပြော ဝါသနာကြီးတတ်ကြတာဟာ မိန်းမသဘာဝပဲ၊ နေ့စဉ်တစ်ဦးအပေါ်တစ်ဦးမနာလိုမရှုဆိတ်နိုင်သည့်အကြည့်မျိုးတွေနဲ့ မရွေ့ရစိတ်ပွားနေကြတာလေ၊

အခုတော့ ကျွန်မလည်းထောင်မှာတာဝန်ထမ်းဆောင်လာခဲ့ရတဲ့ ထောင်သက်ကြာလာတော့ ထောင်ပါး၀နေပြီ၊ နေ့စဉ် နံနက် ထောင်ဖွင့်ကနေ ထောင်ပိတ်ချိန်ထိ နားရတယ်ကိုမရှိပါဘူး၊ လုပ်ငန်းခွင်ထဲမှာ ကြိမ်တစ်ချောင်းကိုင်လို့ လိုက်လံစစ်ဆေးကြည့်ရှုနေရတယ်၊

ထောင်ထဲမှာက သိတဲ့အတိုင်း လူတန်းစားအမျိုးမျိုး၊ အုတ်အရောရော ကျောက်အရောရောရှိနေကြတာ မဟုတ်လား၊ မိန်းမတို့ဘာသာဘာဝရယ်မို့ အေးအေးချမ်းချမ်းနေရမယ်များ ထင်သလား၊ ဝေးပါသေးတယ်၊

တုလီကုမာလုပ်လားလုပ်ရဲ့၊ အတင်းအဖျင်း ပြောကြမလားပြောရဲ့၊ အားမနာလျှာမကျိုးအမျိုးမျိုးပလီပလာပြောတတ်လိုက်ကြတာ၊ စားဝတ်နေရေးအဆင်မပြေသူတွေကတော့ မိမိဝမ်းစာအတွက် ခက်ခက်ခဲခဲရှာဖွေစားသောက်နေရတာမလိုဘူး၊ အထည်ကြီးပျက်မမတွေရဲ့ဟန်တစ်ခွဲသားနေပြီး အဝတ်လျှော်နိုင်းရတာနဲ့ ဟင်းမိုးချက်ပေး[illegible]တာနဲ့ လိုက်ချောင်းဖမ်းနေရတာ မလွ[illegible] ဘူး၊

ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်မတာဝန်[illegible] ထောင်ထဲမှာ မဟုတ်မဟာတ် မလု[illegible] အောင် နေ့စဉ်လိုက်လံစစ်ဆေးကြည့်[illegible] နေရတာလေ၊ ကိုယ့်တာဝန်ချိန်မှာ အ[illegible] ပြဿနာမှ မပေါ်ပေါက်အောင် ထော[illegible] စေ့အောင် လိုက်စစ်ဆေးနေရတယ်၊


ဒီလိုစစ်ဆေးနေရင်းနဲ့ပဲ လင်[illegible] ကို လင်ငယ်နဲ့ ပေါင်းသတ်ခဲ့တဲ့ အ[illegible] ဖောက်မမိအေးကြည်နဲ့ ဆုံမိခဲ့ကြတယ်[illegible] သူမကတော့ လင်ကြီး သေသွားပြီး[illegible] လင်ငယ်နဲ့ နှစ်ကိုယ်တူ နီးစပ်လို့ [illegible] သင်းရမလား မျှော်လင့်နေဆဲ၊ အ[illegible] ပေါ်ပေါက်သွားတော့ ထောင်ထဲ[illegible] ရောက်လာခဲ့ရပဲမဟုတ်လား၊

* *

တောင်ယာနားမှာ ပေါက်[illegible] လက်နဲ့ ပေါင်းမြက်တွေကို ရှင်းလင်း[illegible] တဲ့ မိအေးကြည်ကို ဆုံတွေ့ခဲ့ရ[illegible] သူမကတော့ သူ့အလုပ်ရှိ[illegible] တာဝန်ကို ကျေပွန်[illegible]အောင် ပေါက်[illegible]

www.burmeseclassic.com

ဪ—ဆရာမရယ်—ဆရာမက ဖမ်းစားမှုတော့ ဘယ်သိနိုင်ပါ့မလဲ။ ကျွန်မတို့နှစ်ယောက် ရင်ထဲနှလုံးသားမှာ အချစ်မီးလျှံတွေက တညီးညီး တောက်လောင်နေတော့ အမှားအမှန် မခွဲနိုင်တော့တဲ့ 66 ဖျက်စက်မိခဲ့ရတာပေါ့။



တစ်လက်နဲ့ခုတ်ထွင်ရှင်းလင်းနေတယ်။ သူ့ရဲ့မျက်နှာပြင်ပေါ်မှာတော့ ချွေးတွေနဲ့ နှင့်သီးနေတယ်။

"တဲ့ - အေးကြည်မ - ညည်းအလုပ်တွေမြန်မြန်လက်စသတ်နော်"

တော်ကြာ - ထမင်းစားနားတော့မှာ။

"ဟုတ်ကဲ့ပါ - ဆရာမ"

"ညည်းက အပြင်မှာ ဘာလုပ်ကိုင်စားသောက်တာလဲ"

"ကျွန်မယောကျ်ားက မြစ်ထဲမှာ ပိုက်ချိတ်လှေနဲ့ ငါးဖမ်းထွက်တယ်၊ ရလာတဲ့ငါးတွေကို ကျွန်မက ရွာထဲမှာ လှည့်လည်ရောင်းချတယ်"

"ဪ - ညည်းက ငါးစိမ်းသည်မကိုး။ ဘယ့်နှယ် လူသတ်မှုက ဖြစ်သွားရတာလဲ"

"အဟီး - အဲဒါက လူမိသွားလို့လေ"

"ဟင် - ဘယ်လိုလူမိသွားတာလဲ၊ ဘာလုပ်နေကြလို့လဲ"



"ဟီး - ဟီး - ချိန်းတွေ့နေကြတာ"

"အလိုတော် - ကိုယ့်ယောကျ်ားနဲ့များ လူမသိ၊ သူမသိ ချိန်းတွေ့နေဖို့ လိုသေးလို့လား"

"ဟုတ်ဘူး - ဆရာမရဲ့ - ဒီပြင်လူနဲ့ ချိန်းတွေ့တာ"

"အလို တော် - ကြံ ကြီး စည် ရာ လင်ကြီးတစ်ယောက်လုံး ငုတ်တုတ်ရှိနေတာတောင် - ဘယ်လူနဲ့များချိန်းတွေ့နေရတာလဲ"

"အဟင်း - ဟင်း - ကျွန်မချည်းစားနဲ့"

"အမလေး - သောက်ပလုတ်တုတ်ညည်းနဲ့အေ - လင်ကြီးရှိလျက်လင်ငယ်နဲ့ချိန်းတွေ့ရတယ်လို့"

"အို - ဆရာမက အပျိုကြီးဆိုတော့ ဘယ်အချစ်အကြောင်း နားလည်ပါ့မလဲ"

"အံမယ် - ငါ အပျိုကြီးဖြစ်တာနဲ့ ညည်းလင်ငယ်နေတာ ဘာဆိုင်လို့တုံး"

"အဲဒါပြောတာပေါ့ - အချစ်ဆိုတာ [illegible]ဒီရင်ဘတ်နှလုံးသားထဲက တဒုတ်[illegible]ခုန်လာရင် နေလို့မရတော့ဘူး ဆရာမရဲ့"

"အမ် - တတ်လဲ တတ်နိုင်ကြတဲ့ဟာတွေပဲ။ လင်တစ်ယောက်လုံး ငုတ်တုတ်ထားပြီး လင်ငယ်ထားရတယ်လို့။ ကဲ - ညည်းအဖြစ်လေး ပြောပြစမ်းပါဦး"

ဒီလို ဆရာမရဲ့ ဆိုပြီး မိအေးကြည်တစ်ယောက် သူမရဲ့ နောက်လင်အကြောင်းကို ခရေစေ့တွင်းကျ ပြောပြလာခဲ့တော့တယ်။

ကျွန်မရဲ့အချစ်က သူနဲ့တွေ့တော့မှပဲ ရင်ထဲမှာ ပေါက်ဖွားလာတယ်။ သူက ကျွန်မထက် ငါးနှစ်ငယ်တယ်၊ သူ့နာမည်က ဝေယံအောင်တဲ့၊ ကျွန်မယောကျ်ားကြီးက ကျွန်မထက် ဆယ်နှစ်လောက်ကြီးတယ်၊ သူက ကိုအောင်နိုင်တဲ့၊ ကျွန်မအသက်အရွယ် နုနုငယ်ငယ်အခါမှာ အချစ်ရေးဆိုတာလည်း နားမလည်တော့ အမေတို့က ဖွတ်ပေးစားလို့ ယူလိုက်ရတာပါ။

လောလောဆယ်တော့ ကျွန်မတို့ မိသားစုဘဝလေး စိုပြေသာယာသွားခဲ့တာပေါ့။ တကယ်တော့ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com

အနစ်နာခံခဲ့ရတာပါ။ ကျွန်မတို့မိသားစုရဲ့ နုံချာလွန်းလှတဲ့ ဘဝလေးကို သူက တယ်တင်စောင့်ရှောက်ပေးခဲ့တယ်လို့ ပြောတာပဲ။

အမှန်တော့ ကိုအောင်ခိုင်နဲ့ ကျွန်မ ပေါင်းသင်းဆက်ဆံလာခဲ့မှပဲ ကျွန်မတို့ မိသားစုရဲ့ငတ်တစ်လှည့်ပြတ်တစ်လှည့် ဘဝဆိုးထဲက လွတ်မြောက်လာခဲ့ရတာ ပဲ။ ကိုအောင်ခိုင်က ရွာထဲမှာတော့ စီးပွား ရေး အဆင်ပြေနေသူဖြစ်တယ်။ ငါးဖမ်း လှေတွေကို ထောင်ထားပြီး စီးပွားဖြစ် ထွန်းနေတဲ့ရေလုပ်ငန်းရှင်တစ်ယောက် ပါ။

ကျွန်မနဲ့ လက်ထပ်ပေါင်းသင်းပြီးမှ ပဲ စီးပွားက ဒီရေအလား တိုးတက်လာ တယ်။ တကယ်တော့ ဘဝမှာ ငွေကြေး ပြည့်စုံတုံလုံနေလည်း အချစ်မရှိတဲ့အခါ ဘာမှအရာမထင်ဘူးလေ။

ရုပ်ကြည့် - ကျွန်မဘဝမှာ အပျိုစင် အလှပန်းလေး ငွားငွားစွင့်စွင့် ပွင့်လန်း အချိန်မှာပဲ ကျွန်မထက် အသက်ကြီးတဲ့ ကိုအောင်ခိုင်နဲ့ ရုတ်တရက် လက်ထပ် ပေါင်းသင်းလိုက်ရတော့ အချစ်ဆိုတာ ဘာမှန်းတောင် မသိလိုက်ရဘူးလေ။

ဟော - ဝေယံအောင်ဆိုတဲ့ လူညို ချောလေးနဲ့ ဆုံတွေ့ရတော့မှပဲ ကျွန်မ ရင်ထဲကငုပ်လျှိုးနေတဲ့မေတ္တာပန်းလေး က ပွင့်လန်းလာခဲ့တယ်လေ။ ကျွန်မ ထက်အသက်ငယ်ပေမယ့်ကျွန်မအပေါ် ချစ်တတ်လိုက်တာလည်း လွန်ပါရော ရှင်။

ကျောက်တုံး ကျောက်ဆောင် တောင် တိုက်စားပါများတော့ ပြိုလဲလာ ရသေးတာပဲ။ ကျွန်မလို ပုထုဇဉ်လူသား တစ်ယောက်အနေနဲ့ အနအရွ စကား လေးတွေနဲ့ နားဝင်ချိုအောင် ပြောတတ် ဆိုတတ်တဲ့ မောင်နဲ့တွေ့မှပဲ နှလုံးသား တွေ အရည်ပျော်သွားခဲ့တယ်။

ဒီတော့လည်း နှစ်ယောက်အတူ ပေါင်းနိုင်ဖို့ဆိုတာ ကြားကကာဆီးထား သည့်ကိုအောင်ခိုင်ဆိုသည့်တံတိုင်းကြီး မရှိမှပဲနှစ်ယောက်တူတူဘဝလေးတည် ဆောက်နိုင်မှာမဟုတ်လား။ အဲဒီအဟန့် အတားကြီးကို ပယ်ဖျောက်ပစ်ဖို့ ကျွန်မ တို့နှစ်ယောက် တူတူတိုင်ပင်ခဲ့ကြရတာ ပေါ့။

ကျွန်မတို့နှစ်ယောက် သူ့နောက် ကွယ်မှာလူလစ်တာနဲ့ခိုးခိုးတွေ့နေရက



သစ်နေ သူပြန်လာတာနဲ့တိုးပြီး ပက်ပင်း မိတော့ လင်ယောကျ်ားကို ဓားနဲ့ ခုတ် သတ်လိုက်ပြီး အလောင်းဖျောက်ထား ရတာရဲက အမှုမှန်ကိုဖော်ထုတ်သွားနိုင် ခဲ့တယ်လေ။

"ညည်းတို့က တော်တော်ရက်စက် ခဲ့ကြတာပဲ။ ကိုယ်ကလည်း ဖောက်ပြန် နေသေး၊ ပက်ပင်းမိတော့သတ်ပစ်လိုက် တာ လွန်တာပေါ့"

"ဪ - ဆရာမရယ် - ဆရာမက ခံစားဖူးတော့ ဘယ်သိနိုင်ပါ့မလဲ။ ကျွန်မတို့နှစ်ယောက် ရင်ထဲနှလုံးသား အချစ်မီးလျှံတွေက တဖြိုးဖြိုး တောက် လောင်နေတော့ အမှားအမှန် မဝေခွဲနိုင် တော့ဘဲ ရက်စက်ခဲ့ရတာပေါ့"

"အမှန်တော့ - ညည်းဟာ ကျေးဇူး ရှင်ကို ကျေးဇူးစွပ်ခဲ့တဲ့ကောင်မပဲ"

ကျွန်မ တော်တော်ရှုံ့မုန်းသွားခဲ့ သည်။ ကိုယ့်မိသားစုတစ်စုလုံးရဲ့ဘဝကို တယ်တင်စောင့်ရှောက်ပေးခဲ့တဲ့ ကျေး ဇူးရှင်တစ်ယောက်အပေါ် အချစ်ဆိုတဲ့ [illegible]တာမီး လောင်ကျွမ်းသွားတာနဲ့ [illegible]စက်စက် သတ်ပစ်ခဲ့ရက်တဲ့ [illegible]ကြည်အမှုကို ကြားပြီး ရင်နာလို့ [illegible]

လောကမှာ လူတိုင်း လူတိုင်းဟာ ဒီလိုပါပဲ။ ကိုယ့်ဘဝ ကောင်းစားရေး ကိုယ့်ဘဝ အဆင်ပြေရေးကိုပဲ တစိုက် မတ်မတ် လုပ်ဆောင်ခဲ့ကြတယ်။ ဘာသာတရားနဲ့ နှိုင်းယှဉ်ပြီး အရာရာကို စဉ်းစားချင့်ချိန်ဉာဏ် နည်းလွန်းတယ်။ ငါဆိုတဲ့အတ္တကိုပဲ ရှေ့တန်းတင်ခဲ့ကြ တော့လောကမှာမဖြစ်သင့်တာတွေဖြစ် ပွားလာရတာပဲလို့ သင်ခန်းစာရလိုက် တယ်။

"ထမင်းစား နားမယ်ဟေ့"

ဆိုသည့် စည်းကမ်းထိန်းသိမ်းရေး ဘုတ်မှဗာရာတစ်ယောက်ရဲ့အော်သံထိ ပေးသံ ကြားလိုက်ရမှပဲ လင်ကို သတ်ခဲ့ တဲ့မိအေးကြည်အကြောင်းကဦးနှောက် ထဲမှ ဖျောက်ဖျက်ပစ်နိုင်တော့တယ်။

အမျိုးသမီးဆောင်ဝင်းလေးထဲမှာ တော့အလုပ်လုပ်နေခဲ့ကြသည့်အကျဉ်း သူများမှာ အထက်ပါအော်သံကြောင့် ပျော်ရွှင်မြူးထူးသွားကြတယ်။ နေ့လယ် ထမင်းစားချိန်တောင် ရောက်နေပါပေါ့ လားဆိုပြီး သတိပြုမိသွားတယ်။

အကျဉ်းသူတစ်သိုက်တစ်တော့ ပျော်ရွှင်ကြည်နူးစွာဖြင့် ရေကူးဆီကို ခုန်ပေါက်ပြေးလွှားနေကြတယ်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းဗိုက်ထဲမှာထောင်ကန့်နက်စောစော တွေ့မွေးထားသည့် ဆန်ပြုတ်တစ်ပန်း တန်ခဲဝမ်းဖြည့်ထားရတော့ ဆာလောင် မွတ်သိပ်နေကြမှာပေါ့လေ။

တကယ်တော့ - ထောင် ဆိုတာ ဥပဒေကို နားလည်တတ်ကျွမ်းနေသူ တွေအတွက် ဝင်လာစရာမဟုတ်ဘဲ ဥပဒေကို နားမလည်သူတွေမှာတော့ အသိဉာဏ်နည်းပါးခဲ့ကြလို့လား၊ ကိုယ့် အတ္တတစ်ခုတည်းကိုပဲ ရှေ့တန်းတင်ခဲ့ ကြသလားဆိုတာ ကာယကံရှင်အကျဉ်း သူများသာလျှင် အသိဆုံးဖြစ်ပါတယ်။

ဒီလိုရာဇဝတ်မှုတွေကို ကျူးလွန် နေကြသူတွေ ရှိနေသမျှကာလပတ်လုံး ကျွန်မတို့လို ထောင်ဝန်ထမ်းတွေဘဝ ကတော့ ဆက်လက်ထိန်းသိမ်းစောင့် ရှောက်နေကြရမှာပဲ ဖြစ်ပါတယ်။

ထောင်မှူးမမ

**ခေါင်းကိုက်လျှင်**

သံပုရာစေ့ကို ကြိတ်၍ နားသည်တွင် လိမ်းပါ။

**ချောင်းဆိုးလျှင် ...**

ဆီးဖြူသီးစားပါ။
ကြက်သွန်ဖြူကို အရည်ပြု၍ တိုက်ကျွေးပါ။

**ဆီးချုပ်ဆီးအောင့်**

တရုတ်စကားပွင့်အနီကို အခြောက် လှန်းပြီး လက်ဖက်ခြောက်ကဲ့သို့ ဝတ်၍သောက်ပါ။

**ခရုသင်းရောဂါအတွက် ...**

ငှက်ပျောပင်တစ်ပင်လုံး၏မြှာကို နနွင်းနှင့်ရော၍လိမ်းပါ။

**ခါးနာခါးကိုက်ဖြစ်သော် ...**

ငါးရှဉ့်ကို ဆီးဖြူသီးနှင့် ရော၍ချက်စားပါ။

**ဒူနာဖြစ်သော် ...**

ဘူးရွက်ကို ထုံးနှင့်ရော၍အုံပါ။

**ခံတွင်းပျက်သော် ...**

ကြိတ်မှန်ရွက်ကို ယိုထိုးစားပါ။

# တစ္ဆေကိုစာကျွေးခြင်း

## ဂါမြတ်တာ



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်စိမ်းတစ်တုံးကို အကြောင်းပြုကာ စိတ်တစ္ဆေ ခြောက်လှန့်ခံနေရရာမှ နောက်ဆုံးတွင် ...

**မနက်တုန်းက ...**

တဲတောင်းလို့ဦးသက်နောင်အသက်ဘူးကလေး ကျကွဲမသွားခြင်းဖြစ်သည်၊

မနက်ကမိတ်ဆွေဖြစ်သူဦးဖော်ရှိန်အိမ်ကို ရောက်လာသည်၊ လုပ်ငန်းကိစ္စအကြောင်းအရာတွေရောလေးပါးစကားပြောရင်း အိမ်၌ အတော်ကြာသွားသည်၊ ဦးဖော်ရှိန်ပြန်မည်ပြုသောအခါဦးသက်နောင်က အိမ်ပြင်အထိ လိုက်ပို့သည်၊ သည်တုန်းမြေးကလေးသျှားထွန်းကုဌေးက ကလေးထိန်းလက်ထဲကနေ ပြေးထွက်လာကာ သူ့လက်ကိုလာဆွဲသည်၊ ထို့ကြောင့်မြေးကလေးကိုပါလက်ဆွဲပြီး ခေါ်လာခဲ့မိသည်၊

အပြင်ဘက်ရောက်တော့ ဆင်ဝင်အောက်မှာရပ်ပြီး အမျှင်မပြတ်သေးသောစကားကိုဦးဖော်ရှိန်နှင့်ဆက်ပြောနေမိသည်၊ ထိုအခိုက် သူတို့နှင့် မနီးမဝေးတွင် အိမ်ဝန်ထမ်းတစ်ဦးဖြစ်သော ဦးမောင်တင်က ပန်းပင်တွေကိုပိုက်ဖြင့် ရေဖြန်းနေသည်၊ သျှားထွန်းကုဌေးက အဘိုးလက်ကိုလွှတ်ကာ ဦးမောင်တင်အပါးသို့ သွားစပ်စုနေသည်၊

သူတို့ စကားပြတ်သွားပြီးနောက် ဦးဖော်ရှိန်က သူ့ဒရိုင်ဘာကို လက်ဖြင့် အချက်ပြလိုက်သည်၊ ဒရိုင်ဘာက ကားပေါ်တက်၍ စက်နှိုးကာ ကားကို နောက်ဆုတ်ရန်ပြင်သည်၊ ထိုစဉ် ရေပန်းများအောက်မှဖားသေးသေးလေးတစ်ကောင်က လမ်းပေါ်သို့ ပြွတ်ခနဲ ခုန်ထွက်လိုက်သည်၊ ဒါကိုမြင်လိုက်ရသည့် သျှားထွန်းကုဌေးက ဖားကလေးကို လိုက်ဖမ်းရန် ရုတ်တရက် ပြေးထွက်လိုက်သည်၊

အန္တရာယ်ကို အစအဆုံးမြင်လိုက်ရသူက ဦးမောင်တင်ဖြစ်သည်၊ ကားက နောက်ဆုတ်လာနေပြီ၊ ကလေးကလည်း ပြေးထွက်သွားပြီ၊ သူ ထိတ်ခနဲဖြစ်သွားသည်၊ သို့သော် လုပ်သင့်သည်ကိုတော့ ချက်ချင်း(?)ဆုံးပင်လုပ်လိုက်နိုင်သည်၊ လက်ထဲကပိုက်ကိုပစ်ချလိုက်သည်၊ လမ်းပေါ်ကိုလည်း အမြန်ခုန်ထွက်လိုက်သည်၊ ...နောက် ကလေးကို ပြေးပွေ့လိုက်သည်၊ သူရောကလေးရောခြေတစ်လှမ်း...လောက်ကလေးစောပြီး ကားနှင့်ကပ်...လွတ်သွားခဲ့သည်၊

ဖြစ်စဉ်ကစက္ကန့်ပိုင်းကလေးအတွင်း ဖြစ်ပျက်သွားခြင်းပင်၊ သို့သော် သည်...ဖြစ်ကိုပင်ဦးသက်နောင်ရော၊ ဦးဖော်...ပါ ဖျတ်ခနဲ မြင်တွေ့လိုက်ကြရသည်၊ ...သက်နောင်ကမျက်လုံးပြူးသွားသည်၊ ...ဖော်ရှိန်ကလည်းပါးစပ်ဟောင်းလောင်း...သွားသည်၊ သည့်နောက် ဦးသက်...နောင်က ပြေးထွက်သွားကာ ဦးမောင်...တင်လက်ထဲက ကလေးကို လှမ်းပွေ့ယူ...လိုက်သည်၊ ရင်ခွင်ထဲထည့်ကာ တင်း...တင်းဖက်ထားလိုက်သည်၊ ကလေးကို ...ခဏနေ့တကြား ငုံ့ကြည့်ရင်း ခေါင်းတွေ...သျှားတွေကို ပါ ပွတ်သပ်နေမိသည်၊ ...သျှားထွန်းကုဌေးကတော့မထုံတတ်တေး...ကလေး မော့ကြည့်လျက်၊

ဦးဖော်ရှိန်ကပါအပါးသို့ရောက်လာ...သည်၊ ကလေးကိုငုံ့ကြည့်ရင်း "ကံသီလို့ပါလားဗျာ၊ ဟိုလူကောက်ပွေ့လိုက်တာ မြန်သွားလို့ပါလား" ဟု ရောက်ရားစွာ ရေရွတ်နေသည်၊ ဦးသက်နောင်က "အေးဗျာ - ကံကြီးလို့၊ ကံကြီးလို့" ဟု ပြန်ပြောရင်း ကလေးကိုသာ ပွတ်ချေည်သပ်ချည်ပြုလုပ်နေသည်၊

သည့်နောက် ဦးဖော်ရှိန်က နှုတ်ဆက်ပြီး ထွက်ခွာသွားသည်၊ ဦးသက်နောင်ကတော့ ကလေးဆီမှာသာ အသည်းအသန်အာရုံရောက်နေဆဲပင်၊ သူ့အသက်လောက်နီးနီး ချစ်ရပါသော ဤအသက်ဘူးကလေး အရုပ်ကလေး တစ်ရုပ်ပမာ ကျကွဲသွားပြီး သွေးတွေသံတွေနှင့် ဖရိုဖရဲဖြစ်သွားမည့်အရေးမှ လက်မတင်ကလေး လွတ်မြောက်လာခဲ့ခြင်းအပေါ် သူက ဘုရားကိုသာ တပြီးရင်း တနေမိတော့သည်၊

ညပိုင်းရောက်တော့ဦးသက်နောင်က အစဉ်အလာမရှိသောအလုပ်တစ်ခုကို လုပ်ဖြစ်သွားသည်၊ အခြားတော့တစ်အိမ်စေတန်းလျားဘက်သို့သွား...သူကဦးမောင်တင်နှင့်တွေ့ဆုံလိုက်ခြင်းပင်

www.burmeseclassic.com

ဖြစ်သည်။ သူ့အတွက်တော့ ဦးမောင်တင်က အမှတ်တရပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားခဲ့ရပြီ။ မနက်က မြေးကလေးကို ဦးမောင်တင် ဝင်ကယ်ပေးလိုက်သည့်အဖြစ်ကို ကြည့်ပါ။ နည်းနည်းနောနော အတျိုးပြုမှုမဟုတ်ပေ။ သို့ကြောင့်ပင် သူတည်ပိုင်းရောက်တော့အဝတ်အစား တချို့နှင့် အသုံးအဆောင်ပစ္စည်းတချို့ အထုပ်ပြုလတ်ဆောင်အဖြစ်ဦးမောင်တင်အား ပေးအပ်ရင်း ဦးမောင်တင်နှင့်ပင် တန်းလျားရှေ့က ခုံတန်းကလေးမှာ အတူထိုင်ကာ စကားစမြည်ပြောဆိုဖြစ်သွားခြင်းဖြစ်သည်။

အခုန်တော့ – ဒရိုင်ဘာတို့၊ မာလီတို့၊ ထမင်းချက်တို့လို အိမ်ဖော်ဝန်ထမ်းခန့်ထားရေးအပါအဝင် အခြားအိမ်မှုကိစ္စအားလုံးကိုသားဖြစ်သူဝင်းထွဋ်နောင်ကသာ လိုအပ်သလို ကြီးကြပ်စီမံသည်။ မြေးရလျှင် ရှိရှိသမျှ စီးပွားရေးလုပ်ငန်းအရပ်ရပ်ကိုပါသားဖြစ်သို့သာလွှဲပြောင်းပေးအပ်ထားပြီးဖြစ်သည်။ ဦးသက်နောင်အနေနှင့် ဦးချောင်နေရာမှ လိုအပ်မှသာ တစ်ခါတစ်ရံ ဝင်ရောက်ညွှန်ကြားသမှုပြုလေ့ရှိသည်။ များသောအားဖြင့်တော့သူကအိမ်ကြီးပေါ်မှာသာအေးအေးဆေးဆေးနေရင်း မြေးကလေးနှင့်အချိန်ကုန်နေလေ့ရှိသည်။

အိမ်ဖော်ဝန်ထမ်းတွေက အမြဲတမ်းဝင်လိုက်၊ ထွက်လိုက်နှင့်ပင်ဖြစ်သည်။ ထို့ကြောင့် ဦးသက်နောင်က မည်သူ့ကိုမျှ မှတ်မှတ်ရရမရှိပါ။ အိမ်စေတန်းလျားဘက်ကိုလည်းကိစ္စရှိမှသာခကာတဖြုတ်ဆိုသလို သွားရောက်တတ်သည်။ ယခုကဲ့သို့ တန်းလျားရှေ့က ခုံတန်းပေါ်မှာ အိမ်ဖော်ဝန်ထမ်းတစ်ဦးနှင့် အတူယှဉ်တွဲထိုင်ပြီး အချိန်ပေး၍ စကားစမြည်ပြောဆိုခြင်းမျိုးကိုတော့ တစ်ကြိမ်မျှပင် ပြုလုပ်ခဲ့ဖူးခြင်းမရှိပေ။

ခုတော့ – ဦးသက်နောင်က လက်ဆောင်ပစ္စည်းတွေလည်း ပေးပြီးသွားပြီ၊ ကျေးဇူးတင်စကားကိုပါ ထပ်မံပြောပြီးသွားပြီ၊ ဆက်လက်၍ အခြားကိုယ်ရေးကိုယ်တာကဲ့သို့ အာလာပ သလ္လာပစကားများကို ဦးမောင်တင်နှင့် ရင်းရင်းနှီးနှီး ပြောဆိုနေမိသည်။

“ကိုမောင်တင်တို့က လင်ကိုယ်မယားပဲလား၊ သားသမီးမထွန်းကားဘူးလားဗျ”

“ဟုတ်ကဲ့ – သူဌေး၊ လင်ကိုယ်မယားပါပဲ၊ ကျွန်တော့်မိန်းမက သန္ဓေတော့ ရခဲ့ဖူးပါတယ်၊ ဒါပေမဲ့ – ကိုယ်ဝန်(၅)လလောက်မှာ ပျက်ကျသွားတယ် ခင်ဗျ”

“သားသမီးကံ မပါဘူးဆိုရမှာပေါ့၊ အေးလေ၊ ဒါလည်း ခပ်ကောင်းကောင်းပါပဲ၊ သားအပူ၊ သမီးအပူမရှိတာဟာ တစ်မျိုးတော့ ငြိမ်းအေးတာပါပဲ”

“ဒီလိုပဲမှတ်ပါတယ် ခင်ဗျ၊ ကျွန်တော်တို့နှစ်ယောက်စလုံး အေးအေးချမ်းချမ်းပါပဲ၊ ပူစရာဆိုလို့ ကျန်းမာရေးပဲရှိပါတယ်၊ ကျွန်တော့်မိန်းမက မကြာမကြာ ရင်ကြပ်ချင်တယ် ခင်ဗျ”

“ရင်ကြပ်တာလောက်က ရောဂါကြီးမဟုတ်ပါဘူးဗျ၊ တကယ်လို့ ကျန်းမာရေးအတွက် အခက်အခဲရှိတယ်ဆိုရင်လည်း ကျုပ်ကို လာပြောပေါ့ဗျာ၊ ကျုပ်ကူညီပေးပါ့မယ်၊ နို့ – ခင်ဗျားတို့က ဒီလိုသူများအိမ်တွေမှာလျှောက်ပြီးအလုပ်လုပ်နေတာပဲလား၊ ကိုယ်ပိုင်လုပ်ငန်းလေး ဘာလေး မလုပ်ခဲ့ဖူးဘူးလား၊ ဆိုပါတော့ဗျာ၊ အသက်အရွယ်ငယ်တုန်းကကြီးပွားရာ၊ ကြီးပွားကြောင်းလုပ်ငန်းမျိုးတွေကို ရှာကြံပြီး မလုပ်ကြည့်ခဲ့ဖူးဘူးလား”

ဦးသက်နောင် မေးခွန်းကြောင့် ဦးမောင်တင်က နှုတ်ဆွံ့သွားသည်။ မျက်နှာကပါ ခပ်ညှိုးညှိုးဖြစ်သွားသည်။ မှုန်ဖျဖျလရောင်အောက်တွင်ဦးမောင်တင်မျက်နှာကို ဦးသက်နောင်က ကောင်းစွာမြင်သာထင်သာဖြစ်နေသော်လည်း သစ်ကိုင်းတစ်ကိုင်း၏အရိပ်ကြောင့်ဦးသက်နောင်၏မျက်နှာကိုတော့ ဦးမောင်တင်က သဲကွဲစွာ မမြင်ရပေ။

“ကျွန်တော် ကြိုးစားခဲ့ဖူးတယ် ခင်ဗျ၊ ခပ်ငယ်ငယ်အရွယ်လောက်တုန်းက ကြီးပွားရေးအတွက် စွန့်စွန့်စားစားလုပ်ခဲ့ဖူးပါတယ်၊ လုပ်ခဲ့သလောက်လည်း တကယ်ကို ပေါက်မြောက်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ – ကျွန်တော့်မှာက ခံစားစံစားရမယ့်ကုသိုလ်ကံ ပါမလာဘူးထင်တယ် ခင်ဗျ၊ ကိုယ့်ရဲ့ပေါက်မြောက်အောင်မြင်မှုကို ကိုယ်က မခံစားရဘဲ လတ်လွတ်ဆုံးရှုံးလိုက်ရပါတယ်၊ အဲဒီအတွက်ပဲ ကျွန်တော့်ဘဝမှာရှုံးမတတ်စိတ်ဒေါသတွေ ရောက်ခဲ့ရတယ်၊ နှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com

ကိုင်အောင်လည်းဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်"

"ဟုတ်ရဲ့လား - စိတ်ဝင်စားစရာပဲ၊ ဘယ်လိုဖြစ်ရတာလဲဗျာ၊ ဝန်မလေးဘူး ဆိုရင်ခင်ဗျားပြောပြမယ့်အဲဒီ့အကြောင်း ကိုနားထောင်ချင်ပါတယ်"

"ဟုတ်တဲ့ ခင်ဗျာ ဝန်မလေးပါဘူး၊ ခုတော့လည်း - ဒါတွေကိုပြန်ပြီးတမ်းတ နေတော့ပါဘူး၊ စိတ်ကိုလည်း ဖြေနိုင် သွားပါပြီ၊ ဒီလိုခင်ဗျာ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)ကျော်လောက်က ဆိုပါတော့၊ အဲဒီ့ တုန်းက မြန်မာပြည်မြောက်ဖျားဒေသ မှာကျောက်တွင်းရှေ့တွင်းတွေစပြီးခေတ် ထနေတဲ့အချိန်ပေါ့၊ လူတွေက လောဘ သားတွေဆိုတော့ အဲဒီ့မြန်မာပြည် မြောက်ဖျားဒေသကို ရွှေရှာဖို့၊ ကျောက် တူးဖို့သွားလိုက်ကြတာဆိုဥဒဟိုပဲ၊ အဲဒီ့ အထဲမှာကျွန်တော်လည်းတစ်ယောက် အပါအဝင်ပဲ ဆိုပါတော့ ခင်ဗျာ"

စကားကိုခေတ္တရပ်ကာဦးမောင်တင က ရှောင်းတစ်ချက်နှစ်ချက် ဆိုးသည်၊ ဦးသက်နောင်က "ဩော်၊ ခင်ဗျားလည်း အဲဒီ့ကို သွားလိုက်သေးတာကိုး၊ တိုက် ဆိုက်ဆိုင်ဆိုင်ပဲ၊ ကျုပ်တောင် အဲဒီ့မှာ သွားပြီးရှေ့ရှာခဲ့သေးတယ်" ဟုစကားဝင် ထောက်ရန် ကြံလိုက်သေးသည်၊ သို့ သော် ဦးမောင်တင်ကပင် စကားကိုပြန် ဆက်လိုက်သည်မို့ သူက ပြန်ငြိမ်နေ လိုက်သည်၊

"တိုတိုပြောကြပါစို့ ခင်ဗျာ၊ ကျွန် တော်က အဲဒီ့ကိုရောက်ပြီး မကြာခင်မှာ ပဲကျောက်ကောင်းတစ်လုံးကိုရလိုက်ပါ တယ်၊ အဲဒီ့ကျောက်က ကောင်းတာမှ တော်တော်ကိုကောင်းတာ၊ ဖြတ်စက် မှာ ဖြတ်လိုက်တော့ အတွင်းမှာ စိမ်းလဲ့ ပြီးအရည်ခဲနေတဲ့ကျောက်ဟာကွမ်းသီး လုံးနှစ်လုံးစာလောက်ကိုရှိတယ်၊ ကျွန် တော် ကျောက်အောင်တဲ့သတင်းက ချက်ချင်းပျံ့နှံ့သွားတယ်၊ ကျွန်တော့်နား ကိုလူတွေအုံလာတယ်၊ လူတစ်ယောက် ကဆို သိန်း(၅၀)ပေးမယ်ဆိုပြီး ချက် ချင်းတောင် လာဝယ်လာတယ်၊ ကျွန် တော်က သိလိုက်ပြီလေ၊ ဒီလိုပွဲစားတစ် ယောက်ကတောင်သိန်း(၅၀)နဲ့ဈေးဖွင့် လာတယ် ဆိုမှတော့ ဒီကျောက်ရဲ့ တကယ့်တန်ဖိုးဟာသိန်း(၁၀၀)၊(၁၅၀) အောက် ဘယ်နည်းနဲ့မှမရောက်နိုင်ဘူး ဆိုတာကိုကျွန်တော်က ခန့်မှန်းမိပြီးသား ဖြစ်သွားတယ်"

"ဟုတ်တာပေါ့၊ ခင်ဗျားမှန်းတဲ့ အတိုင်း မှန်တာပေါ့၊ နေဦး - အဲဒီ့အချိန် လောက်ကဆို ချက်ဗလက်ကားတစ်စီး မှ ငါးသောင်းလောက်ပဲ ရှိတဲ့အချိန်ပဲ၊ ဒီလိုသာတွက်ကြည့်ရင် ခင်ဗျားရတဲ့ ကျောက်ကနည်းနည်းနောနောကျောက် မဟုတ်ဘဲ၊ ဘယ်လိုတွေဆက်ဖြစ်သွား သလဲ၊ ခင်ဗျားက ဘာဆက်လုပ်သလဲ"

"ကျွန်တော်က ဘယ်သူ့ကိုမှ ရောင်းဘူး၊ ကိုယ့်အရပ် ကိုယ်ပြန်ပြီး တိုရောက်တော့မှ တန်ရာတန်ကြေးနဲ့ ရောင်းမယ်လို့ ကြံတာပေါ့၊ ပြောရရင် အဲဒီလိုကြံလိုက်မိတာကပဲ ကျွန်တော့် အတွက် ကြိုးဟ်ဆိုးဝင်ဖို့၊ ကြမ္မာငင်ဖို့ ဖြစ် သွားရတော့တာပါပဲ၊ ကျွန်တော်က စက် လှေစီးပြီး အိမ်ကိုအပြန် လမ်းခရီးမှာ ဓားပြတိုက်တာပဲ။ ဒါနဲ့ ဓားပြလက်နက်ကိုင်အဖွဲ့တစ် ဖွဲ့နဲ့ ပက်ပင်းကြိုးတိုးမိတော့တာပဲ"

"တိုယ်ကျိုးနည်းတော့တာပေါ့၊ သူတို့က ခင်ဗျားကျောက်ကို သိမ်းလိုက် သလား"

"မဟုတ်ဘူး ခင်ဗျ၊ မသိမ်းဘူး၊ အဲဒီ့ သောင်းကျန်းသူအဖွဲ့က ဘိန်းတုန်းကူးတဲ့ သူတွေကိုရှာဖွေရေးလုပ်နေတာဆိုလား ပဲ၊ မြစ်ကြောင်းကို ပိတ်ဆို့ပြီး အသွား အလာမှန်သမျှကို စစ်ဆေးနေတာ၊ ဒါပေမဲ့ ခင်ဗျ၊ သူတို့က လူတစ်ဦးချင်းစီ ကို နှံ့နှံ့စပ်စပ် ရှာဖွေစစ်ဆေးနေတာဆို တော့ ကျွန်တော့်မှာ ပါလာတဲ့ကျောက် ကိုလည်း တွေ့တာနဲ့ သိမ်းလိုက်မှာ အမှန်ပဲ၊ ဘယ်နည်းနဲ့မှ ချမ်းသာပေးမှာ မဟုတ်ဘူး၊ ဒါနဲ့ - ကျွန်တော်လည်းစိတ် တွေလှုပ်ရှားပြီး တထိတ်ထိတ်နဲ့ ဖြစ်နေ ရတော့တာပေါ့ ခင်ဗျာ၊ တဖြည်းဖြည်း ကိုယ်အစစ်ခံရမယ့်အလှည့် ရောက်ခါ နီးလေ၊ သောကတွေလည်းပိုလို့ရောက် ရလေဆိုသလို ဖြစ်နေတော့တာပေါ့"

"ခင်ဗျားအဖြစ်က တကယ့်ဒေါး ကြပ်နံ့ကြပ်ပဲ၊ ကျောက်ကို ရေထဲ ပစ်ချ လိုက်ရင်လည်း ပြန်ရှာတွေ့ဖို့ မလွယ် ဘူး၊ စက်လှေထဲမှာ ဝှက်ထားရင်လည်း သူတို့က ရှာတွေ့သွားမှာပဲ"

"ဟုတ်ကဲ့၊ အဲဒီ့အတိုင်း ဖြစ်နေပါ တယ်၊ ဒါနဲ့ - ကျွန်တော့်စိတ်လော့





www.burmeseclassic.com

www.burmeseclassic.com

အစစ်ခံရမယ့်အလှည့်ကို ရောက်ရော ဆိုပါတော့ ခင်ဗျာ၊ စက်လှေသမားက စက်လှေကို ဂိတ်ထိုးပေးလိုက်တယ်။ လူတွေက ကုန်းပေါ်ကို တစ်ယောက်ချင်း တက်ပြီး သူတို့ရှာဖွေတာကို ခံကြရ တယ်။ အဲဒီအချိန်မှာပဲ ဖြစ်ချင်တော့ ကျွန်တော်တို့စက်လှေပေါ်က လူတစ် ယောက်က သူတို့ရှာဖွေတာကို မခံဘဲ ရုတ်တရက်ထွက်ပြေးတယ် ခင်ဗျ။ အဲဒီ လူထွက်ပြေးတာနဲ့ သေနတ်သံတစ်ချက် ကလည်း နောက်ကနေဗိုင်းခနဲထွက်ပေါ် လာတာပဲ။ ပြေးတဲ့လူက မှောက်ရက်လဲ သွားတယ်၊ သူကပြေးတော့ ဟိုကလှမ်း ပစ်လိုက်တာပေါ့၊ ဒါနဲ့ - သူ့ကိုယ်ပေါ်မှာ ရှာဖွေကြည့်တော့ ပင်နယ်ဆလင်ပုလင်း နဲ့ထည့်ထားတဲ့ ဘိန်းဖြူတွေကို တွေ့ရ တော့တာပဲ။

ဒီမှာတင် - ကျွန်တော့်အတွက် အခွင့်အရေးတစ်ရက ဘယ်လိုပေါ်ပေါက် လာသလဲဆိုတော့ အဲဒီသေသွားတဲ့လူ ကို မြေမြှုပ်ရမယ်၊ မြေမြှုပ်ဖို့အတွက် ကျွန်တော်တို့စက်လှေပေါ်က လူနှစ် ယောက်ဆင်းလာဖို့ လက်နက်ကိုင်တစ် ယောက်က လှမ်းခေါ်နေတယ်။ ကျွန် တော်က ခပ်မြန်မြန် စက်လှေပေါ်က ဆင်းသွားလိုက်တယ်၊ တခြားလူတစ် ယောက်ကလည်း ကျွန်တော့်နောက်က ဆင်းလိုက်လာတယ်။

လာခေါ်တဲ့လက်နက်ကိုင်နဲ့အတူ အလောင်းရှိတဲ့နေရာကို တစ်ခါတည်း တန်းသွားလိုက်တာဆိုတော့ ကျွန်တော် တို့က ဘာမှအစစ်မခံရတော့ဘူး။ ကျွန် တော့်ကျောက်က ကျွန်တော့်ရင်ဘတ် ထဲမှာပဲရှိတယ်၊ ဒါနဲ့ - သူတို့ပေးတဲ့ ပေါက်တူးပေါက်ပြားတွေနဲ့အတူ အဲဒီ အလောင်းကိုပါ ကျွန်တော်တို့က တစ်ခါ တည်း သယ်သွားလိုက်တယ်။ မြစ်ကမ်း ဘေးခပ်ဝေးဝေးမှာရှိတဲ့ ညောင်ပင်တစ် ပင်နားရောက်တော့ ကျွန်တော်တို့က အလောင်းကိုချပြီး ကျင်းတူးဖို့ လုပ်ကြ တယ်။

အစောင့်က သေနတ်ကို အသင့် ကိုင်ထားပြီး ခပ်လှမ်းလှမ်းမှာ ရပ်နေ တယ်၊ ကျွန်တော်တို့ဘက်ကိုလည်း လှမ်းကြည့်နေတယ်။ ကျွန်တော်တို့နှစ် ယောက်က ကျင်းစတူးတယ်။ ကျင်းတူး နေရင်းနဲ့ပဲ ကျွန်တော်က အသည်းအသန် စဉ်းစားနေမိတယ်၊ ကျွန်တော့်ရင်ဘတ် ထဲကကျောက်ကို ဒီအတိုင်းပဲ ကိုယ်နဲ့ အတူဆက်ယူသွားရမလား၊ ဒါမှမဟုတ် ဒီအလောင်းနဲ့အတူ မြေကြီးထဲမြှုပ်ပြီး ထားခဲ့မလားဆိုတာကို အကြိတ် အနယ်စဉ်းစားနေမိတယ်၊ နောက်ဆုံး တော့ မြေကြီးထဲ ထည့်မြှုပ်ထားခဲ့ဖို့ကိုပဲ ကျွန်တော်က ရွေးချယ်လိုက်မိတယ်၊ အခြေအနေက မသေချာဘူးလေ၊ ထပ် ပြီးတော့များ အစစ်အဆေးတွေ ခံနေရ ဦးမလားပေါ့၊ အစစ်ခံရလို့ကိုယ့်ကျောက် ပါသွားရင် ရင်ကျိုးရချည်ရဲ့ဆိုတဲ့ စိုးရိမ် စိတ်က ပိုကြီးအားကြီးနေမိတယ်"

"ဒါ၊ ဒါဆို - ခင်ဗျားက အဲဒီကျောက် ကို အဲဒီအလောင်းနဲ့အတူ မြှုပ်ထားခဲ့ တယ်ဆိုပါတော့ - ဟုတ်လား"

ဦးသက်နောင်က ကမူးရှူးထိုးဖြတ် မေးလိုက်မိသည်၊ သူ့အသံနှင့် သူ့ရုပ် သွင်ကလည်း အတော်ကြီးပင် ထူးခြား စွာ လှုပ်လှုပ်ရှားရှားဖြစ်လျက်ရှိသည်၊ သို့သော် ဒါကို ဦးမောင်တင်ကတော့ ကောင်းစွာသတိမပြုလိုက်မိပေ၊

"ဟုတ်တယ် ခင်ဗျ၊ ကျင်းကို နှစ် တောင်သာသာလောက်တူးပြီးတဲ့အချိန် မှာ ကျွန်တော်တို့က အလောင်းကို ကျင်း ထဲချတယ်၊ ပြီးတော့ - မြေမြှုပ်ဖို့လုပ် တယ်။ အဲဒီအချိန်မှာ ကျွန်တော်က ဟို လူကို ကျွန်တော်ပဲ ပြီးအောင်ဖို့လိုက်ပါ့ မယ်ဆိုပြီး ပြောလိုက်တယ်၊ ဟိုလူက သဘောကျသွားပြီး ခပ်လှမ်းလှမ်းညောင် ပင်အောက်ကို လျှောက်သွားတယ်။ ကျွန်တော်လည်း အဲဒီအလစ်ကို အခွင့် ကောင်းယူပြီး ကျင်းထဲကို ခုန်ဆင်းတယ်၊ ကျွန်တော့်ရင်ဘတ်ထဲက ကျောက်ထုပ် ကို သေသူရဲ့အင်္ကျီရင်ဘတ်ထဲ ထိုးထည့် ပေးလိုက်တယ်။ ဒီနောက် မြေကိုဖို့တယ်။ မြေဖို့ပြီးတာနဲ့ ဒီနေရာကို ညောင်ပင်ရဲ့ အကွာအဝေး၊ မြစ်ကမ်းရဲ့ အကွာအဝေး တွေနဲ့ ချိန်ဆပြီး စိတ်ထဲကနေ သေသေ ချာချာ အမှတ်အသားတွေ လုပ်နေမိ တယ်၊

ဒါလည်းကိစ္စလည်းပြီးရော အစောင့် က ကျွန်တော်တို့ကို ပြန်ခေါ်သွားတယ်။ ကျွန်တော့်မှာ ဟိုရောက်မှ နောင်တလို မဆုံးအောင်ဖြစ်ရတယ်၊ ဘာကြောင့်ဆို





www.burmeseclassic.com

တို့ရောက်တော့ ကျွန်တော်တို့ကို ဘာမှ တစ်စုံတစ်ရာ စစ်ဆေးခြင်းမရှိတော့ဘဲ စက်လှေပေါ်တန်းတက်ခိုင်းပြီး စက်လှေကို ထွက်ခွင့်ပြုလိုက်လို့ပဲ ခင်ဗျ။ ကျွန်တော်ဖြင့် ဒီလိုမှန်းသာသိရင် ကိုယ်နဲ့ တစ်ခါတည်း ယူခဲ့ပါတယ် ဆိုပြီး တဖျစ်တောက်တောက်နဲ့ပေါ့ ခင်ဗျာ"

ဦးသက်နောင်က ပို၍သာ လှုပ်လှုပ်ရှားရှားဖြစ်နေမိသည်၊ သူ့ကိုယ်လုံးက ခပ်တောင့်တောင့်ကြီးဖြစ်နေသလိုမျက်စိတွေကျယ်တာ အသက်ရှူနှုန်းကပါ မြန်နေမိသည်၊ သို့ပြား ဆစ်တိုင်း၏ အဓိပ္ပါယ်ကြောင့်၍ အဖြစ်ကိုဦးမောင်တင်က လုံးလုံးမရိပ်မိပေ၊ သူ့စကားကိုသာ ခပ်အေးအေး ဆက်ပြောနေသည်၊

"ဒါနဲ့ – ကျွန်တော်တို့စက်လှေက ဆက်ထွက်လာပါတယ်၊ ကျွန်တော့်စိတ်ကတော့ ကျွန်တော့်ကျောက်ထုပ်ဆီမှာပဲ ကျန်နေခဲ့ပြီ၊ ဒါကြောင့် – မြစ်အောက်ကရွာတစ်ရွာကိုလည်းရောက်ရော ကျွန်တော်က စက်လှေပေါ်ကနေ ဆင်းကျန်နေခဲ့တယ်၊ အဲဒီရွာက အိမ်တစ်အိမ်မှာပဲ တည်းခိုနေလိုက်တယ်၊ သောင်းကျန်းသူတွေ အဲဒီနေရာက ထွက်သွားတာနဲ့ အလောင်းကို ပြန်ဖော်ပြီး ကျောက်ထုပ် ကို ပြန်ယူဖို့အတွက်ပဲ ကျွန်တော်တ မကြာမကြာ သွားချောင်းနေမိတယ်၊

ဖြစ်ချင်တော့ သောင်းကျန်းသူတွေ ကလည်း အဲဒီနေရာကကို တော်တော်နဲ့ ထွက်မသွားကြဘူး၊ ကျွန်တော် ထင် တယ်၊ အဲဒီနေရာမှာ သူတို့စခန်းချပြီးနေ သွားတာဟာ (၃)လလောက်တော် ရှိလိမ့်မယ်ထင်တယ် ခင်ဗျ၊ ကျွန်တော့် အတွက် ဘယ်လိုမှကို အခွင့်အရေးမရ နိုင်အောင်ဖြစ်နေတယ်၊ တစ်ခါတစ်ခါ ညသန်းခေါင်လောက်ကြီး စွန့်စွန့်စားစား ခိုးဝင်ကြည့်ဖို့တောင် ကြံစည်မိတယ်၊ ဒါပေမဲ့ – သူတို့က ကင်းတွေကိုပတ်ပတ် လည်မှာအထပ်ထပ်ချထားတာမို့ ဘယ် လိုမှကို မလွယ်ဘူး၊

ကျွန်တော်လည်း အဲဒီရွာမှာနေရင်း ကြာလေ စိတ္တဇဖြစ်ရလေပေါ့ ခင်ဗျာ နောက်တော့ – စိတ်ပန်းလူပန်းဖြစ်လွန်း မက ဖြစ်ရာက ကျွန်တော့်မှာ ငှက်ဖျား တွေဝင်လာတယ်၊ ငှက်ဖျားအကြီးကိုခေ လုမျောပါးခံလိုက်ရတယ်၊ ဒါနဲ့ ကျွန်



တူးလက်စ ကျင်းဘေးတို
သူ လျှောက်သွားသည်။ ကျင်းထဲမှာ
လူ့အလောင်းတစ်လောင်းကို တဖာထင်
မြင်တွေ့လိုက်ရသည်။ သူ့ကျင်းသား
[illegible]တင်လေးတွေက ကြောက်လန့်တာ
[illegible]စ်မတူးပုံတဲ ဖြစ်နေကြသည်။
[illegible] ထဲကို ခုန်ဆင်းလိုက်သည်။
[illegible]ားက မြေကြီးအချို့ကို
[illegible]ဆုံးတော့ပြီး အလောင်းကို
[illegible]

၆၆

တော်လည်း အိမ်ပြန်ဦးမှဖြစ်မယ်ဆိုပြီး တော့ ဇာတိပျဉ်းမနားကို ပြန်ခဲ့ရတယ်၊ အိမ်မှာ နှစ်လကျော်ကျော်လောက်ကို ဆေးကုယူလိုက်ရတယ်၊ ဒီနောက် – လူ တနာလန်ထထချင်းပဲကျွန်တော့်ကျောက် ထုပ်မြှုပ်ထားတဲ့နေရာကို ထပ်ပြီးတက် လာခဲ့မိပြန်တယ်၊ ဒီတစ်ကြိမ်မှာတော့ ကျွန်တော့်ကိုမမျှော်လင့်တဲ့အခြေအနေနဲ့ မြင်ကွင်းတွေကသာ ဆီးကြိုနေပါတော့တယ်၊

အဲဒီနေရာမှာ သောင်းကျန်းသူအစွဲကတော့ မရှိတော့ပါဘူး၊ ဒါပေမဲ့ – အဲဒီနေရာက အရင်ကလို မဟုတ်တော့ဘဲ ရွှေမော်ကြီးတစ်မော်အဖြစ် ပြောင်းလဲနေတာကို ကျွန်တော် တွေ့လိုက်ရပါတယ်၊ လူတွေက ကြိတ်ကြိတ်တိုးစည်ကားနေပြီးရွှေတွင်းတွေကလည်းနေရာမလပ် မှိုလိုပေါက်နေတာ တွေ့လိုက်ရတယ်၊ ကျွန်တော် မှတ်သားထားခဲ့တဲ့ ညောင်ပင်လည်း လုံးဝမရှိတော့ဘူး။

www.burmeseclassic.com

အလောင်းမြုပ်ခဲ့တဲ့နေရာမှာလည်း အလံတစ်ရာလောက်တျယ်တဲ့ရွှေတွင်းတျင်းပြုတြီးတွေကိုသာ တွေ့ရတော့တယ်။ တျွန်တော် အကြီးအကျယ် ရင်ဆို့သွားမိတယ်။ ဒီတစ်ခါတော့ သေရျာပေါက်ဆုံးရှုံးသွားပါပေပြီလားဆိုတဲ့အသိနဲ့အတူ ချက်ချင်းလဲသေသွားတော့မတတ် ခံစားလိုက်ရတယ်"

ဦးမောင်တင်စကားအပြတ်တွင် ဦးသတ်နောင်က ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေမိသည်။ သည့်နောက် ချာခနဲလှည့်ကာ တိုက်အိမ်ကြီးသတ်သို့ ထွတ်သွားလိုက်တော့သည်။ ဦးမောင်ထင်တ ပထမတော့ ဦးသက်နောင်လခုလိုရုတ်တရက် ထပြန်သွားပုံတို့ အံ့အားသင့်နေမိသည်။ သို့သော် သူတ မိမိပြောစကားအပေါ် စိတ်ဝင်စားမှုမရှိတော့၍ ဤသို့ထပြန်သွားခြင်းဖြစ်ညော်တုသာ ခပ်ရိုးရိုး ပြန်တွေးမိရင်း နေရာမှာပင် ထိုင်တျန်ရစ်ခဲ့သည်။

ဝန်းကျင်က ညည့်နက်လာသည်နှင့် အမျှ ပိုမို၍သာ တိတ်ဆိတ်လာနေတော့သည်။ ကားသံလူသံတို့မှအစ မည်သည့် အသံဗလံ ကို မျှ မကြားရတော့ပြီ။ ဦးသက်နောင်က ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။ ထိုသို့လမ်းလျှောက်ရင်း သူ့တစ်ကိုယ်လုံးပူလောင်နေမိသည်။ ချောက်ချားနေမိသည်။ ချွေးစေးများပင်ပြန်နေမိသည်။ စိတ်လှုပ်ရှားလွန်းသောကြောင့်ဧည့်ခန်းထဲကမီးကိုပင်သူပိတ်ထားလိုက်မိသည်။ ဧည့်ခန်းထဲတွင်အမှောင်ကျသွားသည်။ ထိုအမှောင်ထဲမှာပင်စကြံလျှောက်နေမိသည်။ အပြင်ဘက်မှာတော့နတ်ဘုံနတ်နန်းတမျှခမ်းနားလှသည့်သူ့အိမ်ဝန်းကြီးက မီးရောင်များဖြင့် ထိန်ထိန်တောက်လျက်ရှိသည်။

လောလောဆယ်သူ့စိတ်က တစ်စုံတစ်ခု၏ဖမ်းချုပ်ထားခြင်းခံရသလိုဖြစ်နေသည်။ ထိုနေရာတစ်ဝိုက်မှ မည်သို့မျှ ရုန်းမထွက်နိုင်အောင်ဖြစ်နေသည်။ ပြီး ထိုအဝန်းအဝိုင်းအတွင်းမှမြင်ကွင်းများ၊ ပုံရိပ်များ၊ အသံဗလံများကိုသာ ထပ်ခါတလဲလဲ မြင်ယောင်ခြင်း၊ ကြားယောင်ခြင်းများဖြစ်လျက်ရှိသည်။ ယခုပင်လျှင် အသံတချို့က သူနားစည်ကို ပုံတင်ထပ်မှုအဆက်မပြတ် ရိုက်ခတ်နေပြန်ပါချေပြီ။

"ကိုကြီးသက်နောင် - ကိုကြီးသက်နောင် - ဟိုမှာ လာကြည့်ပါဦးဗျ။ ခေါင်းခေါင်းကျင်းဖို့ မြေတူးရင်း လူသေအလောင်းကြီးပေါ်လာလို့တဲ့၊ ဘယ်သူမှ ဆက်မတူးရဲကြတော့ဘူး"

"ဟုတ်လား - လူသေအလောင်းကြီးတဲ့လား။ အေး - အေး - ငါလာခဲ့မယ်၊ ငါလာခဲ့မယ်"

မမေ့နိုင်သော ထိုစကားသံများ၊ နှစ်ပေါင်းများစွာကြာခဲ့သည့်တိုင်အမှတ်ရနေဖြစ်သော ထိုစကားသံများ၊ တစ်ဖန် ထိုစကားသံများကို ကြားယောင်ပြီးနောက် လှုပ်ရှားမှုပုံရိပ်တွေကိုပါ သူက ဆက်လက်မြင်ယောင်နေမိပြန်သည်။

တူးလက်စ ကျင်းဘေးကို သူ လျှောက်သွားသည်။ ကျင်းထဲမှာ လူ့အလောင်းတစ်လောင်းကို တကယ်ပင် မြင်တွေ့လိုက်ရသည်။ သူ့ကျင်းသားအောင်လေးတွေက ကြောက်လန့်ကာ ဆက်မတူးဝံ့ဘဲ ဖြစ်နေကြသည်။ သူ ကျင်းထဲကို ခုန်ဆင်းလိုက်သည်။ အလောင်းနားက မြေကြီးတချို့ကို ပေါ်ပြားဖြင့် ထိုးကော်ပြီး အပေါ်သို့ပတ်တင်လိုက်သည်။ ယင်းအခိုက် အလောင်း၏ ရင်ဘတ်လောက်နေရာမှအထုပ်ကလေးတစ်ထုပ်ကို သူ လှမ်းမြင်လိုက်ရသည်။ ထိုအထုပ်ကလေးကို တောက်ယူလိုက်သည်။ ထို့နောက်ပလတ်စတစ်စများဖြင့် ရစ်ပတ်ပြီးထုပ်ထားသည့် ထိုအထုပ်ကလေးကိုသူစိတ်ဝင်တစားဖြည်ကြည့်လိုက်မိသည်။ ပလတ်စတစ်များပြေသွားပြီးနောက် အတွင်းမှ အရာဝတ္ထုမှ အရာဝတ္ထုတစ်ခုကို သူ မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ ....။

သူ့တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားသည်။ ခေါင်းကို ခပ်ကြမ်းကြမ်းသယ်းလိုက်ပြီးရေချိုးရှိရာသို့သူလျှောက်သွားလိုက်သည်။ ရေကို ဖန်ခွက်ထဲငှဲ့တာ မော့သောက်ချလိုက်သည်။ ရေသောက်ပြီးနောက်ဖန်ခွက်ကိုချကာ သူပြန်လှည့်ထွက်လာသည်။ ဤမှာပင် တစ္ဆေတစ်ကောင်နှင့် သူ မျက်ပင်းရင်ဆိုင်လိုက်ရ





www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်သည်၊ ဖြစ်ချင်တော့ ထိုတစ္ဆေတ တခြားသူမဟုတ်ဘဲ သူကိုယ်တိုင်ဖြစ်နေသည်။

တစ္ဆေတ လက်ညှိုးငေါက်ငေါက် ထိုးကာ ရှုးရှုးဝါးဝါးဖြင့် ပြောလာခဲ့သည်၊

"ဘယ်လိုလဲ ဟေ့ကောင် - သူများ ငွေညှင်းနဲ့ တစ်သက်လုံး စည်းစိမ်ယူလာတဲ့ကောင်၊ ခုတော့ - အဖြေပေါ်ကုန်ပြီ၊ မင်းဘယ်လိုလုပ်မလဲ"

ဦးသက်ရောင်ဇိုဇို့ရောပတ်ရှာသွားသည်၊ သို့ပြီးစည်သို့မျှ စကားမပြန်နိုင်၊ သူ့အာခေါင်တွေ စေးကပ်လျက်ရှိသည်၊

"မသာတချင်းထဲကနေ မင်းမမျှော်လင့်ဘဲရလိုက်တဲ့အဖိုးတန်ကျောက်စိမ်းတုံးကြီးက မင်းအိမ်မှာ အိမ်စေလုပ်နေတဲ့ ဦးမောင်တင်ရဲ့ပစ္စည်း ဖြစ်နေပါပေါ့လား။ ရွှေတွင်းတွေကိုတစ်ကျင်းပြီးတစ်ကျင်းတူး၊ ရွှေက မရ၊ အကြွေးက တင်၊ ဘဝတစ်ခုလုံး မိုးမှောင်ကျနေတဲ့အချိန်မှာ အဲဒီကျောက်ကိုလည်း ရလိုက်ရော မင်းဘဝတစ်ခုလုံး ပြောင်းလဲသွားရော မဟုတ်လား။ ပြောရရင် မင်းဘဝ ခုလို လူချမ်းသာကြီးဖြစ်လာရတာဟာ အဲဒီကျောက်တ စလိုက်တာပဲမဟုတ်လား"

တစ္ဆေ၏အသံက ပိုပြီးကျယ်လာသလိုရှိသည်၊ သူ ယောင်ယမ်းပြီး နားနှစ်ဖက်ကို ပိတ်ထားလိုက်မိသည်၊ သို့သော်မရပါ၊ တစ္ဆေအသံကိုကြားမြဲကြားနေရဆဲပင်၊

"ကြည့်စမ်း - ဘယ်လောက်တောင် တရားမမျှတလိုက်သလဲဆိုတာ၊ သူ့ခမျာ ရတနာကိုတော့ ရအောင်ရှာနိုင်ခဲ့ပါရဲ့၊ ဒါပေမဲ့ - ဘာမှမစားလိုက်ရရှာဘူး၊ သူများကိုသာ လုပ်ကျွေးလိုက်ရသလိုဖြစ်သွားတယ်၊ ဒီမှာဟေ့ကောင် - ပြောရရင် ညောင်းတာကသူ၊ ကောင်းတာက မင်း၊ မင်းသာ အချောင်ကြီးပွားသွားတာ၊ နားလည်ရဲ့လား၊ သူ့မှာတော့ တစ်သက်လုံး ဆင်းရဲနေလိုက်ရတာ၊ ခုလို အိုကြီးအိုမ အရွယ်မျိုးမှာတောင် ကိုယ်ပိုင်အိမ် ကလေးမှမရှိရှာဘဲ သူများအိမ်မှာ ခိုကပ် နေထိုင်ပြီး လုပ်ကိုင်စားသောက်နေရတယ်"

သူ မျက်လုံးတွေကိုပါ တင်းတင်း မှိတ်ထားလိုက်မိသည်၊ မကြားဝံ့စွာဖြင့် ခေါင်းကိုပါ သွက်သွက်ခါအောင် ခါရမ်းနေမိသည်၊ သို့သော် လုံးဝမရပါချေ၊ တစ္ဆေကို သူ မည်သို့မျှ တားဆီးနိုင်စွမ်း မရှိပါ၊

"မသိခင်တုန်းကတော့ မင်းမှာ အပြစ်မရှိဘူးပေါ့၊ အခုသိပြီ၊ သိတော့ မင်း ဘာလုပ်မလဲ၊ သူ့ကို ဒီအတိုင်းပဲ ဆက်ကြည့်နေမလား၊ ဒီအတိုင်းပဲ ဆက် ထားမလား၊ ဒါဆိုရင် - မင်း လုံးဝမှား သွားပြီ၊ အဲဒီလိုသာ လုပ်လို့ကတော့ နေ့စဉ်နေ့တိုင်း မင်းမျိုဆို့နေတာတွေ၊ စားစံ စားနေတာတွေ အားလုံးဟာ အဆယ်စာတွေ၊ ငရဲစာတွေချည်းပဲ ဖြစ် သွားပြီလို့သာ မှတ်လိုက်ပေတော့၊ ပြီး တော့ - သူက မင်းအကြောင်းကို ဘာမှ မသိရှာလို့ထားလိုက်ပါတော့၊ ငါကတော့ မင်းအကြောင်းကို ကောင်းကောင်းကြီး သိနေပြီဗျ၊ ဒီတော့ - လုပ်သင့်လုပ်ထိုက် တာကိုမလုပ်သေးသရွေ့ကာလပတ်လုံး ငါက မင်းကို အမြဲတမ်းလာပြီး ကျိန်စာ တိုက်နေမှာပဲ၊ ခြောက်လှန့်နေမှာပဲဗျ သိရဲ့လား"

တစ္ဆေနောက်ဆုံးပြောသွားသည့် "ကျိန်စာတိုက်နေမှာပဲ"၊ "ခြောက်လှန့်နေမှာပဲ" ဟူသည့် စကားလုံးများကတော့ သူ့နားထဲမှာ ဆက်ကာဆက်ကာပင် မြည်ဟည်းနေတော့သည်၊ မရပ်မနားပင် ကြားယောင်နေတော့သည်၊

* * *

ညက သူ တစ်ညလုံး အိပ်မပျော်ခဲ့၊ တစ္ဆေ၏ခြောက်လှန့်ခြင်းကို မရပ်မနား ခံရပြီးနောက် သူ့စိတ်တွေ တယောက်ကယက်ဖြစ်ကာ မျက်လုံးတွေပါ ကြောင်နေခဲ့သည်၊ မိုးလင်းခါနီးကျမှ အဖြေ တစ်ခုကို သူရလိုက်သည်၊ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ပိုင်ပိုင်ချလိုက်မိတော့ အတန်ငယ် ပြေလျော့ပေါ့ပါးသွားသလို ပါဖြစ်သွားရသည်၊ ထိုအဖြေကတော့ တခြား တော့မဟုတ်ပေ၊ ဤတစ္ဆေကောင်၏ အမြဲတစေ ပူကပ်ခြောက်လှန့်ခြင်းခံနေ ရမည့်အဖြစ်ကို သူ အလွန်စိုးရွံ့မိသည်၊ ကြောက်လန့်မိသည်၊ သို့ကြောင့် ဤ တစ္ဆေကိုသူ့အတတ်နိုင်ဆုံးနှစ်သိမ့်ဖြစ် တော့မည်၊ အစာကျွေးမဖြစ်တော့မည်၊



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် မနက်မိုးလင်းလင်းချင်းပင် ဆုံးဖြတ်ထားသည့်အတိုင်း သူက စတင် လှုပ်ရှားလိုက်သည်။ သူတန်းလျားဘက်သို့ သွားလိုက်သည်။ ပြီး - ဦးမောင်တင်တို့ အခြားသူများမမြင်အောင် လက်တို့ ခေါ်လာခဲ့သည်။ ကားကိုဒေါင်ထဲရောက်သည်နှင့် သူ့အစီအစဉ်အတိုင်း မှင်သေသေ ဆက်လုပ်လိုက်သည်။

"ဒီမယ်ဦးမောင်တင် - ကျုပ်ခင်များကို အရေးကြီးတဲ့စကားပြောမလို့။ ဒီစကားတို့ ခင်များတို့လင်မယားကလွဲပြီး တခြားဘယ်သူမှမသိစေနဲ့ - သိရဲ့လား"

"ဟုတ် - ဟုတ်ကဲ့ - သူဌေး"

"တခြားမဟုတ်ဘူးဗျ၊ ကျုပ် ညက ခင်များအကြောင်းကို စဉ်းစားနေမိတယ်။ ခင်များ ကျုပ်မြေလေးရဲ့အသက်ကို တယ်ပေးလိုက်တာဟာ နည်းနည်းနောနောကောင်းမှုမဟုတ်ဘူးဗျ။ ဒီမြေလေးကိုကျုပ်သိပ်ချစ်တယ်၊ ဒီမြေလေးသာ သေသွားခဲ့ရင် ကျုပ်ပါ သေသလို ဖြစ်သွားနိုင်တယ်၊ ဒီတော့ - တိုတိုပြောရရင် ညက ကျုပ် ခင်များကိုလာပေးတဲ့ လက်ဆောင်ပစ္စည်းတွေဟာ သိပ်နည်းတယ်လို့ ကျုပ်ယူဆတယ်၊ ဒါကြောင့် ခင်များကို ထိုက်ထိုက်တန်တန် ကျေးဇူးတုံ့ပြန်ဖို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

နင်းဆီမြိုင်အိမ်ရာမှာ ကျုပ်ပိုင်တဲ့ တိုက်ခန်းတစ်ခန်းရှိတယ်၊ အဲဒီတိုက်ခန်း ကျုပ် ခင်များကို အပြီးအပိုင်လွှဲပြောင်းပေးမယ်။ တိုက်ခန်းကမြေညီထပ်မှာဆိုတော့ ခင်များတို့ ဈေးဆိုင်လေး ဘာလေးဖွင့်လို့ရတယ်၊ နေစရာလည်းရ၊ အလုပ်လည်းရ ဖြစ်သွားတာပေါ့၊ ကဲ၊ ခင်များမိန်းမကို ဒီကိစ္စ တိုးတိုးတိတ်တိတ် သွားပြောပြချေ။ ပြီးတော့ - ပစ္စည်းတွေသိမ်းပြီး တစ်ခါတည်းသာ ဒီကိုလာခဲ့လိုက်ကြ၊ ကျုပ် ဒီမှာပဲ စောင့်နေမယ်။ ကျုပ်ကိုယ်တိုင် ခင်များတို့ကို လိုက်ပို့မယ်၊ ကျုပ်သားကိုတော့ ခင်များတို့ အလုပ်ကနေကတိုက်ကရိုက်ထွက်သွားတယ်လို့သာ ကျုပ်ပြောထားလိုက်မယ်"

"ဟုတ် - ဟုတ်"

✻✻✻



နင်းဆီမြိုင်အိမ်ရာကိုရောက်တော့ တိုက်ခန်းကို စာချုပ်စာတန်းနှင့်တကွ လွှဲပေးလိုက်သည်၊ ထို့မျှမက ရင်းနှီးစားသောက်နိုင်ရန် ငွေသိန်း(၁၀၀)တိတိကိုပါ ဦးမောင်တင်လက်ထဲ ထည့်ပေးလိုက်သည်။ ဦးမောင်တင်တို့လင်မယားမှာမျှော်လင့်စွာရရှိလိုက်သည့်ဆုလာဘ်ကြီးများအတွက် အံ့လည်းအံ့ဩ၊ ထိတ်လည်း ထိတ်လန့်ဖြစ်နေမိကြသည်၊ တကယ့်အဖြစ်အပျက်မှ ဟုတ်ပါလေစ၊ အိပ်မက်များ မက်နေလေရော့သလားဟုဝင် ထင်မှတ်နေမိကြသည်၊ ဦးသက်နောင်ကဒါတွေကိုတမင်မသိချင်ယောင်ဆောင်ကာ သူလုပ်စရာရှိတာကိုသာ ခပ်တည်တည်ဆက်လုပ်သွားသည်။

"ကိုင်း - အားလုံးပြီးပြီ၊ ကျုပ်ပြန်တော့မယ်၊ ခင်များတို့ အေးအေးဆေးဆေးသာ နေကြပေတော့၊ အရေးကြီးတာက ခုလို ကျုပ်ပေးခဲ့ကမ်းခဲ့တာတွေအတွက် ဘယ်သူ့ကိုမှ ပြောပြစရာမလိုဘူး၊ အထူးသဖြင့် ကျုပ်သား ဝင်းထွန်းနောင်ကို ယောင်လို့မှမသိပါစေနဲ့၊ ဒီကောင်က သူမွေးထားတဲ့ သူက သားကို ကျုပ်လောက်တောင် ချစ်တဲ့ကောင်မဟုတ်ဘူး၊ ဒီကောင်သိသွားရင် ကျုပ်ရဲ့ တုံ့ပြန်မှုများလွန်းတယ်၊ ဘာညာနဲ့ ထွန့်တိုနေဦးမယ်၊ ကိုင်း - ကျုပ်သွားပြီ"

နှုတ်ဆက်စကားပြောပြီး ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်၊ ထိုလင်မယားက ထိုအချိန်အထိ အံ့ဩစိတ်မကုန်နိုင်သေးပဲ မှင်တက်ပြီး ကျန်နေခဲ့ကြသည်၊ မည်သို့ဆိုစေ၊ ဦးသက်နောင်ကတော့ အတော်ပင် ပေါ့ပါးသွားသည်။ လန်းဆန်းသွားသည်၊ ဤတိုက်ခန်းမှာ လွန်ခဲ့သော(၅)နှစ်ခန့်က သူ့မယားငယ်လေးတစ်ယောက်အတွက် ဝယ်ပေးခဲ့သောတိုက်ခန်းဖြစ်သည်၊ ကံဆိုးချင်တော့ ထိုမယားငယ်လေးက ဤတိုက်ခန်းတွင် တစ်နှစ်ကျော်ကျော်လောက်သာနေလိုက်ရပြီး အသက်ဆုံးပါးသွားခဲ့သည်။ မယားငယ်မရှိသည့်နောက်သည် အတိုင်း သော့ပိတ်ထားခဲ့ခြင်းဖြစ်သည်။

တကယ်တော့ - ဤနှစ်သိမ့်မှုတ ဦးသက်နောင်အတွက် တန်ဖိုးအာနိသင်များပြားလှသည်ဟု မဆိုသာ၊ သို့ပြား ဦးမောင်တင်အတွက်ကတော့ ရောစ



www.burmeseclassic.com

www.burmeseclassic.com

...လုံးအခဲကြီးဖြစ်သည်။ ထို့အတွက် ...မောင်တင် အကြီးအကျယ် ကျေနပ် ...နလိမ့်မည်ဖြစ်သလို၊ မိမိကို ခြောက် ...နေသည့် တစ္ဆေကောင်အတွက် ...ည်း အထိုက်အလျောက် ကျေနပ် ...အောင် နှစ်သိမ့်ပေးပြီးသား ဖြစ်သွားသည်ပင်။ လတ်တလောမှာပင် ဤသို့ တစ္ဆေကောင်ကို အစာကျွေးလိုက်နိုင်ခြင်းအတွက်အခြောက်အလှန့်အန္တရာယ်မှ များစွာပင် သက်သာရာရလျက်ရှိရာ ဦးသက်နောင်မှာ ဘဝင်ကျရင်းအသက်ရှူချောင်နေမိတော့သည်။

→ ရဲမြတ်တင်

**ဆီး(နည်း၊ ကျဉ်၊ အောင့်)သော်**

မြင်းခွာရွက်သတ္တုရည်ကို အကြာနှင့်သောက်ပါ။
ကြက်သွန်နီအစိမ်း (သို့) အရည်ကိုသောက်ပါ။

**ဆီးအောင့်(ကျောက်တည်)**

တင်းနနယ် ဆူးပေါက်နှင့် မှုတ္တမှုဆားရော၍စားပါ။
ဆူးပန်းပွင့် (၃)မတ်သားကို ရေနှင့် ကြိတ်၍ သကြားရောပြီးသောက်ပါ။

**ဒူလာမြင်းသရိုက်**

ဆီးဖြူသီးစားပါ။

**ဝမ်းချုပ်သော်**

ကညွတ်ဥကို ရေနှင့် ငါးခွက်တစ်ခွက် ကျန်အောင်ကြို၍ ပျားရည်နှင့် ရောသောက်ပါ။

**ဆီးချုပ်ဝမ်းချုပ်**

ဇီးကြမ်းငှက်ပျောသီးပျော့ပျော့ကို ထန်းလျက်နှင့်စားပါ။

**ဆီးချို**

ငှက်ပျောပွင့်ကို ချက်ပြုတ်စားပါ။
ဆီးဖြူသီးအစေ့ကို စားပါ။
ခံတက်ခေါက်ကို လေးခွက်တစ်ခွက် တင်ကျို၍သောက်ပါ။






နာနာဘာဝ ဝတ္ထုတိုများ
ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

...တော်တို့ ...
...တိုက်မှာ
...ရှင်းထောင်နဲ့
...အကြောင်းကို
...ကြတာ ရှိတယ်ခင်ဗျ။

# မောင်သိုမျိုး...

သန့်လှိုင်

တုံးအောက်က ဖား...
ဖြူးတဲ့ဖားက ဖြူး...
ဖောင်းတဲ့ဖားက ဖောင်း...

နိုင်ငံရေးဖြစ်မှုဖြင့်
ထောင်ကျသွားသော ထောင်ကျများ၏ဘဝ၊
အနေဆင်းရဲ၊ အစားဆင်းရဲအခြေအနေကို ဖတ်ရှုရမည် ..



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း ပုဒ်မ ၅(ည) ထောင်ထွက်စာရေးဆရာ၊ ထောင်ထွက်စာရေးဆရာနဲ့ ထောင်မှူးထောင်ပိုင်စာရေးဆရာတွေ ပေါင်းဖက်မိကြတော့တယ် ခင်ဗျ။

ထောင်ပိုင်ကြီး စိုးဝေ (ငြိမ်း)၊

ထောင်မှူးကြီးသိန်းဝင်း (ငြိမ်း)၊

ထောင်မှူးကြီး ဇေယျမင်းချွင် (ငြိမ်း) တို့ အကျဉ်းထောင်အရာရှိ စာရေးဆရာတွေကလည်း စိတ်ကူးသစ်စာစောင် ထုတ်ဝေတဲ့ဝတ္ထုတိုပေါင်းချုပ်တွေမှာ ပါဝင်ရေးသားသူ၊ စိတ်ကူးသစ်စာဝေနဲ့ လုံးချင်းဝတ္ထုများ ရေးသားသူ စာရေးဆရာကြီးတွေနဲ့ ဆုံတွေ့ရင်းနှီးရတာပေါ့။

အစ်ကိုကြီး စာရေးဆရာ သုဝဏ္ဏကျော်စိန်လည်း သူရေးတဲ့စာအုပ်ကိစ္စများအတွက် ရောက်လာလေ့ရှိတယ် ခင်ဗျ။

အစ်ကို သုဝဏ္ဏကျော်စိန်တလည်း ပုဒ်မ ၅(ည)နဲ့ အင်းစိန်ထောင်က ထွက်လာခဲ့သူပဲလေ၊

စာအုပ်တိုက်မှာ (အငြိမ်းစား) အကျဉ်းထောင်အရာရှိစာရေးဆရာများနှင့် ကျွန်တော်တို့ ထောင်ထွက်ပုဒ်မ ၅ (ည)စာရေးဆရာတွေ စာပေကိုဖဟိုပြုပြီး ရင်းနှီးသွားကြတယ်။

အထူးသဖြင့် ထောင်မှူးကြီးသိန်းဝင်းနဲ့ကျွန်တော်တို့က ညီအစ်ကိုရင်းများလိုဖြစ်နေကြတယ်၊ ကျွန်တော်ရယ်၊ စိတ်ကူးသစ်စာအုပ်တိုက်ပိုင်ရှင် ကိုတင်ထွန်း(နတ်လှူဦးဆိုတဲ့ကလောင်အမည်နဲ့ဝတ္ထုတိုတွေရေးနေတဲ့သူပေါ့)၊ ထောင်မှူးကြီးသိန်းဝင်းတို့က မကြာခဏ အတူခရီးထွက်လေ့ရှိကြတယ်၊

ထောင်မှူးကြီးသိန်းဝင်းကလည်း သူ့ကိုယ်တွေ့ အကျဉ်းထောင်ထဲက လူဆိုးလူမိုက်တွေအကြောင်းလည်း ရေးတယ်၊

သူနဲ့ လုပ်ဖော်ကိုင်ဖက် အရာရှိ သူငယ်ချင်းတွေအကြောင်းလည်း ရေးတယ်။

ကျွန်တော်နဲ့ အစ်ကိုသုဝဏ္ဏကျော်စိန်တို့ကတော့ ထောင်နဲ့ အချုပ်ထဲက ဘဝခံစားချက်တွေကို ရေးကြတယ်၊

အံ့ဩဖို့တော့ ကောင်းတယ်ဗျာ၊

စာပေတိုက်တစ်တိုက်မှာ ထောင်မှူးစာရေးဆရာတွေရေးတဲ့ စာအုပ်နဲ့ ...မ ၅(ည) ထောင်ထွက်နစ်ဦးရေးတဲ့ ...ထောင်တျ အတွေ့အကြုံ၊ အချုပ်သား ...အတွေ့အကြုံများအကြောင်းရေး ...တဲ့ စာအုပ်တွေ ရှေ့ဆင့်နောက်ဆင့် ...ထွက်နေတာပဲဗျာ၊

ထောင်မှူးကြီးသိန်းဝင်းက လူအေး ...ကြီး။

စကားနည်းတယ်၊ အသန့်ကြိုက် ...တယ်၊ အတွေ့အကြုံများတယ်၊ အပေါင်း ...သင်းဆန့်တယ်၊ သူနဲ့ အတူခရီးသွား ...င် လွဲချော်တာကလွဲပြီး ဇာတ်သိမ်းရင် ...ချော်မှုတွေ ပြန်တည့်သွားတာပဲ၊

စာရေးဆရာ ထောင်ပိုင်ကြီးစိုးဝေ ...တော့ ပျော်ပျော်နေတဲ့ သူ ခင်ဗျ၊ ...ားညီညီဖိုင့်ဖိုင့်၊ ကွမ်းလည်းစား ...တယ်၊ သောက်လည်း သောက်တယ်၊ ...ကိုင်းကိုလည်းကူညီပေးလေ့ရှိတယ်၊ ...ရေးတာည်း ကောင်းတယ်ခင်ဗျ။

...ဒရ - အကျဉ်းထောင်နှင့်စပ်လျဉ်း ...ကြီး သမားဘဝ ဝတ္ထုပေါင်းချုပ်စာ ...တစ်အုပ်ခန့်ခန့်ညားညားထွက်သွား ...ပါ။

...သူ့ကိုပေါင်းသင်းဆက်ဆံရတာက ...အေးတတ်သူ၊ စကားပြောလည်း ...င်းတယ်၊ ဆရာစိုး - ကျွန်တော့် ဒီကိစ္စလေး ကူညီပါဦးဆို မဆိုင်းမတွကူညီလေ့ရှိတယ်၊

ကျွန်တော်တို့ ၁၉၈၉ - ခုနှစ်ဦးမှာ အင်းစိန်အကျဉ်းထောင်တိုက်ထဲရောက်ချိန်မှာ ဆရာစိုးဝေက အင်းစိန်အကျဉ်းထောင်မှာရှိသတဲ့၊

သူနှင့်ကျွန်တော် ထောင်ထဲမှာ မဆုံခဲ့ကြဘူး၊

ခု - သူလည်း အငြိမ်းစားယူပြီး စာတွေ ရေးအားကောင်းနေပြီ၊ ထောင်မှူးစာရေးဆရာတွေဆုံရင် ကျွန်တော့်တို့အမြဲနောက်ပြောင်လေ့ရှိတယ်၊

"ညီမှိုင်းနဲ့ကျုပ်က အင်းစိန်မှာမဆုံလိုက်ပေါ့ဗျာ၊ ဆုံခဲ့ရင် - သူ့တော့ကုန်းမှာ အမေ့ခြေရာအစား ထောင်မှူးခြေရာထင်သွားအောင် လုပ်ပစ်လိုက်မှာ၊ မောင်ညီမှိုင်း - ကျုပ်နဲ့မတွေ့တာ အရမ်းကံကောင်းသွားတယ်"

သို့ကလိုပြောပြီး ရယ်တာပဲ၊

ကျွန်တော်တို့ ယနေ့ ညီအစ်ကိုလိုစာရေးဆရာတွေဖြစ်နေကြပြီ၊ ပြောနေသာဆိုမနာ၊

ကျွန်တော်တို့က ဆရာစိုးကြီးကိုယောတ်မကြီးဟုပြောလည်း လုံးဝစိတ်မဆိုး၊ ရယ်၍သာနေတယ်၊





www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးကြီး စာရေးဆရာ ဖေယျမင်းသျှင်၊

အမှန်က သူလည်း ထောင်ပိုင်တာဝန်ယူခဲ့ဖူးသူပဲ၊

စာရေးကောင်းတယ်၊ အဖွဲ့အနွဲ့ အားသန်တယ်၊ မြန်မာမှုစကားပုံတွေကို အားရပါးရ ပါတျဖွဲ့တယ်၊ စကားပြောလည်း အလွန်ညက်တယ်၊

နောင်တော့ – ထောင်ပိုင်ကြီး ဦးမြိုး(ငြိမ်း) ကျွန်တော်တို့စာပေတိုက်ကိုရောက်ရှိလာပြီးထပ်မံရင်းနှီးသွားကြပြန်ရော ခင်ဗျာ။

ထောင်ပိုင်ကြီး ဦးမြဦးက မောင်မြဦး(မြောင်းမြ) ဆိုတဲ့ကလောင်အမည်နဲ့ ဝတ္ထုတိုတွေ ရေးတယ်၊

ဝဋ်ကြွေးလောကမဂ္ဂဇင်းနဲ့ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းမှာ မကြာခဏ သူ့ဝတ္ထုတွေကို တွေ့ရတယ်၊

စိတ်နှလုံးသဘောထားပြည့်ဝပုံကတော့ မြို့င်စံရှားပဲဗျာ၊ အရက်တော့ တစ်နေကုန်သောက်တယ် ခင်ဗျ၊ အလုပ်စနစ်ကျတယ်၊ သူ ဦးဆောင်ပြီး ကျွန်တော်တို့ စိတ်ကူးသစ်စာရေးဆရာအဖွဲ့ မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရမြို့များကိုသွားတော့ သူ့ရဲ့ဦးဆောင်မှုပီပြင်ပုံ၊ စနစ်ကျပုံကို အနီးကပ်မြင်ခဲ့ရပြီး လေးစားခဲ့ရတယ်ဗျာ၊ သူက ထောင်ပိုင်လည်း ဖြစ်ခဲ့ဖူးတော့ ဩဇာလည်းရှိ၊ မိတ်ဆွေလည်း ပေါ၊ တပည့်တွေလည်း ပေါများပါ့ဗျာ၊

ထောင်ပိုင်ကြီး ဦးမြဦးကောင်းမှုကြောင့် ကျွန်တော်တို့ သာယာဝတီထောင်ညွှန်ရိပ်သာမှာ အကျအန အိပ်ခဲ့ရပြီး သာယာဝတီထောင်ဝန်းကျင်ကသမိုင်းဝင်ကျောက်တိုင်နဲ့ နယ်ချဲ့တော်လှန်ရေးလယ်သမားသူပုန်ခေါင်းဆောင်သုပန္နက ဂဠုန်ရာဇာဘွဲ့ခံ ဆရာစံကို မြှုပ်တဲ့ သာယာဝတီအကျဉ်းထောင်သင်္ချိုင်းနေရာကို တွေ့သိခဲ့ရတယ်၊

မန္တလေးရောက်တော့လည်းအိုးဘိုထောင်ညွှန်ရိပ်သာမှာ အကျအန အိပ်စက်ပြီး မန္တလေးထောင်ပိုင်ကြီး၊ ထောင်မှူးကြီးတို့ရဲ့ ညွှန်ဝတ်ပြုတာကို ပျော်ရွှင်စွာ ရရှိခဲ့တယ်၊

ခုတော့ – ထောင်ပိုင်ကြီးစာရေးဆရာ မောင်မြဦး(မြောင်းမြ) ကွယ်လွန်သွားရှာပြီဗျာ၊

ထောင်မှူးကြီးသိန်းဝင်းကောင်းမှုကြောင့် ကျွန်တော် မော်လမြိုင် ထောင်ဝန်းကျင်လည်း ရောက်ခဲ့ဖူးတယ်၊

မော်လမြိုင်က မြန်ခါနီးမှာ ထောင်ပိုင်ကြီး ဦးမိုးကြီးအောင်က ညစာမနက်စာနှင့် ညွှန်ဝတ်ပြုတယ် ခင်ဗျ၊

ဘယ်လိုရေစက်လည်းမသိဘူး၊

ကျွန်တော် အကျဉ်းထောင်လေးခုနဲ့ဝန်းကျင်ကိုရောက်ခဲ့သလို ကျွန်တော်နှင့် ယနေ့တိုင် ခင်မင်ရင်းနှီးသူ စာရေးဆရာများကလည်း ထောင်မှူး၊ ထောင်ပိုင် စာရေးဆရာတွေ ဖြစ်နေတယ်ဗျာ၊

ဒီကနေ့ရင်းနှီးချစ်ခင်တဲ့ဘဝက စာရေးဆရာဘဝတွေနဲ့ပါ၊ သူသန်ရာ သူရေး ကိုယ်သန်ရာ ကိုယ်ရေးပေါ့၊

မန္တလေးရောက်တော့ အငြိမ်းစား ထောင်ပိုင်ကြီးဦးစိန်ဌေးနဲ့ ကျွန်တော်က တွေ့ချင်တာက အဓိကပါ၊

အငြိမ်းစားထောင်ပိုင်ကြီးဦးစိန်ဌေးလည်း စာတွေ ရေးနေပြီလေ၊ စိတ်ကူးသစ်စာပေက အကျဉ်းထောင်ကိုယ်တွေ့ဝတ္ထုတိုများ စာအုပ်မှာ ဝင်ရေးနေတယ်၊

သိချင်တဲ့ကိစ္စလေးတစ်ခု မေးချင်လို့ပါ၊ ထောင်ပိုင်ကြီး ဦးမြဦးကလည်း ထောင်ပိုင်ကြီး(ငြိမ်း) ဦးစိန်ဌေးနေတဲ့ မန္တလေးတိုက်အိမ်ကိုလိုက်ပို့ပေးမယ်လို့ ပြောပါတယ်၊

ထောင်ပိုင်ကြီး ဦးစိန်ဌေးဆိုတာ တစ်ချိန်က အင်းစိန်အကျဉ်းထောင်မှာ ဖိန့်ဖိန့်တုန်နာမည်ကြီးခဲ့တဲ့ ထောင်ပိုင်ကြီးလေ၊

ရေမှာ ငမြွေး၊

ကုန်းမှာ မြွေပွေး၊

ထောင်မှာ စိန်ဌေးရယ်လို့၊ အုပ်ချုပ်ရေးမှာ နာမည်ကြီးခဲ့သူပါ၊ ကျွန်တော်သိချင်တာလေး မေးချင်ပေမယ့် အချိန်မရလို့ မမေးခဲ့ရဘူး၊

နောင်တော့ – ထောင်ပိုင်ကြီးဦးစိန်ဌေးက ကျွန်တော်သိချင်တာတွေကို တယ်လီဖုန်းမှတစ်ဆင့် ပြောကြားပေးခဲ့ပါတယ်၊

ကျေးဇူးပါ – ဆရာကြီး ခင်ဗျာ၊

ပြောရရင်တော့ ကျွန်တော် ငယ်ငယ်စဉ် စာဖတ်သူတစ်ဦးသာဝတ အကျဉ်းထောင်နှင့်စပ်လျဉ်းတဲ့ဝတ္ထုတွေကို အာသီသပြင်းစွာ ဖတ်ခဲ့ပါတယ်၊ ပြီးတော့ မှုဆိုးဝတ္ထုတွေ ဖတ်ခဲ့တယ်၊

သည်တုန်းက ထောင်အကြောင်း ရေးတဲ့ ဆရာရန်အောင်မောင်မောင်ရဲ့ ထောင်အကြောင်းဝတ္ထုတိုများ၊ ဦးနုရဲ့ ဝတ္ထုများ၊ အကျဉ်းထောင်အရာရှိ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းမြ မောင်ကိုရဲ့ဝတ္ထုများ၊ စာရေးဆရာ ကျော်မြသန်းရဲ့ သာယာဝတီထောင်ငရဲခန်း၊ ဆရာ ထားဝယ်ကျော်ခင်ရဲ့သုံးထောင်စံ ကိုယ်တွေ့မှတ်တမ်း။

ဗိုလ်မှူးချစ်ကောင်းရဲ့ဝတ္ထု စတဲ့ အကျဉ်းထောင်အကြောင်းဝတ္ထုတွေကို ခွဲလင်းနစ်မြုတ်စွာ ဖတ်ခဲ့တယ်၊

အရွယ်ရောက်လို့စာရေးဝါသနာပါတော့ငါထောင်အကြောင်းရေးချင်လိုက်တာလို့ အတွေးဝင်ခဲ့တယ်။

ဘာဖြစ်လို့ရေးချင်တာလဲလို့ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်တော့ထောင်ဆိုတာ ထောင်ကျအကျဉ်းသားတွေအတွက် တကယ်ကျဉ်းကျပ်တဲ့နေရာဟုတ်သလား။

နိုင်ငံရေးသမား အကျဉ်းသားတွေအတွက် တကယ်လူ့ငရဲဆိုတာရောဟုတ်သလား။ (ဆရာကြီး ဦးဝင်းတင်ရဲ့ လူ့ငရဲဆိုတာရင်နင့်ရဲ့ဖျာ၊)

သိချင်တယ်၊ သူများတွေရေးတာဖတ်ပြီး ခံစားနေရတာကို။ ထောင်အကြောင်း၊ အချုပ်အကြောင်းဆိုတာ ထောင်ထဲ အချုပ်ထဲ ရောက်ဖူး၊ ခံစားဖူး၊ ကိုယ်တွေ့ကြုံဖူးမှရေးလို့ရတာ၊

ငါမှ အချုပ်ထဲ၊ ထောင်ထဲ မရောက်ဘူးတာ ဘယ်လိုလုပ်ရေးလို့ရမှာတုံး။

သို့သော် - ရေးချင်လိုက်တာမှ ရှုနေတာပဲ။

ကျွန်တော်တို့ငယ်စဉ်ကဘဝသရုပ်ဖော်ဝတ္ထုထဲကဆိုလျှင် ကီလီတံတားအနီးက ကုန်ထမ်းသမားဘဝ၊ ရေးသည်ဘဝ၊ ညဥ့်ငှက်မလေးများရဲ့ဘဝ ရေးတဲ့ စာရေးဆရာဆို အလွန်လေးစားရ၊ အားကျရဖြစ်ခဲ့ရရဲ့ပြီးတော့ ထောင်ဝတ္ထုရေးတဲ့စာရေးဆရာတွေ။

❦

ကံထူးပုံများနယ်၊ အရွယ်ရောက်လာရော အချုပ်ထဲ သုံးကြိမ်ရောက်ခဲ့ဖူးပြီ၊ အင်းစိန်ထောင်ထဲမှာ တိုက်ပိတ်လည်း ခံရဖူးပြီ၊ နာမည်ကျော် ဘားလမ်းအချုပ် (စဝီးဝပ်အချုပ်) မှာလည်း နေခဲ့ဖူးပြီ၊

ကိုယ်တွေ့ကြုံတော့မှ ထောင်ဆိုတာ မနေသင့်တဲ့အရပ်ပဲ။

သို့သော် နေသင့်ရင် နေရမှာပဲ၊

နေခွင့်ရှိရင် နေရမှာပဲ၊



ထောင်ဆိုတာ ကိုယ့်အိမ်လို ပေါ့တယ်၊

အချုပ်ဆိုတာ ဘုန်းကြီးကျောင်းပေါ့တယ်၊

အချုပ်စည်းကမ်း၊ ထောင်စည်းကမ်း၊ တိုက်စည်းကမ်းဆိုတာ ရှိတယ်၊ ညည်းစနစ်နဲ့နေရတယ်၊ ကျဉ်းကျပ်တယ်၊ ခွန်းကျပ်တယ်၊

ပုံစံထမင်းစားရတယ်၊

ပုံစံခွက်ရေနဲ့ ရေချိုးရတယ်၊

အပိုင်သားလူရင်းမရှိရင် စားရေး နေရေးကျပ်တဲ့နေရာ၊ အညှဉ်းခံရတဲ့နေရာ၊ လူစွာလုပ်လို့မရတဲ့နေရာ၊ ထောင်ဗူးတွေတွေ့ရင် လမ်းမှာ ငုတ်တုတ် ထိုင်ခေါင်းငုံ့ထားရတဲ့ဘဝ၊

တိုက်ထဲမှာကိုယ့်ရေးအိုး၊ သေးအိုးခန်းလေးကို ကိုယ်တိုင်သွားသွန်ရတယ်၊ ရေးကိုရေးစုရပ်မှာထား၊ ရေးအိုးအင်တုံ့ကိုယ့်ဘာသာရေဆေးပြီးရင်ပြာခဲ့တာ ဖွဲပြာတွေ အပြည့်ထည့်ယူလာ၊ သေးအိုးထဲက သေးရည်ကို စဥ့်အိုးကြီးထဲသွန်ထည့်၊ ရေဆေး၊ ကိုယ့်တိုက်ထဲပြန်ယူခဲ့၊

အခန်းကျဉ်းထဲမှာ ရေးအိုးဝလတ်စတာစ်အိုးထဲ ရေးပါပြီး အဝတ်စနဲ့ ရေးကုန်း၊ ပြီးရင် ပြာဖုံးထား၊

ရေးစော်နံရင် နှာခေါင်းပိတ်ပြီး သံတိုင်ကြားမှာ ခေါင်းညှပ်၍အောင့်ထား၊ ပုံစံထမင်းစားလည်း ရေးအိုးနားမှာပဲ၊ အိပ်လည်း ရေးအိုး၊ သေးအိုးအနီးမှာ ခြေဆန့်အိပ်ကြ၊

တိုက်ထဲမှာ ပြင်ပမြင်ရခွင့်ဆိုတာ ရေးအိုး၊ သေးအိုးသွန်တဲ့အချိန်ပဲ ဘယ်ပင်ပန်းပင်မြင်ရ၊ ထောင်အုတ်နံရံတို့ မြင်ရ၊ အကျဉ်းတိုက်ခန်းတွေ မြင်ရ၊

လှမ်းနှုတ်မဆက်ရဲ၊ စကားမပြောရဲ၊

ပြောရင် ပြစ်ဒဏ်တိုက်သီးသန့်တို့ ပို့ခံရ၊

ထောင်အဖြစ်ဘာလောက်ကြာအောင်ဆိုတာမှမသိရ၊ ထောင်ဝင်စာ ဗိုတ်ထားတော့ဆေးလိပ်လည်းမသောက်ရ၊ အိမ်ကပို့တဲ့ အိမ်ထမင်းဟင်း မစားရ၊

ပုံစံထမင်း၊ တာလပေါ်ဟင်းနဲ့ ပေါင်းထမင်းတစ်ပန်းကန် ဝဝ၊ မဝဝ စား၊

အပြင်မှာ ဝါဇနီး ဘယ်လိုနေထိုင် နေရေး ရှုန်းကန်နေမလဲ၊



www.burmeseclassic.com

www.burmeseclassic.com

ငါ့သားသမီးတွေ ကျောင်းမှ နေရရဲ့လား။

သူများတွေကစော်ကားပြောဆိုနေကြမလား။

အချိန်မှန်မှ ငါ့သမီးတွေ ထမင်းစားရရဲ့လား။

အမေရော၊ အိမ်ရာထဲ ဝမ်းနည်းပြီး လဲနေရှာလား။ လားပေါင်းများစွာသော သောကအမော်တွေက ပုဒ်မ ၅(ည) ကျွန်တော့်ရင်ထဲမှာ ဗလောင်ဆူနေလေရဲ့။

အမှန်က ထောင်ပုံစံ၊ ထမင်းဟင်း ပုံစံအစစ်က အချော်သား၊ ထောင်ကျများ အတွက် သိပ်မဆိုးလှ။

ဗဲဟင်းဆို၊ ငရုတ်သီးကြော်ပါမည်။

ပဲနူးနူးနပ်နပ်ပါမည်၊ ဆားပါမည်၊

ဆီသတ်ဆမ်းထားတဲ့ ငါးပိစိမ်းစားပါမည်။ သို့သော် ကိုယ့်တိုက်ထဲ ရောက်လာတော့ ငရုတ်သီးကြော်တစ်ဖဲ့မပါ။ ပဲနည်းနည်း ဟင်းရည်များများနှင့် ငါးပိစိမ်းစားလောက်တက် လက်သန်းဖျားပဲပါတယ်။ ဒါပဲစား။

အပိုင်သားရှိတဲ့ သူများကျတော့ ဆီကိုဝေ့လို့၊ပဲလိုဖွေးလို့၊ငရုတ်သီးကြော်တောင့်ပါ ကိုက်စားလို့။ ငါ့တော့ မပေးရကောင်းလားလို့ ပြဿနာရှာရင် ရှာတဲ့သူခံ။

တစ်ခါတစ်ခါ စရိုက်မတူသူတွေနဲ့ တိုက်ပြောင်းပြီးနေရတယ်။ သူတို့က (စစ)အရေးအခင်းမှာ လူသတ်ခေါင်းဖြတ်တဲ့လူသတ်သမားတွေ၊ စိတ်ညစ်စရာကောင်းတယ်။

သို့သော် စာရေးဆရာဖြစ်တော့လည်း သူတို့ပြောတာတွေနားထောင်ပြီး ရေးစရာရသဟဲ့လို့ ကြံဖန်ဝမ်းသာခဲ့ရတယ်ဗျာ။

***

ကျွန်တော်တို့ တိုင်းတရားရုံးကနေ မြို့နယ်တရားရုံးမှာ ပြောင်းတင်တော့ အစိုးရရှေ့နေ ဥပဒေအကျိုးဆောင်ကြီးက ကျွန်တော့်ကို ပြောတယ် ခင်ဗျ။

“ကိုညီမှိုင်းရေးတဲ့ သံချပ်တွေ ကျွန်တော် နားထောင်ဖူးတယ်”

“ဟုတ်လား – ဆရာ – ဘယ်မှာလဲ ဟင်”

“သယ်န်းကျွန်းမြို့နယ်မှာ မုသာဝါဒ ပြောပါ၊ အလှကားနဲ့ လာပြိုင်တုန်းက ...

ဝမ်းသာလိုက်တာ၊ တရားလို ... ရှေ့နေကြီးက ငါရေးတဲ့သံချပ်တွေ ... ထောင်ဖူးတာပဲဟဲ့။

ဘယ်ဟုတ်မှာလဲ၊

ဒီသံချပ်ရေးဖူးတဲ့ကိစ္စက တရားခွင် ... စေခွန်းတွေဖြစ်ပြီး ကိုယ့်လည်ပင်း ... တွင်းစွပ်မလိုဖြစ်ပါရော။

(စစ)အရေးအခင်းတုန်းက သံချပ် ... တွေထိုးပြီး တစ်မြို့လုံး လှည့်ဆန္ဒပြကြတဲ့ ... အိမ်ရှင်မများအဖွဲ့ကလည်း သရော်သံ ... ချပ်တွေထိုးပြီးလှည့်လည်ဆန္ဒပြကြတာ ...

အဲဒီသံချပ်တွေ ကျွန်တော်ရေးပေး ... တယ်ဆိုတဲ့ “ခွင်” ရောက်အောင် ကျိုး ... ချင်းပါရော၊ တော်ပါသေးရဲ့ – ကိုယ် ... နေ့ပါဘူးလို့ငြင်းလို့ ကျွန်တော် သံချပ် ... ရေးပေးပါတယ်ဆိုတဲ့သက်သေ မရှိလို့။

အစိုးရရှေ့နေကြီးက သက်သေ ... ယောက်(၄၀)ကျော်ပြစွဲဆိုခဲ့ပေမယ့် ... နောက်ဆုံးလာအစစ်ခံထွက်ဆိုတဲ့သက် ... သေက နည်းနည်းပဲရှိတယ်။

တစ်နေ့ရုံးချိန်းထွက်ချိန် ကျွန်တော်တို့ ပုဒ်မ ၅(ည) ခြောက်ဦး တရားရုံးထဲရှိ အစစ်ခံခုံရှည်မှာ တန်းစီနေရာယူ ထိုင်နေချိန် အစိုးရရှေ့နေ (ဥပဒေအကျိုးဆောင်)ကြီး တရားရုံးထဲ ဝင်လာပြီး ထူးထူးခြားခြား ကျွန်တော့်ကိုမှ ရွေးပြီး နှုတ်ဆက်တယ်၊ သူ့နောက်မှာလည်း အဘိုးကြီးတစ်ဦး ပါလာတယ်။ ကျွန်တော့်ကို ကြည့်နေတယ်။

“ကိုညီမှိုင်း နေကောင်းလား”

“ကောင်းပါတယ် – ဆရာ”

“ကျန်းမာရေး ဂရုစိုက်နော် ကိုညီမှိုင်း”

ကျွန်တော်တို့အမှုတွဲတွေတာအံ့ဩသွားကြတယ်။ ကျွန်တော်တို့ထဲမှာ စာရေးဆရာနိုင်ငံကျော်ရှုပ်ရှင် ဇာတ်ညွှန်းရေးဆရာကြီးလည်းပါလာပါလျက်ကျွန်တော့်ကိုမှ ရွေးနှုတ်ဆက်တော့ အံ့ဩကြတာပေ့ါ။

ညီမှိုင်းက အစိုးရရှေ့နေကြီးနဲ့ တွင်းဝင်တယ်ပေ့ါ။

အမြင်က ကြည့်နေကြတဲ့ မိသားစု တွေလည်း ဝမ်းသာအံ့ဩကြပေ့ါ။ ကိုညီ

www.burmeseclassic.com

မှိုင်းတာ မျက်နှာကြီးတယ်ပေါ့၊ တံခေါင်းမှာဝဲပေါ့။

မဟုတ်ဘူးဗျ။ တရားခွင်မှာ အစိုးရတရားလိုပြသက်သေတွေစစ်ရော၊ အစိုးရရှေ့နေကြီးနောက်မှာ ကပ်ပါလာတဲ့ အသက်(၅၀)ခန့်လူကြီးက အစိုးရ(တရားလို)သက်သေဖြစ်နေပါရောဗျာ။

ကျွန်တော့်ကိုနှုတ်ဆက်တဲ့ အစိုးရရှေ့နေက တရားလိုပြသက်သေလူကြီးကို တရားသူကြီးရှေ့မှာ ဝတ်မေးမြန်းတယ်။

"အမည် ဘယ်လို ခေါ်ပါသလဲ ခင်ဗျာ"

"ဦးမြမောင်ပါ"

"အလုပ်အကိုင်ကရော ခင်ဗျ"

"မြင်းလှည်းမောင်းပါတယ်"

"(စခ)အရေးအခင်းတုန်းက သစိတ်စခန်းမှာ စာရေးဆရာ မောင်ညိုမှိုင်း တရားဟောတာ ကြားမြင်တယ်ဆိုရင် ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"စာရေးဆရာ မောင်ညိုမှိုင်းကိုမြင်ရင် သိမလား"

"သိပါတယ်"

"နောက်မှာထိုင်နေတဲ့ တရားခံခြောက်ယောက်ထဲမှာ စာရေးဆရာမောင်ညိုမှိုင်းဆိုတာ ဘယ်သူပါလဲ ပြောပါ"

တရားလိုသက်သေက ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး -

"တတိယမြောက်လူပါ"

"ကျေးဇူးပါပဲ - ဒီလောက်ပါပဲ တရားသူကြီးမင်း ခင်ဗျာ"

အဲဒါပဲဗျာ၊ အမှန်က ဒီလူကြီး ကျွန်တော့်ကို လုံးဝမမြင်ဖူးဘူးဗျ။ အစိုးရရှေ့နေကြီးက ကျွန်တော့်ကို နေကောင်းလားလို့နှုတ်ဆက်ရင်း "မှတ်ထား အဲဒါ စာရေးဆရာမောင်ညိုမှိုင်းပဲ" လို့ပြောထားလို့၊ အခု သူ လက်ညှိုးထိုးပြတာဗျာ။

နောင်အခါ ကျွန်တော်တို့ရဲ့ရှေ့နေက ပြန်လှန်မေးခွန်းမေးရော အကြီးအကျယ်ခွကျပါရော၊ အဝေးကနေမြင်ရတာပါတဲ့၊ ဘာတွေ မောင်ညိုမှိုင်း ဟောပါသလဲမေးတော့ ပရိသတ်တွေအများကြီးအသံတွေ ရှုပ်နေလို့ဘာပြောမှန်း မသိပါဘူးတဲ့၊

ကောင်းရော ...၊

သက်သေ နိုင်နိုင်, မနိုင်နိုင် ကျွန်တော်တို့ ထောင်ကျတာပါပဲ၊

◉

အံ့ဩစရာတော့ အလွန်ကောင်းပါ့ဗျာ။

အချုပ်ထဲမှာ ရှိနေတုန်းတပေါ့၊ ပုဒ်မ၅(ည)နဲ့ဖမ်းတာ ကျွန်တော်တို့(၆)ဦးပဲရှိတယ်၊ နောင်(၇)ရက်ခန့်ကြာတော့ သုံးခွမြို့က ရန်ကြီးအောင် ဦးစိန်ဝင်းအချုပ်ထဲ ရောက်လာတယ်၊

သူလည်းပုဒ်မ၅(ည)နဲ့လက်နက်မှု ဒါသနဲ့တူရဲ့၊

ရန်ကြီးအောင် ဦးစိန်ဝင်းက ကျွန်တော်တို့အရင် အင်းစိန်ထောင်ကို သွားပြီး နောက်မှ ကျွန်တော်တို့ အင်းစိန်ထောင်ကိုပို့တာ၊ ဦးစိန်ဝင်းက ကြုံပြောသွားတယ်၊ ၅(ည)တွေ မလွယ်ဘူး၊ ထောင်တျမှာတဲ့၊

ဖြစ်ပုံက ဒီလို ခင်ဗျ၊

အင်းစိန်ထောင် မပို့ခင်မှာ ကြုံခဲ့ရတာရယ်၊

တစ်နေ့ ရန်ကုန်တိုင်းက အရေးပါတဲ့ပုလိပ်ကြီးတစ်ဦး အချုပ်တွေကိုလာစစ်ရင်း မောင်ညိုမှိုင်းကိုဖမ်းမိထားတယ်ကြားလို့ မြင်ဖူးချင်တယ်ဖြစ်ပါရော၊

တာဝန်ကျတွေ ရေးကြီးသုတ်ပျာရောက်လာကြတယ်၊

ထောက်လှမ်းရေးတွေ ရောရဲသတင်းတပ်ဖွဲ့တွေက တာဝန်ရှိသူတွေပါ အချုပ်ခန်းရှေ့ရောက်လာတာ၊

"ပုံစံထိုင်"

ကျွန်တော်တို့ အချုပ်ခန်းသုံးခုက အချုပ်သားတွေ အမြန်ပုံစံထိုင်လိုက်ကြတယ်၊ မကြာဘူး၊ ယူနီဖောင်းအပြည့်နဲ့ အရာရှိကြီး အချုပ်ခန်းရှေ့ ရောက်လာရပ်တယ်၊ တာဝန်ရှိသူတစ်ဦးက လှမ်းအော်ပြောတယ်ဗျ။

"ညိုမှိုင်း"

"ရှိ"

"ပုံစံရပ် - ရှေ့တိုး"

ကျွန်တော်ရပ်ပုံစံလက်ယှက်အနေအထားနဲ့ သူတို့ရှိရာ ဘာသာတန်းအကွက်ရှေ့မှာ တောင့်နေအောင် ကိုလိုက်တယ်၊

အရာရှိလူကြီးက မေးတယ်၊

www.burmeseclassic.com



ပုဒ်မ ၅(ည)ပါ။
ဘယ်သူမှမခေါ်ရဲတဲ့ထောင်ထွက်ပါ။
ဘာကို သူညနဲ့ နှိုင်းမျော်စေရ၊
ဒါတို့ တိုင်းထိပ်ကို ရောက်ရမှည်။
ဒါတို့အောက် ရောက်ကို ရောက်ရမည်
တ ဝါ အကြွင်းမဲ့ယုံ...
66 အောင်...ပါပြီ။

"ညိုမှိုင်းဆိုတာလား"

"ဟုတ်"

"နာမည်ကြီးလှချည်လား - ဘာမှု လဲကွယ့်"

"ပုဒ်မ ၅(ည)"

ကျွန်တော့်ကို သေသေချာချာ ကြည့်တယ်။ နောက်မှာလည်း အရာရှိတွေ အများကြီးပဲ၊ ကျွန်တော့်ကိုပဲ ဝိုင်းကြည့်၊ အသံတိတ်၊ ကြည့်လို့ပြီးမှ လူကြီးမင်းက ပြောတယ်။

"ငယ်ငယ်ရှိသေးတာပဲ၊ ကောင်းကောင်းမွန်မွန်နေပါကွယ်"

"ဟုတ်"

အရာရှိကြီးနှင့်အဖွဲ့တွေ ပြန်ထွက်သွားကြတယ်။ သူတို့ပြန်တော့မှ ကျွန်တော်တို့အမှုတွဲ ၅(ည)တွေရော အချုပ်ထဲက အချုပ်သားတွေရော တာဝန်ကျရဲအမှုထမ်းတွေရော အကြီးအကျယ် အံ့သြကုန်ကြပါရော။

စာရေးဆရာ ပုဒ်မ ၅(ည)အဘက ပြောပါရောဗျာ။

"ညိုမှိုင်းရာ - မင်း နာမည်ကြီးလိုက်တာကွာ၊ (... ... ...)ကတောင် လာကြည့်ရသတဲ့၊ ဒီတိုင်းဆို - မင်းရော ငါတို့ရော လွတ်လမ်းမမြင်တော့ဘူး ညိုမှိုင်း"

အဘက စိတ်ထိခိုက်စွာနဲ့ ပြော၊ ကျန်တဲ့ ၅(ည)တွေလည်း စိတ်ဓာတ်တွေကျ၊ ညိုမှိုင်းကြောင့် ပိုဆိုးပြီပေါ့။

ဒီမှာအပြင်က တာဝန်ကျအမှုထမ်းက အော်ပြောရော -

"အဘချစ်ရေ..."

"ဟေ - လူကလေး - ဘာတုံးဟေ့"

"ညိုမှိုင်းကတော့ သေဒဏ်ကြိမ်းသေပြီဗျို့"

ရင်းနှီးနေတဲ့ရဲလေးက လှမ်းနောက်လိုက်တယ်။ ဖြစ်ပုံပြောပါတယ်ဗျာ။

ညိုမှိုင်း နာမည်ကြီးလို့ မြင်ဖူးချင်သတဲ့။

ဘယ်ညိုမှိုင်းနဲ့ မှားသလဲမသိ၊

အဲဒီအချိန်က ပြည်ပြေးညိုမှိုင်းကလည်း နာမည်ကြီးတဲ့အချိန်၊ လူများမှားရောလား။

နာမည်ကြီးတာ ဒုက္ခရောက်ပဲဗျာ၊

◉☯◉

ကျွန်တော်တို့ ထောင်ကနေ လွတ်တဲ့နေ့ပေါ့၊ ပျော်လိုက်တာ၊ ဖနီးရော အမေရော ဝမ်းသာလို့ငို၊ သမီးတွေကငို၊ ဆွေမျိုးတွေ ပျော်ကြ။

ရေနံလုပ်ငန်းလုပ်သယ် (၁၈)နှစ် မြှုတ်သွားပါပြီ၊

အခု - ထောင်ထွက်အလုပ်လက်မဲ့

ယောက်ျားမပေးစား၊ အမေမပေးစားစား နေရတဲ့ဘဝ။

၁၉၈၉ - ခုနှစ်က ပုဒ်မ ၅(ည) ထောင်ထွက်တွေကို လူအများက လေးစားပေမယ့်မဆက်ဆံရဲကြဘူး၊ ထောက်လှမ်းရေးက ခေါ်မေးမှာစိုးလို့လေ၊

အလုပ်ကလည်း ရှာလို့မရ၊

ဘယ်သူကမှလည်း နိုင်ငံရေးလုပ်လို့ပုဒ်မ၅(ည)နဲ့ထောင်ကထွက်လာသူကိုအလုပ်တစ်ခု မပေးရဲကြ၊ အားနာကြသူရှိသလို မျက်နှာလွှဲသွားသူလည်း ရှိကြရဲ့၊ ရှိစေတော့၊

တစ်ခါ မြို့ထဲက (... ... ...)မှာ ဗုံးပေါက်ကွဲတော့ ကျွန်တော်တို့ သွားရှာရ မချောင်၊ နေ့ခက်ကနေ ရှုံးဒိုးက လိုက်နေဆဲ။

ပုဒ်မ ၅(ည)က အရင်းအနှီးများလှတယ်ဗျာ၊

အဘချစ်သားလေး၊ အဘ ထောင်ထဲမှာရှိနေတုန်း ကွယ်လွန်သွားခဲ့တာ အဘချစ် မသိခဲ့၊ ထောင်က လွတ်လို့သိရတော့ မျက်ရည်ပေါက်ပေါက်ကျ၊

ကိုလှမြင့်ဦးရဲ့ဖနီး ဝမ်းသာလို့မဆုံးသေး နှလုံးရောဂါနှင့်ကွယ်လွန်သွားပြန်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မရှိ၊ အလုပ်ရှာမရ။ စားနေဝတ်နေရေး ကျပ်တည်းလှတဲ့ဘဝမှာ ကျွန်တော့်ရဲ့သံယောဇဉ် အိမ်ထောင်ရေးပြို တွဲခဲ့ရတယ်၊

ပညာတန်းလန်း သားသမီး(၄)ဦး အနတ်(၃)ဦးနှင့်ကျွန်တော်ဖတ်သီလန် နေရှိန်၊

တံတောင်းချင်တော့ ပန်းရန်ဆိုင်း ရှာသုတ်သေဲသီလပ်မြေထမ်းတဲ့အလုပ် ထက်ရခဲ့တယ်။ တန်ထရိုက် တိုဝင်းမြင့် တို့တွေ့ရအောင်လိုက်တာများ၊

အလုပ်တခြမ်းရေးထဲဝင်ဆန်ဝယ်၊ ဆီဝယ်၊ ကန်စွန်းရွက်ဝယ်၊ ငါးပိရည်ကျို ဝယ်၊ အိမ်ရောက် အပြန်ချက်၊

တချက်ရင် သမီးတွေ၊ သားတွေကို တွေး။

ဝတ်တဲ့ရက်တွေ မနည်းခဲ့၊ ပြတ်တဲ့ ရက်လည်း မြောက်မြားစွာ၊ ကျွန်တော်တို့မိသားစု လောကဓံကို ကြံ့ကြံ့ခံပြီး ကြိုးစားခဲ့တယ်၊ ဆင်းရဲတာမကြောက်နဲ့ သားတို့၊ သမီးတို့၊

ကျွန်တော် သတင်းထောက်လုပ်ခဲ့ တယ်၊

ဘုရင့်နောင်ဖောင်ဖျက်သလို ပင်ပန်းလှတဲ့ သဲထမ်း၊ ကျောက်စရစ်ထမ်း။ ဘိလပ်မြေထမ်း။ မြက်ပေါက်၊ ခနီအငှား မိုးမြေကြီးကျင်းစာတူး၊ ခါးရိုးလှုပ်မဲ့ခြောက်၊ လူ့ရုပ်ပျောက်ပြီး တစ္ဆေကမ္ဘာန်းရုပ် ပေါက်နေတဲ့ဘဝနဲ့ကျွန်တော့်သားသမီး တွေ ကျွန်တော် လူလိုမထားနိုင်တော့ ဘူး။ စွန့်စားရမယ်၊

ကျွန်တော် မြို့တော် သတင်း ထောက်ဘဝကနေ လုံးချင်းဝတ္ထုတွေ ကြိုးစားရေးခဲ့လိုက်တာ သုံးနှစ်အတွင်း ကျွန်တော် စာပေလောကမှ အောင်မြင် တဲ့ စာရေးဆရာဘဝနဲ့ ငွေရော၊ ရွှေရော ဖြစ်ပြီး လူရာဝင်လာခဲ့တယ်၊

သားသမီးတွေကို လူတန်းစေ့ဘဝ မြှင့်နိုင်ခဲ့တယ်၊

သားသမီးတွေကို ဘွဲ့ရပညာတတ် ဖြစ်အောင် ကျွန်တော် လုပ်ပေးနိုင်ခဲ့ တယ်၊

ပုဒ်မ ၅(ည)ပါ၊

ဘယ်သူမှမခေါ်ရဲတဲ့ထောင်ထွက် ပါ၊

ဘဝတို့ သုညနဲ့ နိဂုံးမချုပ်စေရ၊





ဘဝဆိုတာ ဒါပါပဲ၊
ရေစီးတစ်ခါ ရေသာတစ်လှည့်လည်း ရှိတာပဲ။
မိုးလုံတစ်လှည့် ငါးပုံတစ်လှည့်လည်း ရှိတာပဲ။
တုံးအောက်က ဖား ပြားတဲ့ဖားက ပြားတာပဲ။
ဖောင်းတဲ့ဖားက ဖောင်းတာပဲ။
တစ်ခုပဲရှိတာယ်၊
တုံးအောက်က ဖားတွေ
ခံမြိုင်အောက်ရင်တော့
နာလိ(illegible)သွားမယ့်နော်၊ ၆၆

ငါတို့ တိုင်ထိပ်ကို ရောက်ရမည်၊
ငါတို့ခေတ်ရောက်ကိုရောက်ရမည်
ဒါအကြွင်းမဲ့ယုံကြည်သည်၊
ခေတ်ပြောင်းသွားပါပြီ၊
လူတိုင်းက ကျွန်တော်တို့ကို လေး စွာ ဆက်ဆံခဲ့ကြပါပြီ၊ ကျွန်တော့် တ်ကို ထောက် လှမ်းရေးတွေ တောက်ကောက်မလိုက်တော့၊ မြို့ စာရေးဆရာအသင်းမှာ ကျွန်တော် င်းရေးမှူး၊

ဟိုတစ်ချိန်တုန်းက တစ်နေရာတုံး ကွဲ လျှင် ညိုမှိုင်းတို့ ခကာလေးဆိုပြီး ရဲ့သတင်းတပ်ဖွဲ့က လာခေါ်ကြတယ်၊ သားသမီးတွေက ကြောက်ပြီးငိုကြ၊

ရန်ကုန်မှာ ရုတ်ရုတ် ရှုတ်ရှုတ်ဖြစ် ရင် ခကာလေးပါ ဆိုပြီး လာခေါ်ကြ၊ ထပ် ပတ်ခန့် စစ်ကြောရေးလုပ်ကြ၊

ရင်ထဲမှာ နာကျင်လှတယ်ဗျာ၊

လူကောင်းတစ်ယောက်လို ပြန် လည်း လူဆိုးထင်နေကြ၊



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးလုပ်တယ်ထင်ကြ၊ အပြစ်တမပြီးသေးဘူးလားဗျာ - ဟင်၊

◉◉◉

ခုတော့ - ဒီမိုကရေစီခေတ်ကို ရောက်သွားပြီဗျာ၊ ကျွန်တော်တို့ရဲဘော်တွေ၊ ကျောင်းသားတွေ၊ အလုပ်သမား၊ လယ်သမား ပြည်သူတွေ သွေးချွေးအသက်နဲ့ ရင်းခဲ့ရတဲ့ ဒီမိုကရေစီခေတ်ဦးကို ရောက်လာခဲ့ပြီ။

ယုဒ္ဓ(ည)တွေ ထန်ပိုးတက်ခဲ့ပြီ၊ အရေးပါ အရာရောက်တဲ့နေရာတွေမှာ အထိုင်တွေနေကြပြီ၊ မျက်နှာမော်နိုင်ပြီဗျာ၊

ကျွန်တော် မည် သူ့ကိုမှ မမုန်းပါ၊ ရန်မလိုပါဘူးဗျာ၊

ထောင်မှူးထောင်ပိုင်၊ စာရေးဆရာတွေနဲ့ ကျွန်တော် လေးစားခင်မင် ချစ်ခင်စွာ ရှိနေတယ်၊

ဘဝတူတွေနဲ့လည်း ခင်မင်မပျက် ရှိနေတယ်၊

အံ့ဩစရာတော့ ကောင်းတယ်ဗျာ၊

ကျွန်တော့်ကိုနှေ့ရေးညပါစစ်ဆေးခဲ့တဲ့ရဲသတင်းတပ်ဖွဲ့က အရာရှိအချို့လည်း အငြိမ်းစားယူပြီးနောက် ကျွန်တော်နဲ့ ပြန်ဆုံကြတယ်၊

ကျွန်တော့်ကို သူ့အိမ်လာဖို့ လေးစားစွာ ဖိတ်ခေါ်ခဲ့တယ်ဗျာ၊

"ကိုညိုမှိုင်း - နေကောင်းတယ်နော်"

"ကောင်းပါတယ် - ဆရာ၊ ဆရာရော အရင်ဌာနမှာပဲလား"

"အငြိမ်းစားယူလိုက်ပြီး ကုမ္ပဏီမှာ ဝင်လုပ်နေတယ် - ကိုညိုမှိုင်းရေ၊ ကျွန်တော့်ဇနီးနဲ့ အိမ်သားတွေက ဆရာညိုမှိုင်းရဲ့စာဖတ်ပရိသတ်ဖြစ်နေတယ်ဗျာ၊ အိမ်ကို အလည်ခဲ့ပါဦးနော်၊ လိပ်စာက (---------)ပါ"

"ကျေးဇူးပါ - ဆရာ၊ ဒါနဲ့ ဆရာ ကျွန်တော်တို့အမှုကိုစစ်တဲ့အစိုးရရှေ့နေကြီး ဦးသွင်ရော ဘယ်မှာလဲ ဟင်"

"သူလည်း အငြိမ်းစားယူသွားပြီ ကိုညိုမှိုင်း၊ ခု - ဘယ်မှာနေလဲမသိဘူးဗျာ၊ လာလည်နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

တစ်ချိန်တုန်းက တာဝန်နဲ့လုပ်ခဲ့ကြရတာလေ၊ ကျွန်တော့်ကိုမုန်းလို့မဟုတ်ဘူး၊ ရပ်တည်တဲ့နေရာမတူလို့အမြင်တွဲပြားကြတာ၊ ခု - သူတို့ဘဝ လွတ်လပ်သွားကြပြီ၊ ကျွန်တော် ဘယ်သူ့ကိုမှ [illegible]ဘူး၊ ရန်ငြိုးမဖွဲ့ဘူး၊ ကိုယ်ပြုတဲ့ကံ [illegible]ကိုယ်ခံစားကြရတာ၊

ဘဝဆိုတာ ဒါပါပဲ၊

ရေစီးတစ်ခါ ရေသာတစ်လှည့်လည်း ရှိတာပဲ၊

ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်လည်း ရှိတာပဲ၊

တုံးအောက်က ဖား၊ ပြားတဲ့ဖားက ပြားတာပဲ၊ ဖောင်းတဲ့ဖားက ဖောင်းတာပဲ"

တစ်ခုပဲရှိတယ်၊

တုံးအောက်က ဖားတွေ သံပြိုင်အော်ရင်တော့ နားပိတ်ထားပေါ့နော်၊

→ မောင်ညိုမှိုင်း (သန်လျင်)

**နားရောဂါ**
ဟင်းဂလာနားကျပ်ဆီကို သုံးပါ၊

**နားကိုက်**
ကြက်သွန်နီကို မီးဖုတ်၊
အရည်နွေးနွေး နားထဲ ထည့်ပါ၊

**ဆံ့ဆို့နာ**
သဘော်သီးအစိမ်းကို သုပ်စားပါ၊

**ညှင်းပေါက်လျှင်**
ကြိတ်မှန်ရွက်ကို လိမ်းပါ၊

**တင်းတိပ်**
ဓန္နသုခအရွက်စိမ်းရည်ကို
သနပ်ခါးနှင့် စပ်၍လိမ်းပါ၊

**ဒူလာသွေးဝမ်းကျ**
ဆီးဖြူသီးကို ငါးရှဉ့်နှင့် ချက်စားပါ၊


**ဆီးပုပ်ရောဂါ**
ဆီးဖြူသီးခြောက်အမှုန့်ကို
ထန်းလျက်၊ ပျားရည်နှင့်
ရောနယ်စားပါ၊



www.burmeseclassic.com

www.burmeseclassic.com






ရွှေဝင်နတ်ဘုရား

ဒဂုန်ရွှေမျှား

ဝေယံသိန်

သိပ္ပံမောင်



www.burmeseclassic.com

www.burmeseclassic.com

# ချိုးပွားနည်း နည်းပညာကို တီထွင်ကာ ကမ္ဘာ့အံ့ဖွယ်တစ်ခုကို ပြုလုပ်မည့် လူငယ်တစ်ယောက် အကြောင်း ..

**ရှုသည် ...**

စကြဝဠာအနန္တ အထူးဆန်းဆုံး သောသတ္တဝါဖြစ်လေ၏ စိတ်ခွေအင် ဂျင်နီယာကြီးတစ်ယောက်က ကျွန်ုပ် အားပြောပြုတယ်။ အင်ဂျင်နီယာဟူသော ဂုဏ်အရှိန်ကြောင့်ဂင်းပြောသောစကား ကို တစ်ထစ်ချယုံကြည်ခြင်း မဟုတ်၊ စကားအသွားအလာနှင့်အချက်အလက် များတလုံးဝလက်ခံနိုင်စရာဖြစ်နေခြင်း ကြောင့် ကျွန်ုပ်မှာ များစွာလက်ခံမိတယ်။

"စာရေးဆရာ - ခင်ဗျားစဉ်းစားဗျာ၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ခေါင်းတစ်လုံး နဲ့ ဘာမှန်သတ္တဝါတွေလိုပါပဲ လူဆိုတာ တာ။ ဒါပေမဲ့ - သမထအစွမ်းတွေ ကျင့် ရင်ကျင့်သလောက်ပါဝါတွေရလာတယ် ဗျာ။ ခြေလျှင်မိုးပျံနိုင်တယ်၊ ကိုယ်ဖျောက် နိုင်တယ်။ တန်ခိုးမရှိတဲ့အရာတွေ၊ ဓာတ် သတ္တုတွေကို ဓာတ်လုံးတို့၊ အဆောင် အယောင်တို့ဖြစ်အောင် ဖန်တီးနိုင်ကြ တယ်။ ခေတ်ကာလကြာလာသည်နှင့် အမျိုးမျိုးစမ်းရှာဖွေမှုတွေ ရလာပြီး မိုင် ထောင်ချီဝေးတဲ့ဆီကို ကောင်းကင်က နေ ယာဉ်နဲ့ ပျံသန်းနိုင်ပြီး အာကာသ စကြဝဠာအထိတောင်သွားလည်နိုင်ကြ ပြီလေ။ လူဆိုတာ ရုပ် ပိုင်းဆိုင်ရာရော၊ နာမ်ပိုင်းဆိုင်ရာမှာ သတ္တဝါအားလုံး ထက်သာလွန်တယ်ဗျ။ ဒါကိုလူတချို့ဟာ ကိုယ့်တန်ခိုး ကိုယ်မသိကြ၊ အစွမ်းအစ မရှိဘူးလို့ထင်ပြီး ဘဝကို ပျော့ပျော့ကြီး ရေစုန်မျှောလိုက်နေကြတာ အားမရဘူး ဗျာ။

ဂင်း၏စကားများကို ကျွန်ုပ်မှာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင် ရင်း ထောက်ခံပေးမိတယ်။ ကျွန်ုပ်က ပြန်ပြီး -

"အေးဗျာ - ကျွန်တော်က ဘာသာ ရေးပဲ စိတ်ဝင်စားတော့ ခင်ဗျားပြော



သလိုလူကိုပြင်ပဗဟိဒ္ဓကနေ မသုံးသပ် ကြည့်မိဘူးဗျ။ ခင်ဗျားပြောသလို ဆိုရင် တချို့လူတွေဟာ ကိုယ်အစွမ်းအစရှိပါ လျက်သူများရွေးနဲ့တကိုမှီတွယ်ကပ်စား နေချင်တာမျိုး ရှိနေတယ်။ အခုဆို လမ်း ဘေးလက်ဖက်ရည်ဆိုင် မထိုင်လိုက်နဲ့၊ ထိုင်လိုက်တာနဲ့ ဘုန်းကြီးအတု၊ သီလ ရှင်အတု၊ ခြေလက်အကောင်း ဘာမျှ ချို့ယွင်းဘဲတောင်းနေတဲ့ဒုက္ခိတတွေ၊ ကား ဆေးရုံစာအိတ်တွေလိုက်ဝေပြီးပရဟိတ လိုက်ပြီးတဲ့လူတွေပိုပေါလာပါပကော၊ တာပဲနော်၊

တူ၍ပြောရာ ဂင်းက ပြုံး၍ပြန်ပြော သည်။

"အင်း - ခင်ဗျားပြောသလို လူတွေ သလောက်အစွမ်းအစရှိပြီး တကယ် တဲ့လူမျိုးကလည်း ရှိသဗျ။ ဒါပေမဲ့ သောအားဖြင့် အရမ်းတော်ရင် လမ်း သွားကြတာပဲလေ"

"ဟုတ်လား - ခင်ဗျား တွေ့ကြုံဖူး သလား"

"ရှိတယ် - ကျုပ် တစ်ယောက်တွေ့ ယ်။ တရင်ပြည်နယ်မှာတုန်းက ကျုပ် အင်ဂျင်နီယာဘဝနဲ့ တာဝန် တာပေါ့။ မြိုင်ကလေးဘီလပ်မြေ စက်ရုံဘက်မှာပေါ့ဗျာ။ အဲဒီ့တုန်းက တွေ့ ဖူးတဲ့လူဟာ ဘယ်လောက် ထူးဆန်း သလဲဆို - အင်း - ဘယ်လိုပြောရမတုံး ဆိုတော့ ခင်ဗျာ။ ငတက်ပြားကိုသိတယ် နော်၊ အေး - အဲဒီငတက်ပြားက ငှက် ပျောရွက်ပေါ်မှာ အိပ်သလိုကို အစွမ်းရှိ တာဗျ။"

"ဟာ - ဟုတ်ရဲ့လားဗျာ၊ ဒီခေတ် ကြီးမှာ ရှိပါ့ဦးမလား"

"ရှိလို့ပြောတာပေါ့ - စာရေးဆရာ ရယ်။ ကဲ - အချိန်လည်း ရသေးတယ်။ အဲဒီ့အကြောင်းပြောပြမယ်။ ဒီလိုဗျ အဲဒီ့ တုန်းက မြိုင်ကလေးကို ကျုပ်မသွားခင် ဘားအံကိုအရင်ရောက်တယ်။ တစ်ရက် တော့ ဘားအံရွှေရင်ဈော်ဘုရားတို့သွား ဖူးတုန်း ထူးထူးဆန်းဆန်းဖြစ်တက်ဘေး မှာ လူတွေအုံနေလို့ သွားကြည့်မိပါလေ ရော"

အင်ဂျင်နီယာကြီးသည်သူ၏အတွေ့ အကြုံကို အစချီပြောပြရာ ကျွန်ုပ်သည် ထုံးစံအတိုင်း မှတ်စုစာအုပ်ကလေးဖွင့် လိုက်လံမှတ်သားရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

DKBA ဆိုတာ ကရင်အလင်းဝင်သူပုန်ပါ။ အဲဒီနေ့က ကျုပ်လည်း ဘားအံကိုရောက်တုန်းအထင်ကရဘုရားဖြစ်တဲ့ သံလွင်မြစ်ကမ်းဘေးက ရွှေရင်မျှော်ဘုရားကို တစ်ယောက်တည်းသွားဖူးတာပါ။ မြစ်ချင်တော့ကမ်းနဖူးမှာလူတစ်စု အုတ်အုတ်ကျက်ကျက်ဖြစ်နေတာနဲ့ သွားကြည့်တော့ DKBA အလင်းဝင်သူပုန်(၄)ယောက်က အသက်(၂၅)လောက်ရှိတဲ့ လူငယ်တစ်ယောက်ကို ဝိုင်းချုပ်နေကြတာရှား။ လူငယ်ကလည်း ရွှေတိုယ်သွယ်လျှာလောက်ဘာဆေးတွေ စားသလဲမသိဘူး။ အဲဒီ DKBA လေးကောင်ကိုပြန်ချုပ်ပြီးတစ်ယောက်ပြီးတစ်ယောက် ဗိုင်းခနဲနေအောင် ကိုင်ပေါက်ပြနေ တာလေ၊ လူအုပ်ကြီးမှာ အသခနဲတင်ခနဲဖြစ်ပြီးနေပါရော။ DKBA သူပုန်တွေလည်းလဲရာကပြန်ထပြီးဗိုလ်ဖြစ်တန်တူသူက လူငယ်ကို သေနတ်နဲ့ ချိန်ပြီး ပြောသဗျ။

"ဟေ့ကောင် - မင်းငါတို့ပစ္စည်းပြန်ပေးမလား၊ အပစ်ခံမလား"

ဒီလိုပြောတော့ လူငယ်က ပြုံးပြီး ရှေ့ကို တိုးသွားတယ်။

"ဟေ့ကောင် - မင်းပစ်ချင်လည်းပစ်၊ တကြည့်တိုက်ထဲကပစ္စည်းကပြည်သူပိုင်ပစ္စည်းပဲ။ ပြည်သူဆိုတာငါလည်းပါတယ်။ ငါလိုချင်လို့ငါယူတာကွာ။ မင်းတို့ကိုမကြောက်လို့ယူတာ။ မင်းဘာဖြစ်ချင်လို့လဲ"

"ဟာကွာ - ဒီကောင် - ကဲကွာ"

"ဒိုင်း"

"ဟာ"

DKBA က သေနတ်ခလုတ်ဖြုတ်လိုက်ရာ လူငယ်တော့ သေပြီထင်သွား၏။ သို့သော် ဖြစ်ရပ်မှာ ထိုသို့မဟုတ်ဘဲ အနီလူငယ်သည် သေနတ်ပြောင်းကို လက်တစ်ဖက်တည်းဖြင့်ကိုင်၍ချိုးလိုက်ခြင်းကြောင့် ကျည်ဆန်သည် အပြင်သို့ မထွက်ဘဲ သေနတ်ဒင်သာကန်ပြီး သူပုန်မှာရင်ဘတ်အောင့်သွားတော့တယ်။ ထိုသို့ပြုပြီးသည်နှင့် လူငယ်သည် လူအုပ်ကြားထဲတိုးဝင်၍လက်ဆွဲအိတ်တစ်လုံးဖြင့် ပျောက်ကွယ်သွားတော့သည်။ လူတွေပြောပုံအရဆိုလျှင် အနီလူငယ်သည် ပစ္စည်းတစ်ခုခုကို ခိုးလာသဖြင့် DKBA များ လိုက်ဖမ်းနေသည် ဟူ၏။ ကျုပ်လည်း ဘုရားဝတ်ပြုပြီးတာနဲ့ ဘုရားပရဝုဏ်ရှေ့ရပ်ထားတဲ့ ကားပေါ်တက်ပြီး စက်နှိုးလိုက်သည်။ ပြီးတော့ ထွက်ဖို့ လီဗာကိုအနင်းမှာ ကျုပ် လည်းကို ဓားနဲ့ထောက်ပြီး ခပ်အုပ်အုပ်ပြောတဲ့အသံကြားသည်။

"ဟေ့လူ - ခင်ဗျားမသေချင်ရင် ကျုပ်ပြောတဲ့ နေရာမောင်း၊ ကျုပ်အနောက်ကနေ ဘယ်ညာကွေ့ဖို့ ပြောမယ်"

Back မှန်ထဲမှာကြည့်တော့ ခုနကောင်ဟာစောစောကထွက်ပြေးသွားတဲ့ကောင်ပဲလို့ ကျုပ်သိလိုက်တယ်။ သေချင်သေးတာနဲ့သူပြောသလိုဘယ်ညာချိုးမောင်းပြီး ထွက်ခဲ့လိုက်ကာ မြို့ပြင်ရောက်သွားပါလေရောဗျို့။ အဲဒီမြို့ပြင်ရောက်တော့ဒီလူက ဆင်းပြီးကျုပ်ကို ယဲ့တဲ့တဲ့ပြောတယ်၊

"ဟေ့လူ - ကြောက်သွားသလား၊ အားမနာပါဗျ။ လာပါ - ခင်ဗျားကို ရင်းရင်းချင်း မိတ်ဆွေလို ခင်မိတယ်၊ ကျုပ်အိမ်ကိုလိုက်လည်ပါဦး၊ အန္တရာယ်မရှိပါဘူး - စိတ်ချပါ"

ကျုပ်လည်း သူပြောသလိုပင် ကားကို၍ မောင်းလိုက်ရတယ်။ မလိုက်လို့ ထုထောင်းခံနေရင် မခက်ဘူးလား၊ ဒီလိုနဲ့သူ့နောက်လိုက်လာခဲ့တာ။ မိုင်တား(၂)မှတ်တိုင်စာလောက် တောင်ထဲ လျှောက်မိတယ်ဆိုရင်ပဲ စက်ရုံလိုလို ဓာတ်ခွဲခန်းကြီးလိုလို အဆောက်အအုံကြီးတစ်ခုကို တွေ့ရပါလေရော။

"ဟော - ဟိုမှာမြင်နေရတာ ကျွန်တော့်အိမ်ပဲ၊ အဲ - အလုပ်ဆိုလည်းဟုတ်တယ်ဗျာ။ ဒါနဲ့ - မိတ်ဆွေကြီးနာမည်က"

"ရွှေအောင်ပါ။ မင်းကရော ..."

"သိပ္ပံမောင်လှ - အလုပ်တအစုံပဲ"

ထူးဆန်းပေစွ၊ သိပ္ပံမောင်ဝနာမည်ကိုဖျက်၍ သူ့ကိုယ်သူ သိပ္ပံမောင်လှ ဟု ပေးထားသေးတယ်၊ အတော်ဆိုးသည့် ကောင်စားမျိုးပဲဟု မှတ်ချက်ချမိလေတယ်၊

ဒီလိုနဲ့ အဆောက်အအုံထဲရောက်တော့ အားပါးပါး ကြည့်ဖူးသောနိုင်ငံခြားကားများထဲကလို ခမ်းနားလိုက်သည့် အဆောက်အအုံပါပဲလား။ ရှိနေတဲ့အရာတွေကတော့ စက်ပစ္စည်းတွေနဲ့ သတ္တုဓါငယ်လေးတချို့ပါတဲ့။ သိပ္ပံမောင်လှက ကျုပ်ကို ဆက်တီတစ်ခုမှာ နေရာပေးပြီး အချိုရည်နဲ့ စားဖွယ်ရာတွေ ချကျွေးသည်စ်တယ်။ ပြီးတော့ - သူက အဝတ်သွားလဲတယ်၊ (၁၀)မိနစ်အကြာမှာ ပြန်ထွက်လာတော့ ဆရာဝန်လိုလို ဘာလိုလို





www.burmeseclassic.com

www.burmeseclassic.com

လောင်းတုတ်ရှည်အဖြူကြီး ဝတ်လာတယ်။ ကြောင်ပဲ့ဗျာ။ ကျုပ်လည်း အမြင်တတ်ကတ်နဲ့ ရွဲ့တဲ့တဲ့လေး မေးလိုက်တယ်။

"ဩော်၊ မင်းက လက်စသတ်တော့ သိပ္ပံပညာရှင်ကြီးကိုး – ဟိုး – ဟိုး"

"မှန်ပါ့ဗျာ – ခင်ဗျားက မဆိုးဘူးပဲ။ ကျုပ်သိပ္ပံပညာရှင်ဟုတ်မဟုတ်ဒီအပြင်အဆင်နဲ့ အဆောက်အအုံကို ကြည့်ရုံတင် သိနိုင်ပါတယ်"

"ဒီနေ့များတွေ့။ တကြည့်တိုက်ကနေ ဘာတွေသွားနိုးသလဲ။ ကြားလို့တောင်မကောင်းဘူး။ သိပ္ပံပညာရှင်ဆိုတာ လူတွေကို အကျိုးပြုရတယ်ကွ"

ကျုပ်စကားကို သိပ္ပံမောင်လုက ထဟဲဟဲရယ်တယ်။ ပြီးမှ –

"အင်း – အခုလိုနိုးရတာလဲ လူတွေကို တယ်တင်ဖို့ပါပဲ၊ ခင်ဗျားနားလည်ဖို့ ရှင်းပြပါ့မယ်"

ဆိုပြီးတော့ သူ့ဘေးက အံဆွဲထဲက ဖိုင်တစ်ဖိုင်ထုတ်ပြီး ကျုပ်ကို ပြတယ်။

"ဟောဒီမှာ UK ကပေးတဲ့ သိပ္ပံပညာရှင်ဘွဲ့၊ ဒါက ... အမေရိကန်က ဒီပလိုမာ၊ ဒါက ..."

ဟုတ်ပါ့။ သူပြတော့ ကျုပ်လည်း အံ့အားသင့်သွားတယ်။ သူဟာ တကယ်ပင် သိပ္ပံပညာရှင်ပေပဲ၊ ဘယ်လိုကြောင့်တောထဲလာနေပါလိမ့်၊

"ကဲ – ဘယ့်နှယ်လဲ – ခင်ဗျား ယုံသွားပြီမဟုတ်လား။ ကျုပ်က သိပ္ပံပညာရှင်ဖြစ်ပြီး ဘာလို့ဒီမှာနေ၊ ဒါတွေလုပ်နေရသလဲလို့ ခင်ဗျားတွေးနေမှာပဲ၊ ကျုပ်ရှင်းပြမယ်၊ မရှင်းပြခင် ဓာတ်ခွဲခန်းထဲ ခဏလိုက်ခဲ့"

သိပ္ပံမောင်လုဟာ ကျုပ်ကို သိပ္ပံဓာတ်ခွဲခန်းထဲ ခေါ်သွားပြန်တယ်၊ ယုန်၊ ကြွက်၊ မြွေ၊ တောကြောင်၊ မျောက် သတ္တဝါအစုံပါပဲ၊ အဲဒီကောင်တွေကို လှောင်အိမ်ထဲ ထည့်ထားပြီး စက်ကိရိယာတွေနဲ့ စောင့်ကြည့်ထားတယ်၊ ထိုင်ခုံတစ်လုံးယူပြီး ကျုပ်ကို ထိုင်စေတယ်၊ ပြီးမှ – သူက စပြောတယ်၊

"ကရင်ပြည်နယ်မှာအရမ်းချမ်းသာတဲ့ တရုတ်သူဌေးတစ်ယောက်ရှိတယ်၊ မြန်မာလို နာမည်ပေးထားတာက ဦးညဏတဲ့၊ အဲဒီသူဌေး ဦးညဏက DKBA စစ်ဗိုလ်တွေနဲ့လည်းပေါင်း၊ တပ်မတော်အစိုးရက လူကြီးတွေနဲ့လည်းပေါင်း၊ နစ်ဖက်ချွန်လုပ်ပြီး ရန်တိုက်ပေးတယ်၊ သူ့ရဲ့အလုပ်က တပ်မတော်နဲ့ DKBA စစ်တပ်အတွက်လိုအပ်တဲ့ရိက္ခာ

သုံးအဆောင်တွေကို တရုတ်ပြည်က ယိုးဒယားကတစ်ဆင့်မှာပေးတာပဲ၊ ပြောစရာတာက DKBA တွေလိုတဲ့လက်နက်တချို့ကို တရုတ်ပြည်ကနေ မှောင်ခိုသွင်းပေးတယ်၊ ပြီးရင် – တိုက်ပွဲတွေဖြစ်အောင် ရန်တိုက်ပေးတာပဲ"

"ဟာ – တယ်ယုတ်မာပါလား"

ကျုပ်က ကောက်ချက်ချတာကို သိပ္ပံမောင်လုက ခေါင်းညိတ်တယ်၊

"လွန်ခဲ့တဲ့(၂)နှစ်လောက်က ကျုပ် အမေရိကမှာဗျ၊ တစ်နေ့ ကျုပ်ကို ဦးညဏက ဟောင်ကောင်မှာတွေ့ဖို့ ချိန်းတယ်၊ ကျုပ်လည်း သွားတွေ့တော့ သူက ကျုပ်ရဲ့ ပညာရပ်တွေကို လေးစားယုံကြည်ပြီး အလုပ်တစ်ခုအပ်တယ်၊ အဲဒီ အလုပ်က ပုံတူမျိုးပွားတာပဲ"

"ဘာ – မ – မဖြစ်နိုင်တာ"

"မဖြစ်နိုင်လို့ပဲ – ကျုပ်ကို ငှားတာပေါ့၊ ကျုပ်က မဖြစ်နိုင်တာကိုမှ လုပ်တတ်တဲ့နာမည်ကြီးတယ်လေ၊ ခင်ဗျားမသိပဲကို"

သိပ္ပံမောင်လုသည် ထိုသို့ပြောပြီး ... ညှည်နှင့် ရုတ်တရက်ဆိုသလိုပင် မျက်စေ့ကျက်ရှိကြွက်လှောက်ထုပ်တန်းပေါ်သို့ ကြောင်တလေးမော လွှားခနဲ ခုန်တက်သွားလေတယ်၊

"ဟာ"

ကိုယ့်မျက်လုံးကိုယ် ယုံနိုင်မည်မထင်၊ ပြီးတော့ – သူပြန်ဆင်းလာတယ်၊ တဟားဟားရယ်ကာ ကျုပ်ပခုံးကို ကိုင်၍ –

"အဲဒါခန္ဓာကိုယ်ပေါ့ပါးစေတဲ့ဆေးတစ်မျိုးကြောင့်ဗျ၊ တစ်ကိုယ်လုံးပေါ့ပါးပြီး အစွမ်းတွေ ရှိလာတာပဲ၊ ဒီလိုပဲ ခွန်အားကြီးဆေးသောက်ထားရင် ဟို DKBA ရဲ့ သေနတ်ပြောင်းကိုတောင် ချိုးနိုင်တယ်မဟုတ်လား။ ကဲ – ခင်ဗျား မယုံသေးဘူးလား"

ဟု မေး၏။ ကျုပ်မှာ ဘာပြောရမှန်းမသိ ဖြစ်နေရတယ်၊

"ကဲ – ဆက်ပြောမယ်ဗျာ၊ စောစောကပြောတဲ့ ပုံတူမျိုးပွားဆိုတာ Clone နည်းပညာကိုပြောတာ၊ ခင်ဗျားလည်း ခေတ်ပညာတတ်ထင်ပါတယ်၊ ရှင်းပြရင် နားလည်မှာပါ၊ Clone ဆိုတာ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုလောက်က ...။ အင်း အတိအကျပြောရရင် ၁၉၉၆ – ခုနှစ်၊ ဇူလိုင်လ(၅)ရက်နေ့က ဂျာမနီမှာခေါ်လီ



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားပြောသလို မရှားလှဘူး။
Clone မျိုးပွားနည်းစာအုပ်ထဲမှာ
ပါတဲ့ နည်းအတိုင်းပြောရရင် လူသားကို
မျိုးပွားလို့သူဟာ အမေ့ဝမ်းထဲကကိုယ်တိုင်
မလာဘဲနဲ့ ရနိုင်ဘူးလို့ဆိုတယ်။
ဖြစ်ပေတဲ့ လူတွေကတော့ ဘယ်သိပါ့မလဲ။
လူရဲ့ အတွင်းကလီစာပိုင်းနဲ့ ဖန်တီးမှုရှာ။
ကျုပ်ကလည်း ဒီနည်းပညာကို စမ်းသပ်ပြီး
အောင်မြင်ရင် ဦးညာဏတို့ကို မရောင်းပါဘူး။
ကိုယ့်ပညာအရည်အချင်းကိုယ်
66 စမ်းသပ်တဲ့သဘောပါပဲ။



လို့ခေါ်တဲ့ သိုးမလေး မွေးဖွားခဲ့တယ်၊ အဲဒီသိုးမလေးဒေါ်လီကိုသန္ဓေနဲ့မွေးဖွားတာမဟုတ်ဘူး။ Clone နည်းနဲ့ မျိုးပွားခဲ့တာပဲ"

"ဟာ - ထူးဆန်းလိုက်တာ၊ နည်းပညာလေး ပြောပြပါလား"

"နည်းပညာကတော့ ခင်ဗျား နားမလည်လောက်ပါဘူး။ နားလည်အောင်ရှင်းပြရရင် မူလသိုးမကြီးရဲ့နို့အုံဆဲလ်ကနေ မျိုးဥကိုထုတ်ယူပြီး နျူကလီးယပ်စ်ကို ဖယ်လိုက်တာပေါ့၊ အဲဒီဆဲကို လျှပ်စစ်ခတ်တဲ့နည်းနဲ့ ထပ်မံကွဲထွက်စေတယ်၊ ကွဲထွက်တယ်ဆိုတာ မျိုးစိတ်ပွားလိုက်တာပဲ၊ အဲဒီမျိုးစိတ်ကနေမှ ဖန်ပြွန်သန္ဓေသားလေးအဖြစ် မွေးဖွားလာခဲ့တယ်၊ Clone ရဲ့ထူးခြားချက်က မူလအရာနဲ့ ချွတ်စွပ်တူညီနေတာပါပဲ"

"အင်း - စိတ်ဝင်စားစရာပဲ၊ ဒါဖြင့်ရင် - သိပ္ပံနည်းကျတော့ ယုံနိုင်စရာပါပဲ၊ စိတ်ကျတော့ရော တူနိုင်ပါ့မလား"

"ဟာ - ဘယ် တူ နိုင် ပါ့ မ လဲ ၊ ဒါကြောင့် - စိတ်အားနည်းတဲ့တိရစ္ဆာန်တွေနဲ့ပဲမျိုးပွားလို့ရတာပေါ့။ လူသားတွေ ပုံတူမျိုးပွားဖို့ဆိုတာ မလွယ်ပါဘူး။ ဗုဒ္ဓအလိုတော်အရ ပြောရရင် စိတ်နှစ်မျိုး၊ စေတသိက်(၅၂)မျိုးလို့ ကြားဖူးတယ်၊ တစ်စက္ကန့်မှာ စိတ်အကြိမ်ပေါင်းများစွာဖြစ်ပျက်နေတဲ့လူသားတွေကို ပုံတူမျိုးပွားဖို့ မလွယ်ဘူးပေါ့၊ ဒါပေမဲ့ဗျာ - အဲဒီအရှုတ်သူဌေး ဦးညာဏက ဘာပြောလဲဆိုတော့ လူသားပုံတူမျိုးပွားပေးရမယ့်အလုပ်အပ်သဗျ"

"ဟာ - မဖြစ်နိုင်တာပဲ၊ ဒီလူက အရူးပဲ"

ကျုပ်လည်း စိတ်ပေါက်ပေါက်နှင့် ပြောရလိုက်တော့ သိပ္ပံမောင်လှက ရယ်တယ်၊ ပြီးတော့ - ရေသောက်တယ်၊ ကျုပ်ကိုလည်း ငုံ့တိုက်တယ်၊ ဒီကောင်ဟာ လူမှုဆက်ဆံရေးတော့ ပြည့်ဝများ။ အင်းလေ - ဒါကြောင့်လဲပညာရှင်ဖြစ်လာတာပဲ၊ ပြည့်တဲ့အိုးက ဘောင်ခင်မခတ်ဟု ကျုပ် တွေးမိတယ်၊

"အဲဒီလိုလည်း အလုပ်အပ်ရော ကျုပ်က မဖြစ်နိုင်ဘူးလို့တိုက်ရိုက်မငြင်းဘူး။ အခက်အခဲများစွာရှိတဲ့အကြောင်းပြောပြပြီး သူ့ရဲ့ရည်ရွယ်ချက်ကိုမေးတော့သူကစစ်တပ်ကိုရောင်းမလို့ဆိုပဲ၊ ခက်တယ်လို့အခက်အခဲရှိတယ်ဆိုလည်း ကြီးမားတဲ့နည်းပညာတွေကိုနိုင်ငံခြားက နေဝယ်ပေးမယ်ပေါ့များအခွင့်ကောင်းတော့ သူ့စီးပွားရေးအတွက် ကျုပ်ကို အသုံးချတာပါပဲ၊ ကျုပ်လည်း ပညာတိုးတာက တစ်ပိုင်း၊ ပိုက်ဆံရမှာက တစ်ပိုင်းဖြစ်နေတာကြောင့် လက်ခံလိုက်မိတယ်၊ ဒါပေမဲ့ - သူ့ရဲ့နောက်ဆုံးရည်ရွယ်ချက်ကို သိလိုက်ရတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းဖို့စဉ်းစားရတယ်၊ သူ့ရဲ့ရည်ရွယ်ချက်ကဒီနည်းပညာနဲ့စစ်သားပေါင်းများစွာကို မွေးထုတ်ပေးပြီး ငွေပိုပေးတဲ့သူတွေကိုရောင်းမယ်ပေါ့ဗျာ၊ ဥပမာဆိုရင် မကောင်းသူပဲဖြစ်ဖြစ်၊ ကောင်းသူပဲဖြစ်ဖြစ် ရောင်းလိုက်တယ်ဆိုပါတော့၊ မကောင်းသူလက်ထဲရောက်သွားလို့ကတော့ အကုန်ဒုက္ခရောက်ကုန်မှာလေ၊ ဒါကို ကျုပ်က သိလေတော့ အချိန်ဆွဲထားလိုက်တယ်၊ မကြာပါဘူး၊ ရှာမနီတော်နေ မှာထားတဲ့ Clone နဲ့ပတ်သက်တဲ့ အမိကထုတ်ဖော်ပုံအဆင့်ဆင့်စာအုပ်ရောက်လာတယ်၊ အဲဒီစာအုပ်လဲရောက်လာရော ဦးညာဏဟာ ကျုပ်ကို တောင်းဆိုပါရောဗျို့၊ နောက်တော့ ကျုပ်ကအိမ်ကိန်းမှာ သိပ်ပြီးမပါဝင်ချင်တာကို သူ

www.burmeseclassic.com

နိုပ်မိသွားရော DKBA စစ်သားတွေ အတူအညီနဲ့ အကြပ်ကိုင်တော့တာပဲဗျို့ ဒီဓာတ်ခွဲခန်းကို သူ ဆောက်ပေးထားတာပဲ။ အဲဒီ့စာအုပ်ကိုတော့ သူဟာကျုပ် ရှက်ဆီးမှာစိုးလို့ ဘားအံက ဖွဲ့ကပင်စာကြည့်တိုက်ထဲမှာ သွားဝှက်ထားတယ်၊ ကျုပ်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခုံစမ်းပြီး ရအောင်ပြန်ခိုးရတာပေါ့ဗျာ၊ နောက်တော့ မြေရှင်မျှော် ဘုရားမှာ DKBAတွေနဲ့ခင်ဗျားတွေခွဲတဲ့အတိုင်းပဲ ဝဋ်ဝတွေ အနည်းငယ်ဖြစ်တာပါပဲ၊ အခု ကျုပ်လက်ထဲကို ဒီစာအုပ်ရောက်နေတယ် ဆိုတာ သိရင်တော့ ဦးညဏ ရောက်လာဦးမှာပါပဲ၊

ကျုပ်တာသိပ္ပံမောင်လှပြောပြသမျှ ကို နားထောင်လို့လဲပြီးရော စီးပွားရေး သဘောတိုက်လေလာသတက်ပုံကိုလွန်စွာမှ ရှုရှာမိတော့တယ်၊ အထူးသဖြင့် နည်းပညာကိုအသုံးချလျက်စစ်ပီးမွေးသူများ တိုပိုမိုရှုံရှာတယ်၊ ကျုပ်လည်းသိချင်တာလေးတွေရှိတော့ ထပ်မေးရပြန်တယ်၊

"ကဲ – ဒါဖြင့် – ငါလည်း ပြန်မယ်၊ မင်း ဘာဆက်လုပ်မယ်စိတ်ကူးလဲ"

ကျုပ်စကားကိုကြားတော့ သူဟာ မျက်ကလူးဆန်ပြာဖြစ်ပြီး လက်ကာပြတယ်၊

"အို – နီး – ခင်ဗျားမပြန်ရသေးဘူး၊ ခင်ဗျားတို့အဓိကခေါ်လာရတဲ့အကြောင်းရင်းက လူသားမျိုးပွားပုံတူစမ်းသပ်ဖို့ပဲ"

"ဘာ"

ကျုပ်လည်း အဲဒီ့စကားကိုကြားရော ကိုယ့်နားကိုယ်တောင် မယုံနိုင်ဖြစ်သွားတယ်၊ သူက ဆက်ပြောတယ်၊

"သိပ်လည်းကြောက်မသွားပါနဲ့ဦး၊ ခင်ဗျားဆီက အသားစကလေးတစ်စယူပြီး မျိုးပွားမှုစမ်းသပ်မှာပါ၊ အဓိကကတော့ လူတစ်ယောက်ရဲ့ကလီစာပိုင်းကိုဖြတ်တောက်ရမှာပဲ၊ ဒီတော့ မေ့ဆေးပေးပြီး ခွဲစိတ်တဲ့အခါ အချိန်နာရီပိုင်း အနည်းငယ်တွေ သည်းခံပေါ့ဗျာ"

"ဟာ – ဘယ်ဖြစ်မလဲ၊ မင်းပြောတော့ ဒီစီမံကိန်းကို အကောင်အထည်မဖော်ဘူးဆို၊ အခုဘာလို့ငါ့ကိုအသုံးချဖို့ကြံရတာလဲ၊ မင်းကိုယ်မင်း မျိုးပွားပါလား"

ကျုပ်စကားကို သူက ခေါင်းခါယမ်းပြီး တဟဲဟဲရယ်တယ်၊

"ခင်ဗျားပြောသလိုမရဘူးလေဗျာ၊ Clone မျိုးပွားနည်းစာအုပ်ထဲမှာ ပါတဲ့နည်းအတိုင်းပြောရရင် လူသားကို မျိုးပွားလိုသူဟာ အပေါ်ယံအစိတ်အပိုင်းလောက်နဲ့ မရနိုင်ဘူးလို့ဆိုတယ်၊ ပြင်ပအလှတွေကတော့ဘယ်သိပ်ပါမလဲ၊ လူရဲ့အတွင်းကလီစာပိုင်းနဲ့ ဖန်တီးမှုရမှာ၊ ကျုပ်ကလည်း ဒီနည်းပညာကို စမ်းသပ်ပြီး အောင်မြင်ရင်ဦးညဏတို့ကိုမရောင်းဘူး၊ ကိုယ့်ပညာအရည်အချင်းကိုယ် စမ်းသပ်တဲ့သဘောပါပဲ၊ ဒီတော့ ခင်ဗျားဒီတစ်ခုတော့ ဒီမှာပဲ အိပ်လိုက်ပါ၊ နောက်တစ်နေ့မနက် အားအင်ပြည့်ပြီး အချိန်ကျမှ ခွဲစိတ်ကြတာပေါ့၊ ဒီအချိန်မှာ ဦးညဏရောက်လာလည်း ကျုပ်က အေးဆေးပဲ၊ သူ့မြင်မှာက စမ်းသပ်မှုပြုလုပ်နေပြီပဲ ထင်မှာလေ"

သိပ္ပံမောင်လှဟာ ပြောပြောဆိုဆိုနဲ့ သူပြီးဓာတ်ခွဲခန်းတံခါးတွေကိုပိတ်လိုက်တယ်၊ သော့ခတ်ပြီး သော့ကိုလည်း သူ့အိတ်ထဲမှာစိုက်လို့ ကျုပ်အိပ်ဖို့နေရာပြင်ပေးပါတော့တယ်၊ တဖြည်းဖြည်းညနက်လာတော့ ကျုပ်လည်း အကြံတွေ ထုတ်ရပြန်တယ်၊ ဒီကိစ္စမှာ သူ့စမ်းသပ်ချက်အောင်မြင်ရင် ကျုပ် ဒုက္ခရောက်ကိန်းမြင်နေတယ်၊ အတွင်းကလီစာထဲက အသုံးမဟုတ်တစ်စုံတစ်ခုကိုသာဖြတ်မိတောက်မိသွားရင် ကျုပ်သေပြီမဟုတ်လား၊ ဒါကြောင့် ဒီက ထွက်ပြေးဖို့ အကြောက်အကန်ကြံပြီး နည်းလမ်းတွေ ရှာရတော့တာပဲ၊

အရပ်က ပုပု၊ လူကောင်သေးသေး ကောင်လေးဖြစ်တဲ့ သိပ္ပံမောင်လှကို ကျုပ် နပန်းလုံးပြီး သော့ကိုလုယူမလား လို့ပေါ့၊ ဒါပေမဲ့ဗျာ – ဒီကောင် သိပ်လည်တယ်၊ အဲဒီ့ကျုပ်ကိုလာတိုက်တဲ့အရည်ထဲမှာ အိပ်ဆေးကို မသိမသာ ခပ်ထားလိုက်တော့ ကျုပ်ဟာတွေးရင်းတွေးရင်း စောစောစီးစီးအိပ်ပျော်သွားပါလေရောလား၊

❁❁❁

နံနက်မိုးလင်းတော့ တွေးငှက်သာရကာသံလေးတွေ ပတ်ဝန်းကျင်မှာ ကြားနေရတယ်၊ နောက်ကြားရတဲ့အသံက သိပ္ပံမောင်လှရဲ့အသံဆိုပဲ၊

"နိုးပြီလား – မောနင်းပါ၊ ခင်ဗျားတော့ဖို့ နံနက်စာ စီစဉ်ထားပါတယ်၊ ပြီးရင်တော့ ခွဲစိတ်ဖို့ စကြတာပေါ့"

www.burmeseclassic.com

ဒီလိုလည်းပြောရော ကျုပ်မျက်လုံးထဲသွားတော်ခွဲခန်းထဲက ကတ်ကြေးတွေ၊ ဓားတွေကို မြင်မိပြီး ကျောရိုးထဲ စိမ့်သွားသလို ဖြစ်လာတာပါ။ ကျုပ်ဟာ နံနက်စာတို ဖြည်းဖြည်းချင်း စိမ်ပြေနပြေ ဖိမ်ခံစားပြီး ဒီကောင်ကို ဝင်နပန်းလုံးဖို့ ဆုံးဖြတ်လိုက်တော့တယ်။ ဒီလိုတွေးနေစဉ်မှာပဲ ခြံရှေ့က ဆူဆူညံညံအသံတွေကြားရတယ်

“တော့ မောင်လှ – တော့ မောင်လှ တံခါးဖွင့်စမ်း”

“ဒုန်း – ဒုန်း”

အသံလည်းကြားရော မောင်လှတာ မြူးတူးပြုတဲ ထလာပြီး ခြံဝကို လှမ်းကြည့်တော့ –

“တာ – ဦးညဏနဲ့ DKBA တွေပါလား။ ဒါ ကျုပ်အကြံအစည်ကို ဖျက်ဆီးမယ့်သဘောပဲ”

“ဟေ့ – မောင်လှ – တံခါးမဖွင့်ဘူးလား။ ငါတို့ မကြမ်းချင်ဘူးနော်၊ မင်းလုပ်ရပ်တွေ ရပ်တန်းက ရပ်ကွာ”

သိပ္ပံမောင်လှဟာ ဘာလုပ်ရမှန်းမသိ၊ ဟိုဘက်ဒီဘက် လျှောက်ပြေးနေတယ်၊ ကျုပ်လည်း သူ့မျက်လုံးတွေကိုကြည့်တော့ ဂနာမငြိမ်သလို အရိပ်အယောင် တွေ့ရတယ်၊ တစ်ခုခုတော့ မှားနေပြီလို့ ကျုပ်ထင်တယ်၊ ရုတ်တရက်ဆိုသလိုပဲ အပြင်ကနေ DKBA စစ်သားတွေဟာ သေနတ်နဲ့ တဒိုင်းဒိုင်းပစ်ပြီး ခွဲစိတ်ခန်းတံခါးကို ဖျက်ဆီးပြီး ဝင်လာပါလေရော။

“ဒိုင်း – ဒိုင်း”

အဲဒီအချိန်မှာ သိပ္ပံမောင်လှဟာ မျှော်လင့်မထားတဲ့ လုပ်ရပ်ကို လုပ်လိုက်တာကတော့ ကျုပ်လည်ပင်းကို သိုင်းဖက်ပြီး နားထင်ကို သေနတ်နဲ့ တေ့လိုက်တာပါပဲ။ သေနတ်က ဘယ်ကရသလဲလို့ တွေးဖို့ အချိန်တောင် မရှိတော့ပါဘူးဗျား

“ဟေ့လူ – ဦးညဏ – ခင်ဗျား ရှေ့မတိုးနဲ့၊ ခင်ဗျားတိုးတာနဲ့ ဒီလူကို ကျုပ်က သတ်ပစ်မှာနော်၊ ကျုပ်ရဲ့ project တွေကို ခင်ဗျား မကူညီချင်နေ မနှောင့်ယှက်ပါနဲ့”

ဒီစကားကို ပြောတော့ အသက် (၄၀) ခန့် ရုပ်ရည်သန့်ပြန့်သူလူကြီးဟာ ရှေ့ကို ထွက်လာပြီး ခါးထောက်စကား ပြောတယ်၊

“ဟေ့ကောင် – ဘာ project လဲ၊ နွားပါးစပ်က နတ်စကားထွက်နေတယ်ဆိုတာလား၊ ငါ့အရိပ်ကိုခိုပြီး ငါ့ကို ဒုက္ခပေးတဲ့ကောင်၊ မင်း ဒီနည်းနဲ့ ခြိမ်းခြောက်လို့ရမလား၊ အပြစ်မဲ့တဲ့သူကို ဒုက္ခမပေးနဲ့၊ လွှတ်လိုက်စမ်း၊ မင်း သူ့ကို သတ်လိုက်ရင် မင်းကို ငါတို့က အရှင်မထားဘူး၊ ပြီးတော့ – မင်းညီမ မအေးရွှေကိုလည်း ထောင်ချမယ်”

အဲဒီလိုလည်းပြောလိုက်ရောဗျာ ဒီကောင်ခမျာ ငိုင်ပြီးတွေးနေတယ်၊ ဒါကို အခွင့်ကောင်းယူပြီး ကျုပ်လည်း ကျုပ်ဝလနဲ့ ဒီကောင့် ခပ်ပိန်ပိန်ခန္ဓာကိုယ်ကို လည်ပင်းသိုင်းဖက်ထားတဲ့ကြားက ရုန်းကန်ပြီး ရှေ့ကို ကိုင်ပေါက်လိုက်တော့တယ်၊

“ဒိုင်း”

“အား”

ကျုပ် ကိုင်ပေါက်လိုက်တာနဲ့ သိပ္ပံမောင်လှဟာ ကြောက်အားလန့်အား သေနတ်နဲ့ ပစ်လိုက်တော့ ဦးညဏကို သွားထိတယ်၊ လျှပ်တစ်ပြက်အတွင်း DKBA တွေ ဝိုင်းပြီး ဒီကောင့်ကို ဖမ်းလိုက်ကြပါတော့တယ်၊ ကျုပ်လည်းသေနတ်ထိသွားတဲ့ ဦးညဏကို ပွေ့ပြီးထူရတယ်၊

“ဦးညဏ – ဦးညဏ – ဟာ – ဒုက္ခပါပဲ”

☺☺☺

ဦးညဏက မသေပါ၊ ကံကောင်းတယ်၊ သူ့ပခုံးကို ရှပ်ထိသွားခြင်းကြောင့် ဆေးရုံမှာ အနည်းငယ်သာ ကုသလိုက်ရတယ်၊ ကျုပ်က ထိုကိစ္စမှာ ပါနေတာကို ရဲတွေနဲ့ DKBA ဗိုလ်မှူးတွေက မေးစစ်တော့ ကျုပ်လည်း အကြောင်းစုံရှင်းပြရတယ်၊ ကျုပ်စကားကို အရာရှိတွေက နားထောင်ပြီး တရှိုက်က ရယ်တယ်၊ တချို့က သိပ္ပံမောင်လှကို ဆဲရေးကြတယ်၊ DKBA ဗိုလ်ကြီး စောအယ်ဒီမူး ရှင်းပြပုံက –

“တကယ်တော့ – ဦးညဏက သိပ္ပံပညာရှင်ပါ၊ မောင်လှဆိုတာ သူ့ငယ်ရင်းတပည့်ပေါ့၊ ပညာတွေ အရမ်းတော်လို့ နိုင်ငံခြားမှာတောင် ဘွဲ့တွေမျိုးစုံ ယူလာနိုင်ခဲ့တယ်၊ ဦးညဏက ကျုပ်တို့ကရင်သားတွေအတွက် လိုအပ်တဲ့ နည်းပညာ



www.burmeseclassic.com

www.burmeseclassic.com

တွေ ကူညီပေးတယ်၊ ဆေးပညာကိုလည်း ထောက်ပံ့တယ်၊ တပ်မတော်နဲ့ ကရင်လက်နက်ကိုင်အဖွဲ့ကို ငြိမ်းချမ်းဖို့ ကြားကနေ မျိုးစုံကူညီခဲ့တယ်ဆိုပါတော့ ဗျာ၊ လူချစ်လူခင်ပေါတဲ့ပုဂ္ဂိုလ်ပဲဆိုပါတော့၊ နောက်တော့ မောင်လှလည်း အဝလန်တ ပြန်လာရော သူတို့အချင်းချင်း ဝဋ္ဋိဝတ္တုတွေဖြစ်ကြပါလေရော၊ အဲဒါ ဦးညာဏကိုသာ မေးကြည့်တော့"

ဗိုလ်မှူးရှင်းပြတဲ့စကားကြောင့် ကျုပ်လည်း ဦးညာဏဆီ လိုက်သွားပြီး ဆေးရုံမှာအကြောင်းစုံရှင်းပြရပြန်တယ်၊ ဦးညာဏကလည်းကျုပ်ကိုဂရုဏာသက်စွာကြည့်ပြီး ပြောရှာတယ်၊

"ဦးလည်း စိတ်မကောင်းပါဘူး ဆောင်ရင်ရယ်၊ ဒီကောင်က နိုင်ငံခြားက ပြန်လာတည်းက ငွေမက်လာတယ်၊ ခေတ်မီနည်းပညာတွေနဲ့ ငွေရှာဖို့ နည်းလမ်းမျိုးစုံပြောပြီး ဦးကို အာရုံလာလာ နှောက်နေတာပဲ၊ သူပြောသမျှတွေဟာလည်း လူညွန့်တုံးမယ့်အဖျက်နည်းက များနေတော့ ဒီကောင့်ကို နောက်ပိုင်း ပစ်ထားမိလိုက်တယ်၊ သူ့ဘာသာသူ ဆေးတွေ ဖော်စပ်သုံးစွဲပြီး ဦးအထင်တော့ စိတ်ဝေဒနာရသွားတယ်ထင်တာပဲ၊ နောက်တော့ - ဦး သဲတောင်ဘက်ကို ဝန်ကြီးနဲ့သွားတော့ရှိန်မှာဒီပြဿနာတွေ ဖြစ်ရတာပဲ၊ ရွှေရင်မျှော်ဘုရားမှာ စာကြည့်တိုက်ထဲကစာအုပ်ခိုးလို့ဆိုပြီး ဦးမိတ်ဆွေ DKBA စစ်ဗိုလ်တွေ ဝိုင်းဖမ်းတယ်လို့ ကြားကတည်းက ဒီကောင့်ကို ထိန်းသိမ်းဖို့ပြန်လာခဲ့တာပဲ၊အလျင်မီလို့ပေါ့ကွယ်၊ မသေကောင်း မပျောက်ကောင်း"

"ဒါဆို - သူပြောတဲ့ Clone မျိုးပွားနည်းဆိုတဲ့ကျမ်းစာအုပ်က တကယ် မရှိဘူးလား၊ ဖွဲ့ကပင်စာကြည့်တိုက်ထဲက ခိုးလာတဲ့စာအုပ်က ဘာစာအုပ်လဲ၊

ကျုပ်စကားလည်းဆုံးရော ဦးညာဏဟာ ဆေးရုံခုတင်မွေ့ရာအောက်ကနေ စာအုပ်အနီလေးတစ်အုပ် ထုတ်လိုက်တယ်၊

"ဒီမှာ - DKBA ဗိုလ်ကြီး လာပေးသွားလို့ သိမ်းထားလိုက်တာ၊ ရက်ဖို့တောင် ကောင်းတယ်၊ သူယူလာတဲ့စာအုပ်ကိုဖတ်ကြည့်ပေတော့"

ကျုပ်ဟာစိတ်ဝင်စားစွာဖြင့်စာအုပ်ကိုဖတ်ကြည့်မိတော့စက္ကူကတ္တူအနီဖုံး



ထားသော အနီစာအုပ်မှာ သိပ္ပံစာအုပ်တစ်အုပ်တော့ ဖြစ်ချေတယ်၊ သို့သော် ခေါင်းစဉ်က -

"၁၉၉၇ - စနစ်၊ (.........)မဂ္ဂဇင်း"

ဟူ၍ဖြစ်လေတော့တယ်၊ ကျုပ်လည်း ရယ်ရမလို ငိုရမလိုဖြစ်လျက် စာရေးဆရာကြီး သိပ္ပံမောင်ဝကို အတုခိုး၍ သိပ္ပံ မောင်လှ အမည်ရ လူငယ်စိတ်ဝေဒနာရှင်လေးကို စိတ်ဆိုးရန်ထက် ကရုဏာသက်မိလေတယ်၊ ခြော် - လူသည် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားမပေးပါက ဖြစ်ချင်ရာတွေ ဖြစ်ပြီး ဘဝပျက်တတ်ပါတကားလို့ တောင်းကောင်း သံဝေဂရလိုက်မိတယ်ဗျာ၊

သခ္ခါအားဖြင့် အမြင်ရှင်းပါစေ

→ **ဝေယံသိန်း**

| | |
|---|---|
| **နား** | တရုတ်စကားပွင့်ကို နားတွင် ပိတ်ဆို့ထားပါ၊ |
| **လေ** | အပွင့်ကို လက်သုပ် သုပ်စားပါ၊ |
| **ထွက်** | သဘော်ာရွက်ကို ဒီးကင်၍ တို့စရာအဖြစ် တို့စားပါ၊ |

**နားပြည်ယို ...**

ကြက်သွန်နီ အရည်ညှစ်၍ထည့်ပါ၊

ကြိတ်မှန်ရွက်ခြောက်မှုန့်နှင့် ဆုန်းဆီ စစ်စစ်ဖျော်၍ နားကျပ်ပါ၊

www.burmeseclassic.com

# တန်ရာတန်ကြေး

နေမျှထူး



အသားစားငါးများ မွေးမြူပြီး
တာမဖောက်လမ်း ဆင်နွှဲနေသော
လူတစ်စု၏ ဖောက်သိမ်း ..

**"ဝင်ရိုးတန်း"**

စာတ်ဆီဆိုင်၊

အဝေးပြေးလမ်းမကြီးဘေးတွင် သိသာထင်ရှားသော ဓာတ်ဆီဆိုင်ဖြစ်သည်၊ အနီးတစ်ဝိုက်တွင် မည်သည့် ဓာတ်ဆီဆိုင်မျှမရှိသလို အခြားဆိုင်များလည်း မတွေ့ရချေ၊ သို့သော် တိုးဂိတ်နှင့်တော့ နီးလေသည်၊ မိုင်ဝက်ခန့်အကွာအဝေးတွင်မူ စားသောက်ဆိုင်အချို့နှင့် ကားရပ်နားရန်နေရာ ရှိလေသည်၊မီးဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ထုံးစံ့ရေးအရလိုအပ်၍ဖြစ်စေ ထိုနေရာကို အသေအချာ ရွေးချယ်ဖွင့်လှစ်ခြင်းဖြစ်သည်ဟု ယူဆရသည်၊

ဝင်လမ်း၊ ထွက်လမ်း၊ ကားပါကင်၊ ဆီပန့်နေရာ၊ တစ်ထပ်အဆောက်အအုံနှင့် စနစ်တကျ သပ်သပ်ရပ်ရပ်ရှိသော ဆိုင်ဖြစ်သည်၊ ထူးခြားသည်က ထိုအဆောက်အအုံ၏ နောက်ဘက်နားမကျတကျတွင် အုတ်ကန်ငယ်တစ်ခု ရှိသည်၊ သုံးပေခန့်သာမြင့်ပြီး ခြောက်ပေခန့် ကျယ်သည်၊ ဟိုမရောက် သည်မရောက်မို့ ရေလှောင်ကန်တော့ ဖြစ်ဟန်မတူချေ၊

တစ်ခါကနေ့လယ်ပိုင်းတွင်လူရည်သန့်သန့် လူကြီးမင်းတစ်ဦးသည် ဓာတ်ဆီဝင်ထည့်သည်၊ အပေါ့အပါးသွားရန် အဆောက်အအုံနောက်ဘက်သို့ လျှောက်ဝင်ရင်း အုတ်ကန်ငယ်ကို တွေ့လာသွားသည်၊ မြန်အထွက်တွင် သူ၏ စုံစမ်းလိုစိတ်ကို မအောင့်အည်းနိုင်သဖြင့် အုတ်ကန်အနီးသို့ကပ်သွားသည်၊ အုတ်ကန်အပေါ်တွင် ဖုံးထားသော သွပ်ပြားအဖုံးကို လှန်ကြည့်သည်၊ "အမလေး"ဟု မအော်ရုံတစ်မည် သွေးလန့်သွားသည်၊ ကမန်းကတန်း အဖုံးကို ပစ်ချပိတ်သည်၊

www.burmeseclassic.com

တွေ့ရသည်က နံပောင်နေသော အဝုဝ်နံ့နှင့်အတူ ဝုန်းဒိုင်းကြဲနေသော သဏ္ဌာဝါများကို တွေ့လိုက်ရ၍ဖြစ်သည်၊ ခပ်ထွယ်ထွယ်လူတစ်ယောက်၏ကိုယ်လုံးနှင့် အရပ်အမောင်းခန့် ရှိနိုင်သည့် ပြာနှမ်းနှမ်းအရောင်ရှိသော ငါးကြီးများ ဖြစ်သည်၊ ထိုလူက ထိုမျှနှင့် ငြိမ်မနေ ဈေးဆိုင်ဝန်ထမ်းများကိုဝင်တွေ့သည်၊ တနည်းတာ အသက် (၄၀) ခန့် ရှိပြီး ကျောက်ပေါက်မာသဲ့သဲ့နှင့်ဖြစ်သည်၊ ထစ်ဦးက သုံးဆယ်ကျော်ခန့်ရှိသော်လည်းမျက်လုံးမှေးသည်၊ နှစ်ဦးစလုံး၏ ဉပဓိရုပ်မှာသိပ်ပြီးဟန်မကျသော်လည်း သိလိုသည်ကိုတော့ မေးမြန်းရသည်၊

"ခင်ဗျားတို့ အုပ်တန်ထဲမှာ ဘာမွေးထားလဲ"

ကျောက်ပေါက်မာနှင့်လူကမပြော ဆေး နောက်ပိုင်းသို့ ဝင်သွားပြီး အမေးအမြန်း ထူနေပြန်သဖြင့် မကျေနပ်ချေ၊ သို့သော် ထိုလူ၏ ဉပဓိရုပ်က သန့်ပြန့်သဖြင့် တာဝန်ရှိသူ အရာရှိတစ်ဦးဦးဖြစ်နေလျှင် မသင့်လျော်ဟု ယူဆမိသည်၊ ထိုသူ၏စတိုင်က ဆိုင်ပိုင်ရှင်၏ မနေအရှိန်အဝါသုံးပြီး ဟောက်သော်လည်း ကြောက်မည့်ပုံမပေါ်ချေ၊ ဘုဆတ်ဆတ် ပြန်ပြောလျှင် မောရုံသာ ရှိမည်ဟု တွေးတောမိသောကြောင့် ညင်သာစွာ ဆက်ဆံရသည်၊

"ငါးလေးတွေ မွေးထားတာပါ"

"မဟုတ်ဘူး - ငါးကြီးတွေဗျ၊ ဘာငါးတွေလဲ - ပုပ်စော်လည်း နံတယ်"

ကျောက်ပေါက်မာနှင့်လူ တုန်လှုပ်သွားသည်၊ ထိုလူက စပ်စပ်စုစု ဖွင့်ကြည့်ဟန်တူသည်ဟု ရိပ်မိလိုက်သည်၊ သို့သော် သိမ်မွေ့စွာ ဆက်ဆံရမည့်အခြေအနေမှန်း သိသည်၊

"ဟုတ်ပါတယ် - အသားစားငါးတွေပါ၊ ကန်မှာ ပုပ်စော်နံနေတာက ကျွေးတဲ့ အစာကြွင်း အစာအကျန်ကြောင့် ဖြစ်မှာပါ"

"အမျိုးအစားက ..."

"အဲ - ကျွန်တော်မေ့နေတယ်၊ မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးတာပါ၊ မွေးတုန်းက ခပ်သေးသေးပါ၊ တစ်ပေလောက်ရှိမယ်ထင်တယ်၊ တစ်နှစ်အတွင်း အခုလောက် ထွားလာမယ်လို့ မထင်မိဘူး"

"အစာ ..."

"အစကတော့ ကျွန်တော်တို့ စားကြွင်းစာကျန်ပဲ ကျွေးတာပဲ၊ နောက်တော့ အသားငါး မှာကျွေးရတယ်၊ ကြာတော့ မတတ်နိုင်ဘူး၊ ခွေးအသေကောင် တွေကျွေးတော့ စားတယ်၊ အသားဖြစ်ပြီးရောသဘောပေါ့"

"အကျိုးရှိလို့လား"

"ညဘက်မှာ အဖုံးဖွင့် ထားရင် ...ယ်လိုအကောင်မှ မကပ်ရဲဘူး၊ လုံခြုံ...တ်ချရတယ်၊ ကျွန်တော်တို့က (၂၄) ...ရီတွင်းထီးထီးထဲမှာ ဖွင့်ရတာပါ၊ ဟို ...ဆီထည့်နေတဲ့ သန်းကြိုင်ရယ်၊ ကျွန်...တ်ရယ်ပဲ ရှိတယ်လေ၊ လိုအပ်လို့ မွေး...ပါ"

ထိုလူက ကျောက်ပေါက်မာနှင့်လူ ...မျက်စိုက်စိုက်ကြည့်သည်၊ ကျောက် ...ပေါက်မာနှင့်လူမှာ မနေတတ်၊ မထိုင် ...တ်ဖြစ်သွားသော်လည်း ခပ်တည် ...ည်ရင်ဆိုင်သည်၊ အတန်ကြာမှ ဆက် ...ပြောသည်၊

"ခင်ဗျားနာမည်က ..."

"လှိုင်ဘွား ပါ"

"ခင်ဗျားသူဌေးကို ပြောသင့်တယ် ...ဒီထက်ကြီးရင် အန္တရာယ်ရှိတယ်၊ ...များတို့ရောပေါ့၊ ဒီငါးတွေမွေးမယ့် ...အားလုံခြုံရေးအတွက်အခြားအစီအမံ ...ခုခု လုပ်သင့်တယ်လို့ အကြံပြုပါ ...ရာ"

"ကျေးဇူးတင်ပါတယ် - ဆရာ၊ ကျွန်တော် တင်ပြလိုက်ပါ့မယ်"

ဇဇဇ

မသူဇာသည် သူမ၏ ရေးရောင်းထွဲခြင်းလေးကိုကိုင်ပြီး ကားပေါ်မှ ဆင်းလိုက်သည်၊ တိုးဂိတ်မှဖြတ်ပြီး ဓာတ်ဆီဆိုင်ဘက်သို့ ပြေးသည်၊ မသူဇာနှင့် ဒေါ်လုံးတင်လည်း ပါလေသည်၊ အခြေအနေကြည့်ရာတစ်ဖက်မှခရီးသည်တင်ကား မလာသေးသဖြင့် အချိန်ရသေးသည်ဟု တွေးလိုက်မိသည်၊ ဓာတ်ဆီဆိုင်တွင် ထိုင်နေသော လှိုင်ဘွားကို အလိုက်သင့်တွေ့ရသဖြင့် လှမ်းမေးလိုက်သည်၊

"ဦးလှိုင်ဘွား - မိညို မရှိဘူးလား"

"မရှိဘူး - ဘာဆိုင်လို့ ဒါတို့ လာမေးတာလဲ"

"မနေ့ညနေက ကျွန်မနဲ့အတူလာတယ်လေ၊ ဦးလှိုင်ဘွားတာ မုန့်ဗိုးပေးမယ်၊ ထမင်းချက်ပေးဆိုလို့ ထမင်းချက်ရင်း ကျန်ခဲ့တယ်၊ ပြန်မရောက်လို့ လာမေးတာပါ"

"နောက်လာတဲ့ခရီးသည်တင်ကားနဲ့ တိုးဂိတ်က လိုက်သွားတာပဲလေ ဒါမသိဘူး"




www.burmeseclassic.com

www.burmeseclassic.com

"သူ့အိမ်က ပြန်ရောက်မလာလို့ ရှာပုံနေတာပဲ။ ဦးလှိုင်ဘွားဆီလာမေး ကြမှာပါ"

လှိုင်ဘွားက မည်သို့မျှ ခွန်းတုံ့မပြန်ချေ။ အံဆွဲကို ဆွဲဖွင့်ပြီး ငွေစက္ကူတစ်ထပ်ကို ရေတွက်လျက်ရှိသည်။ ထိုစဉ် ခရီးသည်တင် ဘတ်စ်ကားတစ်စီးက တိုးဂိတ်သို့ ဝင်လာသည်။ မသူဇာနှင့် ဒေါ်လုံးဆောင်တို့က ဆက်ပြီး စကားမရှည်နိုင်။ အမြန်ပြန်ပြေးပြီး ကားပေါ် တက်ရသည်။ သို့မှသာ ကားပေါ်၌ သူများထက် ဦးစွာ ဈေးရောင်းရမည်။ ကားရပ်သည် နေရာရောက်လျှင်လည်း မိမိအဖွဲ့ဈေးသည်များနှင့် ပြန်ဆုံနိုင်မည် ဖြစ်လေသည်။

နေ့လယ်ပိုင်းတွင် အသက်(၅၀)ခန့်ရှိ အဒေါ်ကြီးတစ်ယောက်နှင့် အသက် (၁၀)ခန့်ရှိသော လူရွယ်တစ်ဦး ရောက်လာသည်။ မည်သို့လာသည်တော့ မသိရချေ။ နေပူကြဲကြဲတွင် အမောတကော ရောက်လာခြင်းဖြစ်သည်။ ဓာတ်ဆီဆိုင်တွင် လူရှင်းနေသဖြင့် သူတို့နှစ်ဦးမှာ သိသာထင်ရှားနေသည်။ လှိုင်ဘွားက ဆီထည့်မည့်သူ မဟုတ်မှန်းကိုတော့ သိသည်။ ကားစောင့်ရန်ဆိုလျှင် တိုးဂိတ်ကို ညွှန်ပြရန် ပါးစပ်ကို ပြင်နေလိုက်သည်။

"မောင်လှိုင်ဘွားဆိုတာ ရှိလား ကွယ်"

"ကျွန်တော်ပဲ - ဘာကိစ္စရှိလို့လဲ"

လှိုင်ဘွားက သူ၏အမည်ကို သိရှိနေသဖြင့် အံ့သြသွားမိသည်။ ထိုအဒေါ်ကြီးကို မသိသဖြင့် စူးစမ်းရသည်။

"သမီးလေး မိညို ရှိသလားလို့ပါ"

"မနေ့ညနေက မသူဇာတို့နဲ့လာတယ်။ ထမင်းချက်ပေးတယ်၊ မုန့်ဖိုးပါးရာယူပြီး တိုးဂိတ်ကို ပြေးသွားတာပဲ။ ကျွန်တော်လည်း ကားတွေက ရောက်နေတော့ သေချာလိုက်မကြည့်မိဘူး။ အလုပ်ရှုပ်နေတယ်။ ဘာဖြစ်လို့လဲ"

"ပြန်ရောက်မလာလို့ပါ၊ အမေ့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိပါတယ်။ သူက လုပ်ကျွေးနေတာပါ။ ခုတော့ ဘယ်မှာရှာရပါ့မလဲ"

အဒေါ်ကြီးက ငိုသဖြင့် လှိုင်ဘွားတို့မှာ စိတ်မကောင်းဖြစ်ရသည်။

"ဆွေမျိုးသားချင်းအိမ်တွေ စုံစမ်းကြည့်ပါဦး။ အရပ်တုန်းက ခုလို ညအိပ်ညနေ သွားလာတတ်လား"

"သမီးက အိမ်ကလွဲပြီး ဘယ်ကိုမှ မသွားလာတတ်ပါဘူးကွယ်။ ညအိပ်ညနေဆိုရင်တော့ဝေးရောပဲ။ ဈေးရောင်း [...]တာကလွဲပြီး ဘာမှမလုပ်တတ်တဲ့ [...]လေးပါကွယ် - ဟီး - ဟီး"

အဒေါ်ကြီးက ပြောရင်းငိုပြန်သဖြင့် [...]တ်မှုတ်ရသည်။ သန်းကြိုင်က ကား[...]င်လာသဖြင့် ဆီသွားထည့်သည်။ [...]ဓာတ်ဆုံးတော့ လှိုင်ဘွားတို့မှာ မျက်[...]ည်လည်ရွဲနှင့် ငိုပွဲဆင်ပြီး ထွက်ခွာသွား[...]သာ အဒေါ်ကြီးတို့ကို ကြည့်ပြီး စိတ်[...]ကောင်းဖြစ်ရလေသည်။

ဇဇဇ

ကျော်နိုင်သည် ဒေါ်ရွှေရင်၏ [...]တ်သို့တကောက်ကောက်လိုက်ရင်း [...]မြှာကြည့်သည်။ ညီမဝမ်းကွဲတော် [...]မိညိုမှာ အဒေါ် ဒေါ်ရင်ရွှေပြောသကဲ့ [...]အမုန်တကယ် ရိုးသားသူဖြစ်သည်။ [...]တ်တလည်းဝယ်သေးသည်။ ယခု [...]အသက်(၁၇)နှစ်ခွန်းရှဲ ရှိသေးသည်။ [...]ည်းစားမရှိ၊ အပေါင်းအသင်းနည်း[...]ည်။ အိမ်နှင့် ကားဂိတ်၊ ဈေးရောင်း[...]ည့်နေရာမှလွဲပြီး မည်သည့်နေရာမျှ [...]လေ့မရှိပေ။ မည်သူက တီထွင်[...] လှိုင်ဘွားတို့ ထမင်းချက်၊ မုန့်ဖိုး [...]ဆောင့် ရောက်လာသည်ကို မသိရ[...]

ကျော်နိုင်က ဘယ်ဘဝ၏ ရွှေရေစက်ကြောင့် မသိချေ။ လှိုင်ဘွားနှင့် သန်းကြိုင်တို့ကို ကြည့်မရပေ။ သူတို့နှစ်ဦး၏ ဥပမိရုပ်သာမက ဟန်ပန်အမူအရာကိုလည်း သဘောမတွေ့ဖြစ်နေသည်။ ထိုအကြောင်းကို ရဲစခန်းတွင် လူပျောက်မှု တိုင်ကြားပြီး ရဲတပ်ဖွဲ့ဝင်များကို ပြောပြမိသည်။ ရဲတပ်ဖွဲ့ဝင်များကလည်း သွားရောက်စစ်ဆေး ရှာဖွေမေးမြန်းကြသည်။ သို့သော် တစ်စုံတစ်ရာ ထူးခြားမှု မရှိခဲ့ချေ။

ကျော်နိုင်က မကျေလည်သဖြင့် ညစဉ်ညတိုင်း လှိုင်ဘွားတို့နေရာသို့ သွားချောင်းမြောင်းသည်။ ရက်ပေါင်း (၂၈)ကျော်သော်လည်း ထူးခြားမှုမတွေ့ရချေ။ ကျော်နိုင်က မိမိ၏အလုပ်အသေများ ရီဝေဝိုးတဝါးဖြစ်လာသည်ဟု ထင်သည်။ သို့သော် နောက်ဆုံးရက်ကြာသောအခါ ထူးခြားမှု တွေ့ရသည်။ ညသန်းခေါင်ကျော်ခန့်တွင် သန်းကြိုင်နှင့် လှိုင်ဘွားတို့နှစ်ဦးက ခေါ်သေးများ တစ်စုံတစ်ရာ ကို နှစ်ဦးသား မ,ယူလာပြီး အုတ်ကန်အနီးသို့ ကပ်လာသည်။ ထို့နောက် အဖုံးကို ဖွင့်ပြီး ပစ်ချလိုက်ကြသည်။ ဝုန်းဒိုင်းကြဲသော ရာပွက်သံများကို ကြားရသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျော်နိုင်က ထိုနေရာသို့ မိုးလင်းပိုင်းတွင် ချဉ်းကပ်ကြည့်ရှုသည်၊ အမိုးကို သော့ခတ်ထားသဖြင့် မည်သို့မျှ စူးစမ်း၍မရချေ၊ နောက်တစ်နေ့ညတွင် လိုအပ်သော ဝက်အူလှည့်၊ သံတူးရွင်းအသေး၊ လက်နှိပ်ဓာတ်မီးများ ယူဆောင်လာသည်၊ ပစ္စည်းစုံ ယူလာသည့်နေ့တွင် အုတ်တန်အဖုံးက ဖွင့်လျက်သား တွေ့နေရသည်၊

ညဉ့်နှစ်နာရီခန့်ဖြစ်၍ ဆိုင်ဝန်ထမ်းတို့က အိပ်ပိုက်လျက်ရှိသည်၊ ကျော်နိုင်သည် အုတ်တန်အနီးသို့ တိတ်တဆိတ် ချဉ်းကပ်လာသည်၊ အုတ်တန်ဘေးသို့ ရောက်လျှင် လက်နှိပ်ဓာတ်မီးဖြင့် တန်အတွင်းသို့ ထိုးကြည့်သည်၊ တန်တစ်ဝက်ခန့်ရှိသောရေတွင်ကူးခတ်နေသော ငါးများကို တွေ့ရသည်၊ သို့သော် သေးသေးကွေးကွေးတော့ မဟုတ်ချေ၊ ငါးကြီးများသည် သူ့ကိုယ်လုံးနီးနီးရှိပြီး လေးငါးပေခန့် ရှည်ပေလိမ့်မည်၊

ကျော်နိုင်က တအံ့တဩ ငေးမောကြည့်နေစဉ် ငါးနှစ်ကောင်က ထခုန်လိုက်သည်၊ လက်ကို အမြန်ရုတ်လိုက်သဖြင့် မမိသော်လည်း လက်နှိပ်ဓာတ်မီးက ကန်အတွင်းသို့ ရုတ်တရက် လွတ်ကျသွားသည်၊ ပြာနှမ်းနှမ်းငါးကြီးများတွင် ထက်လှစွာသောကြောက်မက်ဖွယ် သွားများက အဖွေးသား တွေ့ရသည်၊ ရင်တုန် နှလုံးခုန်ဖြစ်သွားသဖြင့် ကျော်နိုင်က ခေတ္တငြိမ်သက်ပြီး စောင့်ကြည့်နေရသည်၊ အုတ်ကန်ပတ်ဝန်းကျင်တွင် တစ်စုံတစ်ခုရှိနေလျှင် ငါးများက ဝုန်းဒိုင်းကြဲနေသည်ကို တွေ့ရသည်၊ ထို့ကြောင့် ကျော်နိုင်က နောက်ဆုတ်ပြီး ပြန်ထွက်လာခဲ့သည်၊ ဆက်လက်စောင့်မကြည့်လိုတော့သဖြင့် ရွာသို့ မိုးမလင်းမီ အရောက်ပြန်လာခဲ့သည်၊

ကျော်နိုင်သည် ရွာသို့ ပြန်ရောက်လာပြီးနောက် ဖြစ်စဉ်ကို အသေးစိတ် လေ့လာသုံးသပ်သည်၊ လိုင်ဘွားတို့ပစ်ချလိုက်သည်မှာ ခွေးလော၊ လူလော မသဲကွဲချေ၊ လူဖြစ်နိုင်သည်ဟု တွေးရသည်၊ လူဖြစ်ကြောင်းကို လူစိမ်းသူစိမ်း တစ်ဦးတစ်ယောက်၏ အရိပ်အယောင် မတွေ့ရသောကြောင့် စဉ်းစားရခက်နေသည်၊ ထို့ပြင် အဝတ်အစားကိုလည်း မတွေ့ရချေ၊ ခွေးဆိုလျှင်လည်း ညအချိန်မတော် စွန့်ပစ်ရန် မလို တွေးရသည်၊

နောက်တစ်ခုက သည်မျှအန္တရာယ်ကြီးမားသော ငါးကြီးများကို အဘယ်





ကျော်နိုင်က အဓိပ္ပာယ်ကို ချက်ချင်း သိလိုက်သည်၊ သူ၏ လောက်လေးခွကို အသေအချာ ချိန်ရွယ်ပြီး လိုင်ဘွားသို့ ပစ်လိုက်သည်၊ “ဖောက်” ခနဲအသံကြားရပြီး လိုင်ဘွား၏ ကိုယ်မှာ အုတ်ကန်အတွင်းသို့ ထိုးစိုက်ကျသွားသည်၊ အစာငတ်နေသော သားစားငါးများ၏ ဝုန်းဒိုင်းကြဲနေသောအသံကို အတိုင်းသား ကြားနေရသည်၊ ”

ကြောင့် မွေးထားရသနည်း၊ ပြီးတော့ လူသိသူသိမဟုတ်၊ လျှို့ဝှက်စွာမွေးထားသည်ဟု ယူဆရသည်၊ ညအချိန်တွင် အမိုးကို ဖွင့်ထားပြီး နေ့အချိန်တွင် အမိုးပိတ်ထားသည်ကလည်း ထူးဆန်းနေသည်၊

ကျော်နိုင်က စိတ်ပါဝင်စားလာဟန်ဖြင့် ဆက်လက်ချဉ်းကပ်စူးစမ်းသည်၊ လိုင်ဘွားတို့က ရက်ကြာလာသည်နှင့်အမျှ ထူးခြားလာသည်၊ သာမန်အကြောင်းအရာအပြင်မိန်းမကိစ္စလည်း ပါလာသည်၊ မြို့က အဆက်အသွယ်ဖြင့် မိန်းမပျိုအချို့သည် ညရှစ်နာရီသာသာခန့်တွင် ရောက်လာပြီး အဆောက်အအုံအတွင်း၌နေသည်၊ နံနက်ငါးနာရီထိုးမှ ပြန်သွားကြသည်၊ သုံးလေးရက်တစ်ကြိမ်တော့လာဖြစ်ကြသည်၊ မိန်းမပျိုများမှာ တစ်ဦးနှင့်တစ်ဦး မတူသကဲ့သို့ ရုပ်ရည်သွင်ပြင်ကလည်း ကွဲပြားခြားနားကြသည်၊ အပျော်အပါးအတွက်ဝင်လော မသိချေ၊

ကျော်နိုင်က ရက်ကြာလာသည်နှင့် အမျှ အန္တရာယ်အငွေ့အသက်ကိုလည်း ရှူရှိုက်လာမိသည်၊ ထို့ကြောင့် နေ့စဉ် အချိန်ရလျှင်လောက်လေးခွ အသစ်ကျင့်သည်၊ ကုန်းသီးသုံးသည့် ပစ်ရောက်မှု

www.burmeseclassic.com

ကိုလေ့လာသည်။ နစ်ပတ်ခန့် လေ့ကျင့်ပြီးသောအခါ အတော်အတန် လက်ဖြောင့်သောလောက်လေးသမားစာရင်းဝင်လာသည်။

လေးဆယ့်ငါးရက်မြောက်နေ့၏ ညဘက်က ထူးခြားသည်။ ကျော်နိုင်က စောစောရောက်သဖြင့် ဖြစ်စဉ်များကို သေချာတွေ့ရသည်။ ထိုညက ချိန်းဆိုခေါ်သွားသောမိန်းမပျိုမှာ ဆင်းဆင်းရဲရဲဖြစ်တန်တူသည်။ ခပ်နွမ်းနွမ်းအဝတ်အစားနှင့် အသက်ငယ်ငယ်ဖြစ်သည်။ ရောက်နေသည့်မိညိုနှင့် မတိမ်းမယိမ်းဖြစ်တန်ရှိသည်။ ဤမိန်းမပျိုကိုတော့ ကိုယ်တိုင်သွားရောက် ခေါ်လာဟန်ရှသည်။ သန်းကြိုင်နှင့် ရှေ့မနောင်း ရောက်လာကြခြင်းဖြစ်သည်။

ညနှစ်နာရီခန့်တွင်မှ ထိုနေရာ တစ်ဝိုက်လှုပ်ရှားလျက်ရှိသည်။ ကျော်နိုင်က အဆောက်အအုံနောက်ဘက်သို့ ထွက်လာသောလိုင်ဘွား၊ သန်းကြိုင်နှင့် မိန်းမပျိုတို့ကို တွေ့ရသည်။ မိန်းမပျို၏ ကိုယ်တွင် အဝတ်အစားမပါချေ။ ကျော်နိုင်က ထူးဆန်းအံ့ဩစွာ စူးစမ်းနေမိသည်။ လိုင်ဘွားက မိန်းကလေး၏လက်တစ်ဖက်ကို ချုပ်ကိုင်ပြီး ပါးစပ်ပိတ်ထားသည်။ သန်းကြိုင်က အခြားတစ်ဖက်ကို ချုပ်ကိုင်ပြီး ခါးကိုဖက်ထားသည်။ တရွေ့ရွေ့ဖြင့် အုတ်ကန်အနီးသို့ ရောက်လာသည်။

ကျော်နိုင်က အဓိပ္ပာယ်ကိုချက်ချင်း သိလိုက်သည်။ သူ၏လောက်လေးခွကို အသေအချာ ချိန်ရွယ်ပြီး လိုင်ဘွားသို့ ပစ်လိုက်သည်။ "ဖောက်" ခနဲအသံကြားရပြီး လိုင်ဘွား၏ခန္ဓာကိုယ်မှာ အုတ်ကန်အတွင်းသို့ ထိုးစိုက်ကျသွားသည်။ အစောင့်ကြီးများ၏ ဝုန်းဒိုင်း ကြိုက်နေသော သားစားငါးများ၏ ဝုန်းဒိုင်း ကြိုက်နေသောအသံကို အတိုင်းသား ကြား နေရသည်။

သန်းကြိုင်က လိုင်ဘွားထိုးကျသွား သည်ကို ထိတ်လန့်တကြား အံ့ဩ မောနေမိသည်။ သန်းကြိုင် ပြန်လှည် မလာမီ နောက်ထပ် ကုန်းသီးတစ်ခု သန်းကြိုင်နောက်စေ့ကို ထိမှန်သွား သည်။ မည်သူမှန်းမသိရမီ အုတ်ကန် တွင်းသို့ ထိုးကျသွားသည်။ သားစားငါး များကပွဲတော်ကြီးသဖွယ် ဝုန်းဒိုင်းရှုန် နေသဖြင့် မိန်းကလေးက ထိတ်လန့် တကြား ဆုတ်ခွာထွက်ပြေးလာသည်။ ကျော်နိုင်က ငြိမ်သက်စွာ အခြေအနေ ကြည့်နေသည်။

ဪဪဪ

မိန်းကလေးက ဆိုင်အတွင်းသို့ အပြေးဝင်သွားသည်။ အတန်ကြာလျှင် သူ၏အဝတ်အစားများကိုဝတ်ပြီးအပြန် ပြန်ထွက်လာသည်။ အနည်းငယ်သွားပြီးနောက် နောက်သို့ ပြန်လှည့်သွားသည်။ ထို့နောက် လိုင်ဘွား ထိုင်သောနေရာသို့ သွားပြီး အံဆွဲကို ဆွဲဖွင့်သည်။ ငွေစက္ကူအချို့ကို ယူပြီး အပြေးလေး ထွက်သွား၏။ အမှောင်ရိပ်ကျသောနေရာသို့ ရောက်သောအခါ ပျောက်ကွယ်သွားသည်။

ကျော်နိုင်သည် တစ်နာရီခန့် ကြာသည်အထိ စောင့်ကြည့်နေသည်။ မည်သည့်ထူးခြားချက်မှ မတွေ့ရချေ။ သည်တော့မှ ကျော်နိုင်က ဆိုင်အတွင်းသို့ ဖြည်းလေးစွာ ဝင်သွားသည်။ ပြန့်ကြဲနေသောငွေစက္ကူများကိုတွေ့ရသော်လည်း ကျော်နိုင်ကအနားသို့မသီချေ။ တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ကြည့်သည်။ အချို့ခန်းအတွင်းရှိ ဗီရိုအံဂုက်တစ်ခုမှ ထွက်ကျနေသောအဝတ်အစားအချို့ကို တွေ့ရသည်။ စောစောက မိန်းကလေး ဝတ်ယူသွားခြင်းဖြစ်နိုင်သည်။ ကလေးအဝတ်အစားတွေချည်းဖြစ်သည်။ ဆယ့်လေးငါးစုံတော့ ရှိပေလိမ့်မည်။

ကျော်နိုင်သည် ထိုအထဲမှ ပွင့်ရိုက် အပြာနုရောင်အကျီလက်စကလေးတစ်ခုကို ထုတ်ယူလိုက်သည်။ အဖြေသိလိုက်ရသည်။ ဤပိတ်စသည် ကျော်နိုင်က ဒေါ်လေး ဒေါ်ရင်ရွှေကို ကန်တော့ခဲ့သောပိတ်စလေးဖြစ်သည်။ ဒေါ်လေးတာ မိညိုကို ချုပ်ပေးလိုက်ပြီး သူတာ မဝတ်ရချေ။ ဤသို့ဆိုလျှင် မိညိုမည်သို့ဖြစ်သွားသည် ဆိုသောအဖြေကို သိရပြီဖြစ်သည်။ မိညိုအတွက် ရင်နာစွာဖြင့် ထိုအကျီလေးကိုယူပြီး ထွက်လာခဲ့သည်။ အမှောင်ထုအတွင်းသို့ တိုးဝင်လာခဲ့သည်။

ကျော်နိုင်သည်ပြုခဲ့သောအမှုတို့အတွက် နောင်တမရမိချေ။ ဤအကျီလေးကို ဒေါ်လေး ဒေါ်ရင်ရွှေသို့ အပ်ရမည်လော၊ အစဖျောက်ရမည်လောဟု တည်းမဟုတ် ရဲတပ်ဖွဲ့စခန်းတွင် ဖြစ်ကြောင်းကုန်စင် ရှင်းရမည်လော ဆိုသည် ဝေဖန်စဉ်းစားနေမိသည်။ မိညိုအတွက် "တန်ရာတန်ကြေး" ရသဖြင့် ရင်တွင်းဝယ် ကျေနပ်မိသည်။

→ နေမထူး

www.burmeseclassic.com




လောင်းကစားသမားတစ်ယောက်သည်

ရှုံးနိမ့်ဖန်များလာလျှင် မည်သူ့မျက်နှာကိုမျှ

မထောက်ထားဘဲ ရာဇဝတ်မှု

ကျူးလွန်တတ်ပေရာ ..

## နေခြည်နက ...

နေ့သွေးနေ၏၊ နေခြည်နနှင့်အတူ အေးမြသည့် လေပြေ အထိအတွေ့ကို ခပ်ပါးပါး ခံစားရသည်။

ရာသီဥတုက မိုးကုန်စ။

စိုစွတ်ထိုင်းမှိုင်း အေးမြမှုကို ခံစားရသည်။ မိုးကုန်စဖြစ်သဖြင့် ဆောင်း၏ အငွေ့အသက်ကို စတင်သန်းလာပြီ။

မြောက်ပြန်လေ နေ့သွေးနေ သဖြင့် အအေးငွေ့ ပါလာသည်ပေါ့။ ကြည်စမ်းပါဦး၊ အဝေးတွင် ခပ်ပါးပါး နှင်းစကို မြင်ရပြီပဲ။

လေတမှ ဝေ့ဝိုက်နေ၏၊ လေနှင့် အတူစခန်းရှေ့ရှိအလံတိုင်မှပြည်ထောင် စုအလံသည် တလူလူ လွင့်နေ၏၊ လေ တစားကြွား တလူလူဝေ ဆိုသည်မှာ ဒါမျိုးလား။

သူ (သို့မဟုတ်) မိုးဇော်လွင်။

သူ့အသက်က (၃၀)ဝန်းကျင်၊ (၂၇)နှစ်ဝန်းကျင် သူက တည်ကြည် သည့်အသွင်ရှိသည်၊ ယောကျ်ားပီသ သူ၊ သူက ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်၏။

သူ စားပွဲ၌ ထိုင်နေ၏၊ ညက သူ တာဝန်တစ်ခုကို ကျေပြွန်စွာ ထမ်း ဆောင်ခဲ့သည်၊ ထို့ကြောင့် သူ ယခုထိ မအိပ်ရသေး၊ မျက်လုံးတွေ တွိန်းနေ ဖန်စပ်နေ၏။

အိပ်ချင်နေစေကာမူလည်း စိတ်ကို ထိန်းထားရသည်။ မအိပ်နိုင်သေး၊ မအိပ် နဲ့၊ မအိပ်နဲ့ဟု ထိန်းထားရသည်။

ဟုတ်ပ၊ သူ မအိပ်နိုင်သေးသည့် အကြောင်းရှိသည်၊ အစီရင်ခံစာ တင်ရ သေး၊ အစီရင်ခံစာက အရေးကြီးသည်၊ အစီရင်ခံစာပြီးမှ အိပ်လို့ဖြစ်မည်။

ဒါက တာဝန်၊ အမှုမှန် ပေါ်ပေါက် ရေးအတွက်ရဲတပ်ဖွဲ့ဝင်တစ်ဦး၏အဓိက တာဝန်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း - လူဆိုးထိပ်းဆိုတဲ့ဘဝက လွှယ်ပါလား။ ညာက်ကစားနိုင်မှ တော်တာကျတာလေ"

သူတွေးဖြစ်သည်၊ ဒီကနေ့ ဒုစရိုက်သမားတွေက အရင်တုန်းကလို မဟုတ်ကြတော့၊ လေ့ကြီးထိုး ရိုးရိုးမဟုတ်ကြ၊ အတွန့်တွေ၊ အညွန့်တွေ များသည်၊ ညာက်နီညာက်နက်တွေ များသည်၊

ညာက်တစားကြသည်၊ ဒီကနေ့ ဒုစရိုက်လောကမှာ သမရိုးကျ ဒုစရိုက်သမားဆိုတာ ရှိပါဦးမလား။

ဒါကြောင့် ဥပဒေသက်တော်သားတွေကလည်း ညာက်တိုက္ခာသုံးရသည်၊ ခြေတစ်လှမ်းဦးအောင် ကြိုးစားရသည်၊ ကြိုးစားရသည်။

●●●

မှတ်မိသေးရဲ့၊

"မင်းတို့အားလုံး မြဲမြဲမှတ်ထားရမယ့်တိစ္စတစ်ခု ရှိတယ်၊ တခြားတော့ မဟုတ်ဘူး၊ ဒီကနေ့ ဒုစရိုက်သမားတွေ ညာက် များကြသလို တို့ကလည်း ဒီကောင်တွေကို မျက်ခြေမပြတ် မိဖို့လိုတယ်၊ အမြဲတမ်း ရှုမြင်သုံးသပ်နေဖို့ လိုတယ်၊ ဒီနေ့ခေတ်က လေ့ခေတ်၊ လှည်းခေတ် မဟုတ်တော့ဘူး၊ ဒီကနေ့ခေတ်က အနုမြူခေတ်၊ ပြောင်းလဲမှု၊ တိုးတက်မှုတွေ များနေပြီ၊ ဒါကြောင့် ဆန်းသစ်တဲ့ နည်းစနစ်တွေ သုံးရမယ်"

လူဆိုးထိပ်းခေါင်းဆောင် ဒုရဲအုပ် အောင်မင်းသိန်း ပြောဖူးသည့်စကား။

သူက အသက်(၃၀)ကျော်ရှိပြီးတုတ်ခိုင်ထွားကြိုင်သည်၊ အေးဆေးတည်ငြိမ်သည်၊

သူက တော်သူ၊ တိကျသူ၊ သူက လေ့လာမှုအားကောင်းသူလည်းဖြစ်၏။ သူက စာဖတ်သူဖြစ်သဖြင့် ဗဟုသုတ ကြွယ်သည်၊ ထိုးထွင်းညာက်ကောင်းသည်၊ တစ်ထွာဆိုတံတောင်မြင်သူ၊

သူက အကွက်မြင်သူဟု ဆိုလျှင်လည်း မမှား။

သူက အမှုအခင်းတစ်ခုကို အချိန်တိုတိုအတွင်း ဖြေရှင်းဖော်ထုတ်နိုင်သူ၊

မိုးဖော်လွင်က ဒုရဲအုပ် ဦးအောင်မင်းသိန်း၏ ညာလက်ရုံး၊

ညက၊

ဒုရဲအုပ် အောင်မင်းသိန်းနှင့် မိုးဖော်လွင်အတူရှိနေသည်၊ နှစ်ဦးပေါင်းပြီး အရေးကြီးသည့်တရားခံတစ်ဦးကို ဖမ်းနိုင်ခဲ့သည်၊

ယခု အစီရင်ခံစာ ရေးနေပြီ၊

"ဒေါင် - ဒေါင်"

ရော - စခန်းကင်းမှ သံချောင်းသံ ကြားရသည်၊ နှစ်နာရီတောင် ထိုးပြီပဲ၊ ဆရာအောင်မင်းသိန်းကမိုးဖော်လွင်ကို မှာထားသည်၊

"မိုးဖော် - အစီရင်ခံစာကို အဓိကထားရေး၊ ပြီးတာနဲ့ ဘာမှမစဉ်းစားနဲ့၊ စိတ်လွတ်ကိုယ်လွတ် အိပ်ပစ်လိုက်" ဟု ဖြစ်သည်၊

အစီရင်ခံစာ ရေးပြီးလျှင် မိုးဖော်လွင်အနားယူရမည်။ ပြီးလည်းပြီးချင်နေပြီ၊ မျက်ခွံတွေ လေးပြီး မျက်ကြောတွေ တင်းနေပြီ၊ ဒုက္ခ၊

●●●

ဖိနပ်သံကြားသည်၊ တဖြည်းဖြည်းလျှောက်လာသည့်ဖိနပ်သံ၊ မိုးဖော်လွင် အစီရင်ခံစာကို ပြန်ဖတ်ရင်း အသံလာရာဆီသို့ငဲ့ကြည့်လိုက်သည်၊ ယူနီဖောင်းဝတ် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊

သူက ခန္ဓာကိုယ် သေးညှက်သော်လည်းမာန်ရှိသည်၊ သူ့အမည်မောင်တိုး၊ မောင်တိုး ဝေ့ခနဲ ကြည့်ပြီး -

"ဆရာမိုးကို ဆရာအောင် ခေါ်ခိုင်းလိုက်လို့ ..."

မိုးဖော်လွင် ပြန်မကြည့်၊ "အိုကေ" ဟုပြောပြီးအစီရင်ခံစာကိုလက်မှတ်ထိုးသည်၊ ဖိုင်တွဲတွင်း ထည့်လိုက်ပြီး ထလိုက်သည်၊

သူ့အသိ၌အကြောင်းရှိပြီဟုသိနေခဲ့သည်၊

အခန်းထဲမှ ထွက်ခဲ့သည်၊ အပြင်၌ နေခြည်တို့ ဖြာလက်နေဆဲ၊ နေခြည်တို့က စခန်းတွင်းသို့ စီးကျနေသည်၊ သံ ပင်ထက်မှ ငှက်အော်သံလည်း ကြားရ၏။

ဆရာအောင်အခန်းဝသို့ရောက်ပြီ၊ မိုးဖော်လွင် အခန်းဝသို့ ရောက်လျှင် အခန်းတွင်းမှ အခြေအနေကို အတိုင်းသားမြင်ရ၏။ အခန်းတွင်း၌ဆရာအောင်နှင့်အတူ အမျိုးသမီးတစ်ဦး ရှိနေသည်၊ မျက်နှာချင်းဆိုင် ထိုင်နေကြသည်၊

ဆရာအောင်က လျင်ပါ့၊ မိုးဖော်လွင် အခန်းဝရောက်လျှင် "တော မိုးဖော် - လာ" ဟု အသံပြုသည်၊ အမျိုးသမီးက ဇွေ့ခနဲ လှည့်ကြည့်သည်၊

မိန်းကလေးက မျက်လုံးမျက်ခုံ ကောင်းသည်၊ နှာတံပေါ်ပြီး ပါးမို့မို့ကလေးနှင့် ချစ်စရာကောင်းသည်၊ သန္တာနှုတ်ခမ်းကလည်း ဆေးမခြယ်ပဲ ရဲနေ၏။

သူမက မည်သူနည်း။

သူမကအလည်အပတ်ရောက်လာသူ မဖြစ်နိုင်၊ ရဲစခန်းသည် ပျော်ရွှင်စရာ မဟုတ်၊ ပြဿနာနှင့် စီဝေသောတာသူ ဟု သိနိုင်သည်၊ သောကနှင့်လှည့်သည် ပြဿနာသာဖြစ်သည်ဟုအတွေးအမြဲ အရ သိနေသည်၊

မိုးဖော်လွင် အနားရောက်လျှင် ရပ် ပြီးဆရာအောင်မင်းသိန်းထံအရိုအသေ ပေးလိုက်သည်၊

www.burmeseclassic.com

"လေးစားပါတယ်ကွာ - ထိုင်"

မိုးဖော်လွင် ထိုင်လိုက်လျှင် -

"မိုးကြီး - သူက ခင်ခင်လေးတဲ့၊ လူသတ်မှုတစ်ခုနဲ့ပတ်သက်လို့အမှုလာ ဖွင့်တာ" ဟု ပြောလျှင် မိုးဖော်လွင်က ခင်ခင်လေးကို ဆတ်ခနဲ ကြည့်လိုက် သည်။ အသေအချာကြည့်မှ ခင်ခင်လေး သည် အတော်ချောသည့်မိန်းကလေး မှန်းသိရ၏။

ခါးနှံ့နှံ့အသားနှင့်ညတ်ညောနေ သောခင်ခင်လေးကား သူတို့ကိုကြည့်ပြီး -

"ဆရာတို့ အမြန်သွားရင်ကောင်း မယ်၊ အချိန်ကြာခြင်းနဲ့အတူ အပြောင်း အလွဲတွေဖြစ်သွားနိုင်တယ် - ဆရာ"

မိုးဖော်လွင် သူ့စကားအဆုံး ပြုံး လိုက်သည်။

"စိတ်ချပါ - ခင်ခင်လေး၊ ကျွန်တော် တို့အချိန်မဆွဲပါဘူး၊ အခင်းဖြစ်တာက ဘယ်မှာလဲ"

"မြိုင်ဟေဝန်မှာပါ"

ဆရာအောင်က ခင်ခင်လေးကို ကြည့်လိုက်ပြီး ခင်လေးကော လိုက်မှာ လားဟု မေးလျှင် ခေါင်းခါသည်။

"ခင်လေးလိုက်လို့မဖြစ်ဘူး ဆရာ၊ ကျွန်မနဲ့ ကိုချစ်နွယ်က သဟဇာတမဖြစ် ဘူး၊ ကျွန်မ လိုက်ခဲ့ရင် မလိုအပ်ပဲ ပြဿနာဖြစ်နိုင်တယ်၊ ကျွန်မကတော့ ဒီအချိန် ပြဿနာမဖြစ်ချင်ဘူး"

"ကောင်းပြီလေ၊ ဒါဆို - ခင်လေး ပြန်ပါ"

ခင်ခင်လေးက တစ်စုံတစ်ရာ ပြော လိုဟန်ဖြင့်ဆရာအောင့်ကိုကြည့်သည်။ ဆရာအောင်က ပြုံးလိုက်ပြီး -

"စိတ်ချပါ - ခင်လေး၊ ကျွန်တော် တို့ အစွမ်းကုန် ကြိုးစားမှာပါ၊ မကောင်း မှုဆိုတော့ ဆိတ်ကွယ်ရာ မရှိပါဘူး ခင်ခင်လေး၊ မကြာမီ အမှန်တရား ပေါ် ရပါစေမယ်" ဟု ပြောသည်။

"ကျေးဇူးပါပဲရှင်၊ ကျွန်မကတော့ ကိုချစ်နွယ်ကို မယုံဘူး၊ မသင်္ကာဘူး"

"ဘာမှမစိုးရိမ်ပါနဲ့ - ခင်လေး၊ အမှန်တရားဆိုတာ ဖုံးကွယ်မရပါဘူး"

ဆရာအောင် ပြုံးလိုက်သည်။ သို့ နယ်ပင် "မြိုင်ဟေဝန်" သို့ သွားရန် မိုးဖော်လွင်ကို အမြန်ဆုံး စီစဉ်နိုင်း သည်၊

•••

အစီအစဉ်အားလုံး ပြုလုပ်ပြီး အခန်းထဲပြန်ဝင်လာတော့ ခင်ခင်လေး မရှိတော့၊

"သွားမလား - ဆရာအောင်"

ခေါင်းညိတ်သည်။ ထို့နောက်ဆရာ တပည့်နှစ်ယောက် အခန်းထဲမှ ထွက်ခဲ့ သည်။ ကားပေါ်သို့ရောက်လျှင် -



"အခြေအနေဘယ်လိုလဲ - ဆရာ"

ဆရာအောင်က ပြုံးပြီး စီးကရက် တစ်လိပ် ထုတ်ဖွာသည်။ ပြီးမှ -

"အခုလာတဲ့ ခင်လေးက မြိုင်ဟေ ဝန်မှာ အသတ်ခံရတဲ့ ဒေါ်စံပယ်ရဲ့ မွေး စားသမီးလေ၊ ဒေါ်စံပယ်ရဲ့သား ချစ်နွယ် နဲ့ အဆင်မပြေကြဘူး၊ အသတ်ခံရတဲ့ အဖွားကြီးက ခင်လေးနဲ့နေတာ၊ နေ ကောင်းမှ မြိုင်ဟေဝန်ကို ပြန်သွား တာ၊ ဒါပေမဲ့ - ခင်လေးနဲ့ ဒေါ်စံပယ်က အဆက်အသွယ် မပြတ်ဘူး၊ မနေ့က ဒေါ်စံပယ် အကောင်းကြီးက သေသွား တာ"

"ကိုချစ်နွယ်က ဒေါ်စံပယ်သား လား၊ သားရင်းက အမေ့ကို သတ်ပါ့ မလား"

"သဘာဝအရတော့ ဟုတ်တယ်၊ ခက်တာက ချစ်နွယ်က လောင်းကစား သမားလေ"

"အင်း - ဒါလဲ စဉ်းစားစရာပဲ"

ဤသို့ဖြင့် ကားကလေး ခြံကျယ် ကြီးတစ်ခုရှေ့သို့ ရောက်လာသည်၊ ခြံကြီးက ကျယ်ဝန်းသော်လည်း တိုက် ကြီးက ဟောင်းအိုနေပြီ၊ တကယ့်ကို ရှေးဟောင်းပုံသဏ္ဍာန်ဖြစ်ပြီး (၁၉)ရာစု လက်ရာဖြစ်သည်၊

ခြံဝမှာ ဆိုင်းဘုတ်တစ်ခုရှိသည်၊

"မြိုင်ဟေဝန်"

ခြံတံခါးပွင့်နေသဖြင့်ခြံထဲသို့ ကား မောင်းဝင်ခဲ့သည်၊ ပေါ်တီကိုအောက်သို့ ရောက်လျှင် ကားရပ်လိုက်၏။

ထိုစဉ် အိမ်ပေါ်မှ အမျိုးသမီးတစ်ဦး ဆင်းလာသည်၊ သနပ်ခါးပါးပါး လိမ်း ထားပြီး ဆံပင်ကို တစ်ပတ်လျှိုထုံးထား သည်၊

ခရမ်းရင့်ရောင် အင်္ကျီနီးရှားပါတိတ် နှင့်၊ မြိုင်ဟေဝန်နှင့်ပတ်သက်သူတစ်ဦး ဖြစ်မည်၊ သို့သော် အရေးပါသူ မဖြစ်နိုင်၊

ကားပေါ်မှဆင်းပြီး သူမနှင့် မျက်နှာ ချင်းဆိုင်လိုက်သည်၊ သူတို့နှစ်ဦးက ယူနီဖောင်းဝတ်ထားသဖြင့် တွေ့ဆိုင်း ဆိုင်းဖြစ်နေ၏။

ဆရာအောင် ပြုံးသည်၊

"ကိုချစ်နွယ် ရှိလား"

"ဟုတ်ကဲ့ - ကိုချစ်နွယ် အပေါ်ထပ် မှာ ရှိပါတယ်"

"ဒါဆို - ငါတို့ကိုယ်တိုင် သွားတွေ့ရ မလား၊ မင်း ကူညီမလား"

"ဆရာတို့က ခေါ်ပေးဆိုရင် ခေါ်ပေး ပါ့မယ်၊ ဘယ်သူလို့ ပြောလိုက်ရမလဲ ရှင်"

"စခန်းကလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ - ဒါဆို - ဧည့်ခန်းမှာ စောင့်နေပါနော်"

www.burmeseclassic.com

အရုလာတဲ့ ခင်လေးက မြို့မဟောဝန်မှာ
အသတ်ခံရတဲ့ ဒေါက်တာလီရဲ့ မွေးစားသမီးလေး၊
ဒေါက်တာလီရဲ့သား ချစ်နွယ်နဲ့ အဆင်မပြေကြဘူး၊
အသတ်ခံရတဲ့ အမွှားကြီးက ခင်လေးနဲ့နေတာ၊
နေအိမ်ဟောင်းမှ မြို့မဟောဝန်ကို ပြန်သွားတာ၊
ဒီလေမဲ့ - ခင်လေးနဲ့ ဒေါက်တာလီက
အဆက်အသွယ် မပြတ်ဘူး၊
မနေ့က ဒေါက်တာလီ အဟောင်းကြီးက
66 သေသွားတာ၊



မိန်းကလေးက ရှေ့ကျူးစွာပြောပြီး ဧည့်ခန်းဆီသို့ ဦးဆောင်သွားသည်၊ "ထိုင်ပါရှင်" ဟုပြောပြီး လှည့်ထွက်သွားသည်။

ခုရဲအုပ်ကြီးနှင့် မိုးဇော်လွင်တို့ စီးကရက်ဖွာရင်း ဧည့်ခန်း၌ စောင့်နေ၏။ ကြီးတော့ - ရဲတပ်ဖွဲ့ဝင်များပီပီ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေ၏။

စင်စစ် မြို့မဟောဝန်၏ အခြေအနေသည် သာမန်မဟုတ်။ အပြင်ကကြည့်တော့ ဟောင်းနွမ်းသယောင်ရှိသော်လည်း အထဲ၌မူ သစ်လွင်နေသည်ကို တွေ့ရ၏။ ခေတ်မီခမ်းနားနေသည်ပင်၊

ထိုစဉ်အပေါ်ထပ်မှ ဆင်းလာသည့် ခြေသံ ကြားရပြီး ကြည့်လိုက်တော့ အသက်(၄၀)ဝန်းကျင် ခန့်ညားသည့် အမျိုးသားတစ်ဦးကို တွေ့ရသည်။

သူက ကိုချစ်နွယ်မှလွဲ၍ အခြားသူ မဖြစ်နိုင်။

သူ အနားရောက်လာပြီ၊

ဆရာအောင်က အပြုံးနှင့် ထလိုက်သည်။

"ကျွန်တော်က ရဲတပ်ဖွဲ့က ခုရဲအုပ် အောင်မင်းသိန်းပါ"

ဟု မိတ်ဆက်လိုက်၏။ သူက မျက်မှောင်ကြုံ့ပြီး - "ကျွန်တော် ချစ်နွယ်ပါ" ဟု ခပ်ပေါ့ပေါ့ပြောသည်၊

"ကျေးဇူးပါပဲ - ကိုချစ်နွယ်၊ ကျွန်တော်တို့ ကိုချစ်နွယ်နဲ့ တွေ့ဖို့လာတာပါ"

ဆရာနွယ် ပြန်ထိုင်လိုက်သည်၊ ကိုချစ်နွယ်က မျက်နှာချင်းဆိုင်၌ ထိုင်ချက် စီးကရက်မီးညှိရင်း -

"အကြောင်းများ ရှိလို့လား"

"ဟုတ်ကဲ့ - ဒေါ်စံပယ်နဲ့ပတ်သက်လို့ဆိုပါတော့"

စွေခနဲ ကြည့်ပြီး -

"မေမေနဲ့ပတ်သက်လို့ဟုတ်လား၊ မေမေ မနေ့က ဆုံးသွားတယ်လေ၊ မေမေ သေဆုံးသွားကြောင်းကိုလည်း ဒေါက်တာ ဝင်းသူရက ဆေးစစ်ချက် ရေးပြီးပြီပဲ၊ မေမေသေတာ သွေးရိုးသားရိုးပါ၊ အခုကို စစ်ဖို့ ဆေးဖို့ လာတယ်ဆိုတော့ ကျွန်တော့် ဂုဏ်သိက္ခာကို ထိပါးတယ်ထင်တယ်"

ဆရာအောင်က ပြုံးလိုက်သည်၊

"ဒီအတွက် ကျွန်တော်တို့ စိတ်မကောင်းပါဘူး - ကိုချစ်နွယ်၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့ကတော့ တိုင်ကြားသူရှိရင် စစ်ဆေးရမှာပဲလေ"

ကိုချစ်နွယ်က အလိုမကျဟန်ဖြင့် မျက်မှောင်ကြုံ့လိုက်သည်၊ စီးကရက်ကို ဆေးခွက်တွင်းသို့ ထိုးချေလိုက်ပြီး - "သတ္တိကို နောက်တာပဲဗျာ" ဟု ပြောသည်၊

●●●

အပေါ်ထပ်ကို ကိုချစ်နွယ်က ဦးဆောင်ခေါ်ခဲ့သဖြင့် တက်ခဲ့သည်၊ အခန်းကျယ်တစ်ခန်းသို့ ရောက်ခဲ့၏၊

အခန်းက ကျယ်ဝန်းပြီး နံရံကို အပြာရောင်သုတ်ထားသည်၊ အခန်းထောင့်၌ ခုတင်တစ်လုံးရှိသည်၊ ပြင်ဆင်ထားသည့်ခုတင်၊

ခုတင်ပေါ်၌ အမျိုးသမီးကြီးတစ်ဦး လဲလျောင်းနေသည်၊ ပက်လက်အနေအထားဖြစ်၏၊ ခန္ဓာကိုယ်ပေါ်၌ အဝါနုရောင် ဖာပုဝါ ခပ်ပါးပါး၊ လွှမ်းခြုံထားသည်၊ အလောင်းစင်ပြင်ထားခြင်း ဖြစ်သည်၊

ဆရာအောင်နှင့် မိုးဇော်လွင်တို့ အကဲခတ်ကြည့်နေ၏၊ ကိုချစ်နွယ်က -

"ကျွန်တော့်အမေက နလုံးသားဝေဒနာရှင်ဗျ၊ ဒီဝေဒနာရှင်မျိုးက သေမင်းနဲ့ စစ်ခင်းနေသလို၊ သူ့မှာ ဝေယုံနိုင်စရာနဲ့ ဆန်းကြယ်တဲ့အဖြစ်တွေလဲ ရှိတယ်လေ"

မိုးဇော်လွင်က -

"ဒေါ်စံပယ်က နလုံးရောဂါဝေဒနာရှင်ဆိုတော့ စဉ်ဆက်မပြတ် ကုသနေရမှာပေါ့၊ ဒေါက်တာ ဝင်းသူရနဲ့ပဲ အမြဲကြပ်မတ်ကုသနေရသလား" ဟု မေးလိုက်သည်၊

"စဉ်ဆက်မပြတ် ကုသနေရတာတော့ အမှန်ပဲ၊ ဒါပေမဲ့ - ဒေါက်တာ





www.burmeseclassic.com

www.burmeseclassic.com

ဝင်းသူရတစ်ယောက်ထဲတော့ မဟုတ်ဘူး၊ ဒေါက်တာ နေဝါနဲ့လဲ ကုသပါတယ်"

"ဒါဖြင့် - ဒေါက်တာ နေဝါကိုကော အကြောင်းကြားသေးလား"

"ဒေါက်တာ နေဝါက အခုမရှိဘူးလေ၊ ဒါကြောင့် - ဒေါက်တာဝင်းသူရကို အရေးပေါ်ပင့်ရတာ၊ ခက်တာက ဒေါက်တာဝင်းသူရက မကုလိုက်ရဘူး၊ ဒေါက်တာဝင်းသူရရောက်လာတော့အမေက အသက်မရှိတော့ဘူးလေ"

ကိုချစ်နွယ် စကားဆုံးလျှင် ရဲအုပ်ဆရာအောင်က -

"ကျွန်တော်တို့ ညည့်ခန်းဝင်ရအောင်လား - ကိုချစ်နွယ်" ဟုပြောလိုက်သည်။

"ဟုတ်ကဲ့"

ထိုနောက် သုံးဦးသား ညည့်ခန်းဆီသို့ ဆင်းခဲ့၏။ ညည့်ခန်းရောက်လျှင် -

"ကိုချစ်နွယ်ကိုတစ်ခုမေးရဦးမယ်၊ ဒေါ်စံပယ်ဆုံးတော့ ကိုချစ်နွယ်ရှိလား"

"ကျွန်တော် မရှိပါဘူး၊ အဲဒီညနေက ကျွန်တော် ခရေရိပ်ကလပ်မှာ ရှိနေတယ်လေ၊ သွားတုန်းကတော့ အကောင်းကြီးပါ၊ ကလပ်ရောက်ပြီး မကြာခင် ဖုန်းကတော့ ဆရာဝန်ခေါ်ဖို့ သတိရပြီး သွားခေါ်တော့ ဒေါက်တာ နေဝါ မရှိဘူး၊ ဒါကြောင့် ဒေါက်တာဝင်းသူရကို ခေါ်ခဲ့ရတာ"

ဆရာအောင် ပြုံးလျက် -

"ကျေးဇူးပဲ - ကိုချစ်နွယ်၊ ခုလို ကူညီတာ ကျေးဇူးအများကြီးတင်ပါတယ်" ဟု ပြောလိုက်သည်။ ကိုချစ်နွယ် နားမလည်နိုင်စွာ ကြည့်လိုက်မိ၏။

"ခင်ဗျာ - ကျွန်တော် ဘာကူညီရဦးမလဲ"

"တခြားတော့ မဟုတ်ပါဘူး ကိုချစ်နွယ်၊ ဒေါ်စံပယ်ရဲ့သေမှုသေခင်းဟာ သာမန်ထက် ပိုသယောင် ဖြစ်နေတယ်၊ တိုင်သူက တိုင်လာတော့ လွယ်လွယ်ဆုံးဖြတ်လို့ မဖြစ်ဘူးလေ၊ ဒါကြောင့်ဒေါ်စံပယ်မြေမြှုပ်သင်္ဂြိုဟ်ဖို့ကို နှစ်ရက်လောက် ဆိုင်းရမယ်ထင်တယ်"

ကိုချစ်နွယ် လေပူကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။ "ခင်လေးစကားကိုတော့ သိပ်အလေးအနက် မထားသင့်ဘူး" ဟု ပြော၏။

"စိတ်ချပါ - ကိုချစ်နွယ်၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့တွေက မလိုတာဖယ်ပြီး အမှန်တရားအတွက် အလေးအနက်ထားပြီး ဖော်ထုတ်မှာပါ၊ ကျွန်တော်တို့က ကြောင်းကျိုးဆက်နွယ်မှုကလွဲလို့ ဘာမှအဓိကမထားပါဘူး"

ကိုချစ်နွယ် သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

●●●

ဒေါက်တာ ဝင်းသူရက ပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန်ဖြစ်သည်၊ ထို့ကြောင့်နံနက်ပိုင်းဒေါက်တာဝင်းသူရ၏ ပြည်သူ့ဆေးရုံတွင် သွားတွေ့ခဲ့သည်။

ဒေါက်တာဝင်းသူရက ဖြူဖြူနွဲ့နွဲ့ လေးဖြစ်သည်၊ အနေလည်းအေး၏၊ သူသည် မိုးဇော်လွင်ကိုတွေ့လျှင် -

"ကျွန်တော် ဘာကူညီရမလဲ ခင်ဗျား၊ ကျွန်တော် ဒေါက်တာ ဝင်းသူရ ..."

"ဟုတ်ကဲ့ - ကျွန်တော်က ဒေါက်တာ ဝင်းသူရကိုတွေ့ပြီး မေးစရာရှိတာ ... ဒါကြောင့်ပါ"

"ဟုတ်ကဲ့ - မေးပါ"

"တခြားမဟုတ်ပါဘူး၊ တစ်မြန်နေ့ ဒေါက်တာ မြို့ပေါ်ဝန်ကို ရောက်ခဲ့တယ်ဆိုတာ သိချင်လို့ပါ"

ဒေါက်တာ ဝင်းသူရက ခေတ္တစဉ်းစားပြီး -

"ဟုတ်ကဲ့ - ကျွန်တော် သတိရပါတယ်၊ ကိုချစ်နွယ်က သူ့မိခင်ကို ကြည့်ပေးဖို့ လာပင့်တာကြောင့် ကျွန်တော် ... ဟောဝန်ကိုရောက်ခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော် မကုလိုက်ရပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ရောက်တော့ ဒေါ်စံပယ်က အသက်မရှိတော့ဘူး၊ ဒါကြောင့် သေဆုံးတာ မှန်ကန်ကြောင်း ... ထောက်ခံစာရေးပေးခဲ့ပါတယ်၊

မိုးဇော်လွင်က -

"ဒေါက်တာ သေဆုံးသူကို ကြည့်လာတော့ အခန်းထဲမှာ" ဟုမြော့ပြီး စကားဖြတ်လိုက်သည်၊ ဒေါက်တာ ဝင်းသူရကိုကြည့်လိုက်လျှင်တ သူက -

"ဟုတ်တယ် - အခန်းတစ်ခန်းထဲမှာပါ" ဟု ပြော၏။

"အခန်းက အခန်းကျယ်လား"

ဟုမိုးဇော်လွင်က မေးလိုက်သည်။

"မဟုတ်ဘူး ခင်ဗျ"

"ဒါဆို - အခန်းအခြေအနေကို ကော မှတ်မိလား"

"ဟာ - မှတ်မိတာပေါ့၊ အခန်းက အခန်းကျဉ်းကလေးပါ၊ ကြွက်သိုက်လို အခန်းပေါ့၊ အခန်းနံရံ အဖြူရောင်သုတ်ထားတယ်"

"ဟုတ်လား - ဒေါက်တာ၊ အခန်းနံရံက အပြာရောင်မဟုတ်ဘူးလား"

"ဟာ - ဘယ်တဟုတ်ရမလဲ၊ အခန်းက အပြာရောင်မဟုတ်ဘူး၊ အဖြူရောင်မှ အဖြူရောင်စစ်စစ်"

ဒေါက်တာ ဝင်းသူရစကားဆုံးလျှင် ပြုံးလိုက်ပြီး -

"ကျေးဇူးတင်ပါတယ် - ဒေါက်တာ၊ ဒီလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါဦး"

"ကောင်းပြီ - ကိုမိုးဇော်လွင်၊ အလ ... အညီလိုရင် အချိန်မရွေးပြောပါ"

●●●



www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ် အောင်မင်းသိန်းက မျက်မှောင်ကြုတ်လိုက်ပြီး -

"ဒါဟာ စဉ်းစားစရာအချက်တစ်ချက်ပဲကွ" ဟု ပြောသည်။

ထို့နောက် ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားစဉ် မိုးဇော်လွင်က -

"ကျွန်တော် စဉ်းစားရတာ တစ်ခု ပြောချင်တယ် - ဆရာ" ဟု ပြော၏။

"ပြောလေ"

"ကိုချစ်နွယ်တာ ဒေါ်ဝင်းသော့တောင်းကိုမှာ တစ်ခုတစ်ယောက်ကို အသုံးချလိုက်တာရော ဖြစ်နိုင်သွားလား။ ဥပမာ - ဆရာရယ် - ဒေါက်တာဝင်းသူရကိုခေါ်ပြတော့ဒေါ်ဝင်းယမဟုတ်ဝဲ တခြားတစ်ယောက်ယောက်ဆိုပါတော့"

ဆရာအောင်မင်းသိန်းက မိုးဇော်လွင်ပခုံးကို ဆုပ်ကိုင်လိုက်ပြီး -

"တုတ်တယ်။ ငါလဲ ဒါပဲ စဉ်းစားနေတာ။ ပြောရရင် ဒီအချက်ဟာ အရေးပါသလိုနိုင်မှာတဲ့သဲလွန်စလည်းဖြစ်တယ်ကွ" ဟု ပြောလိုက်၏။

ပြီးမှ - လက်ဖျစ်တစ်ချက် တီးရင်း -

"စဉ်းစားတာထက် ပိုကောင်းတဲ့ နည်းကို ငါစဉ်းစားရပြီ - မိုးဇော်လွင်"

"ဘာလဲ - ဆရာ"

"ခင်ခင်လေးကို တွေ့ဖို့လေ"

ပြောပြီးတယ်လီဖုန်းကိုပုခက်တွင်းမှ ဆွဲယူလိုက်သည်။ နံပါတ်ကို တစ်လုံးချင်း လှည့်လိုက်သည်။

ခင်ခင်လေး ရောက်လာသည်။ အဖြူရောင်အင်္ကျီလက်ရှည်နှင့် မီးခိုးရောင်လုံချည် ဝတ်ထား၏။ မျက်နှာ၌ သနပ်ခါးမရှိ။

"ဘာအကြောင်းထူးလဲ - ဆရာ" ဟု ရောက်မဆိုက် မေး၏။

"ထူးတော့မထူးသေးဘူးခင်လေး။ ဒါပေမဲ့ - ထူးရိပ်သန်းလာပြီလို့ ဆိုရမယ် ခင်လေး"

"ပြောပါဦး - ဆရာ"

သူမမေးပုံက အားတက်သရော နိုင်လှ၏။

"တခြားတော့မဟုတ်ဘူးခင်လေး။ အခု ဆိုရင် ကျွန်တော် စုံစမ်းသင့်သလောက်ပဲ စုံစမ်းပြီးသလို သဲလွန်စလည်း ရသင့်သလောက် ရပြီဆိုရမယ်။ ဒီအထဲမှာ ဒွိဟဖြစ်စရာလည်း ရှိနေခဲ့တယ်ဆိုပါတော့"

"ဒွိဟ ရှိနေတော့ ဘာလဲ - ဆရာ။ ကျွန်မသိတာဆိုရင် ပြောပြပါ့မယ်"

ဆရာအောင်မင်းသိန်းက မျက်မှောင်ကြုံပြီး -

"ဖြစ်နိုင်ရင် အခြေအနေနစ်ရပ်ကို သိချင်တယ် - ခင်လေး" ဟု ပြောသည်။ ပြီးမှ ခင်လေးက -

"အခုဆိုရင် မြို့ပေါ်ဝန်မှာ မေမေကြီးရယ်၊ ကိုချစ်နွယ်ရယ်၊ သူ့ဇနီးရယ်၊ အိမ်ဖော်ကလေးရယ် ရှိတယ်။ အဲဒီကိုပဲ အရင်ကဆိုရင်ဒေါ်သူဇာဆိုတာရှိတယ်။ ဒေါ်ဝင်းယနဲ့ သက်တူရွယ်တူပဲ။ ဒေါ်သူဇာ အဖန်းနာရင်ကြပ်သည်လေ။ ခုတော့ အလုပ်က ထွက်သွားပြီ"

ဟု ရှင်းပြသည်။ မိုးဇော်လွင်က ခင်ခင်လေးစကားကို နားထောင်ရင်း ဆတ်ခနဲ ကြည့်လိုက်သည်။

"အခု - ဒေါ်သူဇာ ရှိသေးလား။ ဘယ်မှာနေလဲ"

"သူ့အလုပ်ထွက်သွားတာ တစ်နှစ်ကျော် လောက် ရှိပြီ။ နေတာက အောဝန်"

"ကျေးဇူးပါပဲ - ခင်လေး။ ဒီအတိုင်းဆိုအမှုက ရှင်းသလောက် ရှိသွားပါပြီ"

ဆရာအောင်မင်းသိန်းကို ခင်လေး နားမလည်နိုင်စွာကြည့်သည်။ ဆရာအောင်မင်းသိန်းက ကားစတီယာကို သိန်းကိုင်ရင်း -

"ဦးကျော်ခေါင်ကို ကျွန်တော်တို့ သင်တွေ့ရမယ်"

"ဆရာ့သဘော"

ဟု မိုးဇော်လွင်က ပြောသည်။

ဒါက မိုးဇော်လွင် ပြောနေကျ။ ဆရာအောင်မင်းသိန်းက တိကျသူဖြစ်သလို၊ အကြောင်းရှိပြီဟု သိလိုက်၏။

စံရိပ်ငြိမ်အိမ်ရှေ့မှ ရပ်သည်။

"ခဏစောင့်ကြနော်"

ဆရာအောင်မင်းသိန်း ဆင်းသွားသည်။ နာရီဝက်ခန့်အကြာ၌ ပြန်ရောက်လာသည်။ သူ့မျက်နှာ ပြုံးစိစိနှင့် -

"ဆရာ - ဦးကျော်ခေါင်ကို တွေ့လား"

"တွေ့တယ်ပေါ့၊ တွေ့လို့ထူးခြားတဲ့ သဲလွန်စတစ်ခုကိုလည်း ရခဲ့တယ်လေ"

"ဗျာ"

"ဟုတ်တယ် - မိုးဇော်လွင်။ အခု ငါ သွားတွေ့တဲ့ ဦးကျော်ခေါင်က ကလဝ်မန်ဘာလေ။ ကိုချစ်နွယ်နဲ့ အတူတူပဲ။ ဒါကြောင့် - ကိုချစ်နွယ် လောင်းကစား ဘယ်လောက်ရှုံးနေတယ်ဆိုတာလဲ သိရတယ်။ အကြွေးတွေ ဆပ်ရမယ်လေ"

ဟု ပြောရင်း တားဆက်ဖောင်းချသည်။ တစ်လမ်းလုံး စကားသံတိတ်နေ၏။

မကြာမီ ဇေတဝန်လမ်းသို့ ရောက်ခဲ့သည်။ အိမ်ကို သိပ်မရှာလိုက်ရ။ သို့သော် ဒေါ်သူဇာကို မတွေ့လိုက်ရ။ ဒေါ်သူဇာက ကွယ်လွန်အနိစ္စရောက်ခဲ့ပြီ။

ဆရာအောင်မင်းသိန်းက ဆတ်ခနဲ ကြည့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်သူဇာ ဘယ်လိုဖြစ်တာလဲ"

မိုးဇော်လွင်က မေးလိုက်သည်။

"ပြောရမယ်ဆိုရင် အမေက ပန်းနာရင်ကြပ်ဝေဒနာသည်လေ၊ မနေ့က ဆုံးသွားခဲ့တာ"

"ဒေါ်သူဇာ ဘယ်မှာသေတာလဲ"

နုနုလွင် တစ်ချက်ကြည့်သည်။

"ဘာဖြစ်လို့လဲ"

"ဒီလိုပါ – ဒေါ်သူဇာအိမ်မှာ ဆုံတာ [illegible] ဆုံတာလား [illegible] သိချင်တာ"

နုနုလွင် ခေါ်ငြိမ်သေး [illegible] တစ်ဦးက –

"ဒေါ်ဒေါ် ရောဂါဖြစ်တာ ကြာပြီ၊ မရတော့မှန်းလဲ သိနေတယ်၊ မနေ့က ဆရာပြပေးဖို့ ကိုချစ် ခေါ်သွားတယ်" ဟု ဝင်ရှင်းသည်။

မိုးဇော်လွင်က – "ကိုချစ်ဆိုတာ ကိုချစ်နွယ်လား" ဟု မေးသည်။

"ဟုတ်တယ်"

"ကိုချစ်နွယ် – ဆရာဝန်ပြုဖြစ်သေးလား"

"ဒါတော့ – ကျွန်တော် မသိဘူး၊ တစ်ခုရှိတာက ကိုချစ် ပြန်လာပို့တော့ မေမေ အသက်မရှိတော့ဘူး"

"ကျေးဇူးပဲ"

ဆရာအောင် ပြုံးလိုက်သည်။

●●●

ကားရပ်လိုက်သည်၊ ကျွိခနဲအသံနှင့်အတူ ကားရပ်သွား၏။ ကားရပ်လိုက်လျှင် ဆရာအောင်နှင့် မိုးဇော်လွင် ခပ်သွက်သွက် ဧည့်ခန်းဆီသို့ လျှောက်ဝင်ခဲ့သည်။

ကိုချစ်နွယ်က ဧည့်ခန်း၌ ထိုင်နေ၏။ မိုးဇော်လွင်တို့ ဆရာတပည့်ကို မြင်လျှင် ပြုံးပြုံးပျာပျာ ဖြစ်သွား၏။

ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်သည်။

ဆရာအောင်မင်းသိန်းမှ ရှေ့မှ ကာလိုက်၏။

"ရှောင်ပြေးဖို့ မကြိုးစားပါနဲ့ ကိုချစ်နွယ်၊ ခင်ဗျားအကြောင်းကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က သိနေပါပြီ"

"ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"အမှန်တရားပဲ – ကိုချစ်နွယ်၊ အကောင်းဆုံးက ခင်ဗျား ဆင်သေကို ဆိတ်သားရေနဲ့ မဖုံးပါနဲ့တော့၊ ဒေါ်စံပယ်ကို ဘယ်သူသတ်တယ်ဆိုတာ ကျွန်တော်တို့ သိနေပြီ"

"ဒါ သက်သက်စွပ်စွဲတာပဲ"

"ဒါက ခင်ဗျားတို့ အယူအဆပါ၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့က မနိုင်မာတာတို့ ဘယ်တော့မှ လူတစ်ယောက် အကျိုးယုတ်အောင် မလုပ်ဘူးဆိုတာ ယုံပါ"

"ကောင်းတယ်ဗျာ၊ ရယ်ဖို့ သိပ်ကောင်းတယ်"

"ရယ်လိုက်ပါ – ကိုချစ်နွယ်၊ ရယ်ခြင်းဆိုတာ ငိုကြွေးခြင်းတစ်မျိုးလေ၊ မကြာခင် အဖြူအမည်း ကွဲလာမှာပါ"

"ဘာ"

ကိုချစ်နွယ်က ဆတ်ခနဲကြည့်လိုက်သည်၊ သူ၏မျက်နှာ၌ ဒေါသနှင့် တုန်လှုပ်မှုအကြည့်၊ ဆရာအောင်မင်းသိန်းကမူ တည်ငြိမ်လှ၏။

"ဘာလဲဆိုတာ ခင်ဗျား အသိဆုံးပါ – ကိုချစ်နွယ်၊ ကျွန်တော်ကတော့ အိပ်ချင့်ယောင် မဆောင်သင့်ဘူး၊ အဲ – အိပ်ချင်ယောင်ဆောင်ပြီဆိုရင် မလှဲသာ မရှောင်သာ နှိုးရတော့မှာပဲ"

"မဟုတ်သေးပါဘူး"

"ဟုတ်တယ် – ကိုချစ်နွယ်၊ ခင်ဗျားဟာ လောင်းကစားသမားပီပီ ရှုံးတာတွေကို ပြန်ဖြည့်ဖို့ လိုပြီ မဟုတ်လား၊ ဒီအတွက် ငွေလိုသလို အမွေလည်း အမြန်ရဖို့လိုပြီလေ၊ မကြံသင့်တာကြံပြီ မဟုတ်လား၊ ဒီအကြံက ဒေါ်စံပယ်ကို သတ်ဖို့လေ၊ သတ်တဲ့နေရာမှာလည်း ဉာဏ်ရည်ထက်သူဖြစ်လို့ ကျည်တစ်တောင့်နဲ့ ငှက်နှစ်ကောင်ပစ်ဆိုသလို နှလုံးရောဂါရှိတဲ့ ဒေါ်စံပယ်ကို ပန်းနာရင်ကျပ်ဝေဒနာရှင်ကို သေနေတဲ့ ဒေါ်သူဇာနဲ့ပြပြီး သေအောင်ဖန်တီးပြီး သေအောင် သတ်ခဲ့တယ်၊ ပြီးမှ – ဒေါ်သူဇာကို ပြန်ပို့ခဲ့တယ် လေ"

"ဗျာ"

ချစ်နွယ် တုန်လှုပ်ချောက်ချားသွားသည်၊ ဆရာအောင်က ပြုံးပြီး –

"ဘယ့်နယ် – ကိုချစ်နွယ် – သိပ်မှန်လွန်းတော့ မငြင်းနိုင်တော့ဘူး မဟုတ်လား၊ အမှန်တရားကို ဖုံးကွယ်မရ၊ ရာဇဝတ်သေး ပြေးမလွတ်ဆိုတာ ယုံပြီလား" ဟု မေးလိုက်၏။

"ခင်ဗျားတို့ ဖြည်သူ့ရဲတပ်ဖွဲ့က တော်ပါပေတယ်ဗျာ၊ ကျွန်တော် ငြင်းနိုင်တော့ပါဘူး"

ပြောရင်း ခေါင်းညွှတ်ကျသွားသည်၊ ကိုချစ်နွယ် ခေါင်းငိုက်စိုက်ကျသွားသည်၊ မိုးဇော်လွင်က ဒန်ချောင်းကြောင် လက်နေသည့်လက်ထိတ်နှင့် ခတ်လိုက်ပြီ။

မှန်သည်၊

အမှန်တရားက ထင်လင်းစွာ ပေါ်ခဲ့ပြီလေ၊

→ အောင်မြတ်ဦး



www.burmeseclassic.com

www.burmeseclassic.com





# ခြောက်ကျတ်

## လူမြိုနံအောင်

**တစ်ကျောင်း၊** တစ်ရွာ၊ တစ်ဂါထာ၊ တစ်ပုဒ်ဆန်း ဆိုတဲ့စကားပုံက လက်ကညော့ပြီးရေးခဲ့တာမှမဟုတ်တာ၊ အော်တိုရှိခဲ့တာလေ။ အဲ့လိုကြီးပါပဲ၊

ဘွတ်ကလုံရွာကလေးရဲ့ဆန်း ချက်က လန့်ထွက်နေတာ၊ ကြာပေါ့။

"သာဂိ ရောပြီတယ်ဟေ့"

အနီသတင်းထူးကား နားပါးသော လူမှန်သမျှ၏နားကို စူးခနဲ ပြေးဆောင့်ချေ၏။

သို့သော် ဒါပေသီပေါ့။ အနီ သတင်းမျိုးကား ဘွတ်ကလုံရွာအတွင်း မှီတင်းနေထိုင်ကြကုန်သော မုဆိုးဖို၊ တစ်ခုလပ်၊ လူပျိုများအတွက်မူ သတင်းကောင်းမဟုတ်၊ သတင်းဆိုးကြီးပေတကား။

မုဆိုးဖိုကြီး ဖိုးညိုက ဒူးရင်းသီးအခွံ ရင်ဘတ်လာမှန်သည့်ခံစားချက်ကြီးဖြင့် -

"လုပ်ရက်ပါ့ - သာဂိရာ။ ကိုယ့်ဟာကိုယ် အိုပြီးမှ ရှောလည်း ရသားနဲ့ကွာ၊ ခုတော့ကွာ - တောက်(စ်) - ဟင့်"

ကျေးရွာ၏ ဓလေ့ထုံးစံအရ ............................

လင်သေမုဆိုးမကို ရွာတွင်းရှိ ............................

တစ်ခုလတ်၊ မုဆိုးဖိုများက ............................

ဆိုက်ခွဲဝေယူရသည့်ထုံးစံ ရှိပေရာ ............................

လင်သေမုဆိုးမအတွက် ............................

မဲနှိုက်ကြပေရာ ............................

www.burmeseclassic.com

တစ်ခုလပ်ကြီးမှတ်ကြီးက နေ့ချင်းပြန်ပြေးသေချင်ဟန်ကြီးဖြင့် -

"နောက်ကျမှ သေလည်းရသားနဲ့။ ဘယ်သူက တရားစွဲမှာမို့လဲ၊ ခုတော့ဟ္မာ - မင်းမို့ ရောရက်တယ် - သာဂိရောအီး"

လူပျိုသိုးလေး ဖိုးခွေးက အံကိုကြိတ်ပြီး -

"စောစောရောမယ်ဆိုရင် ဘာလို့စောစောမိန်းမယူရတာလဲ၊ ခုကြည့်ပြောဆိုနဲ့ ရောသွားတယ်၊ တင်းတယ်ဟွာ - တောတ် - တင့်"

မြစ်ဖျတ်နေကြပြီလေ၊ အံကြိတ်သူကြိတ်၊ တတ်ခေါက်သူခေါက်၊ မျက်ရည်နဲ့မျက်ခွက်၊ နှပ်ထွက်သူ ထွက်နဲ့၊ ရင်ထုမနာဖြစ်နေကြတာ။

ဘယ်လိုလူတွေလဲဟ၊ စိတ်ဓာတ်တွေက ကျတ်စဉ်ကြီး၊ သေရာတဲ့လူကိုမသနား၊ ဝိုင်းဝန်းအပြစ်တင်နေကြတာပါလား၊ ဟိုး - ကိုယ့်ဆရာတို့ရေ၊ ရောက်တဲ့နေရာမှာ ဘရိတ်အုပ်လိုက်ကြပါ၊

စောစောက ပြောထားပြီးသားလေ၊ ဘွတ်ကလုံရွာကလေးရဲ့ ဆန်းချက်က လန်ထွက်နေတာပါဆို - ဒီလိုဗျ၊

၀၀၀

ဘွတ်ကလုံရွာကလေးကို တည်ထောင်ခဲ့တဲ့ ဘိုးဘွားတွေက ချမှတ်ခဲ့တဲ့ စည်းကမ်း ရှိပါတယ်၊ ဓလေ့ထုံးစံရိုးရာဆိုပါတော့၊ အဲဒီရိုးရာကို အားလုံးလိုက်နာကြရပါတယ်၊

မလိုက်နာလို့ မရဘူးလား၊ နေပါ ကိုယ့်အကြောင်းနဲ့ကိုယ်နော်၊ ဂျစ်ကိုက်လို့ကတော့ ဝိုင်းပြီးချစ်လိုက်ကြမှာ မသေရင်တောင် ရူးသွားမှာ၊ လက်သည်တော့ ပေါ်မှာမဟုတ်ဘူး၊ အဲဒီဓလေ့ရိုးရာက အခြားမဟုတ်ပါဘူး၊

ဆိုကြပါစို့၊

အိမ်ထောင်ရှိတဲ့ ယောကျ်ား၊ မိန်း သေခဲ့ရင်ပေါ့၊ ကျန်ခဲ့တဲ့ မုဆိုးဖို၊ မုဆိုး ကို (မှတ်ချက်၊ အသက်(၄၀)မကျော် ရွာမှာရှိတဲ့ မုဆိုးဖို၊ မုဆိုးမ၊ တစ်ခုလ တစ်ခုလပ်မ၊ လူပျို အပျိုတွေက မဲနှိ ယူရတာပါ၊ (မှတ်ချက်၊ လက်ရှိအိ ထောင်ရှိသူများ အကျုံးမဝင်ပါ၊)

ခုကြည့်၊ သာဂိလည်း ရောဒေ သာဂိမယား မုဆိုးမအသစ်ကျပ်ချွ ဂွက်ထော်ကို မဲနှိုက်ပြီး ကံစမ်းရတေ မှာ၊ ရွာမှာရှိတဲ့ မုဆိုးဖို၊ တစ်ခုလပ်၊ လူ တွေမျောင်ငိုရှိုက်နဲ့၊ ရင်ထုမနာဖြစ်နေ တာ၊ အချိုဆို သတ်သေမယ်တကဲ မနည်းဆွဲထားရတာ၊

မုဆိုးမ ဂွက်ထော်ရဲ့ အောက်ရှိကို တစ်ချက်ဖမ်းရှိုးကြည့်လိုက်ကြဦးလေ၊ ယှာက မီးယပ်ဝိန် မီးယပ်ခြောက်၊ စိတ်ပါမှ ရေချိုးတာ၊ စိတ်မပါရင် တစ်လလောက် ရေမချိုးဘူး၊ ကွမ်းစားသွားတွေက ကွမ်း သြိုးတတ် ရဲပတောင်းခတ်လို့၊ ဆေးလိပ် အဲတားဖွာသဖြင့် နှုတ်ခမ်းတွေက ပြာတာ အားနက်တက်တက်၊ နောက်ပြီးကလေး က (၅)ယောက်၊

"ဝါး - မင်းမရောပဲ ငါတို့ ရောရမှာ သာဂိရဲ့ - အီး - ဝါး"

မုဆိုးဖိုကြီး ညွှပ်ကြီးရဲ့ငယ်ငိုကြီးက ငိုတုံးပါဘိတောင်း၊

၀၀၀

ဗုဒ္ဓခရုချွတ်တားလေးများကို မြဲရဲ တာ လတ်လတ်ဆတ်ဆတ် မုဆိုးမကြီး ဂွက်ထော်သည် ကွပ်ပျစ်ပေါ်တွင် ခန့်ခန့် ကြီးထိုင်နေ၏၊ ပြောင်းဖူးဖက်ကြီးဖွာလို့၊ သူ၏ ဆာလောင်မွတ်သိပ်နေသော မျက်လုံးရွဲရွဲကြီးများသည် တန်းစီထား သော မုဆိုးဖို၊ တစ်ခုလပ်၊ လူပျိုများဆီသို့ ရောက်နေလေ၏၊

ထိုလူတန်းရှည်ထဲမှ တစ်ယောက် သောက်နှင့် သူမ မကြာခင် တူတူရေဝါး နေတော့မှာ တေန်မှုချပေတကား၊ စိတ် နှင့် ဖဲရိုက်နေသော ဂွက်ထော်၏ ရင် ထဲတွင် အဖျော်တို့သည် နန့်စလူးခါနေ ချေ၏တကား၊

စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများစွာဖြင့် သတို့သားလောင်း ဝင်ရောက်အရွေးခံရန် တန်းစီထားသော မုဆိုးဖိုတစ်ခုလပ်၊ လူပျိုများ၏ မျက်နှာခွက်များကို တစ်ချက်လောက်တော့ ငုံ့ကြည့်ပေးကြပါဦး၊

သားသတ်ရုံသွားရတော့မည့် နွားအိုကြီးများလိုလို၊ မကြာခင် သေဒဏ်နှင့်ညားရတော့မည့် ရာဇဝတ်သားများလိုလို ရှိရှိချေ၏တမုံ့၊

ဟော - ဟော - လာပါချေပြီ၊

သက်တော်စောင့်များ ခြံရံတာ သူကြီးမင်း ဦးသာဂိ ရောက်လာချေပြီ တကား၊ သူကြီးမင်းသည် စင်မြင့် အထက်တွင် စန့်စန့်ကြီးနေရာယူချေ၏၊ ရာအိမ်မှူး သာထူးက မဲလိပ်များ ထည့်ထားသော ငွေဖလားကြီးကိုကိုင် ကာ သူကြီးမင်းအပါးတွင် ရှိရှိုတလေး ရပ်ရှာ၏၊

ကြေးမောင်းကလေးကို ကိုင်ထား သော ဆယ်အိမ်ခေါင်း ချက်ဖောင်းက သူကြီးမင်းကို အရိုအသေပြုကာ -

"အစီအစဉ်စလို့ရပါပြီ - သူကြီးမင်း ခင်ဗျား"

www.burmeseclassic.com

သူကြီးမင်းက ဘယ်လက်ကို မြှောက်ကာ ပွေးကွက်ကို ကြည့်ပြီး -

"စ"

"ဂေါက် - ဂေါက်"

"ဂလောက် - ဂလောက်"

ရာအိမ်မှူး သာထူးက ငွေဖလားကို ခေါက်၏။ တန်းစီထားသော သတို့သား လောင်းများ၏ရင်ထဲတွင် တထိတ်ထိတ် ခုန်နေကြ၏။ ခေါင်းကို ငုံ့ထားကြ၏။ ရသေ့ ဘုရားစာများကို တတွတ်တွတ် [illegible] အသက်တောင်မြင်းမြင်း [illegible]

"[illegible]"

ဆယ်အိမ်ခေါင်း ချက်ဖောင်းသည် [illegible] ဘုတ်အုပ်ကို လှန်လော ရင်း -

"လွန်ခဲ့သော ခြောက်ရက်ကျော် ခုနစ်ရက်ခန့်က သာဂိ ကွယ်လွန်သွားခဲ့ [illegible] ညှိုးငယ်သောစိတ်ထားနဲ့ ဈာများ၊ တလေးငါးယောက်နဲ့ ကျန်ရစ်ရှာထဲ့ [illegible] သတိုးသားလောင်း မကြာခင် ရွေး—"

သူကြီးမင်း စိတ်မရှည်တော့ပါ။

"ချက်ဖောင်း"

"ရှိတိ - ဒဂျီး"

"ပေရှည်တယ်ကွာ၊ မလိုက်နာတဲ့ ကောင်၊ မသေရင် ရှုံးသွားမယ်ဆိုတာ ပေါက်ပြီသား"

"ဟုတ် - ဒဂျီး"

"စတော့"

ဆယ်အိမ်ခေါင်း ချက်ဖောင်းက ဘုတ်အုပ်ကို လှန်ကာ -

"ကြက်တော"

ကြက်တော စိတ်မသက်သာစွာ ဖြင့် -

"လာပြီ - ဟင့်"

"ဂေါက် - ဂေါက် - ဂတ် - ဂတ်"

ရာအိမ်မှူး သာထူးက ငွေဖလားကို လှုပ်ကာ -

"နှိုက်"

ကြက်တော၏လက်သည် တဆတ် ဆတ်တုန်ခါလို့။

"သိပ်ဟောက်စားလုပ်တာပဲ၊ နှိုက် မှာပေါ့ - ဟင့် - မဲ"

ကြက်တောက မဲလိပ်ကိုနှိုက်ကာ ချက်ဖောင်းကို ပေး၏၊ ချက်ဖောင်းက မဲလိပ်ကို ဖတ်ကာ -

"ဗလာပါ - ခင်ဗျား"

ပရိသတ်ကို ဖြန့်ပြ၏။ ကြက်တော သည် -



ခုကြည့်၊ သာဂိလည်း ရှောရှော၊ သာဂိမယား မုဆိုးမအသစ်ကျပ်ချွတ် ပွက်ထော်ကို မဲနှိုက်ပြီး ထံစမ်းရတော့မှာ၊ ရွာမှာရှိတဲ့ မုဆိုးဖို တစ်ခုလပ်၊ လူပျိုတွေအများ ငိုငိုရိရိနဲ့၊ ရင်ထုမနာ ဖြစ်နေကြတာ၊ အချို့ဆို သတ်သေမယ် တကဲကဲနဲ့၊ [illegible]ည်းဆွဲထားရတာ။ မုဆိုးမ ပွက်ထော်ရဲ့ အောက်ရှိုက်ကို တစ်ချက် ဝင်းရှိုးကြည့်လိုက်ကြဦးလေ။ ❞

"ဟေး"

ဟုအော်ကာ ကျွမ်းပစ်လေတော့၏ [illegible]။

"တဲ - ပေတလူး"

"လာလိုက်ပြီ - ဟင့်"

ဟု ဆိုကာ မဲနှိုက်၏။ ချက်ဖောင်း [illegible] -

"ဗလာပါ ခင်ဗျား"

[illegible]တလူးက -

"ဝါး..."

ဟု အော်ကာ ကွေးနေအောင် [illegible]၏။

"နောက်တစ်ယောက် - ခွေးသိုး"

ခွေးသိုး မဲနှိုက်၏။ ချက်ဖောင်းက -

"ဗလာပါ ခင်ဗျား"

"ယား(စ်)"

ဟု အော်ကာ ခွေးသိုးသည် ပွက်ထော်ရှိရာပြေးပြီး အလေးပြုကာ -

"ကြုံမှရမယ်"

ဟု ပြောင်လှောင်လေတော့၏ တကား။ နောက်တစ်ယောက်၊

"စံကွန်"

စံကွန့်က နှိုက်ပြန်၏။ ချက်ဖောင်း က -

"ဗလာပါတဲ့ ခင်ဗျား"

စံကွန်က -



www.burmeseclassic.com

www.burmeseclassic.com

"ရေ(စ်)"

တုအော်ကာ နန်းပြ၏။ မငွက်တော် ထံပြေးသွားကာ လျှာထုတ်ပြကာ -

"လိုချင်ရင် ဆုတောင်း။ ပူဇော်း တောင် အလကားမရဘူး - ပေါက်လား"

မငွက်တော်က ငါနှင့် ကိုင်တုပ်လေ၏။ အယောက် (၃၀) ကျော် လေပြီ၊ မငွက်တော်၏ လင်သစ် စီမံကိန်းကား အကောင်အထည် မပေါ်သေး၊ လင် အသစ်ကိုရှာ်ရှာနှင့်သဖြင့်မငွက်တော် ၏ လည်ပင်း ရှည်လာ၏၊ သူ၏ ပုစုရ ရှုပ်တာတလေးများ ဆန့်ပြလေပြီ၊ အခေါင်းတိုတုတ်ချိပ်တာအော်ငိုကြ၏။ ဖိုတ်ဆာနေကြမင့်တို။ လင်ဆာနေ သောမေမေ ငွက်တော်က ငယ်ထိပ်ကို ခေါက်၏။ဖိုက်ခေါက်ဆွဲလိမ်၏၊ ငိုသံများ ထိတ်သွားပြန်၏ တကား။

"အတမ်း"

သူကြီးမင်းက ချောင်းဟန့်သဖြင့် ရာအိမ်မှူး သာထူးက မော့ကြည့်၏၊ သူကြီးမင်းက မျက်စိမှိတ်ပြ၏၊ အကင်း ပါးသော သာထူးက မဲလိပ်များကို ကစား ပေးလိုက်၏၊ ချက်ဖောင်းက -

"စံပေါ်"

စံပေါ် လျှောက်လာပါပြီ၊ နိုက်၏၊ ချက်ဖောင်းက -

"ဒါမှ ငါ့လင်ကြီးတော့ - ဟီး အာဘွား"

ပြေးဖက်၏၊ စံပေါက ငိုသံကြီးဖြင့် -

"ငါ့ဘဝတော့စမုံတုံးပြီ - ဟင့် - ဝါး"

၀၀၀

တစ်တစ်ရစ်ရစ်နှင့် မြင်သူတကာ အာဘွားချင်စရာကောင်းလှသော လှအုံးမယ်သည် ရေမိုးချိုးပြီးသည်နှင့် ခါးခါးလူးကာ ရှပါကျည်ထိုးလေတော့၏။

မကြာခင် လင်တော်မောင်ပြန်လာ တော့မှာကိုး၊ လှအုံးမယ်သည်ရှပါကျည် ထိုးခြင်းကို ဘရိတ်အုပ်လိုက်လေ၏၊ အချိန်ကား သမီးနှင့် အမေများကာ အချုပ်သို့လားလောက်စေသည့်နွားရိုင်း သွင်းချိန်ပင်တည်း။

လှအုံးမယ်သည် သုံးနှစ်အရွယ် သားငယ်ကို ခါးထစ်ခွင်ချီကာ ခြံဝသို့ ထွက်လာခဲ့၏၊ လင်တော်မောင်ကိုမျှော် တော်ရောင်လုပ်ခြင်းပင်တည်း။

အဲမှာ -

ဒုန်းစိုင်းပြေးလာသော လှည်းတစ် စီးသည်ခြံဝတွင် တုံးခနဲ ဘရိတ်လေ၏၊ ဦးကြီးသာဝက -

"လှအုန်းမယ်"

"ရှင်"

"နင့်လင် သောမြတ် ပိုးထိလို့ဟ"

"ရှင်"

လှအုန်းမယ်ဘဝကား တိုင်ပတ် ဆာတ်လိုက်လေပြီတကား။

၀၀၀

"သောမြတ် ရောပြီတဲ့ဟ"

"တကယ် ..."

"အဟုတ်ကြီး"

"တော်တော်နောက်တဲ့ကောင်၊ ခုမှရောရတယ် - ဟီး"

"ဘယ်နေ့ရောမလဲလို့ အရိပ် တကြည့်ကြည့်နေတာ - ဟီး"

ဘွတ်ကလုံရွာအတွင်းမှာ မှိုတင်း တာနေထိုင်ကြကုန်သောမုဆိုးဖို၊ တစ်ခု လပ်၊ လူပျိုအပေါင်းတို့သည် သောမြတ် ၏ ရောသတင်းကိုကြားကာ မိုးမမြင်၊ လေမမြင် ပျော်ကြကုန်လေတော့၏၊ အပျော်တို့ဖြင့် နန့်စလူးခါလို့။

ကျန်ရစ်ခဲ့သော မုဆိုးမလေး လှအုန်းမယ်က မြင်သူတကာ ဘဝင်ဆူ အာဘွားစဖွယ် ရောစမောလေးကိုး။

၀၀၀

လှအုံးမယ်သည် သားငယ်ကို ခါး ထစ်ခွင်ချီကာ သူကြီးမင်း၏ခြံဝိုင်းထဲသို့ ကော့ပက် ကော့ပက်နှင့် ဝင်လာချေ၏။

မယားသေတာကြာ၍စိတ်လေနေ သော သူကြီးမင်းဦးသာအိ၏ အမြှေးထည် နှတ်ခမ်းမွေးကြီးများသည် လှအုန်းမယ် ကို မြင်လိုက်ရသည်နှင့် ဆိုးခနဲ ထော်ခနဲ ထောင်တက်သွားလေတော့၏။

လက်ရှိပေါက်ကြေးတွင်လှအုံးမယ် သည် ကလေးတစ်ယောက် အမေမုဆိုး မဟုဂရန်ပေါက်နေသော်လည်း သူ၏ အလှဖသည် ကွမ်းတောင်ကိုင် ရွှေဗိုလ် ရှပါတိုက်စားပေးကာ စိန်ခေါ်နိုင်သည့် ဖယားတွင် ရှိနေသေး၏၊

ပြောကြေးဆိုလျှင်ပေါ့၊ လှအုန်း မယ်သည်ပေါ့ ခေခေ မဟုတ်၊ တစ်ခါ တုန်းကဆိုလျှင် ရွာမှာ ဘာဆိုလားပေါ့။

"သူကြီး ..."

"ပြောလကွယ်"

လှအုံးမယ်သည် သားတော်မောင် ချွတ်တားလေးအား ခုံပေါ်တွင် အရုပ်တစ်ရုပ်လို ဘုတ်ခနဲ တောက်တင် ထားလိုက်၏၊ ပြီးနောက် - သူကြီးမင်း၏ မျက်စောင်းထိုးတွင် လှတပတ တန့် ကလျှလေး ဝင်ထိုင်၏၊ ပြီးတော့တာ -





www.burmeseclassic.com

www.burmeseclassic.com

မြတ်ထော်က ငါနှင့် ကိုင်တုပ်လေ၏။ အလောက်(၁၀)ကျော်လေပြီ။ မြတ်ထော်၏ လင်သစ်စိမ်းကိုနင်းတား အကောင်အထည် ထော်သော။ လင်အသစ်ကို မျှော်ရလွန်းသဖြင့် မြတ်ထော်၏လည်ပင်း ရှည်လာ၏။ သူ၏ ပုခုံး ချွတ်တားတာလေးများ သန္ဓေပြလေပြီ။ အသည်းကို တုတ်ခြစ်တာ အော်ငိုကြ၏။ ဗိုက်ထားနေကြစဉ်တို့။ လင်ထားနေသော ထေးသ မြတ်ထော်က ဗေးထိုင်ကို ပေါက်၏။ ဗိုက်ပေါက်ထွဲလိုပ်၏။ ငိုသံများ

**66** တိတ်သွားပြန်တော့တား။



"ခေတ်စနစ်ရဲ့ လိုအပ်ချက်အရ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေဟာ သမိုင်းရဲ့ ရေစီးကြောင်း ပြောင်းလဲမှုတွေနဲ့အတူ တွတ်တီမကျ။ မှားယွင်းမှုတွေ အံဝင်ခွင် မကျမှုတွေ ရှိလာတတ်တယ် – သူကြီးရဲ့"

မထင်၊ မထင်ရေးချ မထင်။ လှအုံးမယ်ရဲ့ ပါးစပ်က အဲလိုမျိုးအလုံးတွေ လွှတ်လာလိမ့်မယ်လို့ လုံးဝကို ထင်မထားတာ။ သူကြီးမင်းလွှတ်တွတ်တွတ် ဖြစ်သွား၏။

"မှားနေတာကို အားလုံးသိတယ်။ သူကြီးလည်း သိပါတယ်၊ မှားနေတာကို မှန်သွားအောင် ပြင်လို့မရဘူးလား။ ပြင်သင့်တာ ကြာပါပြီ – သူကြီးရယ်"

ဟု လှအုံးမယ်က ဆက်လွှတ်၏။ သူကြီးမင်းက ခေါင်းကို ဖြင်းဖြင်းကုတ်ကာ –

"လူ – အဲ – ငါ နားလည်အောင် တည့်အောင်းလိုက်စမ်းပါ – ဟာ – ဟူး"

သူ ပိန်းတာ၊ လိုက်မမီတာကို သူကြီးမင်းကရိုးသားစွာဝန်ခံရှာပါတယ်။



အရေးတွက်နင်းတာလည်း ဖြစ်နိုင်ပါသည်။ သားငယ်သည် ဘာကိုအလိုမကျသည်မသိ၊ ဖြစ်နဲ ထင့်လေ၏၊ လှအုံးမယ်သည် သားငယ်အား ဆတ်ခနဲ ဖွေ့ရှိသော ဘိုးခနဲ ဘတ်ခနဲ လှန်လျောပြီး အဲဒီတော့ကာ သားငယ်သည် မြွတ်မြွတ် မြည်မြွတ်နှင့် ငိုသံတိတ်သွားလေတော့သတတ်တား။

ပြီးပြီးလက်လက်မြင်လိုက်ရသော မြင်ကွင်းကြောင့် သူကြီးမင်းမျော ရင်ထဲ အေးကောင်း။ ဘာသာသိလိုက်ရသည်ဆိုသလိုမျိုး၊ ဟတ်ကော့ကြီးပေါ့။

"စို့ – အဲ – ဆိုစမ်းပါဦးဟ"

လှအုံးမယ်က –

"လင်သေ မယားသေရင် ကျန်ရစ်သဲ့မုဆိုးဖို၊ မုဆိုးမက မဲဖောက်ယူရတဲ့ အစ်တ လက်ရှိခေတ်နဲ့ဆို လုံးဝကို သစ်တော့ဘူးနော် – ညစ်နေပြီ။ လုံးဝ ငိုလေန်းတော့တာ"

"တော – အဲတော့"

"လူတွေ သူကြီးရဲ့ ကျောက်ရုပ်သွေတော့တ်ဘူး။ ခံစားတတ်ကြတယ်။ နှုန်သိကြတယ်"

"ထုတ်ပြန် ထားတဲ့ ဥပဒေက သုံးဘူးလို့ စွပ်စွဲတာလား"

သူကြီးမင်းက ခနဲ့တဲ့အထာဖြင့် မေး၏၊ လှအုံးမယ်က –

"စွပ်စွဲတာမဟုတ်ဘူး – ပေါ်တင်ပြောတာ"

သူကြီးမင်းက အခြားသူဆိုလျှင် ဓားကြိမ်းကြိမ်းပြီးပြီ၊ ခုဟာက လှတဝေ ချောစမောမုဆိုးမလေးလှအုံးမယ်လေ။ ကောစရလားနော့၊

"ဥပဒေမှာ မတရားတာ ဘာပါလဲကွယ်၊ လွှတ်လပ်မျှတစွာနဲ့ မဲဖောက်သူကြတာလေ၊ သာတူညီမျှဟာ ..."

လှအုံးမယ်က –

"ဝါး – ဟား – ဟား – အဲလို ရယ်လိုက်မယ်"

လှအုံးမယ်၏ ရယ်သံကြောင့် သူကြီး လန့်လက်သွား၏။

"ထူတဲ့ပိန်းတဲ့အထဲမှာ ဒီက လှအုံးမယ် မပါဘူးဆိုတာ သူကြီး ဖေါက်လိုက်ပါ၊ မဲဖောက်မဲနှိုက်တဲ့အခါ သူကြီးတဘာလဲ"

သူကြီးမင်းက ဆရာကြီးစတိုင်နဲ့ –

"ဒိုင်လကွာ"

"အဲ့မှာတင် ပွဲက သိမ်းတာ"

"ငါ ဒိုင်ဖြစ်တာနဲ့ ပွဲသိမ်းတာ ဘာဆိုင်လဲလကွာ"



www.burmeseclassic.com

www.burmeseclassic.com

သားတော်မောင် ချိုချိုဝသွားလေ ပြီတကား၊ လှအုံးမယ်က ဘတ်ခနဲပြန်ဖုံး လိုက်၏၊ သူကြီးမင်းရဲ့ရင်ထဲမှာ ဟာတ် တော့ကြီး ဖြစ်ကာ ကျန်ရစ်ခဲ့၏၊

"ကျန်ရစ်ခဲ့တဲ့မှဆိုးမဖို့မှဆိုးမတွေ တာ မီးယပ်ပိန် မီးယပ်ခြောက်၊ မီးကျိုး ဓောင်းပျက်တွေဆိုရင် ကြိုက်တဲ့အရှိန် ခဲနိုတ် ဆင်းရဲသားငမွဲတွေပဲ ပေါက်တာ ရှင်း၊ များတို့လို ဖလန်းဖလန်းလေးတွေ ဆိုရင်တော့ - ခစ် - ခစ် - ခစ်"

လှအုံးမယ်က သူကြီးမင်းကိုကြည့် တာ လျောင်ရယ် ရယ်၏၊

"နိုင်ဖြစ်တဲ့တောဒီက သူကြီးမင်းနဲ့ တော်သတ်တဲ့ အတောင်အိုး မုဆိုးမိုကြီး တွေနဲ့ခဲ့ တုတုရေပါးရတာ ပေါ့ရှင် - ခစ်"

အနားကိုများတုပ်သဖြင့် သူကြီးမင်း အသည်းပေါက်လေပြီ၊

"တော် - တော် - လှအုံးမယ်"

"ခစ် - ခစ် - ဟုတ်ဘူးလား ဟင်"

"ဝါ့သီကွာကိုသက်သက်စော်ကား တာ၊ နင်အဖောက်ခံ - အဲ - မဲအဖောက် ခံရမှာစိုးလို့ သက်သက်ကွိုင်နေတာ နော်"

လှအုံးမယ်သည် သားငယ်ကို ဘောက်ခနဲ ကောက်ချီလိုက်၏၊

"များကတော့နိုးပဲ - အသေခံလိုက် မယ်"

ခြံထဲမှ ဘောက်ဆတ် ဘောက် ဆတ် နှင့် ထွက်သွားလေတော့၏ တကား၊

၀၀၀

"မသေရင် ရှုံးသွားမယ်"

ဟူသော သူကြီးမင်း၏ စကားသည် လှအုံးမယ်၏ နားထဲတွင် ရယ်ဂလယ် ရိုက်နေလေ၏၊ မချစ်မနှစ်သက်သောသူ နှင့် တုတုရေပါးရခြင်းသည် ဒုက္ခပင် မဟုတ်တုံလော၊ လှအုံးမယ်ခမျာ အကြံ ဝတ်ကာ တိုင်ပတ်နေရချေပြီတကား၊

လှအုံးမယ် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးလို့ မရပါ၊ သူကြီးမင်းမှာ သတင်းပေးတွေက အောတိုက်လို့၊ မကြာခင် မဲဖောက်ကာ သတို့သား လောင်း ရွေးရတော့မည့် လှအုံးမယ်ကို အဲဗျား စောင့်ကြည့်နေကြတာလေ၊

၀၀၀

"ခစ် - ခစ် - ခစ်"

သားငယ်လေးသည် မာမီ လှအုံး မယ်၏သောကကို လုံးဝမသိရှာပါ၊ ခစ် ခစ်ရယ်လို့၊



"ရွတ်(စ်)"

"သားလေးရယ် - အီး - ဝါး"

လှအုံးမယ်သည် သားငယ်လေး၏ ဖောင်းဖောင်းကလေးကို အာဘွား ၏ မျက်ရည်စတို့ကို သုတ်၏၊ ပြီး တ် - သရက်ပင်ကြီးပေါ်သို့တက် ကြိုးချည်၏၊ ကွင်းလျှောလုပ်၏၊ ျက်ရည်ဝါးတားတားကြားမှ သားငယ် ကို ငုံ့ကြည့်ကာ -

"မေမေချစ်တဲ့ သားလေးရေ"

"ခစ် - ခစ်"

သားလေးက မာမီအား မော့ကြည့် ရယ်၏၊ လက်ပြ၏၊

"ကြည့်ကျက်ပြီး လူဆက်လုပ်ပါ တော့ကွယ် - အီး"

"ဒီစနစ်ဆိုးတွေအောက်မှာ ဘယ် တော့မှ ဒူးမထောက်ဘူးဟေ့"

ဟု အော်ကာ လှအုံးမယ် ကြုံးဝါး ၏၊

"ခစ် - ခစ်"

မာမီလှအုံးမယ်၏ လုပ်ကွက်ကို ပေးသည့်အလား သားငယ်လေး ည် လက်ခုပ်တီးပြလေ၏၊ မုဆိုးမ မောလေး လှအုံးမယ်သည် ကြိုး ရှာ လောကကြီးကို တာတာ့လုပ် မည်တကား၊

လှအုံးမယ်သည် ကြိုးကွင်းထဲသို့ လည်ပင်းစွပ်ရန် ပြင်၏၊ အဲ့မှာပဲ -

"ဟင့်"

လှအုံးမယ်ရဲ့ရင်ထဲမှာ ဟင်ခနဲ၊ သေဖို့ကိစ္စကို အသာနှပ်ထားလိုက်၏၊ ကျိုးကျိုးကန်းကန်း ဂရုမစိုက်အားတော့၊ သစ်ပင်ပေါ်မှ ခုန်ချကာ -

"ဟဲ့ကောင်မ - ဒါဘာလုပ်တာလဲ"

အသံကုန် အော်ဟစ်၏၊ မျက်လုံး တွေပါရင် ကြည့်ပေးကြပါ၊ လှအုံးမယ် နှင့် ချွတ်စွပ်၊ စွတ်ချွတ်တူသော မိန်းမ ချောလေးက သားငယ်လေးကို ပွေ့ချီ ထားမင့်ကိုး၊

လှအုံးမယ်အသစ်လေးက ဖြူဖြူ လေးပြုံးကာ -

"ရှောမယ်ဆို ရှောလေ - တင့်"

ဟိုက်(စ်)၊ သောတ်ကျိုးနည်းကြီး ပါတကား၊ အသံပါ တူနေပါတကား၊

လှအုံးမယ်က -

"ရှောလို့ရမလားဟဲ့ - ပေး - ငါ့သား"

ဟု ဘတ်ခနဲ ဆိုကာ သူ့၏သား ငယ်ကို လုယူပွေ့ချီထားလိုက်လေ၏၊ လှအုံးမယ်အသစ်လေးက -

"ခစ် - ခစ်"

ရယ်ကာ ပြုံးစဝဲ့ကြည့်ရင်း -



www.burmeseclassic.com

www.burmeseclassic.com

"သောကတွေကို ပြောပြလို့ရ မလား ဟင်၊ တတ်နိုင်ရင် ကူညီပါရစေ ပေါ့-ခစ်-ခစ်"

လုအုံးမယ်က လုအုံးမယ်အသစ် တလေးကို မသက်သကြည့်ကြည့်ကာ-

"ဘာလဲ-ညည်းက ဆရာကြီး လား"

အသစ်တလေး လုအုံးမယ်က-

"မေရဲ့ရှပါ အသံနဲ့ တို့တ ကွက်တိ တူနေတာလေးတူးဆန်းနေသူလားလို့ မြောကြည့်လိုက်ပါလားရင်ထဲပေါ့သွား တာပေါ့-ခစ်-ခစ်"

လုအုံးမယ်တွေဝေသွား၏။ သူမ၏ ရုပ်၊ အသံနှင့် တွက်တိတူ တူနေတာ၊ တမင်တကာကြီး တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါ။ အုံ့ဩစရာကြီး၊ လုအုံးမယ် အသစ်တလေးက-

"ပြောပါ-မမရဲ့ ဖွတ်လျှောက်လုပ် ရင်တော့ မတားတော့ပါဘူး။ ချစ်စရာ ကောင်းတဲ့ သားလေး တို့ ခေါ်သွားမှာ နော်-ခစ်-ခစ်"

သားသားလေးက မာမီ လုအုံးမယ် အားခစ်ခနဲ ရယ်ပြ၏၊ ချစ်စရာသားလေး နဲ့ မခွဲနိုင်သေးပါ၊ လုအုံးမယ်က သက် ပြင်းကို အနေတော်ချကာ-

"ဒီလို-ဒီလို"

ဟု ဆိုကာ ဘွတ်ကလုံ့ရွာကလေး မှ အဖြစ်အပျက်များကို နှပ်နှပ်ထွက်ကာ ရှင်းပြလေ၏။ အသစ်စက်စက် လုအုံး မယ်က-

"ဒါလေးများ-စလွယ်လေးဟာ ရော့"

ဟု လုအုံးမယ်တို့သားအမိအား ရွှေမန်ကျည်းတောင့်လေး ပေး၏။

"မမတို့သားအမိ ကြည့်ကျက်ပြီး ရှောင်နေလိုက်ပါ၊ အိုကေပြီဆိုတာနဲ့ သံချောင်းခေါက်လိုက်မယ်"

ဟု လုအုံးမယ် အသစ်ကလေးက ပြတ်သားသောကတိစကားကိုပေးလေ ၏။

"တကယ်ကြီးနော်"

"ဂယ်ပေါ့လို့-ခစ်-ခစ်"

မျက်လုံးထဲအမိုက်ဝင်သလိုလိုကြီး လုအုံးမယ်မျက်လုံးကို ပိတ်ကို ပွတ်၏။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့-

"ဝုစ်"

"ဝုစ်"

လေတိုးသံ ကြားရ၏၊

လုအုံးမယ် အသစ်ကလေး မရှိ တော့ပါ၊

အံ့ဩစရာကြီး။

၀၀၀



လတ်လတ်ဆတ်ဆတ် မုဆိုးမ ချောစမောလေး လုအုံးမယ်သည် သား ငယ်လေးကိုရင်ခွင်ပိုက်ကာခပ်မိုက်မိုက် အထာဖြင့် စင်ပေါ်တွင် ထိုင်နေ၏၊ ဘာ လာဒေါင်းတယ် ဆိုသည့်အထာ၊ ထိုနေကား ဘာနေ့မှန်းမသိ၊

သေချာတာကတော့ လုအုံးမယ်၏ ဆိုင်တော်မောင်ရွှေးကောက်ပွဲ (သို့ မဟုတ်) မဲဖောက်ပွဲပင်တည်း၊ ကံစမ်းမဲ ထိုးတိုင်းပေး ကြည့်သူများကား ကြိတ်ကြိတ်တိုး နေလေ၏၊

တိုလ့်ဟာကိုယ် သောက်ဖြစ်မရှိ၍ ချင်းတစ်နပ် လျှော့စားနေရသည့် ဆေးတွေများလည်း ပါ၏၊ မနေတတ် ဆိုင်တတ်၍ ပါးဖြတ်ရိုက်စံရသော ယ်စွတ်များလည်း ပါ၏၊ တစ်နေ့ ၁၀၀ နှင့်လောက်အောင် စားသောက် နေသော ခရိုနီဂရောင်ဘူဂျာလီများ လည်းပါ၏၊

သူကြီးမင်းနှင့်ပေါင်းကာ တစ်ရွာ လုံးကို ဦးမဟု အော်ဆဲ ငါတို့အစ်မသား ပါနေကြသောဘောစိကြီး၊ငယ်များ လည်း ပါချေ၏တကား။ အဲ့မှာပဲ သက် တော်စောင့်များ ခြံရံကာ သူကြီးမင်း၊ သာအိ ရောက်လာချေပြီတကား၊ ဦးမင်း ဦးသာအိ ရောက်လာချေပြီ

တကား၊ သူကြီးမင်းသည်စင်မြင့်အထက် တွင် ခန့်ခန့်ကြီးနေရာယူချေ၏။ အဲဒီတား အားယားနေသော ရာအိမ်မှူး သာထူး သည် မဲလိပ်များ ထည့်ထားသော ငွေ လောကြီးကို "ဂလောက်-ဂလောက်" ခေါက်ကာ လက်က ညော့နေလေ၏။

ကြေးမောင်းကလေးကို ကိုင်ထား သော ဆယ်အိမ်ခေါင်း ချက်ဖောင်းတာ သူကြီးမင်းကို အရှိအသေပြုကာ-

"အစီအစဉ်စလို့ရပါပြီ-သူကြီးမင်း ခင်ဗျား"

သူကြီးမင်းက အထာဖြင့် အားလုံး ကို ဝေ့ဝိုက်ကြည့်၏၊ ဘယ်ဘတ်လက် ကိုင်မြှောက်ကာ ငွေးတွက်တိုကြည့်ပြီး-

"စ..."

ဟု ဆိုလိုက်သည်နှင့် ဆယ်အိမ် ခေါင်း ချက်ဖောင်းသည် ကြေးမောင်း ကလေးကို-

"နောင်"

ကန်ထုကာ-

"စောဟန်"

မုဆိုးဖို မျက်နှာမွဲကြီး စောဟန် သည် လုအုံးမယ်ကလေးအား ဗလိုင်း ကစ်ပေး၏၊ မဲနှိုက်၏၊ ချက်ဖောင်းက-

"ဗလာပါခင်ဗျ"

မျက်နှာမွဲကြီး ငိုင်ကျသွားလေ၏၊ ချက်ဖောင်းက-

"ဗိုးဖော်"

၁၀၉၊ ၁၁၀ ဘ၀နှင့် ဘ၀ဆိုးကာ လှနေသော ဗိုးဖော်က လှအုံးမယ် တလေးကို လျှာထုတ်ပြကာ နှိုက်ပြန်လေ၏။ ချက်ဖောင်းက -

"ဗလာပါ ခင်ဗျ"

အလုပ်သက်မဲ့ကြီး လင်းတအိုကြီး ကိုနှိုက်ရှာသွားလေ၏။ ချက်ဖောင်းက -

"ရှာ..."

အချက်ကြောထင်း၊ လက်ကြော ထောင်းသော ရာဇကြီးက လှအုံးမယ် လေးကို ချက်စဝယ်ပြကာ နှိုက်ပြန်လေ၏။ ချက်ဖောင်းက -

"ဗလာပါတဲ့ ခင်ဗျ"

လက်ကြောမတင်းကြီး ဖျင်းကြော ထူ ပိုင်ကျသွားပြန်လေ၏။ နေရောင် ဘားပေကြောင်ပေကြောင်နှင့်ထန်းတစ် များတွင် လမ်းသလားနေချေပြီတကား။ အယောက်(၅၀) ကျော်လေပြီ။ မျက်နှာ မွဲမှုန်သမျှသည် ဗလာမဲနှင့် ညားချေ၏။

"အဟမ်း"

သူကြီးမင်း ချောင်းဆိုးချွဲကြပ်လေ ၏။ ဓာတ်ပေါက်သော ချက်ဖောင်းက မဲလိပ်များကို ကြည့်ကျက်လုပ်လိုက် လေ၏။ ပြီးနောက် -

"ဦးစံမတူ"

ဦးစံမတူကားနယ်လှည့်ဖဲရိုက်လာ သော အငြိမ်းစား ဘောစိကြီးဖြစ်၏၊ မုဆိုးဖိုကြီးလည်း ဖြစ်၏၊ သူကြီးမင်းနှင့် ပွေးဖော်ပွေးဖက်လည်း ဖြစ်ချေ၏ တကား။ ဦးစံမတူကြီးသည် နှုတ်ခမ်းမ်း နားကို လျှာဖြင့် "ပလပ် - ပလပ်"မြည် အောင်သပ်သဲ့ကာ အလန်းဇယားမုဆိုး မလေး လှအုံးမယ်ကို ဖမ်းရှိုး၏၊ နှိုက်၏ မဲ၊ ချက်ဖောင်းက -

"အောင် - ဘာလေပါ ခင်ဗျား"

ဦးစံမတူသည် -

"တူနယ် - တဲ့တယ် - တူနယ် - တဲ့ တယ်"ဟု ကွေးနေအောင် ကထော လှအုံးမယ်အား -

"အသည်းလေး"

ဟု ဆိုကာ ပြေးဖက်လေတော့၏ တကား။

၀၀၀

ညသန်းခေါင်တွင် လရောင်သည် ဖိုသီဖတ်သီကလေး ဖြာကျလျက်ရှိချေ ၏။ နှင်းမှုန်နှင်းစက်ကလေးများသည် ချမ်းရာလွှမ်းသဖြင့် ခိုက်ခိုက်တုန်နေပြီ ရှာလေ၏။

ဤညကား ဦးစံမတူနှင့် လှအုံးမယ် တို့၏ ဘ၀င်သာယာမြူးစေမည့် မင်္ဂလာ ညပေတကား။ အဲ့မှာပဲ -

"အား"

ရုတ်တရက် ဆောင့်ထွက်လာ သော ဦးစံမတူ၏ အော်သံနက်ကြီးပင် တည်း။

"တင်"

"ဘာဖြစ်တာလဲ - ဘာဖြစ်တာလဲ"

အိမ်သားတွေ ပြေးသွားကြ၏၊ ဦးစံမတူသည် ကြမ်းပြင်ပေါ်တွင် ဖင် ထိုင်လျက်ရွဲ့ကာ ထိုင်နေရှာ၏၊ သူ့မျက်လုံး ကြီးများသည်အန္တရာယ်နှင့်ပက်ပင်းတိုး သည့်အလားပြူးကြောင်ကြောင်နှင့် ဝိုင်းဝလည်ရိုက်နေချေ၏တကား၊ မြင်ရှုတ်တွကြီးမှာလည်း မျက်ရည် များတွေနှင့်ပါတကား။

နယ်လှည့်ဖဲရိုက်လာသော အဘ ကြီးကိုအဘယ်သူကငိုအောင်ပြုအား လေသနည်း၊ သားအကြီးကောင်

"ဘာဖြစ်တာလဲ - အဖေ"

ဦးစံမတူက အင့်ခနဲ၊ အင့်ခနဲရှိုက်

"အဖေ့ဘ၀ရေတိမ်နစ်ခဲ့ရပြီ - သား ကြီး - ဝါး"

သားအလတ်က -

"မှားနေပြီ - ဖေဖေနော်၊ နစ်ရမှာ က"

ခုတင်အထက်က ပြာလဲ့လဲ့ဇာခြင် ထောင်ကို မေးဆတ်ကာ -

"လှအုံးမယ်လေ၊ တို့ဖေဖေ သိပ် နောက်"

ဦးစံမတူက ကြမ်းပြင်တွင် ခြေ ဆောင့်၏၊ ဒူးနဲ့မျက်ရည် သုတ်ကာ -

"ငါနစ်တာပါဆိုနေကွာ - အီး - ဝါး ဒိုးမပဲ"

ကလေးဆိုးကြီးလို ငိုသံ ဆဲလိုက် သေး၊ ဦးစံမတူ၏ အစ်မကြီးက -

"မောင်စံရဲ့ ဘယ်လိုနစ်တာလဲ၊ မင့်ဟာက ..."

ဦးစံမတူက နပ်ကိုဘတ်ခနဲရှိုကာ -

"ပြောသူးဗျာ - အသေသတ်"

ဦးစံမတူရဲ့ဘ၀က ဓါးပါးတိုက်ထောင်း ပက်ပင်းတိုးခဲ့ရသောဝေဒနာကို ဝေါ တင်မကြေညာရဲ၊ အဲ့မှာပဲ -

"ဦး - စံ"

လှအုံးမယ်၏ ညှကလီးသာအသံ ပေးသည်၊ ပြာလဲ့သောခြင်ထောင်ထဲမှ ထွက်လာလေ၏၊ အဲ့လိုကြီးဆိုပြန်တော့ လည်း -

"လာပြီ - ဓေး(ကလေး)"





www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ ဦးစံမတူသည် စုတင်ရှိရာသို့ ဖင်ဒရွတ်ဆွဲသွား၏၊ စုတင်ပေါ်သို့ ကုတ်ကပ်တက်၏၊ ဆိုတော့ကာ အိမ်သားများသည် အလိုက်သိစွာဖြင့် ကိုယ့်နေရာကိုယ် ပြန်ကြလေ၏၊ အဲ့မှာပဲ -

"အား"

ဦးစံမတူ၏ အော်သံကြီးက သွေးရျက်ဖွယ် ကောင်းပါသိတောင်း။

၀၀၀

သူကြီးမင်းက သူ့အော်ကယ်ကြီး ဦးစံမတူကို -

"ဘယ်လိုဖြစ်ရတာလဲ - သားကြီးရာ"

တစ်ညအိပ်သတိုသားကြီးဦးစံမတူ [illegible]

"[illegible]"

"[illegible]"

သူကြီးမင်း အံ့ဩဘနန်း ဖြစ်သွားလေ၏။

"ဘုနဲ့လဲ"

သေချာအောင် ထပ်မေးရတာ၊

"လှအုံးမယ်နဲ့ပါဆို ..."

"ဘယ်လိုဖြစ်ရတာလည်း - သားကြီးရာ၊ နင်ပဲ သူနဲ့ တူတူရေဝါးချင်တယ်ဆိုပြီး ဆတ်စလူးဓါခဲ့တာလေ၊ ငါက နင့်အတွက် ရှိုရှောင်လုပ်ပြီး ဖယားခင်းပေးခဲ့တာနော်"

ဦးစံမတူက သူကြီးမင်းကို လူသေမျက်နှာကြီးဖြင့် ငေးကာ -

"နင့်ကျေးဇူးတွေကိုဆန်သလောက် ဝင်သလောက် ပြန်ဆပ်ပါ့မယ်၊ လောလောဆယ်တော့မြန်မြန်ကွာပေး၊ မကွာပေးရင် ဒီညငါရှောဘရားသား ဖြစ်လိမ့်မယ်၊ ဒက်ရာမပေါ်ပဲနဲ့ - နော်လို့ - ဟင့်"

နယ်လှည့်ဖဲရိုက်ခဲ့သော အဒေ စံမတူကြီး ဘာကို ကျွတ်ကျဲနေတာလဲ တစ်ပေါက်တော့ ရှိမှာပေါ့နော့၊ သူကြီးမင်းက သူ၏နှုတ်ခမ်းမွေးကြီးများကို သပ်သုံ့ကာ -

"အကြောင်းပြချက် လေး ပေးကြည့်"

"ငိုးမပဲ"

ပျစ်ပျစ်နစ်နစ်ဆဲကာ ဦးစံမတူက သူကြီးမင်းအား တိုးတိုးလေး ကပ်ကာ ပြော၏။

"လှအုံးမယ်က မိန်းမ မဟုတ်ဘူးဟ"

"ဟေ ..."

သူကြီးမင်း ပါးစပ်ဟောင်းလောင်းကြီးဖြစ်သွားတယ်၊ နှုတ်ခမ်းမွေးပြု တွန့်သွားတယ်၊

"ဘယ်နောက်တဲ့ကောင်"

"အတည်တကယ်ပြောတာပါကွာ၊ ဒီထက် ပွင့်ပွင့်လင်းလင်းပြောရရင် ဦးအရှက်တွေ ဟက်တက်ကွဲဖို့ပဲ ရှိတော့တယ်၊ ငါ့ကိုယ်ငါ သတ်သေလိုက်မှာနော် - အီး - ဝါး"

ဟုဆိုကာ ဦးစံမတူ ကြုံကြုံပါအောင် ငိုပါလေရော၊ တစ်ခုခုတော့ မှားနေပြီဟု သူကြီးမင်း ပေါက်လိုက်တယ်၊ အဲ့ကြောင့် -

"လှအုံးမယ်"

"ရှင် - ဒရိုး"

လှအုံးမယ်သည် သားဝယ်လေးကို ထိုးထစ်ခွင်ကာ ရှင်သောမျက်နှာလေးဖြင့်တော့လန်ကော့လန်ရောက်လာလေ၏၊ ခါးခါးလေးကို ဖုန်ဖုန်လေးလူးလို့၊ အသွားချင်စဖွယ်လေး၊ ခစ် - ခစ် - ခစ် ဒါး - တီး၊

လှအုံးမယ် ထိုသို့လုပ်လိုက်သည်ကိုပင် ဦးစံမတူ ခေါင်းကြီးကို ငုံ့ထား၏၊ [illegible]သည့်အလား အသားတွေ ဆတ်ဆတ်တုန်လို့၊ သူကြီးမင်းက -

"ပေါ်တင်ပဲ ပြောမယ်ဟာ"

"ပြောကြည့်ပေါ့ - ခစ် - ခစ်"

"နင်က မိန်းမ မဟုတ်ဘူးတဲ့"

"ခစ် - ခစ် - ခစ်"

လှအုံးမယ်က တခစ်ခစ်ရယ်၏၊ သားတော်မောင် ရှုတ်တာလေးတဝါ လိုက်ရယ်၏၊ လှအုံးမယ်က ဦးစံမတူကို ပြုံးစ တုံ့ကြည့်ကာ -

"ပလပ်ကျွတ်နေပြီထင်တယ် ခစ်"

"အဲ့တော့ - ဟာ - နင့်ကို ငါ စစ်ရမယ်"

"ဘာစစ်မှာလဲတော့"

"အတီးလား၊ အဝေလားဖေါ်"

လှအုံးမယ် လုံးဝမကနဲ့တွတ်၏၊ မခန့်တဲ့အထာလေးဖြင့် -

"သဘောတော်"

ရွာထဲက မိန်းမများကို ခေါ်၏၊ လှအုံးမယ်ကိုအခန်းတွင်းဝင်စေ၏၊ စစ်ဆေးကြရန် တာဝန်ပေးလေ၏၊ ကြာပီ မိန်းမများ ပြန်ထွက်လာကြလေ၏၊ ငါးဟားဟားနဲ့ ပွတ်လောက်ကို မှိုက်နေကြာ သူကြီးမင်းက မျက်နှာပုပ္ပုကြီးဖြင့် -

"ဘာတဲ့လဲ ဟင်"

မိန်းမများက -

"အလုပ်မရှိ အလုပ်ရှာ - သူကြီးရယ်၊ လှအုံးမယ်က မိန်းမပေါ့၊ မိန်းမပို ကလေးမွေးတာပေါ့ - ဟွင့်"

ဖြစ်တော့ဖြစ်တော့ အခြေတင်ကာ ပြန်သွားကြလေတော့၏၊ ဦးစံမတူက -

www.burmeseclassic.com

www.burmeseclassic.com

"ဝ့ါဘ၀တော့စမုံတုံးပြီ-ဟင့်-အိး ဖိး"

တိုင်ကိုဖက်ကာ ငိုလေတော့၏။ အခန်းထဲမှ ပြန်ထွက်လာသော လှအုံး မယ်က ဦးစံမတူကို ကြည့်ကာ-

"သူကြီး"

"ဗော..."

"သူကြီးက ဘာဖြစ်ချင်တာတဲ့လဲ"

"နှင်နဲ့တွာရှင်းပြတ်စဲချင်လို့တဲ့ဟ"

လှအုံးမယ်က ပြုံးစိစိလေးဖြင့်-

"သဘောတော်"

ဆိုပဲ။

၀၀၀

မြော်ပြီးသားနော်။ ဘွတ်တလုံရှာမှာ မှီးရာဥပဒေက အော်တိုရှိပြီးသားပါဆို။ မှဆိုးမဘဝကနေ ရာထူးတစ်ဆင့် တိုးသွားတဲ့ လှအုံးမယ်ဟာ အသက် (၄၀)မကျော်သေးပါဘူး။

အဲ့ကြောင့်ပေါ့။ မဲဖောက်မဲနှိက်ပြီး ရှာစာရှင်ခင်ပွန်းလောင်းကို ထပ်ရွေးရပြန်ပါတယ်။ အခုဖူးစာရှင်ကြီးကလည်း အခြားမဟုတ်ပါဘူး။ သူကြီးမင်းနဲ့ သောက်ဖော်သောက်ဖက် ဖောက်ဖော်ဖောက်ဖက်ကြီးပါ။ စည်ပိုင်းနဲ့တူလာမှာ စိုးလို့ ထမင်းတစ်နပ် လျှော့စားနေရရှာတဲ့ ဘောစိကြီး ဦးကျိုးညိုပါ။

ဦးကျိုးညိုနဲ့ လှအုံးမယ်တို့ရဲ့မင်္ဂလာဦးညမှာပေါ့။

"အား"

ဦးကျိုးညို့ရဲ့ အော်သံနက်ကြီးက သွေးပျက်စရာကြီးပါ။

"အောင်မငီး-ဗျ"

ဦးကျိုးညိုဟာပုဆိုးကိုစလွယ်သိုင်းကာ ပြေးဆင်းလာပါတယ်။ ဖိနပ်တောင် မစီးရှာနိုင်ပါဘူး။ ဦးစံမတူနဲ့ပတ်သက်လို့ မသင်္ကာဖြစ်နေတဲ့သူကြီးမင်းဟာခြံဝမှာ အသင့် စောင့် နေပါတယ်။ ထင်တဲ့အတိုင်းပါပဲ။

"ကယ်ကြပါဦးဗျ"

သူကြီးမင်းက သူ့တယ်ရင်း ဦးကျိုးညို့ကို ပြေးဖက်ကာ-

"သားကြီး - ဘာဖြစ်လာတာလဲဟ"

ဦးကျိုးညို့က အရှူးကြီးဟန်ဖြင့်-

"နန် - ကလွှား"

"ဘာဖြစ်တာလဲဆို"

ဦးကျိုးညို့က-

"မိန်းမ - မ - မ - မှမဟုတ်"

အဲ့မှာပဲ-

"ခစ် - ခစ် - ခစ်"

လှအုံးမယ်ရဲ့ ရယ်သံက အိမ်ပေါ်မှ ပျံ့ဆင်းလာပါတယ်။ လှအုံးမယ် မည်သို့လုပ်လိုက်သည်မသိပါ၊ ကြောက်လွှား သွက်သွက်ခါနေသော ဦးကျိုးညို့သည်-

"အောင်မငီး"

ဟုငယ်သံပါအောင် အော်ကာ သစ်သင်နှင့် ခေါင်းပြေးအောင်းပါလေရော။ အုန်းခနဲ။

၀၀၀

"အိမ်း..."

ဟု ဆိုကာ သူကြီးမင်း ဦးသာအိသည် ပါးစပ်ပေါက်တွင် စွပ်ထားသော ဆေးပြင်းလိပ်တိုကြီးကို ပလွှတ်ခနဲ ချွတ်၍ ပြာခွက်ထဲ ထိုးထည့်ကာ-

"တစ်ခုခုတော့ မှားနေပြီထင်တယ်ဗျ"

ဟူသော အရင်းမဲ့၊ အဖျားမဲ့စကားကို ဆိုချေ၏။

"ဟုတ်တာပေါ့ - သူကြီးရဲ့"

ဆယ် အိမ် ခေါင်း ချက် ဖောင်း သည်လည်း ဘာမသိနှင့် ဖော်လိုလိုက်ချေ၏။ သူကြီးကအစီးရှည်ကိုပလွှတ်ခနဲ ထွတ်ကာ-

"စဥ်းစားတာ အခန်းတောင် ဖျတ်ချင်တယ်။ ငါ့ကောင်ကြီးတွေ မင်္ဂလာဦးညကို နေ့ချင်းတောင် မပြန်လိုက်ကြရဘူး။ ရှုပ်ပျက်ဆင်းပျက်ကြီးဟ။ နို့ပြီး ဆိုကြပြန်သေးဟ၊ လှအုံးမယ်က မိန်းမမဟုတ်ဘူးတဲ့ လား။ အဲဒါ - ငါ့အတွက် ကျိုင်းပဲဟ"

ဆယ်အိမ်ခေါင်း ချက်ဖောင်းက-

"ဋိ - ဋိ - ဋိ"

ဟု ရယ်ကာ-

"သူတို့နဲ့ မတန်လို့ အတန်ခံရတာပါ - သူကြီးရယ်၊ အဲ့တာကို အရှက်ပြေ လျှောက်ပြောနေကြတာ၊ လှအုံးမယ်က မိန်းမ မဟုတ်ဘူး၊ ဘာဘူးနဲ့ အရှုးတို သွားပြောတောင် ယုံမှာမဟုတ်ဘူး"

သူကြီးမင်းက-

"မတန်လို့ အတန်ခံရတာ - ဟုတ်စ"

ချက်ဖောင်းက မလှတဲ့အခွက်ကို မဲ့ကာ-

"ဦးစံမတူတို့၊ ဦးကျိုးညိုတို့ဆိုတာ အသက်က ခွေခေါက်နေပြီ၊ ငွတ်စငွတ်ကြီးတွေ၊ သူကြီးအကန်နဲ့ မဲပေါက်တာလေ၊ လှအုံးမယ်လေးနဲ့ လားလားမှ မထိုက်ဗျ"

www.burmeseclassic.com

"အဲတော့ကွာ ..."

ချက်ဖောင်းက -

"ဘုန်းရှိတဲ့လူကို မျှော်နေတာ"

"ဟေ ..."

"အဟုတ်ပါဆို ..."

သူကြီးမင်းက -

"ဒီရွာမှာ လုအုံးမယ်လေးနဲ့ တူတူ တန်တန် ဘယ်သူရှိလို့လဲဟ"

ဟု ရေလာအောင် မြောင်းထိုးပေး၏။

"သူကြီးနဲ့ဆို ကွက်တိ - အဟီး"

ဟု ပေါ်တင် အရောက်ပို့လေတော့၏။

"မင်းဘယ်လဲကွာ - ရှက်စရာကြီးတီး"

ကြည့်၊ သူကြီးမင်း ရှက်နေတာ၊ ဟုတ်တာမဟုတ်တာ အသိတော့ဘူး။

"ဖြစ်ပါ့လေား - ချက်ဖောင်းရဲ့"

အခုနတော့ အသားလိုလို အရွတ် တောင်းနေတာပါ။

"ဘာလို့မဖြစ်ရမှာလဲ၊ သူကြီးက ဘွတ်ကလုံရဲ့အာဏာရှိသူကြီးမင်းလေ၊ ဘယ်သူက ကန့်ကွက်မှာလဲဗျ"

ချက်ဖောင်းက ပိုပြီးရင်းကို ပို့တာ၊ ဆယ်အိမ်ခေါင်းဘဝကနေ၊ ရာအိမ် ခေါင်းရာထူးတိုး နည်းလားလို့၊ သူကြီး မင်းကလည်း မုဆိုးဖိုကြီးလေ၊ လုအုံး မယ်နဲ့ပတ်သက်လာရင် မဆွတ်ခင်က ပြွတ်(စ်)ချင်ပြီးသား။

အဲ့ကြောင့်၊

ကြာပါတယ်ဗျာ၊ ကွေ့ပိုက်နေရင် ကြာလွန်းလို့၊

သူကြီးမင်း မုဆိုးဖိုကြီးနဲ့ မုဆိုးမ ချောစမောလေး လုအုံးမယ် ညားရော ဆိုပါတော့။

၀၀၀

ညကြီးမင်းကြီးဟာတိတ်ဆိတ်ခြင်း ကို ပွေ့ဖက်ထားပါတယ်၊

အအေးဒဏ်ကို အလူးအလဲ ခံစား နေရရှာသည့် နှင်းမှုန်ပုလဲတို့၏ ညည်း တွားသံမှအပ ဘာသံမှ မကြားရချေ။ ခြံ အပြင်ဉောင်ပင်ကြီးအောက် မှောင်ရိပ် တွင်ရှိသော ချက်ဖောင်းသည် ဆေးလိပ် ကို စွတ်ကယ် စွတ်ကယ် ဖွာလေ၏။

ချက်ဖောင်းသည် ဝါးခနဲ သန်းကာ ကောင်းကင်ကို မော့ကြည့်၏၊ ခုနစ်စင် ကြယ်ပြောင်ကား အမြီးထောင်နေလေ ပြီတကား။

"ဒီအချိန် ဆို အော်သံ ကြားရ လောက်ပါပြီ" ဟုချက်ဖောင်းကဖွဖွလေး ရွတ်၏။

"သူကြီး ဒိုကေနေပြီထင်ပါရဲ့"

အိမ်ဘက်ကို ကြည့်မိ၏။ အကျိုး အကြောင်း မသိရသဖြင့် စိတ်ထဲမှာ ဘဝင်မကျ၊ ထို့ကြောင့်ချက်ဖောင်းသည် ခွေးတိုးပေါက်မှတစ်ဆင့် ခြံထဲသို့ ဝင် လာခဲ့၏။

လှေကားပေါ်သို့ ဖွဖွကလေး တက် ၏ နားစွင့်၏။ ဘာမှ မထူးခြားပါ၊ ကြမ်း ပြင်ပေါ်သို့ ရှုရှုကလေး လှမ်းပြန်၏၊ ခန်းနံရံကို နားကပ်ထားလိုက်၏၊

"အင့် - ဟင့် - ဟင့်"

ရှိုက်သံသဲ့သဲ့ကို ကြားရ၏။ လုအုံး မယ်၏ရှိုက်သံလား။ ချက်ဖောင်းသည် လွယ်ပေါက်မှ ချောင်းကြည့်လိုက်၏။

"အင့် - ဟင့် - ဟင့်"

ရှိုက်သံရှင်ကား လုအုံးမယ်မဟုတ်၊ သူကြီးမင်း ဦးသာအိ ပင်တည်း၊ ကြမ်း ပြင်ပေါ်တွင် ဖင်ခွတ်တိုက်ထွဲကာ ဒူးနဲ့ နှာ်ရည်သုတ်၊ အံကြိတ်ကာ ရှိုက်နေ ခြင်းပင် တည်း၊ တံခါးကို ဖွင့်ကာ ချက်ဖောင်းက -

"သူကြီး"

"အင် - ဟင့် - ချက်ဖောင်းရယ်"

"ဘယ်လိုဖြစ်ရတာလဲဗျာ"

သူကြီးမင်းက ပြာလဲ့လဲ့ ဖာခြင် ထောင်ကို ကျွတ်စဉ်အထာဖြင့်ကြည့် ကာ ရင်ကွဲနာသံကြီးဖြင့် -

"ငါ့ကို အိမ်ပြန်ပို့ပါတော့ - အီး - ဝါး"

၀၀၀

ရွာသူရွာသားများ စုဝေးနေကြ၏။ သူကြီးမင်းကား မလာသေး၊ သို့လော သို့လော ဖြစ်နေကြ၏။ မကြာပါချေ၊ သူကြီးမင်းကို ချက်ဖောင်းက တွဲခေါ်လာ ၏၊ သူကြီးမင်း၏မျက်နှာသည် ဖြူစပ်ဖြူ ရော်ဖြစ်နေ၏။ ဘာကို ကျွတ်တဲ့နေတာ လဲ၊

"အဟမ်း"

မျက်နှာအနွမ်းကြီးဖြင့် သူကြီးမင်း သည် လူ့မမာအသံလေးဖြင့် ချောင်းဟန့် ကာ -

"မှားနေတာကို မှန်အောင်ပြင်ဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ် အဘွတ်"

www.burmeseclassic.com

ပြောရင်း သူကြီးမင်း၏မျက်နှာ ရှုံ့တွသွားပါတယ်။ မရှိမဆန့်ဝေဒနာကို ခံစားထားရသည့်နှယ်။

"လင်သေမယားသေရင် ကျန်ခဲ့တဲ့ မုဆိုးဖို မုဆိုးမကို မဲနှိုက်ယူရတဲ့ဓလေ့ဟာ လက်တွေ့မှာ ကီးမကိုက်တော့ပါဘူး။ ပြင်သင့်တာကို ရဲရဲဝံ့ဝံ့ ပြင်ကြရပါမယ်-တင့်"

ဆိုတာ သူကြီးမင်း အံကြိတ်ပြန်လေ၏။ ဝေဒနာက ပိုဆိုးလာသည့်သဘော။ အားတင်းပြီး-

"အဲဒီဓလေ့ဥပဒေကို ပြင်ချင်ပါတယ်လို့-တင့်"

အလိုက်သိသော ချက်ဓောင်းက-

"ကန့်ကွက်ချင်သူ ရှိပါသလား"

ရွာသားများက သံပြိုင်ညီညာ ဝမ်းသာစွာဖြင့်-

"မရှိပါဘူး"

"မရှိပါဘူး"

ထောက်ခံသံများက မိုးယံသို့ ညံစေ၏တကား။

⊙⊙⊙

ရာသီကား ပြာရီမှိုင်းမှုန်နေ၏။

လေရူးမွှေ နောက်သဖြင့် ရွက်ခြောက်တို့ကား ခြောက်တောက်ခြောက်တောက်ကြွေနေ၏။ အချိန်ကား နွားရိုင်းသွင်းချိန်တည်း။

လှအုံးမယ်အသစ်ကလေးက-

"အနေအထားက မြွေ၊ ဖားဖြစ်သွားပြီ-အေးဆေးပဲ"

သားငယ်လေးကို ရင်ခွင်ပိုက်ထားသော လှအုံးမယ်က-

"ကြိုက်တဲ့ လင်ကို ထင်သလို ကောက်ကာ ငင်ကာ ယူလို့ရပြီပေါ့။ ကျေးဇူးပါ"

"မလိုပါဘူး။ လမ်းကြုံလို့ ကူရတာပါ-ခွင့်ပြုပါ"

လှအုံးမယ်က-

"ဘယ်ကိုပြန်မှာလဲ ဟင်"

လှအုံးမယ်အသစ်ကလေးက ပြုံးကာ-

"ခဏ မျက်စိမှိတ်လိုက်ပါ"

လှအုံးမယ် မျက်စိကို မှိတ်လိုက်၏။ ခဏအကြာ-

"ဖွင့်ပါ"

"ဟင်"

သစ်ကိုင်းခြောက်တွင် နားနေသော ကျီးကန်းတစ်ကောင်ကို တွေ့ရလေ၏။ လှအုံးမယ်မှာ မျက်လုံးအပိုင်းသားနဲ့။ ကျီးကန်းလေးသည်-

"အ-အ-အ"

ဟုအော်မြည်ကာဝေးရာသို့ပျံသန်းသွားလေတော့၏တကား။

ဘုတ်အုပ်တွေ ဖတ်ဖူးကြမှာပါ။

ကျုတ်-တွေဟာ ရုပ်သွင်းအမျိုးမျိုး ဖန်ဆင်းပြနိုင်သည် ဆိုပဲ၊ အဲ့ဆိုရင် ကျုတ်တွေဟာ အခြောက်လို ဖန်ဆင်းမယ်ဆိုရင်ကော၊

စပျော့ပေါ့။

**လှမှိန်အောင်**

| | |
|---|---|
| **ငှက်** | မြင်းခွာရွက်ရည်ကို |
| | ငရုပ်တောင်းနှင့်ရော |
| **ပျား** | ကြိတ်၍သောက်ပါ။ |
| | မြင်းခွာရွက်၊ ပင်စိမ်း၊ |
| **ဖြစ်** | ငရုပ်ကောင်းမှုန့် |
| | ဆတူရော၍ သုံးရွေးခန့် |
| **သော်** | လုံးပြီး တစ်နေ့နှစ်လုံး |
| | သောက်ပါ၊ |

**စိန်တားမိသော်**

ကန်စွန်းရွက်နှင့် ရှားရွက်ကို ရော၍သောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်သစ်

## အမွေပစ္စည်းများကို အပိုင်စီး အုပ်စီးလိုသူ လောဘတက်နေသည့် မိန်းမတစ်ယောက်၏ နောက်ဆုံးလမ်း ..

### "သုခမြိုင်"

စံအိမ်ကြီးသည် နာမည်နှင့်လိုက်အောင်ပင် ပျော်ရွှင်အေးချမ်းမှုတွေပြည့်ဆိုင်နေပါသည်။ စံအိမ်ကြီးတွင် ဘွားဘွားဒေါ်နန်းမြိုင်နှင့် သူမ၏သားဦးသုခ၊ ချွေးမလေး နန်းသုခမြိုင် တို့သုံးယောက်နှင့် ထမင်းချက် ဒေါ်လှစိန်တို့သားအမိ၊ မြင်းစောင့်ကြီး ဦးဓဒေဝ၊ ဒရိုင်ဘာ ဦးသီလတို့သာ ရှိ၏။ "သုခမြိုင်"စံအိမ်၏ အရှင်သခင်တို့က စံအိမ်ကြီးတွင် မှီခိုနေသည့် အလုပ်သမားများအား ခွဲခြားဆက်ဆံခြင်း၊ နိုင်ထက်စီးနင်းပြု လုပ်ခြင်းများ အလျဉ်းမရှိ။ မိသားစုဝင်များကဲ့သို့ နွေးထွေးစွာ ဆက်ဆံကြင်နာကြသည်။

မေတ္တာတရားများ ထုံမွှန်းလျက် "သုခမြိုင်"စံအိမ်ကြီးက သာယာအေးချမ်းလျက်ရှိပေသည်။ ညအိပ်ရာဝင်ချိန်မနက်စောစောဝေလီဝေလင်းအချိန်များတွင် ဝေနေယျသတ္တဝါအပေါင်းအား မေတ္တာပို့သံ၊ ဘုရားဝတ်ပြုသံများဖြင့် အေးချမ်းမှုအပေါင်း ခြောင်းရာ သုခမြိုင်စံအိမ်ကြီးကို မြင်ရသူတိုင်းက အေးချမ်းမှုကို အလိုလိုပင် ရရှိနေကြသည်ပင်။

စံအိမ်ကြီးအဝင် မြံတံခါးကြီးက လည်းနန်းတော်တံခါးကြီးအလားထင်မှတ်များလောက်အောင် ထည်ဝါလှ၏။ အဝင်ဝမှစ၍ နန်းတော်ကြီးအလား ခန့်ညားထည်ဝါလှသည့် အိမ်ကြီးအပေါ် သွားဘက်ဝဲယာတွင်လည်းရောင်စုံပန်းများဖြင့် တန်ဆာဆင်ထား၏။ ကျယ်ဝန်းသော မြံကြီးအတွင်းတွင်လည်း လှပစွာဖူးပွင့်နေကြသည့်ပန်းများ၏ ရနံ့တို့က အရပ်လေးမျက်နှာသို့ ဝေ့ဝဲလျက်ရှိသည်။ ရောင်စုံလိပ်ပြာတလေးများလည်း ဟိုမှသည် ကူးလူးပျံဝဲနေသည်။

နန်းသုခမြိုင် တို့သားအမေ

www.burmeseclassic.com

ယောက် အိမ်နောက်ဘက်က ရေကူးကန်ဆီသို့ လမ်းလျှောက်ရင်း ဦးသုခက "သမီးကိုဖေဖေပြောစရာရှိတယ်"ဟုဆိုတော့ နန်းသုခမြိုင် ငဲ့ကြည့်ရင်း "ပြောလေ - ဖေဖေ"ဟု ဆို၏။

"ပြောစရာဆိုတာထက်သမီးဆီမှာခွင့်တောင်းကြည့်ဖို့ပါ"

"အော် - ဖေဖေရယ် - ဖေဖေလုပ်တဲ့သူကသမီးဆီမှာခွင့်တောင်းရအောင်ဘာတွေရှိလို့လဲ"

"ခွင့်တောင်းရတာပေါ့ - သမီးရယ်။ မိဘဆိုပြီး လုပ်ချင်တိုင်းလုပ်ရင် ဘယ်တရားပါ့မလဲ"

"တုတ်ပါပြီ - ဖေဖေရယ်၊ ဘာလဲဆိုတာသာ ပြောပါတော့"

ဦးသုခက ရေကန်နားအရောက်မှာ ခေတ္တရပ်လိုက်ပြီး နန်းသုခမြိုင်ကို စေ့စေ့ကြည့်လိုက်သည်။

"ဖေဖေ့ကို နောက်အိမ်ထောင်ပြုခွင့်ပေးပါ - သမီးရယ်"

နန်းသုခမြိုင်က သူမ၏အဖေကို အံ့ဩစွာ တစ်ချက်မော့ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချရင်း အသင့်ချထားသည့် ထိုင်ခုံပေါ်မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ ပြုံးရင်း -

"ဖေဖေ့သဘောပါပဲ"ဟု တိုတို တုတ်တုတ် ပြန်ဖြေလိုက်သည်။

ဦးသုခက မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း "သမီးက သဘောမတူသလိုပဲနော်"ဟု ဆိုလိုက်၏။

"သမီးသိပ်ချစ်ရတဲ့ ဖေဖေ့ကို တခြားတစ်ယောက်လက်ပေးလိုက်ရမှာ ဘယ်သားသမီးက ကြည်ဖြူချင်ပါ့မလဲ ဖေဖေရယ်၊ ဒါပေမဲ့ - သမီး နားလည်ပေးနိုင်ပါတယ်။ သမီး - ဒီအသက်အရွယ်ရောက်တဲ့အထိ နောက်အိမ်ထောင်မပြုပဲ သမီးကို ဂရုစိုက်ပေးခဲ့တဲ့အတွက် ဖေဖေ့ကို သမီး အရမ်းကျေးဇူးတင်ပါတယ်၊ အခုဆို - သမီးအသက်လည်း နှစ်ဆယ်ပြည့်ခဲ့ပြီပဲ၊ အင်း - မေမေဆုံးခဲ့တာတောင် ဆယ့်ရှစ်နှစ်ကျော်ခဲ့ပြီနော်"

ဦးသုခက ခေါ်လှစိန် လာချပေးသည့် သံပုရာရည်ခွက်ကို ကောက်ယူမော့သောက်ပြီး ရေကူးကန်ထဲက ရေပြာလဲ့လဲ့ကို ငေးကြည့်လိုက်သည်။

"ဟုတ်တယ် - သမီး၊ သမီးမေမေဆုံးခဲ့တာ ဆယ့်ရှစ်နှစ်ပြည့်ခဲ့ပြီးပြီ၊ အချိန်တွေ ကြာခဲ့ပေမယ့်လည်း ဒီနေ့ ဒီအချိန်ထိ ဖေဖေ့အပေါ်မှာ အစစအရာရာ မိန်းမတစ်ယောက်ရဲ့တာဝန်တွေ



...ခဲ့တဲ့ သမီးမေမေကို မမေ့နိုင်ခဲ့ပါ ... - သမီးရယ်၊ ဖေဖေ့ရင်ထဲကို ခွဲပြလို့ ... ခွဲပြချင်ပါတယ်ကွာ"

"သမီး နားလည်ပါတယ် - ဖေဖေ ...။ ဒါနဲ့ ဘွားဘွားကိုရော ပြောပြီးပြီ ..."

"ပြောပြီးပါပြီ - သမီးရယ်၊ သမီး ...ဘွားက ဘာမှကန့်ကွက်စရာမရှိပါဘူး ... သမီးခွင့်ပြုရင် ရပြီတဲ့လေ"

"ဒါဆို - ဖေဖေက ဘယ်တော့လက် ...ပ်မှာလဲ"

"အင်း - အဆင်ပြေတဲ့တစ်နေ့ပေါ့ - ...မီးရယ်"

"အော် - ကဲ - သမီးရေကူးလိုက်ဦး ...ယ် - ဖေဖေ"

"ကောင်းပါပြီ - သမီးရယ်၊ ဖေဖေ ... သမီးဆီက ခွင့်ပြုချက်ရကြောင်း ...အဘွားကို ပြေးပြောလိုက်ဦးမယ်"

ဦးသုခအိမ်ဘက်ပြန်လှည့်အထွက် ...တော့ နန်းသုခမြိုင်တစ်ယောက် ...ရေကူးကန်ထဲသို့ ဒိုင်ဗင်ပစ်ချလိုက် ...သည်။

...သည်နေ့ မနက်ခင်း မိုးလင်းပြီဆို ...ကတည်းက "သုခမြိုင်"စံအိမ်ကြီးမှာ အားလုံးအလုပ်ရှုပ်နေကြသည်။ အခန်း...တွင်း၊ အိမ်အတွင်း သန့်ရှင်းရေးလုပ်သူ... ကလုပ်၊ ခြံဝင်းအတွင်းအိမ်နောက်ဘက် ရေကန်အနီး ထိုင်ခုံများ နေရာချသူက ချနှင့်ရှုပ်ယှက်ခတ်နေကြ၏။ ခေါ်နန်းမြိုင်ကတော့ ရေခဲမုန့်ကို ကိုယ်တိုင်သွားမှာသည်။ သည်နေ့ဦးသုခရဲ့ဒုတိယမြောက် မင်္ဂလာဧည့်ခံပွဲအတွက် ပြင်ဆင်နေကြခြင်းဖြစ်သည်။ ဦးသုခရဲ့မိတ်ဆွေများနှင့် နန်းသုခမြိုင်၏ သူငယ်ချင်း အပေါင်းအသင်းများပါ လာရောက်ကူညီ လုပ်ကိုင်နေကြသဖြင့် စည်ကားလျက် ရှိ၏။

ဦးသုခကတော့ဒုတိယဇနီးလောင်းလေးကို အကြိုထွက်သွားသည်မှာ မိုးလင်းကတည်းက ဖြစ်သည်။ အနှောင့်အယှက်ကင်းကင်းဖြင့် ကျင်းပမည့် မင်္ဂလာပွဲလေးက သာယာလှပနေမည်သာဖြစ်သည်။ ရေကူးကန်ဘေးဝတ်လည်မှာ စားပွဲတွေ ကျကျနနချရင်း ရောင်စုံပူဖောင်းလေးများကလည်းလေမှာ တလွင်လွင်၊ ညနေစောင်းမှ ဧည့်ခံကျင်းပမှာဖြစ်ပေမယ့် မနက်ခင်းကတည်းက အားလုံးပြီးစီးနေခဲ့ပြီဖြစ်၏။

နန်းသုခမြိုင်တစ်ယောက်ကတော့ ဒုတိယမေမေကို မြင်ချင်တော...နေ လှုန်း၍ တမျှော်မျှော် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးသုခကလည်း အတော်လျှို့ဝှက်လွန်းသည်။ နောက်အိမ်ထောင်ပြုဖို့စပြောတဲ့နေ့ကစပြီး ဒီအချိန်ထိ ဓာတ်ပုံလေးတစ်ပုံတောင် မပြ၊ လူခေါ်လာဖို့ ပြောတော့လည်း "အချိန်တန်ရင် တွေ့ရမှာပါ" ဟုသာပြောလေ့ရှိသည်။ ယနေ့လည်းညနေလေးနာရီဝင် ခွဲပြီး ဧည့်သည်တွေပင် စုံလင်ပြီးဖြစ်နေပြီး ဦးသုခတို့က ရောက်မလာသေး။ အားလုံးက မျှော်နေကြပေပြီ။ သမီးတို့သယ်တာသွားခေါ်မယ်၊ သင်္ဘောလာတယ်စသည်ဆိုတာလည်း ပြောပြီး ဒေါ်နန်းမြိုင်ကတော့ စိတ်ပူနေမိသည်။ နန်းသုခမြိုင်မှာလည်း နေ့ခင်းမြင့်တောင်လျှောက်လိုက်၊ မြောက်လျှောက်လိုက်၊ ဧည့်သည်တွေကလည်း အတွေးအမျိုးမျိုးဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပေပြီ။

ထိုစဉ်မှာပင် ဦးသုခ၏ ကားနက်ကလေးခြံဝင်းထဲသို့ဂုဏ်ရှိန်နဲ့မောင်းဝင်လာခဲ့သည်။ နောက် ဆင်ဝင်အောက်မှာ ကားရပ်လိုက်ပြီး ဦးသုခနှင့် သူ၏ဇနီးလောင်းတို့ ဆင်းလာခဲ့သည်။ ပြီးတော့ ခြံနောက်ဘက်သို့ လျှောက်ခဲ့၏။

ဦးသုခတို့စုံတွဲ ခြံနောက်ဘက်အရောက်တွင်တော့ အားလုံးမတ်တတ်ရပ်လျက် အံ့သြလွန်းစွာဖြင့် ဘာမှမပြောဖြစ်ကြ။ သည်အချိန်လေးအတွင်းမှာ တိတ်ဆိတ်ငြိမ်သက်လွန်းလှသဖြင့် ပုရွက်ဆိတ်တစ်ကောင်ရဲ့ခြေသံကိုပင် ကြားရမတတ်။ အတန်ကြာ တိတ်ဆိတ်နေမှုကိုဦးသုခက ချောင်းတစ်ချက်ဟန့်၍ဖြိုခွင်းလိုက်သည်။

"သိပ် အံ့သြသွားကြမယ်ထင်ပါတယ်၊ အထူးသဖြင့် အမေနဲ့သမီးလေးတို့ပေါ့၊ အားလုံး ပြန်ထိုင်ကြပါဗျာ၊ အကြောင်းစုံကို ကျွန်တော် ရှင်းပြပါ့မယ်"

ဦးသုခရဲ့ စကားအဆုံးမှာတော့ အားလုံး အတွေးကိုယ်စီဖြင့် ထိုင်ခုံမှာ ပြန်ထိုင်လိုက်ကြသည်။ ပြီးတော့ ဦးသုခပြောလာမယ့်စကားကို မျှော်လင့်နေကြ၏။ ဒေါ်နန်းမြိုင်နှင့် နန်းသုခမြိုင်တို့ကတော့ ဦးသုခဘေးမှာ ရပ်နေသည့် အမျိုးသမီးကိုသာ စိုက်ကြည့်နေကြသည်။

"သူ့နာမည်က ခင်သူဇာပါ၊ ဇာတိကတော့ ကျွန်တော်တို့မြို့နဲ့ တော်တော်ဝေးတဲ့နေရာပေါ့။ ကျွန်တော်မော်လမြိုင်ကို ကိစ္စတစ်ခုနဲ့ သွားခဲ့တုန်းက အမှတ်မထင် သူ့ဇာ့ကိုတွေ့ခဲ့ပါတယ်၊ အဲဒီတုန်းက အစ အားလုံး အံ့သြကြသလို ကျွန်တော်လည်း အရမ်းအံ့သြခဲ့ရတယ်၊ ဆုံးသွားခဲ့တဲ့ သမီးလေးရဲ့မေမေ နုငယ်နဲ့ ခွဲ မရအောင် သူ့ဇာက တူနေတော့ ကျွန်တော့်ရဲ့ မရင့်ကျက်သေးတဲ့နှလုံးသားက နာကျင်ခဲ့ရပါတယ်၊ နုငယ်က အသားညိုပေမယ့် သူ့ဇာကတော့ အသားဖြူတယ်၊ ဒါလေးတစ်ခုပဲ ကွဲလွဲခဲ့တာပေါ့၊ နောက်ဆုံးတိုတိုပြောရရင်ဗျာ သူ့ဇာ့ကိုကျွန်တော် ချစ်ရေးဆိုခဲ့မိတယ်၊ ကျွန်တော့်ဘဝရဲ့ အမှန်တရားတွေကိုလည်း သူ့ဇာ့ကိုဖွင့်ပြောခဲ့ပါတယ်၊ သူ့ဇာကလည်း လက်ခံခဲ့တယ်၊ ပြီးတော့ သူ့ဇာကလဲ တစ်ယောက်တည်းသမားဆိုတော့ ပိုအဆင်ပြေတာပေါ့၊ လက်ထပ်ဖို့ကိစ္စကို သူ့ဇာနဲ့တိုင်ပင်ပြီး ရက်ကြိုထဲက ခေါ်ထားခဲ့တာ၊ အိမ်ကလူတွေလည်း အံ့သြစေချင်တာနဲ့ တည်းခိုခန်းမှာ သူ့ဇာ့ကို ထားခဲ့တာပါ၊ ကဲ - ဒီလောက်ဆိုရင် အဆင်ပြေလောက်ပြီထင်ပါတယ်နော်၊ သုံးဆောင်ကြပါ ခင်ဗျား၊ သုံးဆောင်ကြပါ၊ အားလုံးကို ကျေးဇူးတင်ပါတယ်"

ဦးသုခကတော့ စကားရှည်ကြီး ပြောလိုက်ရပေမယ့် မောဟန်မပြဘဲ ခင်သူဇာကို လက်ဆွဲလျက် ဧည့်သည်များဆီသို့ လိုက်လံနှုတ်ဆက်နေပေသည်။ ဒေါ်နန်းမြိုင်ကတော့ မျက်ရည်စတို့ကို သုတ်ရင်း ပြုံးလျက် ကျန်ခဲ့သည်။ နန်းသုခမြိုင်က သူမ၏ ဒုတိယအမေရဲ့ လက်ကိုဆွဲလျက် လိုက်ပါခဲ့သည်လေ။ သူမမျက်ဝန်းမှာလည်း မျက်ရည်စတို့ ဝေ့ဝဲလျက်။

ဒေါ်ခင်သူဇာတစ်ယောက် "သုခမြိုင်" စံအိမ်ကြီးမှာ အလျှင်အမြန် နေထိုင်ကြခဲ့ပါသည်။ စံအိမ်ကြီး၏ အရှင်သခင်တစ်ယောက်အဖြစ် အားလုံးက လက်ခံခဲ့ကြရာတွင် ဦးသုခ၏ ကွယ်လွန်သွားပြီးခဲ့သော ဇနီးဟောင်းနှင့် ရုပ်ချင်း ခွဲရအောင် တူခြင်းက အဓိကဖြစ်သလို အလိုက်သိတတ်သော၊ အကောင်းပါသော သူမ၏ အတွင်းစိတ်ကြောင့်လည်း ဖြစ်၏။

ဒေါ်နန်းမြိုင်ကိုယ်တိုင်က သည်းသည်းလှုပ်ချစ်ခြင်း ခံခဲ့ရသလို နန်းသုခမြိုင်၏ ချစ်ခင်ကြင်နာမှုတို့လည်း ရရှိပိုင်ဆိုင်ခဲ့ရသည်။ စံအိမ်ကြီးတွင် လိုအပ်နေသည့်ကွက်လပ်တစ်ခုက ပြည့်ခဲ့ပြီမို့ စတ္တုန်တိုင်းက သာယာလှပနေခဲ့ပြီဖြစ်သည်။

နားလည်ခွင့်လွှတ်တတ်ခြင်းများစွာဖြင့် သုခမြိုင်စံအိမ်ကြီးကတော့ ညီညွတ်ကြွားလျက်ရှိ၏။ လောကတွင် စိတ်ချမ်းသာခြင်းသည် အင်္ဂါတချသလို





www.burmeseclassic.com

ဆင်းရဲနွမ်းပါးသော်လည်း စိတ်ချမ်းသာခြင်းရှိနေပါက ဘဝ၏အချိန်များစွာကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပေလိမ့်မည်၊ ဘာမျှလိုအပ်ချက်မရှိသော သုခမြိုင်အိမ်သူအိမ်သားများအတွက်ကား နတ်ပြည်တမျှပင် သာယာနေလိမ့်မည်ဖြစ်သည်၊ အလုပ်သမားများပါမကျန် စံအိမ်သူစံအိမ်သားများမှာ ယဉ်ကျေးစွာ ဆက်ဆံပြောဆိုကြသည်မှာလည်း ဗုဒ္ဓ၏ အဆုံးအမများကို ရှိသေလိုက်နာကြသူများတု ဂုဏ်ဖော်စရာမလို အောင်ဝင်ခြင်းသည်။

ယခုလည်း ဒေါ်နန်းမြိုင်၏ သတ္တဝါလေးများ [illegible] ရှိသော မေတ္တာ [illegible] လေးများ တကြိုငြိမ်းချမ်းစွာ ပျော်ရွှင်နေကြပေပြီ။

"လုံးစုံများစွာ သတ္တဝါ - ချမ်းသာကိုယ်စိတ် ခြပါစေ၊ ဥပဒ်ရန်ဘေး ကင်းစင်စေး ငြိမ်းအေးကြပါစေ"

ᛟᛟ

ဒေါ်ခင်သုဇာတစ်ယောက် "သုခမြိုင်" စံအိမ်ကြီး ရောက်ခဲ့သည်မှာ တစ်နှစ်တင်းတင်းပင် ပြည့်ခဲ့ပြီဖြစ်သည်၊ တစ်နှစ်အတွင်း ဘာပြဿနာ၊ ဘာအခက်အခဲမှမရှိပဲ ပျော်ရွှင်စွာဖြတ်သန်းခဲ့သော်လည်း သည်မနက်ခင်းကတော့ ယခင်နေ့ မနက်ခင်းများလို သာယာနာပျော်ဖွယ် မကောင်းခဲ့၊ ငှက်ကလေး၊ ငုရွှက်သံ၊ ကြွေကွဲသံများဖြင့် မင်္ဂလာမဲ့ခဲ့သော မနက်ခင်း၊ အားလုံးရင်ထဲမှာ ပူဆွေးသောတွေ ပြည့်နက်လျက်၊

"သုခမြိုင်" စံအိမ်ကြီး၏ အရှင်သခင်မ၊ အမွေစား အမွေခံဖြစ်သည့် နန်းသုခမြိုင်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေသည့်ကိစ္စ၊ သူမ အခန်းဝင်ကြည့်တော့လည်း ညက အိပ်ထားသည့်အနေအထားမတွေ့ရ၊ အိမ်အတွင်းရော အပြင်ပါ နှံ့နေပြီ၊ ရှာလို့မတွေ့၊ သည်တော့ အားလုံး စိတ်ပူနေကြသည်ပေါ့၊ အမျိုးမျိုးလည်း ဝိုင်းဝန်းစဉ်းစားကြသည်၊ အဖြေက မတွေ့၊ ယောကျ်ားနောက် လိုက်ရအောင်ဆိုသော်လည်း ချစ်သူရည်းစား ရှိသည်ဟု တစ်ခါမှ မပြောဖူး၊ တရားဝင်လည်း ခွင့်ပေးထားပြီးသား၊ ချစ်သူရည်းစားရှိလျက် ဆင်းရဲချမ်းသာ မခွဲခြား၊ အိမ်ကို ခေါ်လာခဲ့ရန်မှာပြီးသားဖြစ်၏၊

"သား - သား မောင်သုခ - တစ်ခုခုလုပ်ကြပါဦးကွယ်၊ အမေရင်တွေ တုန်လှုပ်ရပ်ရှိကွယ်"





စခန်းမှူး တင်မောင်မြနှင့် တွေ့ပြီးသည့်နောက် သေဆုံးခဲ့သူ မိန်းကလေးမှာ မိမိ၏သမီး နန်းသုခမြိုင် ဖြစ်ကြောင်း သက်သေခံမှတ်ပုံတင်အရ လက်ခံပြီးရချိန်မှာ သမီး သေဆုံးရခြင်းမှာ မတော်တဆမှုတစ်ခုအဖြစ် သတ်မှတ်လိုက်ရပြီဖြစ်၏၊ ကျလာခဲ့သည့် မျက်ရည်စက်တို့ကို ဦးသုခတစ်ယောက် တားဆီးနိုင်စွမ်း မရှိခဲ့ပါ၊ **၆၆**

ဦးသုခတစ်ယောက်လည်း သမီးစိတ်ကြောင့် ပျာယာခတ်လျက် ရှိ၏၊ စဉ်းစားသော်လည်း အချည်းအနှီးသာဖြစ်သည်၊ နောက်ဆုံးရဲစခန်းအကြောင်းကြားရန် ဦးသုခတို့တစ်မိသားစုလုံး ထွက်လာခဲ့တော့သည်၊

ᛟᛟ

"သုခမြိုင်" စံအိမ်ကြီးက အရင်ကလိုနိုစိုပြေပြေမရှိခဲ့သည်မှာ တစ်ပတ်ပင်ကျော်ခဲ့ပြီ၊ စံအိမ်ကြီးတစ်ခုလုံး ခြောက်သပ်လျက်ရှိ၏၊ နန်းသုခမြိုင်၏ သတင်းအစအနက လုံးဝရှာမရခဲ့၊ တစ်မြို့လုံးလည်း နှံ့ခဲ့ပြီ၊ မတွေ့၊ ဦးသုခနှင့် တစ်အိမ်လုံး ယောက်ယက်ခတ်နေကြသော်လည်း ဒေါ်နန်းမြိုင်တတော့ တည်ငြိမ်အေးဆေးစွာပင်ရှိ၏၊

"သတ္တဝါတစ်ခုက တစ်ခုခုဖြစ်ပြီဆိုတာ တရားနဲ့သာ ဖြေကြပေါ့၊ အခုလဲ ပတ်ပျက်နေတာကြာလှပြီ၊ အိမ်ပေါ်တက်ပြီး ဘုရားဝတ်ပြုလိုက်ဦးမယ်"

ဒေါ်နန်းမြိုင်တစ်ယောက် ပြောရင်းထလိုက်ပြီး ဧည့်ခန်းမှထွက်တာ အိမ်အပေါ်ထပ်သို့ တက်လိုက်သည်၊ နှလုံးမှလည်း မေတ္တာပို့လျက် ဦးသုခနှင့်

www.burmeseclassic.com

ဒေါ်သူဇာတို့ကတော့ နားမလည်စွာ ဒေါ်နန်းမြိုင်ကို ဝေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ထိုစဉ်မှာပင် ရဲစခန်းမှ ဖုန်းဝင်လာသဖြင့် ဦးသုခ အလျင်အမြန် ထကိုင်လိုက်သည်။

"ဟလို - သုခပါ"

"ကျွန်တော် စခန်းမှူး တင်မောင်ဆွေပါ"

"အော် - ဟုတ် - ဟုတ်ကဲ့၊ သတင်းသတင်းထူးလို့လားဗျာ"

"ဟုတ်ကဲ့ - ဦးသုခ စိတ်ကိုတော့ ထိန်းပါဗျာ၊ ဦးသုခရဲ့သမီး နန်းသုခမြိုင်ကို မှတ်ပုံတင်နဲ့အတူ တွေ့ရတယ်၊ အဝတ်အစားတွေကလဲ ခင်ဗျားတို့ပြောတဲ့အရောင်တွေပါပဲ၊ ဒါပေမဲ့ - မျက်နှာတစ်ခုလုံးကတော့ ဆိုင်ကယ်မီးလောင်တုန်း သူ့မျက်နှာပါ ကျွမ်းသွားတယ်ဗျာ၊ ရုပ်တော့ ပျက်သွားတယ်၊ အဲဒါ သေချာအောင် လာကြည့်ပါဦး"

"အော် - ဟုတ် - ဟုတ်ကဲ့၊ ကျွန်တော် ခုလာခဲ့ပါ့မယ်"

ဖုန်းကို ချလိုက်ပြီး သူဇာ့ကိုခေါ်ချော် ထွက်လာခဲ့သည်၊ ဦးသုခ၏ရင်တွေတဒိန်းဒိန်း ခုန်နေသည်၊ သမီးလေး မဟုတ်ပါစေနှင့်ဟုလည်းအမိပ္ပာယ်မဲ့စွာ ရေရွတ်နေမိသည်၊ ဒေါ်သူဇာကတော့ ဘာစကားမှမပြောပဲငြိမ်၍လိုက်ခဲ့သည်၊ ဦးသုခ၏အနက်ရောင်မာစီးဒီးကားလေးက လေအဟုန်ကို ခွင်း၍အရှိန်ပြင်းပြင်းဖြင့် ကတ္တရာလမ်းမပေါ်မှာ ပြေးနေဆဲ၊

ကားကလွဲပြီး ဘယ်တုံးကမှ ဆိုင်ကယ်မစီးခဲ့သည့်သမီးက ဆိုင်ကယ်နှင့်အတူ သေဆုံးရသည်ကိုဦးသုခဝေခွဲမရခဲ့၊ ချစ်သူရှိ၍သူမ၏ချစ်သူနှင့်ဆိုင်ကယ်စီးရင်း သည်လိုအဖြစ်ဆိုးမျိုးနှင့်ကြုံတွေ့ရသည်လားဟူ၍ပင်မဆီမဆိုင် စဉ်းစားမိသေးသည်၊

စခန်းမှူး တင်မောင်ဆွေနှင့် တွေ့ပြီးသည့် နောက် သေဆုံးခဲ့သူမိန်းကလေးမှာ မိမိ၏သမီး နန်းသုခမြိုင်ဖြစ်ကြောင်းသက်သေခံမှတ်ပုံတင်အရ လက်ခံပြီးရချိန်မှာ သမီး သေဆုံးရခြင်းမှာ မတော်တဆမှုတစ်ခုအဖြစ် သတ်မှတ်လိုက်ရပြီဖြစ်၏၊ ကျလာခဲ့သည့် မျက်ရည်စက်တို့ကိုဦးသုခတစ်ယောက် တားဆီးနိုင်စွမ်း မရှိခဲ့ပါချေ၊

မိမိအသက်တမျှ မြတ်နိုးချစ်ခင်ခဲ့ရသော သမီးလေး နန်းသုခမြိုင် သေဆုံးရခြင်းအပေါ် ဦးသုခ သဘောမကျခဲ့ပါ၊ သစ်ယောက်ယောက် လုပ်ကြံခဲ့လေရော့သလားဟူသည့် အတွေးတို့ကိုသည်း ညစဉ် တွေးခဲ့မိသည်၊ ဦးသုခသစ်ခုဘဝင်မကျရှိခဲ့သည်မှာ နန်းသုခမြိုင် မဆုံးမီ နှစ်ရက်လောက်အလိုမှာ ခိုင်ဘာ ဦးသီလက ခွင့်ယူ၍ သူ့ရပ်ရွာပြန်သွားခြင်းနှင့် သမီးဆုံးပြီး နောက်တစ်နေ့မှာပင် ထမင်းချက် ဒေါ်လှစိန်၏သမီး မတင်မေ အလုပ်ထွက်သွားခြင်းပင် ဖြစ်၏၊

မတိကျ မရေရာသောအတွေးတို့ နှင့် လွင့်မျောနေစဉ် ဖနီးသည် ဒေါ်ခင်သူဇာ၏ အော်သံကြောင့် အတွေးစတို့ ပြတ်ခဲ့ရသည်၊ အိပ်ရာထက်မှာ အိပ်နေ ရင့်အလန့်တကြားဖြင့် ဒေါ်ခင်သူဇာလန့်အော်ခဲ့ခြင်းဖြစ်၏၊ မျက်နှာတွင်လည်း ကြောက်ထိတ်လန့်မှုကို လွှမ်းကဲလျက် ချွေးသီးချွေးပေါက်တို့ကပြည့်သိပ်နေသည်၊ ဦးသုခက ရေတစ်ခွက်ခပ်ပေးရင်း "ဘာဖြစ်တာလဲ" ဟုမေးတော့ "အိပ်မက်ဆိုးတွေမက်တာပါ" လောက်သာဒေါ်ခင်သူဇာပြန်ပြောပြီး လှဲအိပ်နေလိုက်သည်၊

ဦးသုခကတော့ သက်ပြင်းတစ်ချက်ချရင်း မျက်လုံးကိုမှိတ်ပစ်လိုက်၏၊ ဒေါ်ခင်သူဇာတစ်ယောက်မှာတော့ ချက်ချင်းပြန်အိပ်မပျော်နိုင်သေး၊ သူမ အမြင်အာရုံထဲမှာ နန်းသုခမြိုင်၏ မျက်နှာကလေးကိုမြင်ယောင်နေမိသည်၊

အတော်ခပ်လှမ်းလှမ်းမှ ခွေးအူသံတစ်ချက်က ညနက်နက်ကို တန်ဆာဆင်လိုက်သလိုပင် ရှိချေတော့သည်၊ ဒေါ်ခင်သူဇာ ကျောထဲမှာ စိမ့်ခနဲ ခံစားလိုက်ရ၏၊

စံအိမ်ကြီးမှာ သည်ညတော့ စောစီးစွာပင် တိတ်ဆိတ်နေခဲ့သည်၊ အားလုံးကိုယ့်အိပ်ရာကိုယ်ဝင်ကာ နားနေလိုက်ကြ၏၊ အိမ်ကြီးအတွင်းမှာ မီးမှိန်မှိန်ကလေးတွေသာ ထွန်းညှိထားသည်မို့ သည်ညအဖို့တော့ သုခမြိုင်စံအိမ်ကြီးက ချောက်ချားစရာအတိ၊ မီးတွေ ထိန်လင်းနေအောင်ဖွင့်ဖို့ ဒေါ်ခင်သူဇာ ပြောပေမယ့် ဒေါ်နန်းမြိုင်၏အမိန့်ကို မည်သူမျှမလွန်ဆန်ရဲကြ၊ မီးရောင်ပျပျကလေးသာထွန်းဖို့ ဒေါ်နန်းမြိုင် အမိန့်ပေးခဲ့သည်ပင်၊

"ငါ့မြေးမလေး လာချင်ရင် လာနိုင်အောင်" လို့ ဆိုပြန်တော့ အားလုံး ကြက်သီးထမိကြသည်၊ ဒေါ်နန်းမြိုင်တစ်ယောက်သာ ညော်ခန်းထဲမှာ ငိုင်ကျန်ခဲ့ရင်း ပုတီးစိပ်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်သည့် ညတစ်ည အတွက် ဧည့်ခန်းမှာ ချိတ်ထားသည့် နာရီ၊ စက်သံတစ်ချက်ချက်က တစ်အိမ်လုံး ပြန့်လျက်ရှိ၏။ ဒေါ်နန်းမြိုင်၏ ပုတီးစိပ်သံကလည်း ချောက်ခနဲ၊ ချက်ခနဲ။

ဦးသုခတို့ လင်မယားလည်း အိပ်မပျော်ပေမယ့် တုံးလုံးလုံ့လျက် အတွေးတို့ ယ်စီဖြင့် ရှိ၏။ ဒေါ်ခင်သုဇာက ကြောက်ထိတ်လွန်းသဖြင့် ဦးသုခတော အားကသာ ရွှေ့ထွေ့ထားသည်။ အခန်းထဲ ခါးမှ လှုံ့အောင် စိတ်ထားသော်လည်း အဖြင်ဘက်က ကလေးတို့ သံတွေတို့ ချောက်ချားစွာ ကြားနေရပေသည်။

"မကြောက်ပါနဲ့ – သုဇာရယ်၊ သမီးလေးက သုဇာ့ကိုလဲ ချစ်တာပဲ"

"ဒါ – ဒါပေမဲ့ – သုဇာ ကြောက်တယ်"

"သမီးလေးကို တွေ့ခဲ့ရင်လည်း အရှုအတန်းပေးဝေပေါ့ကွာ၊ မကြောက်ပါနဲ့နော်"

ဦးသုခက နစ်သိမ့်ပေမယ့်လည်း ဒေါ်ခင်သုဇာကတော့ ချွေးစီးတွေပင်ပြန်နေပြီ၊ ဧည့်ခန်းမှာလူစုမခွဲခင်က ဒေါ်နန်းမြိုင် ပြောလိုက်သည့်စကားလုံးတွေက ဒေါ်ခင်သုဇာကို ပို၍ တုန်လှုပ်နေစေခဲ့သည်။

"ဒီည – ငါ့မြေးလေး လာမှာ၊ အားလုံးကိုယ့်အခန်းကိုယ်ဝင်အိပ်ကြတော့ တဲ့လေ။

မြို့စောင့်ကြီးဦးဒေဝက ကားဝိုဒေါင်မှာအိပ်တော့ စံအိမ်ကြီးအတွင်းမှာ ဒေါ်လုစိန်က တစ်ခန်း၊ ဦးသုခတို့လင်မယားက ဧည့်ခန်းနှင့်ကပ်လျက် အခန်းမှာ အိပ်သည်။ ဒေါ်နန်းမြိုင်နှင့် နန်းသုခမြိုင်တို့ မြေးအဖွားက အပေါ်ထပ်မှာအိပ်သည်။ အခုတော့ – အားလုံး ကိုယ့်အိပ်ရာကိုယ် ဝင်နေကြပေမယ့် ဒေါ်နန်းမြိုင်ကတော့ ဧည့်ခန်းမှာ ဖွဲ့ကောင်းတောင်ဖြင့် ထိုင်နေဆဲ၊

"မေမေ ညဉ့်နက်နေပြီ – အိပ်တော့လေ" ဟု ဦးသုခက အခန်းထဲမှ ထွက်၍ ပြောသော်လည်း ဒေါ်နန်းမြိုင်က ခေါင်းခါသည်၊ "သမီးလေး လာခါနီးပါပြီ" ဟုဆိုတော့ ဦးသုခရင်ထဲမကောင်း၊ သမီးလေးကို စွဲလမ်းတဲ့စိတ်ကြောင့် ခံစားနေရသော အမေ့ကို ဦးသုခ သနားမိပါသည်။ ဒေါ်နန်းမြိုင် နာရီကို မော့ကြည့်လိုက်သည်။

တစ်နာရီတိတိရှိပြီ၊ ဒေါ်နန်းမြိုင် အိမ်အဝင်တံခါးဆီသို့ ငေးကြည့်လိုက်၏။ မကြာခင်မှာပင် အိမ်တံခါးမကြီး ဖွင့်လာတာတွေ့ရသည်။ နောက်အဖြူရောင်တစ်ခုက တရွေ့ရွေ့လာနေသည်။

"သ – သမီးလေး လာပြီ – သမီးလေး"

ဒေါ်နန်းမြိုင် မတ်တတ်ရပ်ရင်း ပြောလိုက်သံကြောင့် ဦးသုခနှင့် ဒေါ်ခင်သုဇာတို့ ထွက်လာခဲ့ကြ၏။ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ဦးသုခရော ဒေါ်ခင်သုဇာပါ ငါးစပ်အဟောင်းသား ဖြစ်ခဲ့ရသည်။ ညဝတ်အင်္ကျီဖြူဖွေးဖွေးကိုဝတ်လျက် ဒေါ်နန်းမြိုင်အနားသို့ ရောက်နေသည့် နန်းသုခမြိုင်ကို တွေ့လိုက်ကြရသည်။ ဒေါ်ခင်သုဇာကို တရွေ့ရွေ့တိုးလာစဉ် နန်းသုခမြိုင် ငဲ့ကြည့်သည်။

ဒေါ်ခင်သုဇာ မျက်လုံးတွေ ပြူးထွက်ခဲ့သည်၊ မျက်နှာတစ်ခြမ်းက မည်းပြီး တစ်ခြမ်းက ဖြူနေတာ မြင်လိုက်ရသည်၊ ပြီးတော့ ပြုံးပြလိုက်သေးသည်၊ သွားတွေက ကျိုးတိုးကျဲတဲ၊

ထိုစဉ်မြဲရေမှာ ချွေးအူသံတွေကြားလိုက်ရ၏။ ညငှက်တစ်ကောင်ရဲ့အော်သံက ထိတ်လန့်တုန်လှုပ်နေသူတွေအတွက် ချောက်ချားစရာသတ္တဝါဆိုးတစ်ကောင်ပင်၊

ဒေါ်ခင်သုဇာတစ်ယောက် ဣန္ဒြေမဆယ်နိုင်တော့ပဲ ဦးသုခနောက် ဖြေကပ်ရင်း လက်ညှိုးတထိုးထိုးဖြင့် ဝနာမငြိမ်ဖြစ်နေသည်၊ နန်းသုခမြိုင်ဆိုသည့် အဖြူရောင်ညဝတ်အင်္ကျီနှင့် ငုံဖျော်ဝန်းပျက်မိန်းကလေးက ဒေါ်ခင်သုဇာဆီသို့ တစ်လှမ်းချင်း လျှောက်လာနေ၏။ ပြီးတော့ လက်ညှိုးထိုးလျက် –

"ရှင့်လုပ်ရပ်တွေကို ရှင်ကိုယ်တိုင် ဝန်ခံလိုက်ပါ – ဒေါ်ခင်သုဇာ"

ဖျတ်ခနဲ မီးပြတ်သွား၍ ရုတ်ရုတ်သည်းသည်းဖြစ်ခိုက် ရဲတဲတဲမီးရောင်လေးက ပြန်လင်းလာသည်၊ နန်းသုခမြိုင်က မျက်စိရှေ့မှာ မရှိတော့၊ ဦးသုခဘာမှ နားမလည်နိုင်သော်လည်း ဒေါ်ခင်သုဇာတစ်ယောက်ကတော့ ချွေးတွေပြန်လျက် သွေးပျက်နေခဲ့ပြီး အဝင်တံခါးမကြီးဆီသို့ နောက်ပြန်တစ်လှမ်းချင်း လျှောက်ရင်း လတ်တာလည်း တကာကာဖြင့် ငိုယိုလျက်၊ ငါးစပ်တော့ ဘာတစ်ခွန်းမှ ထွက်မလာခဲ့၊ နောက်ပြန်လျှောက်လာရင်း အနောက်ဘက်က လက်တစ်စုံ ဖမ်းဆုပ်လိုက်သဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ အသည်းတွေ အူတွေ ပြောင်းပြန်လန်သွားမတတ် ခံစားလိုက်ရသည်။ သွေး





www.burmeseclassic.com

www.burmeseclassic.com

လည်ပတ်မှုတွေ ခဏတာ ရပ်ခဲ့ရသလို ခံစားလိုက်ရ၏။

စောစောကလို အဖြူ အမည်းမျက်နှာမဟုတ်၊ ဝင်းပကျော့ရှင်းနေသည့် နန်းသုခမြိုင်၏ မျက်နှာလှလှကလေးကို ထင်ရှားစွာ မြင်လိုက်ရသည့်အခါတွင်တော့ ဒေါ်ခင်သုဇာတစ်ယောက် ပျော့ခွေလဲကျသွားတော့၏၊ စံအိမ်ကြီးအတွင်းမှာ မီးတွေလည်း ထိန်ထိန်လင်းနေခဲ့ပြီ၊ မေ့မြောလဲကျသွားသည့် ဒေါ်ခင်သုဇာကို ဦးသုစော လှုပ်ခေါ်နေသည်၊ ခေါ်လှမ်းနိုက နာရှူဆေးဘူးကို တင်ပေးလိုက်၏၊ ကျန်လူများကတော့ ရပ်လျက် ကြည့်နေကြသည်၊ ခဏကြာတော့ ဒေါ်ခင်သုဇာ သတိရလာခဲ့သည်၊ သို့သော် စိတ်တို့က ပုံမှန်မဟုတ်တော့၊ အရာအားလုံးကို ဘာတစ်ခုမျှ သူမ သတိရတော့ပါ၊ စိတ်ဖိစီးခံစားချက်ကြီးလွန်းပြီး ရူးသွပ်သွားခဲ့ပြီဖြစ်သည်၊

ဝါးစပ်ကလည်း နားမလည်နိုင်သော စကားလုံးများကို ရေရွတ်ရင်း ခုန်ပေါက်လျက် အပြင်ဘက်သို့ ပြေးထွက်ခဲ့သူ ဒေါ်ခင်သုဇာကို အားလုံး ငေးကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်၊ ဗျာများရသူက ဦးသုစပင်ဖြစ်သည်၊ ဒေါ်ခင်သုဇာ နောက်ပင် ပြေးလိုက်ရတော့မလို၊ သမီးကိုပင် ပြေးဖက်ရတော့မလိုလို၊

"ကျွန်တော် - ကျွန်တော်တော့ ဘာမှ နားမလည်တော့ဘူး - အမေရာ၊ ဘာတွေဖြစ်နေတာလဲ၊ ဘာတွေဖြစ်ကုန်ကြတာလဲ၊ ပြောကြပါဦး၊ သမီးကရော သေသေပြီးမှ ဘယ်လိုပြန်ရှင်လာတာလဲ၊ ဒါ - ဒါ - သမီးရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် - သားရယ်၊ ဒါ အမေတို့ရဲ့ အချစ်ဆုံးလေး၊ သုခမြိုင်စံအိမ်ကြီးရဲ့ အရှင်သခင်မလေး နန်းသုခမြိုင်အစစ်ပါပဲ"

တစ်ချိန်လုံး ငြိမ်နေခဲ့သည့် ဒေါ်နန်းမြိုင်တစ်ယောက် ကြေကွဲစွာဖြင့် ပြောရှာသည်၊

"သမီးလေးရယ် - အကြောင်းစုံကို ရှင်းပြလိုက်ပါတော့ကွာ"

ဒေါ်နန်းမြိုင်က ပြောရင်း ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်တော့ အားလုံးဝင်ထိုင်လိုက်ကြ၏၊ နန်းသုခမြိုင်ကတော့ အားလုံးကို ကျောပေးလျက်၊

"ဖြစ်ပြီးခဲ့သမျှကို ပြန်မပြောချင်ပေမဲ့ ယဉ်ကျေးသိမ်မွေ့ပြီး အလိုက်တသိနဲ့ ချစ်စရာကောင်းခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ လောဘတွေအကြောင်းကို ဖေဖေနဲ့ အားလုံးသိအောင် သမီး ပြောပြပါ့မယ်"

နန်းသုခမြိုင်က ရေခဲသေတ္တာထဲက ရေဗူးကို ယူ၍ မော့သောက်လိုက်သည်၊ ပြီးမှ - စကားကို ဆက်၏၊

"တကယ်တော့ - မေမေနဲ့ ရုပ်ချင်းဆင်တယ် ဆိုတဲ့ ဒေါ်ခင်သုဇာဟာ မော်လမြိုင်သူအစစ် မဟုတ်ခဲ့ပါဘူး၊ သူဟာ ရုပ်ကလေးဖန်ပြပြီး လုပ်စားနေတဲ့ မိန်းမပျက်တစ်ယောက်ပါ၊ ဒါတွေကို သမီး သိခဲ့တာကလဲ သမီးနဲ့ သူ ရှေးအသွားမှာ သူ့အသိတစ်ယောက်နဲ့ စကားအရေးအတင်ပြောလို့ သိခဲ့ရတာပါ၊ ဒေါ်ခင်သုဇာက ရန်ကုန်မှာ အခြေမလှလို့ မော်လမြိုင်မှာ သွားလုပ်စားနေရင်းက ဖေဖေနဲ့ တွေ့ခဲ့တာပါ၊ အင်း - သူ ရောက်စကတော့ ဒီအိမ်ကြီးနဲ့ စည်းစိမ်တွေအားလုံးကို ရယူဖို့ စဉ်းစားမိမှာတော့ မဟုတ်သေးပါဘူး၊ အချိန်ကြာလာတဲ့အမျှ ရလေလိုလေ အိုတဏှာဆိုသလို လောဘတွေ တက်လာပြီး သူ့ဒီလိုတွေ ကြံစည်ခဲ့တာပေါ့၊ သမီးတို့ တစ်အိမ်သားလုံးရဲ့ မေတ္တာတရားတွေကို ခုတုံးလုပ်ခဲ့တာကိုတော့ သမီး နာတယ် ဖေဖေ"

စကားကို ခဏရပ်လျက် အဖွားအနားမှာ ကပ်ထိုင်လိုက်သည်၊

"ဖြစ်ချင်တော့ ဒရိုင်ဘာ ဦးသီလဟာ လမ်းမှာ ယာဉ်တိုက်မှုဖြစ်ခဲ့တယ်၊ သမီးကို မသိလိုက်ပေမဲ့ ဒေါ်ခင်သုဇာက သိခဲ့တယ်၊ ဦးသီလရဲ့ ရိုးသားမှုကို အခွင့်ကောင်းယူပြီး ယာဉ်တိုက်မှုကိုလဲ သူပဲ ရှင်းပေးခဲ့တယ်၊ ပြီးတော့လဲ မက်မောလောက်စရာ ပမာဏရှိတဲ့ ငွေတွေကိုလဲ ဦးသီလကို ပေးပြီး သမီးကို လုပ်ကြံခိုင်းခဲ့တယ်၊ လတ်တလောမှ ထုပ်နေခဲ့တဲ့ ဦးသီလက သမီးကို လုပ်ကြံဖို့ သူ့စကားကို နားဝင်ခဲ့ပေမယ့် တကယ်တမ်းကျတော့ သမီးတို့ရဲ့ မေတ္တာတရားကို ချင်မဆိုင်ရဲ ခဲ့ပါဘူး၊ ဦးသီလက သမီးကို အကြောင်းစုံရှင်းပြခဲ့တယ်၊ ဒါနဲ့ - သမီးလဲ အဲဒီညနေက ဘယ်သူ့မှမပြောပဲ မြို့စွန်က သူငယ်ချင်းအိမ်ကို ထွက်အလာမှာ ဆိုင်ကယ်တစ်စီး လမ်းဘေးမှာ မှောက်ပြီး မီးလောင်နေတာ တွေ့တယ်၊ သမီးနဲ့ ရွယ်တူလောက်ရှိမယ့် ကောင်မလေး မျက်နှာလည်း မီးကျွမ်းနေတာ တွေ့ရတယ်လေ၊ အဲဒီမှာ သမီး အကြံရလိုက်တယ်၊ ကောင်မလေးကလည်း သွေးသံတရဲရဲနဲ့ ကျိုးပဲ့ပြီး သေပြီးနေပြီ၊ ကောင်လည်း မှောင်လာပြီဆိုတော့ ... အဝတ်တွေနဲ့ လဲပြီး ပိုပြီးယုံကြည်အောင် သမီး

www.burmeseclassic.com

မှတ်ပုံတင်ပါထားခဲ့တာ။ သမီး သေပြီဆိုပြီး ဒေါ်ခင်သူဇာ အရမ်းပျော်နေခဲ့တာလေ၊ အမွေတွေအားလုံးကို သူတစ်ယောက်ထဲအပိုင်စီးချင်တဲ့လောဘစိတ်ရှိုင်းက အခုတော့ သူ့ကို ဒဏ်ခတ်လိုက်ပြီပေါ့။ အော် – ဦးသီလကိုလည်း သမီးပဲ ရှောင်နိုင်းခဲ့တာပါ”

“ဖြစ်မှ ဖြစ်ရလေကွာ”

ဦးသုခ စိတ်မကောင်းစွာ ညည်းလိုက်မိသည်။

“သမီးထဲ အသွေးတို့ အားလုံးတိုင် ထိပြီး အရမ်းလိုလှပခဲ့တာပါ။ ဒါပေမဲ့ အခု လိုရှိတော့ ချစ်ပျောင်ခဲ့ပါဘူး – မေမေ ရယ်၊ သူ့တို့ အဖြောင့်မှန်ရပြီး ကောင်းကောင်းမွန်မွန်နဲ့ အရင်လို ပြန်နေလို့ရအောင် စီစဉ်ခဲ့တာပါ”

“အော် – သူဇာက ဒါကြောင့် ညတိုင်း ညတိုင်း လန့်လန့်အော်နေတာကိုး။ သူ့အကုသိုလ်တွေက သူ့ကိုအကျိုးပေးခဲ့ပြီပေါ့”

ဦးသုခက တစ်ယောက်တည်း ညည်းသလို ဆိုလိုက်တော့ ဒေါ်နှင်းမြိုင်က မြေးမလေး နန်းသုခမြိုင်ကို လက်ဆွဲလျက် ထရပ်လိုက်ရင်း –

“သူ သွေးပျက်ခဲ့တာ ဒီညမှ မဟုတ်ပါဘူး။ သမီးလေးကို လုပ်ကြံပြီးတဲ့ ညကတည်းက သွေးပျက်နေခဲ့တာပါ။ မင်းတို့မသိပေမယ့် အမေ သိနေခဲ့ပါတယ်”

ဟုပြောရင်း အပေါ်ထပ်သို့ ဖြည်းဖြည်းချင်း တက်သွားခဲ့လေသည်။

ဦးသုခတစ်ယောက်ကတော့ ဆိုဖာပေါ်မှာ စိတ်ပျက်လက်ပျက် လှဲချလိုက်သည်။ လေပူတစ်ချက်ကိုလည်း ဖူးခနဲ နေအောင် မှုတ်ထုတ်လိုက်သည်။

“လုပ်ရက်လိုက်တာ – သူဇာရယ်”

ဟုလည်း ဆိုလိုက်မိသေး၏။

ထိုအချိန် လျှပ်စစ်မီးက ဖျတ်ခနဲ ဖြတ်သွားသည်။ လောကကြီးတစ်ခုလုံး မှောင်မည်းလျက်။

လင်းကြက်တွန်သံ သဲ့သဲ့ ကြားလိုက်သည်။ နာရီကြည့်လိုက်တော့ လေးနာရီတိတိ။ မြို့ရှေ့က ခွေးအူသံတစ်ချက် ကြားလိုက်၏။ ဘာရယ်ကြောင့်တော့ မသိ၊ ကျောထဲ စိမ့်ခနဲ ခံစားလိုက်ရသည်။

→ ကြယ်စင်သစ်



www.burmeseclassic.com

# တစ်ညတာ နာရီ အိပ်စက်ရာ လိုက်ရှာနေသည့် ရာဇဝတ်သားတစ်ယောက် လူတစ်ယောက်အိမ်ထဲ ဝင်ရောက်သွားရာမှ နောက်ဆုံး အိပ်ပျော်သွားခဲ့ရာ ..

**[illegible] —**

[illegible] တစ်လျှောက်ရှိ [illegible] ခန်းများ၊ [illegible] ဆိုင်များ၊ [illegible] အိုတောဆိုင်များမှ အရောင်မျိုးစုံ ထိန်ထိန်လင်း တောက်ပလျက်ရှိသော နီယွန်မီးရောင်များကြောင့် ဇီဇဝါလမ်းမကြီးတစ်လျှောက်ရောင်စုံတောက်ပလျက်ရှိသည်။ လူစည်ကားဆုံးအချိန်ဖြစ်၍ကားများကလည်း ဥဒဟိုပြေးလွှားလျက် ရှိသည်။ စည်ဘီယာဆိုင်များမှ ထွက်ပေါ်လာသော တေးသံရှင်များ၏ သီဆိုသံက တစ်ချက်တစ်ချက် ပြန့်လွင့်လာသည်။

ကိုအောင်ထိုက်သည် မီးရောင်သားရေဖြင့် ချုပ်ထားသော တစ်ပေခန့်ရှိ ပိုက်ဆံအိတ်ကလေးကိုကိုင်၍တစ်လှမ်းချင်း လေးလေးပင်ပင်နှင့် လျှောက်လာသည်။ တစ်နေရာအရောက်ဇီဇဝါလမ်းမကြီးကို ဦးတိုက်ထားသော ပုန်းညက်လမ်းထဲသို့ ချိုးဝင်လိုက်ပြန်သည်။ ကိုအောင်ထိုက်၏ ခေါင်းထဲတွင် စိတ်ညစ်စရာတွေ ရှိနေသောကြောင့် တစ်လှမ်းချင်း လှမ်းလာပြီး ကိုင်ထားရသည့် ပိုက်ဆံအိတ်ကလေးကိုပင် လေး[illegible]သည်ဟု စိတ်ထဲက ထင်နေမိသည်။

ကိုအောင်ထိုက်၏ မျက်စိထဲတွင် အသားညိုညို၊ နဖူးကျယ်ကျယ်၊ အရပ်မြင့်မြင့်၊ ကွမ်းတမြုံ့မြုံ့ဝါးကာ မေးခွန်း[illegible] ထပ်ကာတလဲလဲမေးနေသောဒုရဲအုပ်[illegible] မျက်နှာကို တရေးရေး မြင်လာသည်။

ကိုအောင်ထိုက်က ကုန်တိုက်[illegible] ခု၏ စီမံအုပ်ချုပ်မှုမန်နေဂျာဖြစ်သော်လည်း ငွေရေးကြေးရေးကိစ္စများသည် ကိုအောင်ထိုက်နှင့် လုံးဝမသက်ဆိုင်[illegible] ထို့ကြောင့်လည်း မသိပါ၊ နားမလည်[illegible] မဆိုင်ပါ၊ မပတ်သက်ပါဆိုသော အ[illegible] များသာ ပေးခဲ့သည်ဖြစ်သော်လည်း စခန်းမှူးနှင့် ဒုရဲအုပ်တို့၏ တစ်နာရီခန့်ကြာအောင် ဖြေခဲ့ရသောမေးခွန်းများကြောင့် ဖောချွေးပင်ပြန်ခဲ့ရသည်။ ယခုတော့လည်းစိတ်ထဲကပေါ့ပါးသွားသလို ခံစားလိုက်ရသော်လည်းအမှုအခင်းနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းသူကို ပထမဦးဆုံးအကြိမ် ကြုံတွေ့လိုက်ရသောကြောင့် ခေါင်းထဲက နောက်တောက်တောက်ပင်ဖြစ်နေမိသည်။

ကိုအောင်ထိုက်လုပ်သောကုံကော်ကုန်တိုက်သည်အခါကြီးရက်ကြီးမှလွဲ၍ နေ့စဉ်နံနက်(၆)နာရီမှည(၉)နာရီအထိ ပိတ်ရက်မရှိ ဖွင့်သည်၊ တစ်နေ့လုံးရောင်းရငွေများကိုညစဉ်(၉)နာရီခွဲတွင် အရင်းနှင့်တကွ ဆိုင်ရှင်ထံ ပို့ရသည်။ အရောင်းမန်နေဂျာနှင့် ဆိုင်လုံခြုံရေးနှစ်ဦးကရန်ကုန်ထဲရှိဆိုင်ရှင်ထံသွားရောက်ပို့ရသည်။ ဆိုင်က ရန်ကုန်မြို့နှင့် အနည်းငယ်လှမ်းသောကြောင့် မီးခံသေတ္တာမထားချေ။

နေ့စဉ်လုပ်နေကျအတိုင်းဖြစ်၍ မနေ့ကအရောင်းမန်နေဂျာနှင့်လုံခြုံရေးနှစ်ဦးက ငွေထုပ်များကို သွားအပ်ပို့တွင် လူတစ်စုက အမှတ်မထင် အနုကြမ်းစီး သွားခြင်းဖြစ်သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်းအရောင်းမန်နေဂျာ၊လုံခြုံရေးနှစ်ဦးနှင့် ယာဉ်မောင်းတို့ ကြိုးနှင့်တုပ်ကာ လူရှင်းသောမြို့စွန်တစ်နေရာတွင်ချထားခဲ့ပြီးကားပါအပိုင်စီးသွားခြင်းဖြစ်သည်။

ဆိုင်ရှင်ကနောက်တစ်နေ့မှရဲစခန်းတွင် တိုင်ချက်ဖွင့်သောကြောင့် ထိုနေ့တွင် ကုန်တိုက်ပိတ်ကာ ကုန်တိုက်ကြီးတစ်ခုလုံး ရဲများဖြင့် ရှုပ်ယှက်ခတ်သွားတော့သည်။ ကိုအောင်ထိုက်မှာ ထိုအမှုနှင့်ပတ်သက်၍မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော်လည်း ရဲလုပ်ထုံးလုပ်နည်းအရ မေးသင့်မေးထိုက်သူများကိုတစ်စုံတစ်ရာ သောသဲလွန်စ ရနိုင်ရေးအတွက် မေးမြန်းရခြင်းဖြစ်သည်။

ကိုအောင်ထိုက်သည် ပုန်းညက်လမ်းအတိုင်း လျှောက်လာရင်း နဖူးပေါ်က ချွေးစေးများကိုလက်နှင့်သပ်ချလိုက်သည်။ ခါတိုင်း ကုန်တိုက်မှ အပြန်တွင် သူငယ်ချင်းတစ်ယောက် ကားကြုံနှင့် လိုက်လေ့ရှိသော်လည်း ဒီနေ့တွင် ရဲမှ အစစ်ဆေးခံရန်ရှိနေ၍မစောင့်တော့ရန် ဖုန်းဆက်ထားပြီးဖြစ်သည်။ လိုင်းကားစီးရန်လည်း ကိုအောင်ထိုက်ပြန်ချိန်ဆို





www.burmeseclassic.com

www.burmeseclassic.com

ဘားကကြပ်၊ လှေပေါင်းစုံ၊ အနံ့ပေါင်းစုံတို့ကြောင့်ခေါင်းနောက်ရသည့်အထဲခေါင်းတိုက်သွားနိုင်သောကြောင့်ကုန်းကြောင်းပင်ရှောက်လာခဲ့ခြင်းဖြစ်သည်။

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာရင်း ကိုအောင်ထိုက်နောက်ဘက်မှ ဇီနပ်သံတစ်ခုကို သတိထားမိလိုက်သည်။ ဇီနပ်သံက သူ့နောက်မှ တချွပ်ချွပ်နှင့်သူခြေလှမ်းသလိုခြေလှမ်းမှန်မှန်နှင့်လိုက်လာနေခြင်းဖြစ်သည်။ သူ့ခြေလှမ်းအခေါ်သွက်သွက်တိုးလျှောက်သွင်းနောက်က ဇီနပ်သံက ခပ်သွက်သွက်သွားသလိုသူခပ်မြန်မြန်လျှောက်ပါက ဇီနပ်သံက ခပ်မြန်မြန်ကြားနေသည်။

တစ်နေရာအရောက်တွင် သူနောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ခပ်မည်းမည်းအရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ပထမတော့ သူ့တိုင်းနှင့်သူလျှောက်လာသူကိုမိမိစိတ်ကထင်လို့ပဲတုယူဆသော်လည်း နောက်မှကြားလာရသောဇိနပ်သံက နီးသည်ထက် နီးလာသောကြောင့် တစ်စုံတစ်ခုဖြစ်လေမလားဟုစိတ်ကထင်လိုက်သည်။ ဖြတ်သွားဖြတ်လာကားများကိုလိုက်ကြည့်သလိုလိုနှင့်မျက်စိကနောက်ကို စွေကြည့်လိုက်သော်လည်း ဇိနပ်သံနှင့်အတူ ခပ်မည်းမည်းအရိပ်က နောက်က လိုက်နေဆဲဖြစ်သည်။

မနေ့က ကုန်တိုက်မှကားကို အနကြမ်းစီးမှုနှင့်ပတ်သက်၍ ရဲက မသက်ာသောကြောင့် မိမိနောက်မှပင် လိုက်နေသလား။ မိမိကိုင်ထားသောပိုက်ဆံအိတ်ကိုအထင်ကြီး၍လုမည့်သူများလိုက်နေသလား၊ သို့လော၊ သို့လောနှင့်ကိုအောင်ထိုက်တခပ်သွက်သွက်ပင်ဆက်လျှောက်လာခဲ့သည်။ မိမိတိုက်ခန်းကိုရောက်ဖို့က မီနစ်(၂၀)လောက် လျှောက်ရဦးမည်။

ဖြတ်သွားဖြတ်လာကားများကိုကြည့်ရင်း တစ်စုံတစ်ခုကို တွေးမိကာ ပလက်ဖောင်းတွင် ရပ်၍ (ကက)တစ်စီးကို ဖျတ်ခနဲ လှမ်းတားလိုက်သည်။

⋆★⋆

အနားရောက်မှ ယာဉ်မောင်းက လက်ခါပြသွားသောကြောင့် နောက်တစ်စီးကို လှမ်းတားရန် အစောင့်တွင် မည်းမည်းအရိပ်တစ်ခုက အနားကို ရောက်လာသည်။ လှည့်ကြည့်လိုက်သောအခါကျင်းဖောင်းဘီ၊ ကျာကင်အင်္ကျီနှင့်လျှာထိုးဦးထုပ်ကလေးကို ဆောင်းထားသော အရပ်ခပ်မြင့်မြင့် လူတစ်ယောက်က ကိုအောင်ထိုက်အနားကို ကပ်လာသည်။

ကိုအောင်ထိုက်သည် အနားသို့ကပ်လာသော ထိုလူကို အကဲခတ်ရင်း ပိုက်ဆံအိတ်ကိုတင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်သည်။ ထိုလူသည် သီဟောင်းကျွမ်းဟောင်းထဲက မဟုတ်ဘဲ မြွေးသောသွားများပေါ်အောင် ပြုံးပြလာသောကြောင့် ကိုအောင်ထိုက်သည် သဘောမပေါက်နိုင်အောင် ဖြစ်သွားရသည်။

"ဒီမှာ ကိုအောင်ထိုက် – ခင်ဗျားကတော့ ကျုပ်တို့ သိမှာမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားကိုတော့ကျုပ်ကကောင်းကောင်းကြီး သိနေပါတယ်။ ကျုပ် ခင်ဗျားနဲ့ စကားအေးအေးဆေးဆေး ပြောချင်တယ်"

အေးစက်မာကြောသောမျက်လုံးဖြင့်စိုက်ကြည့်ကာစကားပြောလာသော ထိုလူအား ကိုအောင်ထိုက်က ခပ်တည်တည်ဖြင့် စောင်းငဲ့ကြည့်လိုက်သည်။ ထိုလူက သေသေချာချာ တစ်ချက်ကြည့်လိုက်ရင်း –

"သိပ်မစိုးရိမ်ပါနဲ့ဗျာ၊ ရှင်းရှင်းပြောရရင် ကျုပ်ကတော့ မနေ့က ခင်ဗျားတို့ ကုန်တိုက်က ငွေပို့တဲ့ကားကို အနုကြမ်းစီးသွားတဲ့အဖွဲ့ရဲ့ခေါင်းဆောင်ပဲ"

ထိုလူ၏စကားကြောင့် ကိုအောင်ထိုက်သည် နားလုံးသွေးများ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။ တစ်ဆက်တည်းပင် လုံးဝစကားပြန်မပြောနိုင်ဘဲ လျှာထိုးဦးထုပ်အောက်မှ ထိုလူ၏ မှုန့်တောက်ပြောင်သောမျက်လုံးအစုံကို စိုက်ကြည့်နေမိပြန်သည်။

"ကျုပ်တို့အဖွဲ့ဟာ အခုအခြေအနေ မကောင်းတော့ဘူး။ ရဲတွေက လက်ဦးသွားလို့ ရန်ကုန်မြို့အလွန်မှာပဲ နှစ်ယောက် အဖမ်းခံလိုက်ရတယ်။ ကျန်တဲ့ ကျုပ်တပည့်တစ်ယောက်နဲ့ကျုပ်တောင် ချက်ချင်း လှုခွဲပြီး ထွက်လာတာ ကိုကောင်တော့ဘယ်ကိုပြေးပြီလဲမသိဘူး။ ကျုပ်ကတော့ ဒီမှာ ကျန်နေခဲ့တာ၊ ဝော်တာက ဒီမြို့ရဲ့လမ်းဆုံတိုင်းတို့ရဲတွေလှုခွဲပြီး ပိုက်စိပ်တိုက် ရှာနေတယ်။ ဒီလောက်ဆို – ခင်ဗျား သဘောပေါက်



www.burmeseclassic.com

လောက်ပါတယ်။ အဲဒီတော့ ခင်ဗျား ကျုပ်ကို တစ်ခုလောက် ကူညီပါ။ ဒီတစ်ညတော့ ခင်ဗျားအခန်းမှာ ကျုပ်ကို တည်းခိုခွင့်ပြုပေးပါ။ မနက်ဖြန်မနက်ကိုတော့ ကျုပ် သွားပါ့မယ်။ ကျုပ်နာမည်က ဘတင့်လို့ ခေါ်ပါတယ်"

ဘတင့်ဆိုသူကကိုအောင်ထိုက်ကို [illegible]သောမျက်လုံးအစုံဖြင့် စိုက်ကြည့် [illegible]ကိုအောင်ထိုက်၏အဖြေကို စောင့် [illegible]စိတ်မရှည်နိုင်တော့ဖြင့် -

"[illegible]တို့ - ခင်ဗျားငြင်းမယ်ဆို [illegible]တော့ခင်ဗျား[illegible]ကိုယ်ထဲကို ကျည် ဆန်ခြောက်တောင့်လုံး ဝင်ထည့်လိုက် ရမှာပဲ၊ လွန်ခဲ့တဲ့ သုံးလလောက် ကတည်းက ခင်ဗျားတို့ စတိုးဆိုင်ကလူ တွေအကြောင်းကို ကျုပ်က လေ့လာ ထားပြီးသား၊ ခင်ဗျားကိုလည်း ကျုပ် ကောင်းကောင်းသိတယ်၊ ရွှေဟသာ အိမ်ရာတိုက်(၆)၊ အခန်း(၂)မှာ ခင်ဗျား နေတယ်၊ ခင်ဗျားမှာ ဇနီးနဲ့ကလေးတစ် ယောက်ရှိတယ်၊ ခင်ဗျားဇနီးက ကျောင်း ဆရာမဆိုတာကအစ ကျုပ်သိတယ်၊ ဒါ - ကိုအောင်ထိုက် - အချိန်သိပ်မရှိ တော့ဘူး၊ ကျုပ်တို့ လုပ်ငန်းစလိုက်ကြ ရအောင်"

ဘတင့်က စကားကိုဖြတ်လိုက်ကာ ဂျာကင်အင်္ကျီညာဘက်အိတ်ထဲသို့ လက်နှိုက်လိုက်ပြီး မသိမသာ လှုပ်ပြ လိုက်သည်။ သေနတ်ပြောင်းနှင့်တူ သော ဖုရွှန်နေသည့်အရာတစ်ခုကို မီး ရောင်အောက်မှာ တွေ့လိုက်ရသည်။

ကိုအောင်ထိုက်၏မျက်နှာတစ်ပြင် လုံး သွေးမရှိလောက်အောင်ပင်ဖြူရော် သွားကာ ကြောက်ရွံ့စိတ်တို့ဖြင့် ဘာလုပ် ရမှန်းမသိလောက်အောင် တွေဝေသွား သည်။

"ဒါ - ကိုအောင်ထိုက် - ကျုပ်ဗြုန်းဗြုန်းရ တလေးနဲ့ ဘာမှမဖြစ်သလို ခင်ဗျား ရှေ့ ကနေဖြည်းဖြည်းလျှောက်၊ ကျုပ်နောက် ကနေ လိုက်ခဲ့မယ်၊ ခင်ဗျား နောက်ကို လုံးဝလှည့်မကြည့်နဲ့ - သဘောပေါက် တယ်နော်"

ကိုအောင်ထိုက်က စကားတစ်လုံး မှ ပြန်မပြောနိုင်ဘဲ သွေးမရှိတော့သော မျက်နှာဖြင့် ကျုပ်ခြေဆယ်ကာ တစ်လှမ်း ချင်းလျှောက်လာသည်။ ကိုအောင်ထိုက် ၏အတွေးထဲတွင်ကား ဇနီးနှင့် သား ကလေးမျက်နှာကိုမြင်ယောင်နေသည်။ ယနေ့ညအဖို့ သူတို့မိသားစု၏ကံကြမ္မာ ကို ဘယ်လို ဖန်တီးရမည်ကို မတွေးရဲ အောင်ဖြစ်နေလေသည်။ နောက်မှဇိနပ် သံတား စည်းချက်မှန်စွာ ကပ်ပါလာ [illegible]။

★★★

အဝေးမှ လှမ်းကြည့်လိုက်သော [illegible]ဒါတိုက်ခန်းမှမီးရောင်ကိုမြင်လိုက်ရ သည်နှင့် ဇနီးသည် ရွှေမာနှင့် သားငယ် [illegible]တို့အိမ်မှာ ရှိနေမှန်း ကိုအောင်ထိုက် သဘောပေါက်လိုက်သည်။ တိုက်ခန်း [illegible]ကို ရောက်သည်နှင့် အခြားအခန်း [illegible]များ တွေ့လိုတွေ့ငြား ကြည့်သော် သည်း တစ်ယောက်မှမတွေ့၊ မိမိအခန်း [illegible]သို့ ရောက်ချိန်တွင် ဘတင့်သည် ကိုအောင်ထိုက်အနားသို့ကပ်ကာ -

"ကိုအောင်ထိုက် - အိမ်ထဲကို [illegible]ဗျားရှေ့ကအရင်ဝင်ရမယ်၊ တံခါးပြန် [illegible]တ်ဖို့က ကျုပ်တာဝန်၊ ခင်ဗျားဇနီးကို [illegible]ည်း စကားမပြောရဘူး၊ အိမ်ထဲ [illegible]ရောက်ရင် ကျုပ်အစီအစဉ်အတိုင်း [illegible]တ်နာရမယ်"

ဘတင့်၏အသံကား မာကြောလှ သည်၊ သူ့မျက်လုံးနှစ်လုံးက စူးရှ [illegible]တက်ပြောင်နေသည်။ မလိုက်နာပါက [illegible]စက်မည့်သဏ္ဌာန်ကိုဆောင်လျက် [illegible]သည်။

အိမ်ရှေ့တံခါးမကြီးတွင် တပ်ဆင် ထားသော လူခေါ်ဘဲလ်ကလေးကို နှိပ် လိုက်သည်နှင့် မရှေးမနှောင်းမီဝင် တံခါးမကြီး ပွင့်လာသည်နှင့်တစ်ပြိုင် နက် နှစ်ဦးစလုံး ရှေ့ဆင့်နောက်ဆင့်ဝင် လိုက်ကြသည်။ ဘတင့်က တံခါးကို ကျောနှင့်ကပ်ကာ ပိတ်လိုက်ပြီး ဂျာကင် အင်္ကျီအိတ်ထဲမှ သေနတ်ကို ထုတ်ချိန် လိုက်သည်။

ပထမတော့ ကိုအောင်ထိုက်၏ဇနီး မရွှေမာသည် အံ့သြကြောက်ရွံ့စွာ ငေး ကြောင်၍ ကြည့်နေရင်းမှ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်လာကာ အနားတွင် ရပ်နေသော (၁၀)နှစ်သားလောက်ရှိ ကလေးလေးအား ပခုံးကိုဆွဲကာ ဖက် ထားလိုက်သည်၊ ကလေးလေးက လူစိမ်းဘတင့်ကိုတစ်လှည့်၊ ကိုင်ထား သောသေနတ်ကို တစ်လှည့်၊ ဖခင် ကိုအောင်ထိုက်ကိုတစ်လှည့်ကြောက်ရွံ့ တွေဝေစွာဖြင့်ကြည့်နေသည်။

ဘတင့်ကသေနတ်ချိန်ထားရင်းက လက်တစ်ဖက်ဖြင့် တံခါးလော့တ်ကိုပိတ် လိုက်ကာ အခန်းတစ်ခုလုံးအား မျက် လုံးဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

"တဲ-ခင်ဗျားတို့ စကားတစ်ခွန်းမှ မပြောကြနဲ့။ ဟောဟိုဧည့်ခန်းက ကုလားထိုင်ပေါ် သွားထိုင်ကြ"

ကိုအောင်ထိုက်က ဘတင့်၏အမိန့်အတိုင်း ဇနီးသည်နှင့် သားကလေးကို ခေါ်ကာ ဧည့်ခန်းဆီသို့ ထွက်သွားသည်။ ကိုအောင်ထိုက်၏ သားကလေးမှာ လိုက်ချင်လိုက်ချင်နှင့် ဘတင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"တော့-သွားလေ-ဘာကြည့်နေတာလဲ"

ဘတင့်က သေနတ်ချိန်လျက်နှင့် ကုလားထိုင်အကွက်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ မရွှေမာဘက် လှည့်ပြောတာ-

"ဒီက ကိုအောင်ထိုက်ဇနီးက..."

"ကျွန်မနာမည် မရွှေမာပါ"

"ဟုတ်ပြီ-မရွှေမာ-ခင်ဗျားကတော့ ကျုပ်တို့ သိမှာမဟုတ်ဘူး။ ကိုအောင်ထိုက်ကို ပြောပြပြီးပါပြီ။ ကျုပ်ကတော့ ဓားပြလူဆိုးတစ်ယောက်ပဲ။ ခင်ဗျားတို့အိမ်မှာ တစ်ညတည်းနေဖို့ရောက်လာတယ်ဆိုပါတော့။ ခင်ဗျားတို့အားလုံး ကျုပ်ဆန္ဒကို လိုက်လျောရင် ခင်ဗျားတို့မိသားစုကို ဘာမှအန္တရာယ်မပေးဘူးဆိုတာ ကျုပ် ကတိပေးတယ်။ ကျုပ်က သေလူတစ်ယောက်ပဲ၊ ကျုပ်တို့ ရဲဘက်အပ်ဖို့ကြံရင် ဒါမှမဟုတ် တစ်စုံတစ်ခု ကျုပ်အပေါ်ဖောက်ဖျက်ဖို့ကြံရင်တော့ ကျုပ်သေနတ်ထဲက ကျည်ဆန်တွေဟာ ခင်ဗျားတို့မိသားစုအတွက်ပဲလို့ မှတ်လိုက်ပါ။ ကျုပ်ပြောတာကို မရွှေမာ သဘောပေါက်တယ်နော်။ ကျုပ်ပြောတာတွေ မဖောက်ဖျက်ဘူးဆိုရင်တော့ မရွှေမာ ကျုပ်ကို ကြောက်စရာလည်း မလိုဘူး။ လန့်စရာလည်းမလိုဘူး။ မနက်မိုးလင်းတာနဲ့ ကျုပ် ဒီအိမ်ကနေ အေးအေးဆေးဆေးထွက်သွားမယ်"

ဘတင့်၏စကားအဆုံးတွင် ကိုအောင်ထိုက်တို့လင်မယားသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောက်စိတ်များ မွှန်ထူသွားကြသည်။ ဘတင့်သေနတ်ကို စားပွဲပေါ်တင်လိုက်ကာ စီးကရက်တစ်လိပ်ကိုထုတ်သောက်လိုက်သည်။ ပေါ့ပါးလန်းဆန်းသွားဟန်ဖြင့် မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်သည်။ ကိုအောင်ထိုက်တို့ ဇနီးမောင်နှံကား စကားတစ်လုံးမျှ မပြောနိုင်ဘဲ ကျောက်ရုပ်များကဲ့သို့ ငြိမ်သက်နေကြသည်။



"ဩော်-မေ့နေတယ်-မင်းနာမည်က ဘယ်သူလဲကွ-ဒီကိုလာပါဦး"

ဘတင့်က ကိုအောင်ထိုက်၏ သားကလေးကို သတိရ၍ ခေါ်လိုက်သည်။ ကလေးက ဘတင့်၏မျက်နှာကို မကြည့်ရဲသကဲ့သို့ ခေါင်းကို ငုံ့နေသည်။

"လာပါကွဲ၊ အန်ကယ့်ကိုမကြောက်ပါနဲ့။ စောစောက အန်ကယ်က အော်လိုက်လို့ ကြောက်သွားပြီထင်တယ်"

စောစောက တင်းမာခက်ထန်သလောက် ယခုအခါတွင် ပျော့ပျောင်းသိမ်မွေ့စွာ အပြောအဆို ပြောင်းလဲသွားသဖြင့် ကလေးက ဘတင့်အားမကြည့်ရဲကြည့်ရဲနှင့် မျက်လုံးကလေး လှမ်းကာကြည့်လိုက်သည်။

"ပြောပါကွဲ့-မင်းနာမည် ဘယ်သူလဲ"

"ဝေမိုးအောင်"

ဘတင့် ဖော်ရွေစွာ ပြုံးပြရင်း သဘောကျသွားဟန်ဖြင့် ဝေမိုးအောင်၏ ပခုံးပေါ်ကို လက်တစ်ဖက် တင်လိုက်တာ-

"ဩော်၊ မင်းနာမည်က ဝေမိုးအောင်လား။ နာမည်ကလေးက လှတယ်။ မင်းကလည်း ချစ်စရာကောင်းတယ်၊ အန်ကယ့်ကိုကြောက်သလား။ အန်ကယ်က အလကားလူကြီးပါကွာ၊ အန်ကယ့်သေနတ်ထဲမှာလည်း ကျည်ဆန်တစ်တောင့်မှ မရှိပါဘူး"

ဘတင့် ဝေမိုးအောင်ကို ကြည့်၍ ခပ်အုပ်အုပ်ကလေး ရယ်လိုက်ပြီး စီးကရက်တိုကို နောက်ဆုံးဖွာရှိုက်၍ ... ခွက်ကလေးထဲသို့ပစ်ထည့်လိုက်သည်။ ကိုအောင်ထိုက်တို့မိသားစုမှာ ဘတင့်ကိုကြည့်၍ အသက်ပင် မရှူရဲ။

"ကိုင်း-ခင်ဗျားတို့ကျုပ်ကို ခုထက်ထိ ကြောက်နေတုန်းပဲလား။ ကျုပ်ဟာ ဒီတစ်ည ခင်ဗျားတို့ရဲ့ ဧည့်သည်ပါ... ရန်သူမဟုတ်ပါဘူး။ ခင်ဗျားတို့စိတ်ထဲမှာ ကျုပ်ဟာ ပုရွက်ဆိတ်ကလေးတစ်ကောင်အိမ်ထဲဝင်လာတယ်လို့ပဲ သဘောထားလိုက်။ ဒီစားပွဲပေါ်က သေနတ်ကလည်း ခင်ဗျားတို့ကို ဘယ်လိုမှ ရန်မရှာဘူး။ အဲ-ကျုပ်အပေါ် သစ္စာဖောက်ရင်တော့ သူ့အလုပ်သူ လုပ်လိမ့်မယ်။ တဲ... သေနတ်ကို ကျုပ်သိမ်းထားလိုက်မယ်။ မိုးလင်းရင် ကျုပ် ဒီအိမ်မှာ မရှိတော့ဘူးလို့သာ မှတ်ထားလိုက်"

ဘတင့်က စားပွဲပေါ်က သေနတ်ကို ယူကာ ဂျာကင်အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်သည်။

www.burmeseclassic.com



ပြည်းပြည်းပေါ့မျာ –
မရွှေမာက ဘာဖြစ်လို့ အရေးတကြီး
သောက်ချင်ရတာလဲ၊ ကျွန်တော့်အပေါ်မှာ
ရိုးမှရိုးရဲ့လား။ တဲ – တဲ – အဆိပ်တွေများ
ထည့်တိုက်လိုက်ရင် ထောင်ထဲမရောက်ဘဲ
သေမင်းနဲ့ တွေ့နေရပါလိမ့်မယ်။
ကျွန်တော်ကတော့ မရွှေမာကို
သိပ်ယုံချင်တော့တူး၊ တဲ – ပန်းကန်ချင်း
လဲသောက်ရအောင်၊ ❞

"ဖြော် – စကားပြောရလွန်းလို့ ကျွန်တော် အခုမှသတိရတယ်၊ တစ်နေ့လုံး ပြေလွှားနေရလို့ဘာမှမစားရသေးဘူး၊ တစ်ခုခု စားပါရစေဗျာ၊ မရွှေမာက ကော်ဖီတစ်ခွက်လောက် ဖျော်ပေးရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော် ဆာလှပြီ၊ ခုမှပဲ ဖွင့်ပြောရတော့တယ်"

မရွှေမာက ကိုအောင်ထိုက်ကို ကြည့်လိုက်သည်၊ ကိုအောင်ထိုက်က မသိမသာ ခေါင်းညိတ်ပြလိုက်သဖြင့် မရွှေမာက ထမင်းစားခန်းဘက်သို့ ထသွားသည်၊

"ကိုင်း – ခါတိုင်းညတွေလိုပဲ ဖျော် ဖျော်ရွှင်ရွှင်နေကြတာပေါ့၊ မရွှေမာက ကျွန်တော်တို့အားလုံးအတွက် ကော်ဖီ ဒါမှမဟုတ် စားစရာတစ်ခုခုစီစဉ်ပေးပါ၊ ဝေမိုးအောင်နဲ့ကျွန်တော်က စကားပြော ရင်းနေရစ်မယ်၊ ခုလိုတစ်ညတာတည်း စိုခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ"

မရွှေမာ၏စိတ်ထဲတွင် လွတ် မြောက်ရေးအတွက် ဘယ်လိုကြံဆရ မလဲဟု အစွမ်းကုန်ကြံဆနေမိသည်၊ ကော်ဖီပန်းကန်များကို အသင့်ပြင်ရင်း မရွှေမာ၏လက်တို့မှာ တဆတ်ဆတ်



တုန်လျက်ရှိသည်၊ စတော်ဘယ်ရီယို ထုတ်ထားသည့် ပေါင်မုန့်အချပ်များကို ဘိုးလေးချပ်စီခွဲ၍ ပန်းကန်အသေး အလေးများတွင် ထည့်လိုက်သည်၊ အဲသားလုံးကြော်ကလေးများကို ပန်း ကန်အကြီးတစ်ချပ်ထဲတွင်ထည့်ပြီး စင် ပြင်ပေါ်က အချဉ်ရည်ဘူးများကိုလှမ်းယူ ထိုက်စဉ်တွင် မရွှေမာသည် ဖန်ပုလင်း အရည်တစ်လုံးကို သွားမြင်လိုက်သည်၊

ထိုပုလင်းကလေးကို မြင်လိုက် သည်နှင့် မရွှေမာသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည်၊ ကိုအောင် ထိုက်တုန်တိုက်တွင် အရေးပေါ်အချိန်မှို ခင်းရသည့်အခါများ၌ အချိန်မတော် အလုပ်ပြီးလျှင် တုန်တိုက်မှာပင် အိပ် ရတတ်သောကြောင့် အိပ်ပျော်စေရန် အတွက် ကော်ဖီထဲတွင် ထည့်သောက် လေ့ရှိသည့်အိပ်ဆေးပုလင်းကလေးပင် ဖြစ်သည်၊ ၎င်းအိပ်ဆေးမှာ ဇွန်းတစ်ဝက် မျှထည့်သောက်ရုံနှင့် နစ်မြိုက်စွာ အိပ်မောကျစေနိုင်၍အကာလ်၌များတစ် ဇွန်းလောက်သာ ထည့်လိုက်ပါက မည် သို့ဖြစ်နိုင်သည်ကို မရွှေမာ စဉ်းစားမိ လိုက်သည်၊

ကော်ဖီပန်းကန်များကိုပြင်ဆင်ရင်း မရွှေမာ၏စိတ်ထဲတွင် ယောက်ယက်ခတ်နေသည်၊ လျင်မြန်စွာ ဆုံးဖြတ်နိုင်ခု သူ့အစီအစဉ်များ အောင်မြင်နိုင်ရည်ကို တွေးရင်းမရွှေမာရွှေများပြန်လာသည်၊ အိပ်ဆေးလွန်၍ သေများသွားနိုင် သလား၊ ရာဇဝတ်ကောင်တစ်ယောက် သေဆုံးသွားပါက ဘာတွေဖြစ်လာနိုင် သလဲ၊ မရွှေမာသည် အတွေးမျိုးစုံဖြင့် ပန်းကန်များကိုအယောင်ယောင်အမှား များ ကိုင်နေမိသည်၊ နောက်ဆုံးတွင် မရွှေမာသည် ဆုံးဖြတ်ချက်တစ်ခု ချ လိုက်ကာ အိပ်ဆေးပုလင်းကို ဖွင့်လိုက် သည်၊ ကော်ဖီပန်းကန်တစ်လုံးထဲသို့ အိပ်ဆေးတစ်ဇွန်း လောင်းချလိုက် သည်၊ သေချာအောင်နောက်ထပ်နည်း နည်းထပ်ထည့်လိုက်ပြန်သည်၊

အစီအစဉ်အားလုံးပြီးသောအခါ မရွှေမာသည်ကော်ဖီဗန်းကိုမ,ကာ ဧည့် ခန်းထဲသို့ ယူလာခဲ့သည်၊ ဧည့်ခန်းထဲ တွင် ဘတင့် ရယ်ရယ်မောမောဖြင့် ခင်ပွန်းဖြစ်သူနှင့်စကားပြောနေသည်ကို တွေ့ရသည်၊ မရွှေမာသည်ဣန္ဒြေမပျက် ပင် ကော်ဖီဗန်းကို စားပွဲပေါ် တင်လိုက် သည်၊

ပထမဦးစွာဘတင့်ဘက်သို့ကော်ဖီ တစ်ခွက်ကို ချလိုက်ကာ လတ်ဆတ် ပုဝါတစ်ထည်ကို တရိုတသေခင်းပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ပြီးမှ - ကိုအောင်ထိုက်နှင့် ဝေမိုးအောင်ဆီသို့ ကော်ဖီတစ်ခွက်စီ ပေးလိုက်ကာ ပေါင်မုန့်ပန်းကန်များကို တစ်ပန်းကန်စီ ချပေးလိုက်သည်၊ အမဲသားလုံးကြော်ပန်းကန်ကိုတော့အလယ် တွင် ထားလိုက်သည်။

"တဲ - သောက်နိုင်ကြပါပြီ"

မရွှေမာ၏အသံကြောင့် ဘတင့် သည် စကားဖြတ်လိုက်ကာ ကော်ဖီပန်း ကန်များကို ကြည့်လိုက်သည်။

"ကိုအောင် - သောက်လေ"

"သောက်ထားပေါ့ - ဗူးပါသေးတယ် ဗျာ"

"ရေနွေးတ တည်ထားတာကြာပြီ၊ ရေပူဘူး - သောက်လိုက်ပါ"

မရွှေမာက ကော်ဖီပန်းကန်ကို ကိုအောင်ထိုက်အားအတင်းထိုးပေးနေ သည်၊ ကိုအောင်ထိုက်က စိတ်မပါတပါ ဖြင့် လှမ်းယူလိုက်သည်၊

"မြည်းမြည်းပေါ့ဗျာ၊ မရွှေမာက ဘာဖြစ်လို့အရေးတကြီးသောက်စေချင် ရတာလဲ၊ ကျွန်တော့်အပေါ်မှာ ရိုးမှရိုးရဲ့ လား၊ တဲ - တဲ - အဆိပ်တွေများ ထည့် တိုက်လိုက်ရင် ထောင်ထဲမရောက်ဘဲ သေမင်းနဲ့ တွေ့နေရပါလိမ့်မယ်၊ ကျွန် တော်ကတော့ မရွှေမာကို သိပ်မယုံ ချင်တော့ဘူး၊ တဲ - ပန်းကန်ချင်း လဲ သောက်ရအောင်"

ဘတင့်က သူ့လက်ထဲမှကော်ဖီပန်း ကန်ကို လှမ်းပေးလိုက်ရင် မရွှေမာ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

"အို - ကျွန်မမှာ ဒီလိုသဘောမျိုး မရှိပါဘူးရှင်"

ပြောသာ ပြောလိုက်ရသော်လည်း မရွှေမာ၏အသံက အဖျားခတ်ကာ တုန် ရီနေသည်၊ သို့သော် ဣန္ဒြေကား မပျက် ပေ။

"ဒါဆိုလည်း ပြီးတာပါပဲ၊ ကော်ဖီ ပန်းကန်ချင်း လဲသောက်တာ ဘာမှ ပြဿနာမရှိပါဘူးနော်"

ဘတင့်၏ဆန္ဒအတိုင်း ကော်ဖီပန်း ကန်ချင်း လဲလိုက်ကြသည်၊

"တဲ - မရွှေမာကို ကျေးဇူးတင်တဲ့ အနေနဲ့ ကျုပ်တို့နှစ်ယောက် တစ်ပြိုင် နက်သောက်ကြရအောင်"

ကိုအောင်ထိုက်နှင့် ဘတင့်တို့နှစ် ယောက်သည်ကော်ဖီကိုတစ်ကျိုက်ချင်း သောက်ကာ ပေါင်မုန့်များကို တစ်ချပ်ပြီး တစ်ချပ် စားလိုက်၊ အမဲသားလုံးကြော် များကို စားလိုက်နှင့်၊



"နေပါဦး - မရွှေမာ - မင်း ဘယ်လို လုပ်လိုက်တာလဲ"

"အို - ဘယ်လိုလုပ်ရမှာလဲ၊ ကျွန်မ ဆုံးဖြတ်ချက်နဲ့ကျွန်မ လုပ်လိုက်တာ ပေါ့၊ သူ့ခုမျာ အိပ်ဆေးလွန်ပြီး သေများ သေသွားမလားမသိဘူး"

မရွှေမာသည် ကုလားထိုင်ပေါ်တွင် ခေါင်းကြီးနောက်လန်ကာ အသေကောင် ကဲ့သို့ အိပ်ပျော်နေသော ဘတင့်ကို ကြည့်ရင်းပြောလိုက်သည်၊

"ကိုယ်နားလည်အောင် ရှင်းပြစမ်း ပါဦး - မရွှေမာ"

"အမှန်က သူ့ကို ကြည့်ရတာ သိပ် နှပ်ပုံရတယ်၊ ဒီတော့ - အိပ်ဆေးခတ် ထားတာကို သူစဉ်းစားမိရင် ပန်းကန်ချင်း လဲ သောက်မယ်ဆိုတာ ကျွန်မတွေးမိတယ်၊ ဒါကြောင့် - အိပ်ဆေးပါတဲ့ပန်းကန်ကို ကိုအောင့်ဘက် တမင်ထိုးပေးတာ၊ ဒါပေမ ကိုအောင်က ငြင်းနေသေးတယ် မဟုတ်လား၊ ဒါကြောင့် ဘတင့် စိတ်ထဲ မှာ မသင်္ကာဖြစ်လာအောင် အိပ်ဆေးပါ တဲ့ပန်းကန်ကို တမင်ကိုအောင်သောက် ဖို့ထပ်ပြောတာ၊ ဒီတော့ - ကျွန်မဆင်တဲ့ အကွက်ထဲ ဝင်လာပြီး ကျွန်မကို မယုံ သင်္ကာဖြစ်လာတယ်၊ နောက်ဆုံးတော့ ကိုအောင့်ဆီကို ပေးထားတဲ့ပန်းကန်နဲ့ သူက လဲသောက်တယ်၊ ကဲ - သဘော ပေါက်ပြီလား"

ကိုအောင်ထိုက်က အတန်ကြာ အောင် စဉ်းစားနေပြီးမှ သဘောပေါက် လာကာ ပြုံးသွားသည်၊

"နေပါဦး - မရွှေမာပေးတဲ့အတိုင်း ကိုယ်က ယူသောက်လိုက်ရင် ဘယ်လို လုပ်မလဲ"

"အို - ဒီတော့လည်း ကိုအောင့်ကို ဘယ်အသောက်ခံမလဲ ကိုအောင်က ချိုချိုကြိုက်တတ်တယ်၊ သကြားလို သေးတယ်ဆိုပြီး အိပ်ဆေးပါတဲ့ကော်ဖီ ပန်းကန်ကို သွန်ပစ်၊ အသစ်ထပ်ဖျော် လာမှာပေါ့၊ ဒါပေမဲ့ - ဒီအထိတောင် မဖြစ်ပါဘူး၊ ဒီလူက လူပါးဆိုတော့ ကိုအောင့်ဘက်ကို အတင်းထိုးပေးနေ ကတည်းက သူက သံသယဝင်နေပြီ၊ အခုတော့ - အဆင်ပြေသွားပြီမဟုတ် လား၊ တဲ - ရဲဌာနကို သာ ဖုန်းဆက် တော့"

ကိုအောင်ထိုက်က မရွှေမာ၏ ပါးနပ်လျင်မြန်မှုကို ချီးကျူးရင်း ကုလား



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခေါ်တွင်အိပ်ဆေးမိနေသောဘတင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"နေပါဦး - မရွှေမာ အိပ်ဆေးဘယ်လောက်ထည့်လိုက်တာလဲ"

"ကိုအောင်သောက်နေကျ တစ်တက်ထက်ပိုပြီးတော့ တစ်ဇွန်းအပြင်ဆေးရာအောင် နည်းနည်းတောင် ထပ်ထည့်လိုက်သေးတယ်"

"ဒီလောက်ဆိုရင်တော့ မသေနိုင်ပါဘူး။ နစ်နစ်မြိုက်မြိုက်တော့ အိပ်ပျော်နေဦးမှာပါပဲ"

ကိုအောင်ထိုက် တယ်လီဖုန်းစားပွဲဆီသို့ လှမ်းသွားလိုက်သည်။ မရွှေမာတာမှ ဝေမိုးအောင်ကို ရင်ခွင်ထဲသို့ ဆွဲသွင်းရင်း တရှုးရှုးအိပ်ပျော်နေသော ဘတင့်၏အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

→ မောင်မြင့်မား(မိုလ်ကလေး)

| | |
|---|---|
| **ချောင်း** | ဓိးကြမ်းငှက်ပျောသီး |
| | ပျော်ပျော်ကို သကြားမွှေ၍ |
| **ချောက်** | ထမင်းလွတ် အဝစားပါ။ |
| | သံပုရာမြစ်၊ နွယ်ချို၊ ဆား၊ |
| **ဆိုး** | အမှုသွေး၍လျက်ပါ။ |
| | နွယ်ချို၊ မန်ကျည်းမှည့်၊ |
| | သိမ္ဘောဆား |
| **လျှင်** | အမှုကြိတ်၍စားပါ။ |

**ခြေတုန်လက်တုန်သေ**

ကြိတ်မှန်ရွက် ယိုဆေးစားပေးပါ။



www.burmeseclassic.com

လူသုံးယောက်
တားတိုက်သေဆုံးရာမှ
ဖြစ်ပေါ်လာသော အမှုန်း၊
အာဃာတ၊ ဒေါသ ..

**တစ်နေ့သ၌ ...**

ကျွန်ုပ်နှင့် ဆာဇေလင်းနေဝင်းခေါင် တို့သည် ကွမ်းတောင်တုန်းဂါတ်တဲမှ တော်ဆောင်ထား အနက်ရောင်တလေး တို့ ဆောင်းနှင့်၍ သာလွန်မြို့လယ်ဈေး တောင့်လမ်းဆုံကားဂိတ်အနီးမှကုလား လူမျိုးအသရေး၏ ကာကာဆိုင်သို့လက် ဖက်ရည်သောက်ရန် ထွက်ခဲ့ကြလေ တော့သည်။

ကာကာဆိုင်သို့ရောက်သောအခါ အခါတိုင်းကဲ့သို့ ဆိုင်အတွင်းပိုင်းမှ လမ်းကြီးပေါ်သို့လည်းကောင်း၊ ကားဂိတ် တန်းများဆီသို့လည်းကောင်း၊ လမ်းဆုံ လမ်းခွဲအချက်ချက်ကျကျနေရာများသို့ လည်းကောင်း အကွက်အကွင်းကောင်း စွာမြင်နိုင်သော အတွင်းကျကျစားပွဲ၌ ထိုင်ကာ လက်ဖက်ရည်တစ်ခွက်စီမှာ၍ သောက်နေကြလေ၏။ လမ်းဆုံ လမ်းမ မော်တော်ကားလမ်းမကြီးများပေါ်၌ လူ တွေ သွားလာနေကြတာ ရပ်နားမှုမရှိပဲ ဖြစ်နေလေသည်။ ထိုစဉ်၌ပင် ကုမဲရွာ ငယ်ကလေးဘက်မှ ရထားလုံးတစ်စီး ရောက်လာလေ၏။ ရှမ်းဘောင်းဘီ၊ ရှမ်း တိုက်ပုံကို ဝတ်ဆင်၍ ရှမ်းခမောက်ကြီး ကို ရှေ့သို့ ခပ်ငိုက်ငိုက် ဆောင်းထားပြီး လွယ်အိတ်ပွပွကြီးကို ပခုံးထက် လွယ် ထားသော အသက်လေးဆယ် အရွယ် ခန့် အရပ်ပုဖြတ်ဖြတ် ဂင်တိုတိုနှင့် လူ တစ်ဦးသည် ရထားလုံးဘေးသို့ ထိုးရပ် သည်နှင့် တစ်ပြိုင်တည်း ရထားလုံး အတွင်းမှ တံခါးကိုဖွင့်၍ လမ်းဘေး ပလက်ဖောင်းပေါ်အရေးတကြီးခုန်ဆင်း လေသည်။

ထိုအချိန်မှာပင် အညာသားများရှပ် ပေါက်သည့် အသက်သုံးဆယ်ကျော် အရွယ်ခန့်ဘလေဇာကုတ်အကျႌအနက် ရောင်များ ဝတ်ဆင်၍ မာဖလာကိုယ်စီ လည်ပင်းပတ်လျက် ပိုးလုံချည်အစိမ်း ရောင်များ ဆင်တူဝတ်၍ တောသူဌေး သားများဖြစ်ဟန်တူသည့် လူငယ်နှစ်ဦး သည်ဖျတ်လတ်သွက်ဟန်အပြည့် မော် တော်ကားလမ်းမအတိုင်းခပ်သုတ်သုတ် လျှောက်လာကြလေ၏။

ငင်းတို့သုံးဦးမှာ လမ်းဆုံထိပ်တည့် တည့်မှာ ဆုံမိကြကုန်၏။

ထိုအချိန်မှာပင် မိတ္ထီလာမြို့ဘက်မှ အပြင်းမောင်းနှင်ဝင်လာသော ဒီအိတ်ဇ် အမျိုးအစား ဈေးပတ်လိုင်းကားအိုကြီး တစ်စီးသည် ဘရိတ်ပေါက်၍ ထိန်းမနိုင် သိမ်းမရဖြစ်ကာ လမ်းဘေးဝဲယာသို့ တိုဒီယိုင်ထိုးရင်း ခုနကဆုံမိသောလူသုံး ဦးမှာလည်း ကြောင်အမ်းအမ်းနှင့် ရပ် ကြည့်နေမိစဉ် ဒိုင်းခနဲ၊ ဒိုင်းခနဲ ဝင်တိုက် တက်ကြိတ်သွားလေတော့သည်။ လမ်း ပေါ်မှာ ရှုညံ့ထိတ်လန့်တုန်ကြလေ၏။

အခြားလမ်းသွားလမ်းလာ ဈေး သည်များ၊ ခရီးသည်များ မည်သူတစ်ဦး တစ်ယောက်ကိုမှ ထိခိုက်အနာတရ မဖြစ်စေပဲ ထိုပုဂ္ဂိုလ်သုံးဦးကိုသာ သီး သန့်ဇရိဇရဲ လွင့်စဉ်စေပြီး အတုံးအရုန်း ဖြန့်ကြဲလဲကျ အသက်ပျောက်ကုန်ကြ လေသည်။ ယာဉ်တိုက်မှုဖြစ်ပွားသော ဈေးပေါက်လိုင်းကားအိုကြီးကတော့ မလှမ်းမကမ်းလမ်းဘေးအုတ်တံတိုင်း ကို ခေါင်းတည့်ထိုးရပ်သွားလေ၏။

ကျွန်ုပ်သည် ကွမ်းတောင်တုန်း ဂါတ်တဲမှ ကျွန်ုပ်အတွက် သီးသန့်ဖေး ထားသော အုတ်နီခဲများနှင့် စီထပ် ဆောက်လုပ်ပေးထားသည့် အဆောင် ငယ် အခန်းကလေးအတွင်း အိပ်ရာခေါ် ပက်လက်လှန်၍ မည်မျှကြာကြာ ငြိမ် သက်စွာ တွေးနေမိသည်မသိ၊ သတိ ထားမိသောအခါ၌ အခန်းအတွင်းတစ်ခု လုံးမည်းမှောင်နေလေသဖြင့် ရေနံဆီမီး အိမ်ကို ထထွန်းလိုက်ရသေးသည်။ ပြီး နောက် အခန်းအပြင်ဝရန်တာသို့ ထွက် ခဲ့လေသည်။

လဆန်းဆယ့်နှစ်ရက်ဖြစ်သော ကြောင့် လသာလျက်ရှိ၏၊ တိတ်ဆိတ် ငြိမ်သက်စပြုနေပြီဖြစ်သောဂါတ်တဲဝင်း တစ်ခုလုံးနှင့် ရှေ့တည့်တည့်မှ သာလွန် မြို့တွင်းလမ်းပေါ်သို့ လရောင်တ... နေသောကြောင့် ထင်ရှားငြိမ်သက်စွာ မြင်နေရ၏၊ ထို့နောက် -

"ဒီလူသုံးယောက်ဟာ ဒီနေရာမှာ ဘာကိစ္စလာဆုံရတာလဲ၊ သာမန်ဓ... သွားတိုက်ဆိုင်ခြင်းလား၊ သူတို့... တိုက်တဲ့ကားကြီးကရောပဲ၊ ... ရာရောက်မှဖြစ်ရတာ... ဒါတာရော...

www.burmeseclassic.com

www.burmeseclassic.com

သာမန်တိုက်ဆိုင်မှုပဲလား၊ စနစ်တကျ လုပ်ကြံမှုရောပဲ မဖြစ်နိုင်ဘူးလား"

ဟု စဉ်းစားနေမိသည့်တစ်ခဏ၌ ကျွန်ုပ်သည် လွန်စွာဦးနှောက်ခြောက်ရ လေတော့၏။

တစ်ခဏ၌ မနေ့က မနက်ပိုင်းတုန်းက ကျွန်ုပ်၏ ကုတ်အင်္ကျီအိတ်ထဲမှာ ထည့်ထားသော ဆေးပြင်းလိပ်ဗူးထဲမှ တစ်လိပ်ကို မီးညှိရှိုက်ဖွာမိလေသည်။ ဂါတ်တဲဝင်းလုံခြုံရေးတာဝန်ကျ တင်းတဲကလေးဆီမှ နာရီသံချောင်းခေါက်သံ ဆယ်ချက်တီတီကိုလည်း ကြားရလေ၏။

ထိုအချိန်မှာပင် အတွေးတစ်ခုကို အလေးအနက်အတော်ပြုပြီး ကျွန်ုပ်နေထိုင်ရာအဆောင်ဆီသို့ ထန်းတန်းမတ်မတ် လျှောက်လာသော ဆားပုလင်းနေမင်းခေါင်ကို လှမ်းတွေ့ရလေတော့သည်။

"အလို - ကိုနေမင်းခေါင် - တစ်နေ့လုံး ပျောက်ချက်သား ကောင်းလှချေလားတော့ - မနက်က ဖြစ်ပွားခဲ့တဲ့ ကားတိုက်မှုဟာ လုပ်ကြံလူသတ်မှုကြီးတစ်ခုဖြစ်တယ်၊ ကားမောင်းတဲ့လူကလည်း သေပြီဆိုတော့ အမှုက လမ်းပြတ်သလိုဖြစ်သွားပြီး နယ်မြေ(၂)က တာဝန်ကျ လူဆိုးထိန်း ဇော်ဝင်းတို့ အုပ်စုကတော့ အမှုပိတ်လိုက်ကြမယ်လို့ တောင်အထက်ကို တင်ပြနေကြတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ဆားပုလင်းနေမင်းခေါင်က -

"နိုး - နိုး - မဟုတ်ဘူး - အိုင်ဝီ။ အဲဒီမနက်က ဖြစ်ပွားခဲ့တဲ့ ကားတိုက်မှုကြီးဟာ စနစ်တကျလုပ်ကြံလူသတ်မှုကြီးပဲ၊ ဖျူးသေသူတွေကတော့ ဦးထိပ်၊ ထွန်းတဲလေးသိန်းဆိုတဲ့ တစ်ရှိန်က ရပ်ကွက်လူမိုက်တွေပေါ့။ အညာစုဘက်က မိုက်ခဲ့ညီနောင်လူမိုက်တွေဆိုတာ သူတို့တွေပဲပေါ့ဗျာ၊ အခု သူတို့ကို ကားနဲ့ တိုက်သတ်သွားတာက ကုလားတန်းဘက်က ကြေးစားလူမိုက် တစ်လမ်းသွားညို မောင်ပါပဲ။ ငွေပေးပြီးခိုင်းတာကတော့ မန္တလေးတန်းထဲက သူဌေးတလေး မောင်ရန်နည်းပေါ့။ ကဲ - အိုင်ဝီ - ဒီနေ့ည တော့ အိပ်ကြစို့ရဲ့၊ ကျွန်တော်လည်း ဒီနေ့ည ဒီမှာပဲအိပ်မယ်၊ ဆားတောင်ကုန်းဆိုတဲ့ရွာကလေးကိုမနက်စောစောပဲ ထသွားကြတာပေါ့"

ဟုပြောပြီး ဆားပုလင်းနေမင်းခေါင်က အဆောင်တွင်းသို့ ဝင်သွား လေရာ ကျွန်ုပ်မှာ နေမထိ ထိုင်မသာနှင့် ဝရံတာမှာပင်ရပ်လျက် ကျန်ရစ်ခဲ့လေတော့သည်။



ဆားပုလင်းနေမင်းခေါင်နှင့်အတူ ကျွန်ုပ်ကိုယ်တိုင် မောင်းနှင်၍ အော်စတင်ကားအနက်ကလေး ဆားတောင်ကုန်းရွာသို့ ရောက်လေ၏။ ဆားတောင်ကုန်းတစ်ရွာလုံး ကျွတ်ကျွတ်စီစီဖြစ်သွား၏။ ရွာတွင်းရှိ ကလေးအပေါင်းတို့မှာလည်း ဝမ်းမြောက်ပျော်မြူးလျက် ရှိကြကုန်လေ၏။ ရွာလမ်းမကြီးအတိုင်း နွားလုံးကြီးများဝေ့ဝဲမွှန်ထူ၍ကားနောက်မှ ပြေးလိုက်လာကြပြီးလျှင် သူကြီးဦးဘိုးတူ၏ အိမ်ဝိုင်းအတွင်းမှာ ချိုးကွေ့၍ ခြေတံရှည်အိမ်မြင့် မြင့်ကြီးရှေ့မှာ ကားကို ရပ်လိုက်လေသည်။

အလှူရှင်လောင်းလှည့်သလိုကားနောက်မှ ပြေးလိုက်လာကြသော ကလေးအုပ်စုမှာ ရပ်လိုက်သော အော်စတင်ကားအနက်ရောင်အေးမှာဝိုင်းအုံကြည့်နေကြလေ၏၊ သူကြီးဦးဘိုးတူ အိမ်ပေါ်က ဆင်းလာပြီး -

"ကြွပါခင်ဗျာ - ကြွကြွပါ"

ကျွန်ုပ်နှင့် ဆားပုလင်းနေမင်းခေါင်တို့လည်း သူကြီးဦးဘိုးတူ၏ နောက်မှ တစ်လိုက်ခဲ့ကြပြီး အိမ်ထဲသို့ ဝင်ခဲ့ကြလေသည်၊ ရေနွေးပွဲ အဆင်သင့်ပြင်ထားသော စားပွဲနှင့် တန်းလျားခုံရှည်မှာ အသီးသီးထိုင်မိကြသည်နှင့်ဆားပုလင်းနေမင်းခေါင်က -

"သူကြီးမင်းရွာကတရားခံပြေးတစ်ယောက် ဖမ်းဆီးစရာရှိလို့ လာခဲ့တာပါ၊ သူကြီးမင်း၊ ကျွန်တော်တို့နဲ့ အတူတူ အကူအညီ ပေးစေချင်ပါတယ်"

ဟု ပြောလိုက်လေ၏၊ ရေနွေးကရားအိုးကို ရှိရှိကလေးမ,၍ ပန်းကန်လုံးအတွင်း ရေနွေးကြမ်းငှဲ့ထည့်ပေးသော သူကြီးဦးဘိုးတူ၏လက်က တန်ခနဲ ရပ်သွားတာ ကျွန်ုပ် သတိထားလိုက်မိ၏။

"တရားခံက ဘယ်သူများပါလဲ ခင်ဗျာ"

ဟု ဆယ်အိမ်ခေါင်း ငရွှေဦးက တိုးတိတ်ညင်သာစွာ ကပ်မေးလေ၏။ ဆားပုလင်းနေမင်းခေါင်က -

"ရွာအရှေ့ပိုင်းက ငမြတ်နရဲ့အိမ်မှာ ရောက်နေတဲ့ဧည့်သည်ပါ"

ဟုပြောလိုက်လေ၏၊ သူကြီးဦးဘိုးတူနှင့် ဆယ်အိမ်ခေါင်း ငရွှေဦးတို့ ခေါင်းတညိတ်ညိတ်လုပ်ပြီး ရွာအရှေ့ပိုင်းဆီသို့ ရှေ့မှဦးဆောင်၍ ထွက်ခဲ့ကြလေသည်။ ရွာအရှေ့ဘက်ဝသို့ ရောက်သောအခါ တဲကုပ်သာသာရှိသော အိမ်ကလေးနှင့် ခြံဝင်းထဲသို့ ဝင်ခဲ့ကြလေသည်၊

ငမြတ်န ဆိုသူကား ဧည့်သည်လူစိမ်းတစ်ဦးနှင့်အတူ ထမင်းစားနေမိတ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသည်။ ဆယ်အိမ်ခေါင်းတို့ အိမ်ထဲငုံ့ဝင်သွားကြ၏။ အိမ်ရှေ့ဘက်မှ ကျွန်ုပ်နှင့် ဆားပုလင်းနေမင်းခေါင်တို့ အတူရပ်လိုက်လေ၏။ ဆားပုလင်းနေမင်းခေါင်က -

"ကျွန်တော်တို့ သာလွန်မြို့အဝိုင် တွမ်တောင်ကုန်းဂါတ်က ဆားပုလင်းနေမင်းခေါင်နဲ့ အိုင်ဗီမင်းစံပါ" ဟု ပြောလိုက်လေ၏။

ဈေးသည်မောင်ရှောင်သာမို့တစ်လမ်းသွားညီမောင်သည်ခုံခြင်းလုပ်တော့ ခေါင်းညိတ်ပြီးတစ်ချက်အဝင်ခံလိုက်လေ၏။

"ဆားပုလင်းနေမင်းခေါင် ကိုယ်တိုင်ပါလာတာတိုး"

ဟုတစ်လမ်းသွားညီမောင်က စိတ်အားနွမ်းလျစွာ ပြောလေသည်။ တစ်လမ်းသွားညီမောင်အားလက်ကျဉ်းခတ်ပြီးလျှင် သူကြီးမင်း ဦးအိုးတူ၏ အိမ်သို့ ခေါ်ခဲ့ကြလေသည်။

မြို့ဖွန်စမုံမြစ်ဘေးတွင် သချိုင်းတစ်ခုရှိသည်။

ထိုသချိုင်းမြေအလယ်တည့်တည့် မြေကွက်လပ်တွင် ပြိုမယောင်ဇရပ်ဆောင်တစ်ခု ရှိလေ၏။ နေဝန်းနီမှာ အနောက်ဘက်သို့တိမ်းစောင်းစပြုလေပြီဖြစ်၏။

မောင်ရန်နည်းသည် ဗိုက်ကားကြီးနှင့်အတူ တောအုပ်ထဲမှ တစ်ဦးတည်းဖြတ်ကာ သချိုင်းဝင်အပေါက်ဝတွင် ရပ်တန့်သွားလေ၏။ တဒင်္ဂအားဖြင့်ပတ်ဝန်းကျင်ကိုအကြည့်တစ်ချက်ဝေ့ကြည့်ပြီးမှ ဗိုက်ကားကြီးပေါ်မှ တည်ငြိမ်စွာ ဆင်းလာပြီးတစ်လှမ်းချင်းလျှောက်လာတော့လေသည်။ သူ့အတွက် အန္တရာယ်၊ အနှောင့်အယှက်မရှိဟု စိတ်ချရမှ အုတ်ဂူတွေကြားဝင်လေ၏။

အတန်ငယ်သွားမိပြီးမှ သချိုင်းဝင်းအတွင်းကျကျ အုတ်ဂူတွေကြားမှ အနည်းငယ် ဟောင်းနွမ်းစ ပြုနေပြီဖြစ်သော အုတ်ဂူတစ်ခုရှေ့မှာ ခြေစုံရပ်လေ၏။ ကမ္ပည်းစာနာမည်ရေးထိုးထားသော စကျင်ကျောက်ပြားချပ်ကလေးကို ငေးကြည့်ငြိမ်သက်နေလေသည်။ ရေးထိုးထားသော နာမည်စာတမ်းကလေးမှာ ကားဤသို့တည်း -

ကွယ်လွန်သူ

မိလရည်

အသက်(၂၀)နှစ်

ဟုဖြစ်လေ၏။ မောင်ရန်နည်းသည် ဓွေးမြည့်သောကများကိုခံစားရင်းမျက်ဝန်းမှာဝေ့ဝဲလာသောမျက်ရည်စများကို မျက်တောင်ပုတ်ခတ်၊ ပုတ်ခတ်လုပ်၍





နားလည်ပါတယ် ကိုနေမင်းခေါင်ရယ်၊ ... ဥပဒေရဲ့ အဆုံးအဖြတ်ကို ... ရင်ဆိုင်ရမှာပေါ့၊ တတ်ပါတယ် ... လောကကြီးက သေဆုံးသွားတဲ့ ကျွန်တော့်ညီမလေး မိလရည်အတွက် မခံစားနိုင်လို့ ... ကျွန်တော် အဖမ်းခံပါတယ်။ ၆၆

ခါထုတ်လေသည်။ အုတ်ဂူပေါ်မှ အမှိုက်သရိုက်များကို လက်နှင့် လှည်းကျင်းသုတ်သင်လေသည်။

ကျွန်ုပ်လက်ထဲမှ ခြောက်လုံးပြူးသေနတ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး သူ့ဘေးနားက အုတ်ဂူခပ်နိမ့်နိမ့်တစ်ခုပေါ်သို့ ခုန်တက်လိုက်လေသည်။

"အေးအေးဆေးဆေး အဖမ်းခံပါ မောင်ရန်နည်း"

ဟု တည်ငြိမ်စွာ ပြောလိုက်လေသည်။ သူကလည်း မတ်တတ်ရပ်နေရာမှ နောက်ပြန်ငဲ့၍ ကြည့်လေ၏။ အောက်လွန်စွာ အံ့ဩသွားလေ၏။

"ဟင် - ခင်ဗျား"

ဟုပြောရင်း အခြားအုတ်ဂူတွေကြားမှ လျှောက်လာသော ဆားပုလင်းနေမင်းခေါင်ကိုလည်း သတိထားမိဟန်နှင့် ကြည့်လေ၏။

ဆားပုလင်းနေမင်းခေါင်က သူနှင့် လက်တစ်ကမ်းအကွာ မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး -

"အိုင်အပ်ဆောရီး - မောင်ရန်နည်း ကျွန်တော် တွမ်းတောင်ကုန်းဂါတ်က ဆားပုလင်းနေမင်းခေါင်ပါ။ တောတို့ ... ပုဂ္ဂိုလ်က အိုင်ဗီမင်းစံပါ"

ဟု တည်ငြိမ်စွာ ပြောလေသည်။

"ဗျာ - ဒါဆို - ကိုနေမင်းခေါင်တို့ ကျွန်တော့်ကို လာဖမ်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု မောင်ရန်နည်းက ပြန်ပြောလေ၏။ ဆားပုလင်းနေမင်းခေါင်က အလေးအနက်မဟုတ်သလို ခပ်ပြုံးပြုံးအမူအရာနှင့် ခေါင်းညိတ်လေ၏။

"ဝမ်းနည်းပါတယ်၊ မောင်ရန်နည်း တာဝန်အရပါ"

ဟု ပြောလေ၏။ မောင်ရန်နည်းအား ခေါင်းငိုက်စိုက်ချလိုက်လေပြီး -

"နားလည်ပါတယ် ကိုနေမင်းခေါင်ရယ်၊ ကျွန်တော့်ဥပဒေရဲ့အဆုံးအဖြတ်လည်း ရဲရဲဝင့်ဝင့် ရင်ဆိုင်ရဲရမှာပေါ့။ ဟုတ်ပါတယ်၊ တောဒီက သေဆုံးသွားတဲ့ ကျွန်တော့်ညီမလေးမိလရည်အတွက် မခံစားနိုင်လို့ ကံ့ပြန်ကလဲ့စားချေဖို့ဖြစ်ရတာပါ။ ကျွန်တော်အဖမ်းခံပါတယ်"

ဟု ပြောလေသည်၊ ကျွန်ုပ်သည်လည်း စိတ်မကောင်းမိပေ၊ မောင်ရန်နည်းအားလက်ထိတ်ခတ်ခြင်းမပြုတော့ပဲအသာတကြည်ပင် ကွမ်းတောင်ကုန်းဂိတ်ဆီသို့ ခေါ်ခဲ့ကြလေတော့သည်။

ဆားပုလင်းနေမင်းခေါင်နှင့်ကျွန်ုပ်တို့သည် မြို့အဝင်လမ်းမကြီးအတိုင်း လျှောက်၍လာကြတော့၏၊ လူသုံးဦးအား တစ်ပြိုင်တည်းစနစ်တကျ လုပ်ကြံသတ်ဖြတ်ခဲ့ကြသော တစ်လမ်းသွားညီမောင်နှင့် မောင်ရန်နည်းတို့အားလည်း ဥပဒေနှင့်အညီ အရေးယူ အပြစ်ဒဏ်အသီးသီး ချမှတ်နိုင်ရန် စီစဉ်ရလေတော့သည်၊

ဆားပုလင်းနေမင်းခေါင်ဟုခေါ်သော ရဲရင့်သောသူရသတ္တိနှင့် ပြည့်စုံသောအတွေးအခေါ်နက်ရှိုင်းလွန်းသော အမှန်တရားဘက်မှ ရပ်တည်သော ဥပဒေဘက်တော်သားတစ်ဦးသည် အိုင်ပီမင်းစံဟုခေါ်သည့် ပုလိပ်အရာရှိကျွန်ုပ်နှင့်အတူ လွန်စွာမှပိရိစနစ်ကျစွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည့်သာလွန်မြို့၏တစ်ခုသောရေးနံနက် ကားနှင့်တိုက်သတ်ခဲ့သော လူသတ်မှုကြီး၏တရားခံများ ဖမ်းမိရန်အတွက် ဉာဏ်ရည်ထက်မြက်သည့်မောင်ရန်နည်းနှင့် သွေးအေးစွာ ရက်စက်သော ကြေးစားလူသတ်သမား တစ်လမ်းသွားညီမောင်နှင့် အပြန်အလှန်ဉာဏ်ရည်ချင်းယှဉ်ခဲ့ရ၏၊ သဲလွန်စရှာရ၏၊ တရားခံများနောက်သို့ ခြေရာခံလိုက်ခဲ့ရ၏၊

နောက်ဆုံး၌ ဝင်းကိုယ်တိုင် တရားခံနှစ်ဦးအား ကြိုးပမ်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့လေ၏၊ ထိုအဖြစ်အပျက်များပြီးဆုံးသွားသောအခါ ကျွန်ုပ်မှာ ပင်ပန်းနွမ်းနယ်စွာ စိတ်အလိုမကျခြင်းများ ခံစားရလေ၏၊ ကျွန်ုပ်သည် ဆားပုလင်းနေမင်းခေါင်နှင့်ပူးပေါင်းလက်တွဲ၍တရားခံများကိုဖမ်းဆီးခဲ့ရသော်လည်း သဲလွန်စရှာပုံ၊ ဆက်စပ်တွေးတောပုံ၊ တရားခံတို့၏ခြေလမ်းကိုတိကျစွာခြေရာကောက်ခဲ့ပုံတွေကိုတော့ လုံးဝစဉ်းစားတွေးတော၍ မရနိုင်အောင်ဖြစ်နေလေသည်၊

ဆားပုလင်းနေမင်းခေါင်သည် တတိတည်ငြိမ်လှ၏၊ ခက်ခဲစွာ ကြိုးစမ်းဖော်ထုတ်ခဲ့ရသော ဤအမှုကြီးအတွက် အလေးအနက်မရှိသလို ဣန္ဒြေရှလှ၏၊ ထိုအမှုကြီးနှင့် ပတ်သက်၍လည်း တစ်စုံတစ်ရာပြောဆိုခြင်း မပြုပေ၊ ကျွန်ုပ်မှာမူ သိချင်လွန်းသောဆန္ဒများလွန်းသဖြင့် သူ့ကဲ့သို့ စကားပင်မပြောနိုင်တော့ပဲ ငူငူငိုင်ငိုင်ဖြင့် သာလိုက်ပါခဲ့ရလေသည်၊

"ဘယ်လိုလဲအိုင်ပီ၊ တရားခံနောက်ခြေရာကောက်ခဲ့ပုံလေးတွေအတွက် တော်တော်မှ ဘဝင်မကျဖြစ်နေမိပြီ ဟုတ်ရဲ့လား"

ဟု ဆားပုလင်းနေမင်းခေါင်က မေးလေ၏၊ ကျွန်ုပ်က ခေါင်းကိုညိတ်ပြပြီး -

"အမှန်ပဲပေါ့ ကိုနေမင်းခေါင်ရယ်၊ ကျုပ်မှာတော့ ခင်ဗျားဘယ်တော့မှ ရှင်းပြလိမ့်မလဲလို့ ရက်ရက်နဲ့ နားစွင့်နေမိတာဗျ"

"အစလိုဖြစ်ခဲ့ရတာက တစ်ချိန်က မြေပြင်ငြိုးတွေဗျ၊ ကံ့ပြန်လက်စားချေမှုကြီးပေါ့ဗျာ၊ အစကတော့ ကိုတင်ခ်ချိုး သေသွားတဲ့လူသုံးယောက်က ညီအစ်ကိုအရင်းတွေဗျ၊ တစ်ချိန်ကတော့ ရပ်ကွက်လူမိုက်တွေဗျ၊ ကုလားကုန်းဘက်က မင်းညီနောင်လူမိုက်အဖွဲ့ဆိုတာ သူတို့ပဲလေ၊ ဒီလူသုံးယောက်လုံးဟာ မောင်ရန်နည်းရဲ့ညီမလေးမိလရည်ကို ဈောင်တင်သာ ဘုန်းတော်ကြီးကျောင်းကိုအသွားလမ်းကနေစောင့်ပြီး မုဒိမ်းကျင့်သတ်သတ်ဖြစ်ခဲ့ကြဖူးတယ်လေ၊ အဲဒီ့အမှုနဲ့ပဲ ဒီလူသုံးယောက်လည်း ဝရမ်းပြေးတွေဘဝနဲ့ တစ်ရပ်တစ်ကျေးမှာ လူစုခွဲ ခြေရာဖျောက်နေကြရတာပေါ့"

ဟုပြောပြီးဆားပုလင်းနေမင်းခေါင်က စကားကို ခေတ္တရပ်ပြီးမှ ဆက်၍ -

"မန္တလေးတန်းကပွဲစားကြီးဦးစိန်နဲ့ တူမ မြသက်နှင်းဆိုတာ အဲဒီမင်းညီနောင်လူမိုက်တွေရဲ့ ညီမငယ်အရင်းခေါက်ခေါက်ဆိုတာ မောင်ရန်နည်းတာ သိရှိရတော့ လက်ထပ်တဲ့အထိကြိုးစားခဲ့တယ်၊ အဲဒီမြသက်နှင်းကိုပဲ သူ့အစ်ကိုသုံးဦးစလုံး မင်္ဂလာပွဲအမီ ခေတ္တပြန်လာကြပါလို့ စာရေးဆက်သွယ်အကြောင်းကြားပြီး လှမ်းခေါ်စေတယ်ဗျ"

ဟုပြောလေ၏၊ ဆားပုလင်းနေမင်းခေါင်နှင့် ကျွန်ုပ်တို့သည် ကွမ်းတောင်ကုန်းဘူတာဘက်သို့ မီးရထားလမ်းတစ်လျှောက်

www.burmeseclassic.com

တံခါးအနီးရောက်မှ မြောက်အရပ်သို့ တည့်တည့်မီးရထားလမ်းနှင့်ယှဉ်သော ကျောက်ခင်းလမ်းမကြီးအတိုင်း ရှိုးဇကွေ့ ဆက်လျှောက်ခဲ့ကြလေတော့သည်။

ဆားပုလင်းနေမင်းခေါင်က ဆက်၍-

"အဲဒီ့နေ့မနက် သဲတောဈေးက ဈေးပတ်လိုင်းကားမထွက်ခင် ညတစ်နာရီလောက်ကတည်းက ညိုမြောင်က သဲတောဈေးမှာကြိုသွား။ ဈေးပတ်လိုင်းကားမောင်းတဲ့ဦးကျော်စိန်ကိုအပိုင်ရော၊ ကားပြန်လိုက်တန်ဆောင် အရက်တွေ မူးအောင်တိုက်ပြီး သူကိုယ်တိုင်က ခပ်တည်တည်နဲ့ကားကိုထက်မောင်းခဲ့တာ လေ၊ ကားမောင်းတဲ့ဦးကျော်စိန်ကို တော့ ယာဉ်မောင်းထိုင်ခုံဘေးမှာ ခေါ်တင်လာခဲ့တယ်လေ၊ ဒါကြောင့် - ကားမောင်းတဲ့ဦးကျော်စိန်ကကားတိုက်မှုဖြစ်သွားပြီးတဲ့နောက် ယာဉ်မောင်းထိုင်ခုံပေါ်မှာ မှောက်ပဲ ဘေးနားက ဂီယာတိုင်နဲ့ ဗိုက်ကို ထောက်မိပြီး သေရတာပေါ့၊ ကားရပ်သွားတာနဲ့ တစ်လမ်းသွား ညိုမြောင်ကတော့ ခေါင်းခန်းပြတင်းပေါက်က ခုန်ချထွက်ပြေးသွားတယ် လေ"

ဟု ဆားပုလင်းနေမင်းခေါင်က ပြောပြလေ၏၊ ကျွန်ုပ်က -

"အိုင်ဆေး ကိုနေမင်းခေါင် - ကျုပ်မရှင်းတာတစ်ခု မေးပါရစေ၊ မင်းညီနောင်လူမိုက်သုံးဦးကို သူတို့ရဲ့ညီမ မြသက်နှင်းက မင်္ဂလာဆောင် အမီလာပါလို့ စာရေးအကြောင်းကြားတာလဲ ဟုတ်ပြီဗျာ၊ လာမယ်ဆိုတာလည်း ကြိုသိပြီဗျာ၊ ဒါထားတော့ - မောင်ရန်နည်းက သူ့ဇနီးလောင်း မြသက်နှင်းကတစ်ဆင့်မကြာခင်တော်စပ်ရတော့မယ့်တစ်ဖိုးက ရန်ကြွင်းရန်စ ယောက်ဖလောင်းသုံးယောက်စလုံးကိုသတ်ဖို့ ကြေးစားလူမိုက် တစ်လမ်းသွားညိုမြောင်ကိုအခကြေးငွေပေးပြီးငှားတယ်၊ ဒါလည်းလက်ခံနိုင်တာပဲ၊ အဲတစ်ခုက အဲဒီ့ညီအစ်ကိုသုံးဦး လမ်းဆုံမှာ ဆုံတွေ့ကြတဲ့ အချိန်နဲ့ တိကျစွာ ဈေးပါတ်လိုင်းကားကြီး မိတ္ထီလာလမ်းဘက်က ဝင်လာပြီး ဘရိတ်ပေါက်သလိုပုံစံနဲ့ တိုက်သတ်ခဲ့တာကတော့ စိတ်ကူးယဉ်ဆန်နေသလားလို့၊

ဟု ပြောလိုက်လေရာ ဆားပုလင်းနေမင်းခေါင်ကမြေမြကာလေးရယ်လေသည်၊ ပြီးမှ -

"ဟုတ်တယ် - ဒါ တွေးသင့်တဲ့အဖြေပဲ - အိုင်ဗီ၊ အဲဒီလူသတ်မှုကျူးလွန်ရာမှာ အသုံးပြုခဲ့တဲ့ကားကြီးဟာ ပြစ်မှုမဖြစ်ခင် နာရီဝက်ကျော်ကျော်ကတည်းက အဲဒီ့လမ်းဆုံနဲ့ မနီးမဝေးတုတ္တိုပင်ကြီးအောက်မှာထိုးဆိုက်ရပ်နားထားတယ်ဆိုတာကို ကုလားကြီးသေရား ကာကာဆိုင်ထဲကအတူအလုပ်သမားကလေး မူတူးက ကြိုတင်သတိထားမိနေတာကိုတော့ သိလိုက်ရပြီ ဒီအဖြေကိုကျေနပ်မှုရပါလိမ့်မယ်ဗျ" ဟုပြောလေ၏၊

"ဒါဆိုရင် - တစ်လမ်းသွား ညိုမြောင် ဆားတောင်ကုန်းရွာမှာ ရှိနေတယ်ဆိုတာရယ်၊ မောင်ရန်နည်း သူ့ညီမအုတ်ဂူမှာ လာမယ်ဆိုတာရယ်ကို သိနေတာကရောပဲ - ကိုနေမင်းခေါင်ရယ်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏၊

"ဒါကလည်း ဘာခက်သလဲဗျာ၊ ကားတိုက်မှုဖြစ်လို့ လူတွေ ရှုပ်ယှက်ခတ်သေသူတွေကို အာရုံရောက်နေတဲ့ အချိန်မှာ ညိုမြောင်က ကားခေါင်းပိုင်းပြတင်းပေါက်က ခုန်ချထွက်ပြေးသွားတာ ကျွန်တော် မြင်လိုက်တယ်လေ၊ နောက်က ကျွန်တော်လိုက်တာ ကုမဲလမ်းဘူတာပေါ်အရောက် မျက်ခြည်ပြတ်သွားတယ်ဗျ၊ ကုလားစုရပ်ကွက်ထဲကဒီကောင်အဖွဲ့တွေဖြစ်တဲ့ခေါ်တောင်းမြင့်နဲ့ အာဗ္ဗာဝက ဝင်းမောင်တို့ကို ဖမ်းလိုက်တော့ ဆားတောင်ကုန်းရွာက မြေတ်နှအိမ်မှာ ခိုအောင်းနေတယ်ဆိုတာ သိလိုက်ရတာပဲလေ၊ အဲဒီလို တစ်လမ်းသွားညိုမြောင်ကိုဖမ်းမိမှတော့ မောင်ရန်နည်းကိုလည်း ခြေရာခံမိတော့တာပဲပေါ့ - အိုင်ဗီရယ်" ဟု ပြောလိုက်လေတော့သည်၊

ထိုအခါမှ ကျွန်ုပ်လည်း ထိုအမှုနှင့်ပတ်သက်သော တရားခံများဖြစ်သည့် တစ်လမ်းသွားညိုမြောင်၊ မောင်ရန်နည်းတို့နောက်သို့ ခြေရာခံအမှု ကွင်းဆက်တွေးတောပုံများကို တွေးမိပြီး သဘောကျစွာ ပြုံးလိုက်မိလေတော့သည်။

"တော်ပါပေ့ - ကို နေမင်းခေါင်ရယ်"

ဟု ချီးမွမ်းစကား ပြောလိုက်မိလေသည်၊ ထို့နောက် ကျွန်ုပ်နှင့် ဆားပုလင်းနေမင်းခေါင်တို့သည် ကုမဲလမ်းဘူတာနယ်မြေလုံခြုံရေး ရဲကင်းရှေ့သို့ ရောက်လေ၏၊ ရဲကင်းဝင်းအတွင်းမဝင်တော့ဘဲ ကုမဲလမ်းဘူတာကြီးအတွင်းမှ မြတ်ရှိပြီး လယ်ပြည်တော်သာလမ်းမကြီးအတိုင်း ဆက်လျှောက်ခဲ့ကြလေတော့သည်။

ဝိနောမယံ့၊ ဖယ်ဒေတု

→ မိုး (မှုခင်း)



www.burmeseclassic.com

www.burmeseclassic.com

မြဝတီ

# ကျားဆိုး



လူသားစားကျားကို

လိုက်လံဖမ်းဆီးပစ်ခတ်ရာမှ

ထင်မှတ်ပဲ ကြောက်မက်ဖွယ်

တောတိရစ္ဆာန်ကြီးများနှင့်

တွေ့ကြုံရလေရာ ..

**အချိန်မှာ ...**

နံနက်လေးနာရီခန့် ဖြစ်သည်။

နန်းမောတောင်တန်းကြီးသည် ...းပင်လယ်အောက်တွင် အိပ်မောကျ ...ကျက်ရှိသေး၏။ ယင်းအချိန်မှာပင် ဝါးရုံ ...ကြီးများနှင့် သစ်ပင်ကြီးငယ်များ မိုး ...သည့် အိမ်ခြေနစ်ဆယ်ခန့်ရှိသော ...ည်းရိုးနားသို့ နှင်းတောထဲမှ တချွတ် ...နှင်းလျှောက်လာသော သတ္တဝါကြီး ...ကောင် တရွေ့ရွေ့ကပ်လာသည်။

မြံ့စည်းရိုးသည် လက်ခုပ်တစ် ...င်ကျော်ကျော် မြင့်သည်။ သတ္တဝါ ...သည် မြံ့စည်းရိုးကို စူးစမ်းကာ လက် ...တုတ်ခြစ်လိုက်သည်။

"ဂျစ် - ဂျစ် - ဂျစ်" အသံသည် တိတ် ...နေသည့်အချိန်အခါဖြစ်၍ အတော် ...လေး ကျယ်သွားသည်ဟု ထင်ရ၏။

"နန်ခ - နန်ခ - ထစမ်းဟဲ့"

"ဘာလဲ - ကျင်းအိုက်"

"အသံကြားတယ်၊ သတိထားစမ်း"

တောင်သူလယ်သမားများအဖို့ နံနက်လေးနာရီတွင် အိပ်ပျော်နေစရာ မဟုတ်တော့။ တောင်ယာထဲသို့ဆင်း၍ အလုပ်လုပ်ကြရတော့မည်။

သို့သော် ဤရွာကလေးသည် နံနက် ငါးနာရီအထိ တိတ်ဆိတ်ကာ အဘယ်ကြောင့် အိပ်ပျော်နေရပါသနည်း။

လွန်ခဲ့သောတစ်လခန့်မှစ၍ သူတို့ရွာမှ ယာလုပ်သားတစ်ဦး၊ ရေခပ်သူ မိန်းမပျိုတစ်ဦးကို ကျားကလာ၍ဆွဲသွားခဲ့ဖူးသည်။ ရွာသားအားလုံးစုပေါင်းလိုက်ကြပါသော်လည်း လူသားစားကျားကို ရှာမတွေ့၊ အလောင်းကိုပင် မတွေ့ကြ။ တောနက်နက်လည်း မလိုက်ဝံ့ကြ။

www.burmeseclassic.com

လူသားစားကျားသည် မည်သည့် ဒေသတောင်တန်းက ကူးလာသည်ဟု မသိရ၊ အထူးသတိထားနေရန်သာ ရွာ ခေါင်းကြီးက သတိပေးထားရ၏။ နံနက် မိုးလင်းမှပင် အလုပ်များဆင်းရန် ပြော ကြားထားရသည်။

ကျောင်းအိုက်မှာ ရွာသားထဲတွင် ရှမ်း တရုတ်တပြားလည်းဖြစ်၊ သတ္တိလည်း ကောင်းသူဖြစ်၍အရေးအကြောင်းရှိက ရှေ့ဆုံးမှ လိုက်တတ်သည်။ ယခုလည်း ထရံဘေးလှဲထားသော မိုန်းကြီးနှင့် ချိန် ထားသောစားလွယ်ကို ဖြုတ်ပြီးလျှင် မိန်းမဖြစ်သူကို သတိပေး၍ အိမ်ပေါ်မှ အသံမကြားအောင် ဆင်းသည်။ ပြီး – မြံ စည်းရိုးဘေးနားသို့ ကပ်သွားခဲ့၏။

ခပ်စောစောက သတ္တဝါကြီးသည် မြံစည်းရိုးအား ကုတ်ခြစ်လိုက်ပြန်၏။

"ဂျစ် – ဂျစ် – ဂျစ်"

မြံစည်းရိုးဘေးတိတ်ဆိတ်စွာကပ် သွားသည့်ကျောင်းအိုက်သည် လူသားစား ကျားကြီးတစ်ကောင်မှန်း သိလိုက်ပြီး လျှင် တဖြည်းဖြည်း ကုတ်ခြစ်နေသည့် မြံစည်းရိုးဘေးနား ကပ်သွားခဲ့၏။

ညီ စို့ စို့ အနံ့ကြီးက ထောင်းခနဲ ကျောင်းအိုက်၏ နှာခေါင်းထဲသို့ ဝင်လာ သည်။ ကျောင်းအိုက်မှာ လူသားစားကျား ကြီးက သူတို့အား ဆွဲရန် မြံစည်းရိုးအား ဖျက်နေသည်ဟု ထင်လိုက်၏။ သတ္တဝါ လူသားစားကျားကြီးနှင့် သူသည် လေ ညာနှင့်လေအောက်ဖြစ်နေ၍ကျောင်းအိုက် အနံ့ကို သတ္တဝါကြီးက မရခြင်း ဖြစ်၏။

"ဟုတ်ပြီ – တို့ရွာသားတွေကိုသတ် ဖြတ်စားတဲ့ အကောင်ကြီးပဲဖြစ်မယ်"

သူသည်စိတ်ထဲမှပြောရင်းမိုန်းကြီး ကို မြံစည်းရိုးသစ်လုံးကြား သွင်းလိုက် လေ၏။ သေးငယ်သောအသံတစ်သံ မြည်သွားသည်။ လူသားစားကျားကြီး သည်ထိုအသံကိုသတိမူလိုက်စဉ်မှာပင် ကျောင်းအိုက်က သူ၏မိုန်းကြီးဖြင့် တအား ဆောင့်ထိုးလိုက်သည်။

"အာ – ဝု – ဝေါင်း"

သတ္တဝါကြီးသည် မိုန်းချက်မိကာ နောက် ကျွမ်းပစ် ထွက် သွား ၏။ ကျောင်းအိုက် ထိုးလိုက်သောမိုန်းချက်မှာ မည်သည့်နေရာသို့ထိသွားမှန်းမသိ။ လူ သားစားကျားကြီး၏ ဟိန်းသံက ဆူညံ သွားတော့၏။

ကျောင်းအိုက်၏ မိုန်းကြီးမှာ လူသား စားကျားကြီး စုန်ထွက်သွားရာ နောက် သို့အရှိန်ဖြင့် ပါသွားလေသည်။ တစ်ချိန် တည်းမှာပင် ကြက်သံငှက်သံနှင့် တစ်



လုံး ဆူညံသောအသံများ ပေါ်ထွက် လာသည်။

တစ်ရွာလုံး မီးများ လင်းထိန်သွား သည်၊ မီးတုတ်နှင့် ရွာခေါင်းကြီး၊ ရွာ သားများ ရောက်လာသည်။

"ငါ – ကျားကြီးကို မိုန်းနဲ့ ထိုးလိုက် တယ်၊ မိုန်းလည်း သူ့နောက် ပါသွား တယ်ကွ"

ကျောင်းအိုက်က ရွာခေါင်းကြီးနှင့် ရွာ သားများကိုအဖြစ်အပျက် ပြောပြသည်။ ရွာခေါင်းကြီးက ရွာတံခါးဖွင့်ပြီး လိုက် ကြမည်ပြော၍ ရွာစည်းရိုးတံခါးဖွင့်ပြီး လျှင် လိုက်ကြမည်ပြော၍ ရွာစည်းရိုး တံခါး ဖွင့်ပြီးလျှင် ထွက်လာကြသည်။ ကျောင်းအိုက် ပြောလိုက်သည့်အတိုင်း သွေးစက်အချို့ကို တွေ့ရပြီး ကိုက်ငါး ဆယ်အကျော်တွင် မိုန်းကြီး မြေပေါ် ကျ နေသည်ကို တွေ့ကြရသည်။

"ဟေး – ဒီကောင်ကြီးဒဏ်ရာ ရသွားတယ်ကွ၊ မသေဘူး။ ဒီတော့ ပိုပြီး သတိထားရမယ်ဟေ့"

ယင်းအချိန်ကလေးတွင်မည်းမည်း ညိုလျှားသောသတ္တဝါကြီးတစ်ကောင် သည် မြံစည်းရိုးပေါ်သို့ လွှားခနဲကျော်၍ ဝင်လာသည်၊ ရုတ်တရက် နွားမြံ ဘက်သို့ရောက်သွား၏။ နွားများတရှုန်း ရှုန်း ဖြစ်နေကြသည်။

အိမ်ပေါ်တွင်မိန်းမတွေစုဝေါင်းကာ စကားပြောနေကြသည်။

"ဟဲ့နွားတွေ – ဘာဖြစ်တာလဲသွား ကြည့်စမ်း – နန်းခရေ"

ကျောင်းအိုက်၏ ဇနီး နန်းခသည် ရွာ ခေါင်းကြီးအိမ် ရောက်နေသည်၊ သူ့ ယောကျ်ား ကျောင်းအိုက်က လူသားစား ကျားကြီးလာသည်ကိုသိသဖြင့်မိုန်းကြီး ယူကာ မကြောက်မရွံ့ထသွားကြောင်း ကို ရွာခေါင်းကြီးအိမ်တွင် မိန်းမချင်း စု ဝေးကာ ဂုဏ်ယူပြောနေခြင်း ဖြစ်၏။

ရွာခေါင်းကြီးကတော်ကနိုင်းသဖြင့် နန်းခမနေသာ၊ အပိုကညင်ဆီမီးတိုင်ယူ ၍မီးထွန်းလိုက်ပြီးသူ့အနားမှအမျိုးသမီး တစ်ဦးအား "ထိုမ – ငါနဲ့လိုက်ခဲ့စမ်း" ဟု ခေါ်လိုက်ပြီးလှေကားထိပ်ထွက်သွား၏။ ထိုမ ဆိုသူမှာ ပုပ္ပဝ ဖြစ်သည်။ သူ့ခတော နောက်မှ ပါသွား၏။

လှေကားမှ ဆင်းလိုက်သည်နှင့် အိမ်အောက်၌ ချည်ထားသော နွားများ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်၊ ဘာ ကြောင့်လှုပ်ရှားနေသည်ကိုမသိ။ ထိုကို သည်သည် ကြည့်နေစဉ် "ဘဝဲသုတ်"



www.burmeseclassic.com

www.burmeseclassic.com

ဟူသောအသံ ကြားရ၏။ အသံမှာ ခပ်စောစောကဝင်လာသော သတ္တဝါကြီး၏ အငြိုးရိုက်ပုတ်သံတည်း။

နန်းခသည် အသံလာရာသို့ မီးခွက် မြှောက်ပြီးလျှင် နွားများကို တစ်ကောင်ချင်း စစ်ဆေးကြည့်နေ၏၊ ရုတ်တရက် သူ့အပေါ်သို့ လွှားခနဲ အုပ်လာသော သတ္တဝါကြီးတစ်ကောင်က သူ၏လည်ချင်းသို့ ကိုက်ခဲ၀င်လိုက်တာ ဆွဲထွက်သွားချေ၏

“အမေရေ-လုပ်ပါဦး”

နန်းခသည်တစ်ခွန်းသာပြောနိုင်ပြီး နောက် တောတောင်ကြီးဆွဲရာ နောက်သို့ပါသွားလေတော့၏။

“အမေရေ-အမေ”

“ဝေါင်း”

“အမလေး-လေး”

ရွာသူများ၏အထိတ်တလန့်အော်သံတ ကျယ်လောင်စွာပေါ်ထွက်လာ၏၊ “အမေရေ”ဟု ထိုမက အော်၍ အိမ်ပေါ်ပြေးတက်လာစဉ် လူသားစားကျားကြီးတ တစ်ချက်ဟိန်းလိုက်ခြင်းဖြစ်သည်၊

မိန်းမများအော်သံကြောင့် ရွာပြင်ရောက်နေသည့်ရွာသားများ ပြေးလာကြသည်၊

“ကျင်းအိုက်ရေ-မင်းမိန်းမကို ကျားကြီးတစ်ကောင် အိမ်အောက်က ၀င်ဆွဲသွားပြီ”

“ဗျာ-တကယ်လား-ဗိနန်”

“တကယ်ပါကွယ့်-အမြန်ဆိုးလိုက်ကြပါ”

ရွာခေါင်းကြီးကတော်က နွားများရှုညံသံကြောင့် နန်းခနှင့် ထိုမ ဆင်းကြည့်စဉ်နောက်ရောက်လာသောကျားကြီးက ၀င်ဆွဲသွားခြင်းဖြစ်ကြောင်းကို ပြောပြလိုက်သည်၊

ကျင်းအိုက်မှာ ခေါင်းတစ်ခုလုံး ထုမှသွားကာ မျက်လုံးများ ပြာဝေသွားသည်၊

“သတ်မယ်-သတ်မယ်။ငါ့မိန်းမကို စားတဲ့ကျား ငါကိုယ်တိုင် စားပစ်မယ်ကွ”

ယင်းသို့ပြောပြီးမိုန်းကြီးကိုဆွဲကာ တရကြမ်း ပြေးထွက်သွားတော့၏၊ ရွာခေါင်းကြီးက “လိုက်ကြစမ်း”ဟု အော်လိုက်သဖြင့် ရွာသားများ ကျင်းအိုက်နောက်မှ ပြေးလိုက်သွားကြ၏၊

ကျင်းအိုက်မှာအရူးတစ်ပိုင်းဖြစ်နေ၏၊ နောက်မှ အော်၍ သတိပေးသံများလည်း သူမကြားတော့၊

“ကျင်းအိုက်-မပြေးနဲ့”



“ကျင်းအိုက်-မပြေးနဲ့”

အရှက်ဦးလင်းခြည်များ ပျံသန်းလာပြီတည်း။

ကျွန်ုပ်နှင့် ရဲဘော်နှစ်ဦးသည် တပ်ခွဲမှူး၏ တာဝန်ပေးချက်အရ နန်းမောတောင် နမ့်လွယ်ရွာကလေးသို့ ရွာခေါင်းကြီး နိမ့်ဖလာ၊ ရွာသားနှစ်ဦးနှင့်အတူ လိုက်ခဲ့ပါသည်။

အချိန်မှာ ၁၉၄၄-ခုနှစ်ဦး၊ ဖေဖော်ဝါရီလအတွင်းတွင် ကျွန်ုပ်တို့ စစ်မြင်းတပ်ခွဲသည် လားရှိုး လွယ်ရီးရွာတွင် စခန်းချထားပါသည်၊ ကျွန်ုပ်သည် ရှမ်းတောင်တန်းအတွင်းပိုင်းနှင့် နွားရိုင်းများ။ တောဝက်များအား တပ်ရိက္ခာအတွက် အမဲလိုက်ခဲ့သဖြင့် အထက်ပါ နမ့်လွယ်ရွာကိုဒုက္ခပေးနေသည့်လူသားစားကျားကိုလိုက်ရန်အတွက် စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်၊

နမ့်လွယ်ရွာ ရောက်သောအခါ နံနက်ဆယ်နာရီ ရှိပါပြီ၊

ကျွန်ုပ်တို့အား ရွာခေါင်းကြီးက ကျင်းအိုက်နှင့် တွေ့ဆုံပေးပါသည်၊ ကျင်းအိုက်မှာ သူ၏အိမ်တွင် လူနစ်သောက်နှင့် ရှိနေပါသည်၊ သူသည် တဟီးဟီးငိုလိုက်၊ ထအော်လိုက်နှင့်ဖြစ်နေသည်၊ ရွာခေါင်းကြီးက-

“ဟော့-ကျင်းအိုက်-မင်းမိန်းမ ဆွဲသွားတဲ့ကျားကိုသတ်ဖို့ ဟောဒီဗိုလ်ကြီး လိုက်လာပြီကွ-မပူနဲ့”

ယင်းသို့ ပြောလိုက်သဖြင့် ကျင်းအိုက်မှာငိုလိုက်၊ ရယ်လိုက်ဖြစ်နေရာတချက်ချင်း စိတ်ပြောင်းကာ-

“ဟော-စစ်ဗိုလ်ကြီးပါလား။ ပူလွယ်ကျုပ်သိပ်ဝမ်းသာတယ်။ ဗိုလ်ကြီးခင်များ အဲဒီကျားတွေကို သတ်ပေးစမ်းပါ”

“တို့ အခုပဲလိုက်မယ်၊ မင်းလည်း ငါတို့က ခေါ်သွားပါ့မယ်၊ ဒါပေမဲ့-တို့စကား နားထောင်မှ ခေါ်သွားမယ်”

“စိတ်ချပါ-ဗိုလ်ကြီး၊ ဒီအကောင်တွေ ကျုပ်လက်ချက်နဲ့ သတ်ချင်ပါတယ်”

“သတ်ရမယ်ကွာ-သတ်ရမယ်”

ယင်းသို့ ပြောပြီးနောက် ကျွန်ုပ်တို့မှာ ရွာခေါင်းကြီး ကျွေးသည့်ထမင်းတင်းကိုအလျင်အမြန်စားလိုက်ရသည်၊ ထို့နောက် ကျွန်ုပ်က ကျင်းအိုက်နှင့်အတူ ရွာသားတစ်ဦးထည့်ပေးရန်နှင့်မည်သူမှ လိုက်မလာရန် မှာကြားလိုက်ပါသည်၊

ကျွန်ုပ်နှင့်ထည့်ပေးမည့်ရွာသားမှာ တောကျွမ်းသည့် ရွာသားဖြစ်ပြီး အသည်



www.burmeseclassic.com

www.burmeseclassic.com

မှာခန်းပါလီဖြစ်ပါသည်၊ အတိုကောက် "ပါလီ" ဟုချွပ်ပင် ကျွန်ုပ်က ခေါ်ပါသည်၊ ကျားဝင်ပြီးဆွဲသောနေရာ၊ ကျားက စည်းရိုးကုတ်သောနေရာများ လိုက်ကြည့်ပြီး ချက်ချင်း သွေးစက်ခံ၍ လိုက်ခဲ့ပါသည်၊

လိုအပ်သောရိက္ခာနှင့် ဆေးဝါး အပြင် အဆင်မပြေတာ တောထဲ အိပ်ရ သည်ဖြစ်၍ လိုအပ်သည့် ဝစ္စည်းများ တော့ဘိုးအိတ်ဖြင့် ထည့်ယူခဲ့ပါသည်၊ ရွာခေါင်းကြီးတစ္ဆ ဖြုတ်ထားသည့် ခြောင်းစေ့များ တော့ဘိုးအိတ်တစ်လုံး ဖြင့် ထည့်တာ အမဲခြောက်များ၊ ဆား၊ ဘူးသီးခြောက်ရေဘူးစသည်ဖြင့်သူ့ရွာ သားအား ပေးလိုက်၏၊

ကျွန်ုပ်တို့သည်ကျားခြေရာနစ်ခုကို လှည့်ကြည့်ရာခြံစည်းရိုးမှတွေ့သည့်ကျား ခြေရာမှာ ကျားအိုထစ်ကောင်ဖြစ်ပြီး နန်စ ဆွဲသည့် ကျားခြေရာမှာ တောင် တော့်ကျားမျိုးအကောင်ပေါက်ကြီး ဖြစ်ပါ၏၊

နန်စ၏ သွေးစက်သည် နန်းမော တောင်ခြေတောင်ကြောမှနေပြီး ကျယ် ပြန့်သောလျှိုကြီးထဲ ဆင်းသွားခဲ့၏၊ လူ သားစားကျားခြေရာသည် လျှိုထဲ ဆင်း သွားမှ မတွေ့ရပါ၊ အကျိုးအစုတ်ကလေး၊ ထဘီအပြတ်ကလေးတွေ့တိုင်း "ဟောဒါ ကျုပ်မိန်းမဟာဗျ" ဟု ငိုသံကြီးနှင့် ပြော ရင်း သိမ်းဆည်းယူတတ်၏၊

ရွာနှင့် တစ်မိုင်ခွဲလောက်ရှိမည်၊ လျှိုကြီးမှာ လွယ်မောတောင်တန်းနှင့် နန်းမောတောင်တန်းအထိ ကျယ်ပြန့် လှသည်၊ ကျင်းအိုက်မှိန်းချက် ထိသွား သည့် ကျားအိုကြီးကား မည်သည့်နေရာ တွင် ဝပ်နေသည်မသိ မတွေ့ရသေးချေ၊

ကျွန်ုပ်တို့ ဆင်းလာသော လျှိုကြီး အတွင်း ဝါးရုံနှင့် သစ်ပင်ကြီးများက မြင့် မားလှသည်၊ နေပြောက်မထိုးအောင် ရှိ သည်၊ အမဲငယ်ကလေးများကို တွေ့ သော်လည်း ကျွန်ုပ်တို့က မပစ်ပါ၊

ကျွန်ုပ်တို့သည် လျှိုကြီးအတွင်း တောင်ကုန်းပေါ် တက်ခဲ့သည်၊ ထိုစဉ် စွန်ငှက်အချို့အရှေ့ဘက်မိုးပေါ်ဘက်ပျံဝဲနေ သည်ကို တွေ့လိုက်ရ၏၊

အချိန်မှာ နေ့လယ် နှစ်နာရီ ရှိပါပြီ၊

တောင်ကုန်းပေါ် ခေတ္တ စခန်းချ၍ အခြေအနေစောင့်ကြည့်နေမိ၏၊ စွန်များ ဝဲနေသောနေရာနှင့် ကိုက်တစ်ထောင် နီးပါး သွားရပေဦးမည်၊ ကျွန်ုပ်သည် ရေဘူးကို ဖွင့်ကာ သောက်နေစဉ် အသံ တစ်သံ ကြားလိုက်ရသည်၊



ထိုအသံမှာ ကျွန်ုပ်တို့ရောက်နေ သောနေရာနှင့်ကိုက်ငါးရာခန့်ဝေးသော လွင်ထဲ စားသောက်နေသည့် ပြောင် အုပ်ထဲမှ "ဘူး" ခနဲ နှာခေါင်းမှုတ်သံနှင့် အတူ တောကောင်ကြီးတစ်ကောင် အသံဖြစ်၏၊ ပြောင်အုပ်အနီးမှ အဝါနှင့် အနက်စင်း တောကောင်ကြီး ခုန်ထွက် သွားသည်ကိုတွေ့လိုက်ရကာပြောင်များ တောကောင်ကြီးနောက်သို့ တရုန်းရုန်း ပြေးလိုက်သွားကြသည်၊

ဒေါက်ရာရထားသော တောကောင် ကြီးက ပြောင်တစ်ကောင်အား ခုန်အုပ်ပုံ ရပါသည်၊ သို့မဟုတ် အခြားတစ်ကောင် ကောင် ဖြစ်နိုင်ပါသည်၊ ပြောင်ရော တောကောင်ကြီးပါ မတွေ့ရတော့၊

တောကောင်ကြီး အပြေးကို ပြောင် များအဘယ်မှာမီနိုင်ပါမည်နည်း၊ ကျွန်ုပ် တို့ အမဲလိုက်အဖွဲ့သည် တောင်ကုန်းမှ ဆင်း၍ စွန်များဝဲနေသည့်နေရာသို့ လာ ခဲ့ကြ၏၊ လွင်များ တစ်ကွက်ချင်း တစ် ကွက်ချင်း၊ စမ်းအိုင်များ တစ်အိုင်ပြီးတစ် အိုင် ထူးခြားစွာ တည်နေသည်ကို တွေ့ရ ၏၊

စမ်းအိုင်တစ်အိုင်အောက်တွင်စိုင်တစ် ကောင်မှာ ဦးခေါင်းပိုင်းသာ ရှိ၏၊ ကျန် သောအသားများ မရှိတော့၊ အရိုးချည်း တွေ့ရ၏၊ ထိုစမ်းအိုင်အောက်တွင် တော ကောင်ကြီးက စိုင်တစ်ကောင် ဆွဲလာ ကာ စားခြင်းလော၊ စမ်းအိုင်ကဝင်သား စားအိုင်ဖြစ်၍ ဒုက္ခပေးခြင်းလော၊ ကြည့် ရသည်မှာ ခြေထောက်တစ်ဖက် ပြတ် နေပုံထောက်၍ အိုင်ထဲမှ သတ္တဝါတစ် ကောင်က စိုင်ရေသောက်အဆင်း ဖမ်း ဆွဲလိုက်ခြင်း ဖြစ်ရမည်ဟု တွက်လိုက် မိပါ၏၊

ယင်းစမ်းအိုင်သည် ပေသုံးရာခန့် ကျယ်ပါသည်၊ စွန်များဝဲနေသည့်နေရာ ရောက်နိုင်ရန် အတော်ကလေး သွားရ ၏၊ လျှိုကြီးထဲတွင် တောင်ကုန်းနှင့် ကျောက်ဆောင်များ ရှိနေ၏၊ ခပ်စော စောက ပြောင်လိုက်၍ ထွက်ပြေးသော တောကောင်ကြီးကိုမူ ယခုအထိ မတွေ့ ရသေး၊

မကြာမီ လျှိုထဲမှကုန်းကြောတစ်ခု သို့ ရောက်လာကာ ထိုကုန်းကြောမှ တက်လိုက်သောအခါတွင် ချုံကြီးတစ်ချုံ မှ ယင်မမည်းရိုင်းများ တရုန်းရုန်းဖြစ်နေ သည်ကို တွေ့ရ၏၊ ကျွန်ုပ်အစ္စ နန်စ အလောင်းကို တွေ့ပြီဟု ယုံကြည်လိုက် ပါသည်၊

ရုတ်တရက် တောခွေးများသည် ကျွန်ုပ်တို့အသံ ကြားသဖြင့် ထွက်ပြေး

www.burmeseclassic.com



ထိုစဉ် ရှည်းရှည်းသတ္တဝါကြီး
တစ်ကောင်သည် ရေထဲမှ
ပေါ်ထွက်လာပြန်သည်။ လက်နှိပ်ဓာတ်မီးဖြင့်
သေသေချာချာကြည့်ရာ
တောင်ပွတ်မီးချောင်းကြီးတစ်ကောင်
ဖြစ်နေ၏။ သူနှင့်အတူ ပွတ်မီးချောင်း
သုံးကောင်သည် တွေ့ရကာ
တဖြည်းဖြည်း အိုင်ကြီးအတွင်းမှ
ကျွန်ုပ်တို့ထံ ကူးလာကြ၏။ ၆၆

သွားကြ၏။ တောခွေးများက အသေကောင်ကို စားနေခြင်းဖြစ်ရာ ကျွန်ုပ်တို့ ရောက်သောအခါတွင် တကယ်ဝင် အချို့သမီးတစ်ဦးအလောင်းဖြစ်လျက် ဦးခေါင်းနှင့်ခြေထောက်၊ လက်များသာ ရှိတော့သည်။

"နန်ခ - နန်ခ - နင် အဖြစ်ဆိုးလှချည်လား"

ကျင်းအိုက်တစ်ယောက် ပြောရင်းထိုင်၍ ငိုလိုက်ပါသည်၊ ကျွန်ုပ်တို့က နည်းရှော့ရ၏။ လူသားစားကျားသည် ဤလျှိုကြီးထဲသို့ ဆွဲယူလာနိုင်သည်မှာ ဤတစ်ကြိမ်သာ တွေ့ဖူးပါသေးသည်၊

ပေနစ်ဆယ်လောက်တွင် သစ်ပုပ်ပင်ကြီးတစ်ပင်သာ လင့်ထိုးရန် ကောင်းပါသည်။ လူပေါင်းငါးယောက် နေနိုင်ရန် အမြန် လင့်ထိုးခိုင်းရ၏။ မကြာမီ မှောင်လာပေမည်၊

အချိန်မှာ ညနေငါးနာရီနီးပါး ရှိလေပြီ။ ညစာအတွက် ခေါ်သုတ်သုတ်ပင် စားလိုက်ရပြီး စားကြွင်းစားကျန်များကို ငါး တစ်လုံးထဲ ပစ်ရန်နှင့် အပေါ့သွားလျှင် ငါးဆစ်ဘူးနှင့်သွားရန် ဆေးလိပ်ကြိုက်သူများ ဆေးလိပ်မသောက်ရန် သတိ



ပေးပြီးလျှင် လင့်ပေါ်သို့ တက်ခဲ့ကြပါသည်။

တဖြည်းဖြည်း မှောင်လာ၏။ လေတစိမ့်စိမ့် တိုးလာလေ၊ အအေးဓာတ်လေပင်၊ သို့နှင့်ပင် တစ်လောကလုံး မှောင်ကြီး ဖုံးသွားလေပြီ။

"မင်းတို့ အိပ်ချင် အိပ်ပါ၊ တို့က သားတွေဖြစ်လို့ မအိပ်ဘဲ စောင့်နိုင်တယ်"

ကျွန်ုပ်က ပြောလိုက်သဖြင့် မီးပါလီ တုံးလုံးလှဲကာ အိပ်သွား၏။ ကျင်းအိုက်ကမူ သူ့ဇနီးဆန္ဒစိတ်ဓာဖြင့် အိပ်ပါ။ ငုတ်တုတ်ထိုင်ကာ ခေါင်းသာ ငြိတ်၏။

ထိုညသည် လဆုတ်ရက်ဖြစ်၍ လ ထွက်သေး၊ လရောင် မမြင်ရသလို ကြယ်ရောင်များလည်း မမြင်ရ၊ မြူဖုံးနေလားမသိ၊ နှင်းများက ညရှစ်နာရီတွင် ဖြည်းဖြည်း ကျဆင်းလာခဲ့၏။

ဤလျှိုကြီးထဲတွင် သက်ရှိလူသား ငါးဦးနှင့် သက်မဲ့အလောင်းတစ်လောင်းသာ ရှိပါသည်။ ယခုအချိန်အထိတော့ ထူးသည့်အသံများကိုမျှ မကြားသေး။

"ဝူ - ဝေါ - ဝူ - ဝေါင်"

တောခွေးများအသံကြားလိုက်ရပါသည်။ ကျွန်ုပ်၏စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားပါသည်။ တောခွေးများကအလောင်းကို လာ၍စားသောက်သွားမှာ စိုးသောကြောင့်ပင် ဖြစ်ပါသည်။

ည(၉)နာရီလောက်တွင် ခြေသံသဲ့သဲ့ကြားလိုက်ရကာ "ဖတ် - ဖတ် - ဖတ်" ဟူသော အလောင်းကိုလျှာဖြင့်လျက်သံ ပေါ်လာ၏။

ကျွန်ုပ်က ရဲဘော်အောင်သန်းကို လက်ကုပ်လိုက်၏။ ရဲဘော်အောင်သန်းက အလောင်းဆီသို့ ဓာတ်မီးဖြင့် ထိုးရန် ပြင်လိုက်စဉ် "ဂီး - ဝရုန်း" ဟူသောအသံ ပေါ်ထွက်လာ၏။

ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး ရောင်သည် ဖျပ်ခနဲပွင့်ကာ အလောင်းဆီသို့ ထိုးကျသွားလေသည်။

"ဝေါင်း"

"ဂရူး"

ရုတ်တရက် တောကောင်ကြီးနှစ်ကောင် အလောင်းဘေးတွင် လုံးထွေးနေကြ၏။ မီးရောင် ထိုးကျလာသည်ကို သတိမပြုဘဲ တစ်ကောင်နှင့်တစ်ကောင် ကိုက်ခဲကိုက်နေကြ၏။ သုံးမိနစ်ခန့်ကြာမှ နှစ်ကောင်စလုံး မီးရောင်ဘက်သို့ လေးဖက်ထောက်ကာ မျက်လုံးဝင်းဝင်းဖြင့် ကြည့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် နန်ခအား ဆွဲစားသည်ထင်သော အမည်းကွက်အစင်းကြီးများ များသည့်ကျားကြီး၏ နာခေါင်းနှင့် မျက်စိအကြား ဒသမ ၄၇၅ မဂ္ဂနမ်ရိုင်ဖယ်ဖြင့် ပစ်ထည့်လိုက်၏။ ရဲဘော် မောင်ဟန်က ကျန်တစ်ကောင်ကို ဒသမ ၃၀၇ ရိုင်ဖယ်ဖြင့် ပစ်လိုက်သည်။

သေနတ်သံများသည် လျှိုကြီးအတွင်း ရှည်သွားကာ တော်နိုက်ယမ်းနံများထောင်းခနဲ ထသွား၏။ နှစ်ကောင်အနက် ကျွန်ုပ် ပစ်လိုက်သော ကျားကြီးသည်ကျွမ်းထိုးကာ ကုန်းကြောအောက်သို့ ကျသွားပါသည်။

"မှန်"

ရေသံတို့ကြားလိုက်ရ၏။ ကျားကြီး စမ်းအိုင်ကြီးထဲ ထိုးကျသွားပုံ ရပါသည်။

မောင်ဟန်ပစ်လိုက်သော ကျားကြီးမှာ "ဂူး" ခနဲ တစ်ချက်အော်ပြီး ထွက်ပြေးသွား၏။ သို့သော် အထိနာသွားပုံရကား ကောင်းကောင်းပြေးနိုင်ပုံ မရပါ။

"လာဟေ့ - အောင်သန်းနဲ့ မောင်ဟန်"

ကျွန်ုပ်က ရဲဘော်နှစ်ဦးကို ခေါ်၍ သစ်ပင်အောက် ဆင်းခဲ့ပါသည်။ အထိနာသည့် ကျားကြီးနောက် မလိုက်ဘဲ အိုင်ထဲ ကျသွားသည့် ကျားကြီးနောက် လိုက်ခဲ့ကြ၏။

"ဝုန်း"

"ဝေါင်း"

အိုင်ကြီးအတွင်းမှ ပေါ်ထွက်လာသည့် အသံပင်။ ကျွန်ုပ်တို့ ကုန်းကြောရှ စမ်းအိုင်ဘက် ဆင်း၍ အသံကြားရာဆီသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ကြည့်လိုက်ကြ၏။

"ဟာ - ရောမရေနေမြွေကြီးနှစ်ကောင်က ကျားကြီးကို ဆွဲသွားပါရော လား"

အောင်သန်းက လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ ပြောလိုက်၏၊ ကျားကြီးအား မြွေနှစ်ကောင်ကရစ်ပတ်ကာရေအောက်သို့ တဖြည်းဖြည်း ဆွဲခေါ်သွားတော့ရာ ကျားကြီးအဖို့ ဇာတ်သိမ်းသွားရတော့၏။

ထိုစဉ် မည်းမည်းသတ္တဝါကြီးတစ်ကောင်သည် ရေထဲမှ ပေါ်ထွက်လာပြန်သည်။ လက်နှိပ်ဓာတ်မီးဖြင့် သေသေချာချာကြည့်ရာ တောင်ဖွတ် မိကျောင်းကြီးတစ်ကောင် ဖြစ်နေ၏။ သူနှင့်အတူ ဖွတ်မိကျောင်းသုံးကောင်သည် တွေ့ကာ တဖြည်းဖြည်း အိုင်ကြီးအတွင်းမှ ကျွန်ုပ်တို့ထံ ကူးလာကြ၏။



အလျင်အမြန်ပင်ကျွန်ုပ်တို့လင့်စင်ဆီပြန်လာကြရသည်။ တကယ့်သားစားအိုင်ကြီးပါလားဟုလည်း တွေးလိုက်မိ၏။

ထိုညအဖို့ကျွန်ုပ်တို့သစ်ပုပ်ပင်ကြီး၏လင့်စင်ပေါ်မှာပင် တစ်ယောက်တလဲစောင့်၍အိပ်ကြရသည်။

နံနက်မိုးလင်းလျှင် ခမ်းပါလီနှင့် ကျင်းအိုက်အား အလောင်းယူရန် ဝါးကတ်စင်ပြုလုပ်စေပြီးနောက်မောင်ဟန်ကိုအစောင့်အဖြစ်ထည့်လိုက်၏။ ကျွန်ုပ်နှင့် ရဲဘော် အောင်သန်းက အထိနာသွားသည့် ကျားကြီးနောက်သို့ ခြေရာခံ၍ ဆက်လိုက်ခဲ့ကြပါသည်။

အထိနာသွားသည့် တောကောင်ကြီး ကျသွားသည့်သွေးစက်ကို ခြေရာခံလိုက်ခဲ့ရာ လျှိုကြီး၏ အထက်ကျောက်ဆောင်များဆီ ရောက်လာပါသည်။

နှင်းများကား ပတ်လည်ကာထားလျက် တဖွဲဖွဲ တသဲသဲ နှင်းမိုးရွာရလျက် ရှိနေ၏။

ပေပါးဆယ်လောက်တို့ ရှုမ်းမြင်သာ မြင်ရ၏။ တောကောင်ကြီး၏ သွေးစက်များ နှင်းမိုးကြောင့် ပျောက်သွား၍ ခန့်မှန်းကာ လိုက်ခဲ့စဉ် နှင်းတောထဲမှနေ၍ ပြောင်အုပ်တစ်အုပ် တဝုန်းဝုန်းဖြင့် ပြေးလာသံ ကြားလိုက်ရ၏။

ကျွန်ုပ်တို့ အလျင်အမြန်ပင် ကျောက်ကမ်းပါးတွင်ဂူပမာဖြစ်နေသည့် နေရာသို့ ဝင်၍ခိုလိုက်ကြသည်။

ချက်ချင်းပင် ပြန်ထွက်လိုက်ရသည်။ ထိုနေရာတွင် မည်းနက်သော သတ္တဝါကြီးများ တဝီဝီ အော်မြည်လျက် နေ၏။ သားစားပိတုန်းကောင်ကြီးများ တည်း။

ယခုမှပင် အထိနာသွားသည့်ကျား၏ ဇာတ်သိမ်းပွဲကို တွေ့ရပါလေပြီ။

ဂူထဲမှ "ပျားတူ" ခေါ် ပိတုန်းကြီးများနေရာသို့ကျားကြီးဝင်မိပြီး ယခုအခါတွင် အရိုးသာ ကျန်ရှိကြောင်း တွေ့ရပါတော့သတည်း။

→ ပြီးပါပြီ

www.burmeseclassic.com

...မ်တောင်ရှိ ယောက်ျားတစ်ယောက်က
အပျိုရွယ် အမျိုးသမီးအား ချစ်ကျွမ်းဝင်ခဲ့မိရာမှ
တွေ့ကြုံရသည့်ဒုက္ခ၊ ဘေးအန္တရာယ်နှင့်
ထူးဆန်းသော စုန်းတိုက်ပြဿနာများနှင့်
စိတ်ဝင်စားဖွယ်ရာအဖြစ် . . .

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ကျွန်တော်၏ "သွေးစုပ်ဖုတ်ကောင်" ဝတ္ထု ပါလာပြီးနောက်တစ်ခုသောနေ့တစ်နေ့တွင် တာဝန်ခံအယ်ဒီတာ ဦးဝေလွင်မြင့်မောင်နှင့် ဖုန်းဆက်သွယ်မှု ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ - သည်းထိတ်ရင်ဖိုမှာလည်း ရေးပါဦး"

ဆရာ့ အားပေးဖိတ်ခေါ်စကားကြောင့် ကျွန်တော့်မှာ တစ်အားတက်မိသော်လည်း လောလောဆယ်ဆယ်တွင် ရေးစရာကုန်ကြမ်းမရှိရေ၍ တုံ့ဆိုင်းဆိုင်းဖြစ်နေရပါသည်။

သည်တွင် အတွေးတစ်စုက ကျွန်တော့်ဦးနှောက်ထဲသို့ ဗျတ်ခနဲ လင်းလက်လာသည်။

"ဪ - ငါ့နှယ်နော် - သည်းထိတ်ရင်ဖိုဇာတ်လမ်းတစ်ပုဒ်ကို ဝေးဝေးလံလံရှာနေရတာယ်လို့၊ ငါတွေ့ကြုံဖြတ်သန်းလာရတဲ့အချစ်ဇာတ်လမ်းကကော ရင်ဖိုလှိုက်မောဖွယ်၊ လွမ်းမောဘွယ် မဖြစ်ပေဘူးလား။ ငါ့ဘဝတစ်ခုလုံးနဲ့ရင်းပြီး ပေးဆပ်လိုက်ရတာတွေ၊ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြစ်ခဲ့ရတာတွေသာ ခံစားရေးဖွဲ့လိုက်ရရင် ဝတ္ထုတစ်ပုဒ်လောက်တော့ ရတန်ကောင်းရဲ့"

သည်သို့ဖြင့် ကျွန်တော်သည် ကျွန်တော် ဖြတ်သန်းကျော်လွှားခဲ့ရသည့် လေကြောင်းထိန်းစစ်သည်ဘဝနှင့် ဓာတ်ပုံသမားတစ်ယောက်၏ ခါးသီးရစ်နာဖွယ်ဇာတ်လမ်းတစ်ပုဒ်အား နှလုံးသားနှင့်ရင်းပြီးသကာလ အားထုတ်ရေးဖွဲ့မိပါတော့သည်။

❦

တစ်ခုသော လေရှူးပွေ့မွှေနေ့တစ်နေ့တွင်ဖြစ်လေသည်၊ ပေးပို့စရာ အလှရိုက်ဓာတ်ပုံများရှိသည်နှင့် ကျွန်တော်သည် စက်ဘီးတစ်စီးဖြင့် မိန်းမသေတောင်အနီးရှိ "ဝါးပိုးမြိုင်" ဟု တင်စားလောက်သည့် ဝါးရုံများအုံ့ဆိုင်းတောထနေသည့် "မက်မွန်မုန်း" အမည်ခံ "မသုံးလုံး" ရှမ်းရွာလေးသို့ ရောက်ဖြစ်ခဲ့သည်။

ထိုဓာတ်ပုံများမှာ ရွာဘုန်းကြီးကျောင်းရေစက်ချပွဲတွင်ရိုက်ထားသည့် အလှပုံများဖြစ်သည်၊ ဘုန်းကြီးကျောင်းဝိုင်းတွင် တစ်စုတစ်ဝေးတည်း၊ တစ်နေရာတည်း ရိုက်ထားသော်လည်း ပေးပို့သည့်အခါ တစ်အိမ်စီ ပို့ရမှာဖြစ်၍ ကျွန်တော့်အနေနှင့် မိမိနှင့် အကျွမ်းတဝင်မရှိလှသည်မို့ တစ်အိမ်တက်ဆင်းလိုက်ပို့ရန် အခက်ကြုံနေရသည်၊ သို့ဖြင့် ကျွန်တော့်မှာ မိမိစီးနင်းလာသည့်စက်ဘီးကို တွန်းလျက် အသိတစ်ဦးဦး တွေ့လေမလားမျှော်လင့်ချက်ဖြင့် ရှမ်းအိမ်များရှိရာဘက်သို့ ကျိုးကန်းတောင်းမျှော်ကြည့်ရင်းခြေဦးတည့်ရာ လျှောက်နေမိသည်၊ ထိုစဉ် တစ်ခုသောရှမ်းအိမ်၏ မြက်သက်ကယ် တံစက်မြိတ်အောက်တွင် ခြေဆင်းထိုင်ပြီး သက်ကယ်ပျစ်နေသည့် မိန်းမပျိုတစ်ဦးအား အခန့်သင့်တွေ့လိုက်ရသဖြင့် သူလေးရှိရာသို့ စက်ဘီးတွန်းပြီး ဝင်လိုက်မိသည်။

"နောင့်ယိမ်း (ညီမ) ရေ - အစ်ကို တလေတပ်က ဓာတ်ပုံဆရာပါ။ ဓာတ်ပုံပို့မယ့်အိမ်တွေမသိလို့၊ ဓာတ်ပုံတွေကြည့်ပြီး ဆိုင်ရာဆိုင်ရာအိမ်တွေကို လိုက်ပြပေးပါလား"

သူ့ရှေ့တွင် စက်ဘီးဒေါက်ထောက်ပြီး ဓာတ်ပုံထုပ်ကို ငုံ့ယူရင်း ပြောလိုက်သည့် ကျွန်တော့်စကားကြောင့် သူလေးသည် ရက်လက်စ သက်ကယ်ပျစ်ကို သေးချပြီး ကျွန်တော့်မျက်နှာအား မော်၍ကြည့်လိုက်သည်။

"အို - ကျွန်မက ဗမာမပါ။ အစ်ကို ထင်သလို ရှမ်းမမဟုတ်ပါဘူး၊ အင်းအတိအကျပြောရရင် အဖေလည်း အစ်ကို့လို လေတပ်က ဗမာစစ်သားပဲ၊ အမေက ဒီရွာသူ ရှမ်းမဆိုတော့ ကျွန်မအနေနဲ့ ဘယ်လိုပြောရမလဲ။ ရှမ်းဗမာ တပြားပေါ့ရှင်"

"ဟုတ်လား - ဒါဆို အဆင်သင့်လိုက်တာ၊ အစ်ကိုက ရှမ်းစကားမတတ်တော့ ဒီပုံတွေကိုကြည့်ပြီး အစ်ကို့နဲ့ အတူတူလိုက်ပို့ပေးပါလားဟင်။ အမှတ်တရဓာတ်ပုံလည်း လက်ဆောင်ရိုက်ပေး မယ်လေ"

ကျွန်တော်သည် ပြောပြောဆိုဆို သက်ကယ်ပုံများဘေးတွင် ထိုင်နေ သည့် သူလေးအား အသင့်လွယ်ထား သည့် ဖလင်ကင်မရာဖြင့် ဗျတ်ခနဲ ခလုတ်နှိပ်ချလိုက်ပါသည်။

"အိုး - မ - မရိုက်ပါနဲ့၊ ကျွန်မ တတ် ပုံရိုက်တာ ဝါသနာမပါဘူး။ ပို့ဆိုလည်း လိုက်ပို့ပါ့မယ်"

ပြောပြောဆိုဆိုဖြင့် သူလေးသည် ရှက်သွေးဖြန်းကာ သူ့မျက်နှာအား လက် ဖဝါးလေးနှင့် ကာထားလိုက်သည် ဘယ်လိုပင် လက်တလေးဖြင့် ကာထား လိုက်ပေမယ့် ကျွန်တော့် လျှပ်တစ်ပြက် ရိုက်ချက်က ဖလင်ထဲတွင် ပုံရိပ်ထင်ခဲ့ပြီ။

သူ့ဂတိအတိုင်းပင် ကျွန်တော် သည် တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြ သက်ဆိုင်ရာပုံများကိုရှာပြီးဝေငှလို ကြသည်၊ ဓာတ်ပုံများပို့၍အပြီးမှာတော့ ကျွန်တော်သည် သူလေးအား အိမ်ရှိ ရာရောက် ပြန်လည်ပေးပို့ရင်း တွေ့ တင်စကား ဆိုဖြစ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပဲ - ညီမရယ်၊ ဒါထက် ညီမလေးရဲ့နာမည်တော့ သိပါရစေ၊ အစ်ကို့နာမည်က "ညီမြင့်" တဲ့၊ လမ်းမှာ တွေ့ရင်လည်း ခေါ်ပါ၊ ပြောပါ"

ကျွန်တော့် စကားအဆုံးတွင် သူလေး၏မို့ဖောင်းဖောင်းမျက်နှာလေးမှာ ရှက်သွေးတို့ဖြင့် ပန်းသွေးရောင်သို့ လွှမ်းသွားသည်၊

"အိုး - ဘာလုပ်ဖို့လဲ၊ နာမည်သိဖို့ လိုလို့လား"

"သိဝ်လိုတာပေါ့၊ ကိုယ့်ကို ကူညီထားလို့ လမ်းမှာတွေ့ရင် - ဟို - ဟိုဟာမှာ—တော်အင်းလို့ ခေါ်နေရရင် သိပ်နေ့ဝ်သူ့ရှုတ်လား"

ကျွန်တော့်စကားကြောင့် သူလေးသည် ရီးသားပြီး အပြစ်ကင်းစင်သည့် ရှုမငြီးရှင်အပြုံးမျိုးဖြင့် "နာမည်က မြတ်မွန်၊ မက်မွန်မုန်းက ရှမ်းရွာသူဆိုတော့ ခေါ်ချင်ခေါ်၊ မခေါ်ချင်နေ၊ သွားတော့မယ်နော်၊ တော်ကြာ - အဖေ တပ်က ပြန်လာတာနဲ့ ယောကျ်ားလေးနဲ့ စကားပြောတယ်ဆိုပြီး ဆူခံထိနေဦးမယ်"

ပြောအပြီး သူမသည် တဲအိမ်ကလေး၏ဝါးလှေခါးထစ်ပေါ်သို့ကသုတ်ကရက် အပြေးတက်လေတော့သည်၊

သည်သို့သော ကနဦးတွေ့ဆုံမှုကလေးသည်ပင် ကျွန်တော့်ဘဝတစ်ဆစ်ချိုးတွင် ကြီးမားသော လောကဓံမုန်တိုင်း၏ ရိုက်နှက်ထုထောင်းမှု အစ အဦးဖြစ်ကြောင်းထိုအချိန်ကကျွန်တော်သည် စိုးစိမ့်ရိပ်စားမိခြင်းမရှိခဲ့ရိုး အမှန်ပါ၊ ထိုအတူ "Love At First Side" မြင်မြင်ချင်း ချစ်မိလေခြင်းဆိုသည့်နှလုံးသား၏လှည့်စားချက်အပေါ် ကျွန်တော့်မှာ အမိပွာယ်ဖွေရှာနိုင်စွမ်း မရှိခဲ့ပါချေ၊ သို့ပင်ဖြစ်ငြား "ချစ်ခြင်းအစ မျက်စိက" ဆိုသည့်အတိုင်း သူတလေးသည် ကျွန်တော် အသည်းတောင့်တစ်နေရာတွင် အချစ်များတစ်စင်းအဖြစ်စူးနစ်နေပြီဖြစ်ကြောင်း မသိစိတ်နှင့် ယုက်လျက် နားလည်လိုက်ရပါပြီ၊

ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့နှင့် မစို့တရို့ယဉ်စစမျက်နှာ၊ မို့ဖောင်းဖောင်းနှင့် ကော့ညွှတ်နေသည့် နင်းဆီပုံနှုတ်ခမ်း၊ ထိုလေးကိုင်းသဏ္ဍာန်နှုတ်ခမ်းလွှာအောက် ဘယ်ဘက်မှဲ့နက်ကလေးတစ်လုံးက မဟူရာကျောက်တောင်းတစ်ပွင့် ပမာ တန်ဆာဆင်ထားလျက်၊

သုံးရက်လပုံ သို့နယ် ကွေးကွေး စံပယ်နေသည့် မျက်ခုံးနစ်လွှာအောက် ဘက်ဆီမှ မျက်လုံးများကမူ - အို - ကျွန်တော့်အသည်းစိုင်ကို ဆွဲကိုင်နိုင်စွမ်းသည့် ရွှန်းလဲ့လဲ့ သမင်ညို့မျက်လုံးတလေးများပင် မဟုတ်ပါလား၊ အနီ ခိန်းကလေးကို တွေ့မိစဉ်မှစ၍ ကျွန်တော်သည် နေ့ရှိသရွေ့ သူ့မျက်နှာအား နှလုံးအိမ်တွင် မေ့ဖျောက်၍မရနိုင်ခဲ့၊

ဆန္ဒနှင့်ယှဉ်၍နိုးထလာသည့်ကျွန်တော့်စိတ်စေတသိက်ဆင်ရိုင်းအား ရွှန်းအုပ်၍မထိန်းကွပ်နိုင်သလို နင်တံပေး၍ ဆုံးဝေးပြေးစေခြင်းငှာ မစွမ်းသာခဲ့ချေ၊

သည်သို့ဖြင့် ကျွန်တော်သည် အကြောင်းပြချက်များစွာဖြင့် ရမည်ရှာ တာ သူလေးရှိရာ မက်မွန်မုန်းကျေးရွာသို့ အလျဉ်းသင့်တိုင်း ရောက်ဖြစ်တော့ သည်၊ သို့ပင်သွားငြား သွားသည့်အခါ တိုင်း တောင်ယာအလုပ်ဆင်းနေတတ် သည့်သူမအား မတွေ့ရှိခဲ့ရပဲ ရက်လတို့ သည်သာ တဖြည်းဖြည်းနှင့် ကုန်လွန် လာခဲ့ပေတော့သည်၊

ကျွန်တော့်အဖြစ်က မုန့်ဆီကြော် အယ်သို့နေသည်မသိ နှုတ်ခမ်းနာနှင့် သည့် ပါ့မလားကိန်းဆိုက်နေပါပြီ၊ အယက်ရှင်အဖို့ မည်သို့ရှိမည်မဆိုနိုင် သော်လည်းကျွန်တော့်မှာ နေမထိထိုင် သော ဖြစ်နေရလေသည်၊ ထိုစဉ်က ကျွန်တော်သည် လွတ်လပ်သူတစ်ဦး မဟုတ်၊ လက်ရှိဇနီးနှင့်တကွသားသမီး (၃)ယောက်ပင် ရှိနေပေပြီ၊

သို့ကြောင့်ပင်ကျွန်တော်သည်မိမိ စိတ်ဆင်ရိုင်းအား ရွှန်းအုပ်ရန် နည်း စုံဖြင့် ကြိုးစားခဲ့ရသည်၊ လက်ရှိလေ ကြောင်းထိန်းတာဝန်အပြင် အားလပ် သည့်ရက်များတွင် ဓာတ်ပုံရိုက်ခြင်း သာ အချိန်များစွာကို ကုန်လွန်စေ သည်၊ ထိုအချိန်က ကျွန်တော့်တွင် ဓာတ်ပုံအကူအဖြစ် တပည့်သုံးဦး ရှိ သည်၊ အလျဉ်းသင့်သလိုထိုတပည့်သုံး ဦးဖြစ်သည့် မျိုးလွင်၊ မောင်အေးနှင့် ခင်မောင်မြင့် တို့သည် ကျွန်တော် "အောက်ဒိုး" ရိုးစဉ်တွင်ကင်မရာအိတ် လွယ်တပည့်များအဖြစ် အလှည့်ကျ လိုက်ပါတတ်ချေသည်၊

ဂံ ဂံ

ရော်ရွက်ဝါတို့ကြွေသက်လေသည့် နွေတစ်ရက်တွင် ဖြစ်သည်၊ လွှမ်း တွတ်ကြင်ဖွယ်ဥဩငှက်တို့တွန်မြည်သံ နှင့်အတူ နွေကျောင်းရက်ရှည်ပိတ်လေ ပြီမို့ သာမောဖွယ်နွေရက်များတွင် ရှင် ရှင်လောင်းပွဲတို့ စတင်ချိန်လည်း လေသည်၊အရေးပေါ်တပ်တို့ ဖြို့အပြင်ဘက် အမှတ်(၅၁)အုပ်မှ ကျွန်

www.burmeseclassic.com

တော်နေထိုင်ရာ "တပ်ဆွယ်" သို့အပြန် မြို့အဝင်လမ်းမပေါ်တွင် မမျှော်လင့်ပဲ သူလေးနှင့် ဆုံတွေ့လိုက်ရ၏။ ထိုစဉ်က ကျွန်တော်သည် စက်ဘီးစီးလာချက် ဖြစ်ပြီး သူမမှာ မြို့ထဲမှ ရွာသို့ လမ်းလျှောက်ပြန်လာစဉ်ဖြစ်သည်။

ဘယ်ကလာကြောင်း၊ ဘယ်ဆီ သွားမည်ဖြစ်ကြောင်း အသီးသီး ဝမ်းသာစွာ နှုတ်ဆက်စကားပြောအပြီး သူလေးက ကျွန်တော့်ကို အသိပေး [illegible] ရှင်း ဆိုလာပါသည်။

"ဝမ်ပန်ရွာမှာ ရှင်လောင်းပွဲရှိမယ်၊ အစ်ကိုတို့ ဓာတ်ပုံရိုက်ချင် သွားရိုက်လို့ ရတယ်။ ညီမတို့ ဆွေမျိုးတွေရဲ့ ရှင်လောင်းလည်း ပါမယ်။ ရှင်လောင်း အဝါရောင်တော့ များတယ်၊ အလုပ်ဖြစ်မယ်ထင်တယ် - အစ်ကို"

သူလေးစကားကြောင့် ကျွန်တော့်မှာ "နိုးကျိုင်းတုတ်" ဖြစ်သွားရသည်၊ ရော်ရှည်လများ မျှော်လင့်စောင့်စားနေသည့် မျှော်လင့်ချက်လည်း ပြည့်လာသလို ခံစားလိုက်ရသည့် "ကျေးဇူးပဲ ညီမရယ်၊ ရှင်လောင်းပွဲက ဘယ်တော့ မှာလဲ၊ ညီမတို့ရှင်လောင်းတဲမှာ ရှိမယ် ပေါ့တ်လား၊ အစ်ကိုတို့ဓာတ်ပုံလာရိုက်မှာပေါ့"

"ရှင်လောင်းက မနက်ဖြန်ဆိုအဝင် လေ၊ ရှမ်းထုံးစံအဝင်နေ့မှာ သိပ်တော့ မရိုက်ကြဘူး၊ နောက်တစ်နေ့ ညေ့်ခံ ကျွေးမွေးတဲ့နေ့ဆိုတော့ အလုအယက် ရိုက်ကြမှာပဲ၊ ပွဲသုံးရက် လုပ်တယ်၊ နောက်ဆုံးရေစက်ချ ကိုရင်ဝတ်တဲ့နေ့ အထိ ရိုက်ကြပါလိမ့်မယ်၊ အစ်ကိုတို့ ဖလင်လိပ် များများဆောင်သွားကြပေါ့။ ညီမသူငယ်ချင်းတွေကိုလည်း ရှင် လောင်းနဲ့ တွဲရိုက်ဖို့ ပြောထားပေးမယ် နော်"

"ခုလိုအသိပေးတာ ကျေးဇူးတင် တယ်၊ အစ်ကိုတို့ အချိန်မီလာခဲ့ပါ့မယ် လေ၊ ဒါပဲနော် - အစ်ကိုသွားတော့မယ်၊ ရှင်လောင်းပွဲနေ့ကျမှ တွေ့ကြတာပေါ့"

သည်သို့ဖြင့် သူလေးနှင့် လမ်းခွဲခဲ့ ပြီး ကျွန်တော့်မှာ မနက်ဖြန် ဆိုသည့် မျှော်လင့်ချက်အပျော်ကလေးကို စိတ် စောစွာ စောင့်နေမိတော့သည်၊

"မြတ်မွန်လေး" မည်သို့ဆိုစေ၊ ကျွန်တော်တို့မှာ အဝင်ညကတည်းက တပည့် ခင်မောင်မြင့်ကိုခေါ်ကာ နမ့်စန် မြို့တောင်ဘက်အတွက်တစ်မိုင်သာသာ ရှိသည့် "ဝမ်ပန်" ရှမ်းရွာလေးသို့ရောက် သွားဖြစ်ကြသည်၊



ရှင်လောင်းပွဲအတွက် သက်ကယ် တဲများကိုအတန်းလိုက်တစ်ဆက်တည်း ဆောက်ထားရကား ရှမ်း ရှင်လောင်းတို့မှာ ထိုတဲငယ်ပေါ်တွင် ခွမ်းကပ် (ငွမ်းဖုံ) အခင်းတို့တွင်ထိုင် ချက် အစီအရီ နေရာယူထားနှင့်ကြ သည်၊

ကိုယ့်ရှင်လောင်း၊ ကိုယ့်ရှင်လောင်း သိန်း၊ ရှင်လောင်းအလှပြင်မိန်းကလေး များနှင့် အသီးသီး ကိုယ့်အုပ်စုနှင့်ကိုယ် စီစီညီညီ ရှိနေကြ၍လည်း ရှမ်း ရှင်လောင်းပွဲမှာ ညီညွတ်မှုအသွင်ကို ဆောင်ယူပြီးသကာလ အထူးပင် စည် ကားလှပေသည်၊

သက်ကယ်မိုး ရှင်လောင်းတဲတစ် လျှောက် အလှအပအဖြစ် ပုစီဖောင်းများ ချိတ်ထားခြင်း၊ ရောင်စုံဖဲကြိုးများဖြင့် ချိတ်လှယ်ထားခြင်း၊ စောင်၊ ခေါင်းအုံး နှင့်ရှင်လောင်းအဝတ်အစားများ၊ ခေါင်း ဆောင်ရှင်လောင်းဥသျှောင် (မကိုဋ်) များကိုရှင်လောင်းတဲ၏အနောက်ဘက် ခြံခေါ်သူ့ထက်ငါအပြိုင်အလှဆင်မွမ်း ထားတတ်သည်ကြောင့် ချစ်စဖွယ် ရှင်လောင်းငယ်တို့သည် ပြုံးပြက်ပြက် မိုယ်ယောင်ကိုယ်ဝါတို့ဖြင့် နတ်သား လေးသား လှချင်တိုင်း လှနေကြတော့ သည်၊ ရှင်ပြုပွဲသဘင်အခေါ်အဓိပ္ပါယ် ကုလား၊ တရုတ်၊ မြန်မာရောသည်များ ကလည်း ရှင်လောင်းပွဲသတင်းကို နား စွင့်ရင်း ဈေးလာရောင်းကြသဖြင့် လျှပ်စစ်မီးတထိန်ထိန်ဖြင့် ပွဲခင်းမှာ ရောင်ခြည်တမျှ လင်းပနေတော့သည်၊

ပွဲအကြိုညပင်ဖြစ်လင့်ကစားပွဲဈေး တန်းတစ်ခုလုံးသည် ခေါက်ဆွဲကြော် ဆိုင်၊ တို့ဟူးသုပ်ဆိုင်၊ ရှမ်းခေါက်ဆွဲဆိုင်၊ ဝက်သားတုတ်ထိုးဆိုင်၊ အရက်၊ ဘီယာ၊ ခေါင်ရည်ဆိုင်တို့ဖြင့် ပွဲတိုးမပေါက် အောင် ကြက်ပျံမကျ စည်ကားလှပေ သည်၊

ထိုညက ကျွန်တော်နှင့်အတူပါလာ သည့် တပည့်ကျော် ခင်မောင်မြင့်သည် အရက်နှင့် ဘီယာဆိုင်များရှိသည့် အတွက် ဗူဌလိပ်ရေထဲလွှတ်သည့်ဖမာ အကြိုက်တွေ့နေရှာသည်၊

"ကို ညို - ကင်မရာ ခဏပေး၊ ရှင်လောင်းတစ်တဲဆီက ရှမ်းမလေးတွေ ကို "ဖလက်ရှ်ဂန်း" (Flash Gum) လျှပ်တစ်ပြက်မီးနဲ့ ဓာတ်ပုံရိုက်သလို နှိပ်ပြီး လိုက်စမလို့"

ခင်မောင်မြင့်သည် အရက်မူးလာ လျှင် နှုတ်သွက်အာသွက်၊ စချင်နောက် ချင်သည့်ညာဉ် ရှိရကား ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက်နှင့် ရတက်မအေး ရင်လေးနေရတတ်သည်။

"ကြည့်လည်းလုပ်ဦး။ တော်ကြာ ရှမ်းမလေးတွေ ရှင်လောင်းတဲ့က ဝရုန်းသုန်းကား ပြေးဆင်းနေမှ ရှင်လောင်းပွဲပျက်နေပါဦးမယ်"

"အိုတေပါတယ် - ဘာမှမဖြစ်စေရဘူး"

ကျွန်တော့်မှာ သတ်တူရှယ်တူ အတူကြည့်နေ၍ ငည်သို့မျှမပြောသာပဲ သူ့အရှိန်နှင့်သူ လွှတ်ပေးလိုက်ရသည်။ ကျွန်တော့်ရည်မှန်းချက်ကား ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးဆိုသကဲ့သို့ "ရှင်လောင်းပွဲမှာ ဓာတ်ပုံရိုက်မယ်၊ ထိတ်တခိုးချစ်သူလေးကိုရှာလို့တွေ့ရင် စကားတွေ ဖောင်ဖွဲ့ပြီး ပြောကြမယ်" သည်သို့ပင်မဟုတ်လား။ ကျွန်တော့်ထံပါးမှ ခင်မောင်မြင့် ထွက်သွားလေမှ ကျွန်တော်သည်ရှင်လောင်းတဲ့အနောက် ချက်မြုပ်ရာဘက်ဆီသို့ သူလေးအားတွေ့လိုတွေ့ငြား ကျီးကန်းတောင်းမှောက်ရှာဖွေမိတော့သည်။

ထိုစဉ်က တစ်ခုသောရှင်လောင်းတဲ့အနောက်ဘက် ဟင်းချက်ရုံတွင် အမှတ်မထင်တွေ့လိုက်ရပါသော်လည်း သူလေးမှာ ရှမ်းယိုးမယ်များအလယ် ရုက်နေ၍ထင့်။ ကျွန်တော့်အားမြင်သည်နှင့် လှစ်ခနဲ ပျောက်ကွယ်သွားပါတော့သည်။ မိမိတို့မှာ ဘုရင့်နောင်ဖောင်ချက် ထွက်လာရသည်မို့ အိမ်မပြန်ဖြစ်ချေတော့ပဲ အမှတ်(၅)ရွာမှ အရက်နှင့် အမြည်းများလာရောင်းသည့်မိန်းမလျှာ (အခြောက်) စန်းမြဒေးဆိုသူ၏ဆိုင်မှာပင် တစ်ခွက်တစ်ဖလားမော့ရင်းတစ်ညတာ အချိန်အား ဖြုန်းတီးပစ်လိုက်ကြတော့၏။

ရှမ်းရှင်လောင်းပွဲထုံးစံမှာ တစ်နေ့တွင်နစ်ကြိမ် ဘုန်းကြီးကျောင်းပတ်ပြေးပြီး အကန့်လိုက် ရှင်လောင်းထိန်းများက ရှင်လောင်းတို့ကို ထမ်းပြီး လှည့်လည်တတ်ကြပါသည်။

ရှင်လောင်းလှည့်စဉ် သက်နှိုး ပရိက္ခရာကိုင်သူ၊ ခေါင်းအုံး၊ ဝွမ်းကပ်၊ ဝွမ်းစောင်တို့ကို ပွေ့ထားသူ၊ ပန်းပေါက်ပေါက်ကြဲသူတို့ဖြင့် စည်ကားလှပေသည်။ ထို့ပြင် ရှမ်းအပျိုမလေးများ၊ ရှင်လောင်းမိဘများ၊ သက်ကြီး သတ်လတ်၊ ကလေးများပါမကျန် ရှင်လောင်းတို့နှင့် အတူတကွ လှည့်လည်နေသည်မို့ မြင်ရသည့်မြင်ကွင်းမှာ ကြည်နူးစရာပါပေ။

ထိုစဉ် သူလေးသည် ရှင်လောင်းနံဘေးတွင် အတူယှဉ်လျှောက်ရင်း ရှင်လောင်းတို့အားပန်းပေါက်ပေါက်တို့ဖြင့် ကြဲပက်နေပေသည်။ ကျွန်တော်သည် လက်စံထားသည့် ရှင်လောင်းတို့ကို ဓာတ်ပုံရိုက်လိုက်၊ အားလျှင် သူလျှောက်လှမ်းလာသည့် လျှပ်တစ်ပြက်ပုံများကို ရိုက်လိုက်နှင့် အပြေးအလွှားလှုပ်ရှားနေမိသည်။ ပထမအချီ(နံနက်ပိုင်း) ရှင်လောင်းနားချိန်တွင် သူငယ်ချင်းများနှင့်အတူ ဓာတ်ပုံရိုက်ဖို့ လာခေါ်သည်နှင့် သူလေးတို့အဖွဲ့အား ဓာတ်ပုံရိုက်ပေးဖြစ်ခဲ့ပါသည်၊ သည်သို့ပင် နောက်ရက်များတွင် ယခုလို ဆက်ရိုက်ရင်း ရှင်လောင်းပွဲမှာ ပြီးဆုံးခြင်းသို့ တိုင်ခဲ့၏။ ကျူးဆေးပြီးရရှိလာသည့်တစ်နေ့တွင် ဆရာတပည့်နှစ်ယောက်တို့သည် သူလေးရှိရာရွာသို့ ဓာတ်ပုံအပေးထွက်ဖြစ်ကြသည်၊

"ဟယ် - ဓာတ်ပုံလေးတွေက လှလိုက်တာ။ ဘယ်လောက်ပေးရမလဲ အစ်ကို"

"နေပါစေ - မပေးပါနဲ့။ ညီမလေးက စပ်ပေးသူဆိုတော့ ညီမပုံတွေကို လက်ဆောင်အဖြစ် ပေးလိုက်မယ်နော်၊ သူငယ်ချင်းပုံဖိုးတွေကိုတော့ လိုက်ကောက်ထားနှင့်ပေါ့၊ နောက်ရက်များမှ အစ်ကိုတို့ လာခဲ့ပါဦးမယ်လေ"

သည်သို့ဖြင့်ကျွန်တော်သည်ဓာတ်ပုံဖိုးလာယူသည်ဟု အကြောင်းပြခြင်း ဓာတ်ပုံမှတ်တမ်းစာအုပ် ပျောက်သွား၍ လာရှာသည်ဟု အကြောင်းပြရင်းဖြင့် မြတ်မွန်လေးတို့အိမ်သို့ ရက်ခြားဆိုသလို ရောက်ဖြစ်တော့သည်၊ အနေနီး စပ်လာ၍ထင်သည်။ ကျွန်တော်သည် ရိုးသားပွင့်လင်းသည်၊ သူကလေးအခေါ် ဝယ်တစ်စစဖြင့် သံယောဇဉ်နှောင်ငင်မိ လာမှန်း ခန့်မှန်းမိပေတော့သည်၊

ထိုအခါများတွင်ခင်မောင်မြင့်သည် ကျွန်တော့်အတွက် ဘေးတီးပေးခော် သလို ပါရမီဖြည့်ဘက်လည်း ဖြစ်ခဲ့ရ သည်။ အခါအားလျော်စွာ ကျွန်တော်တို့ သည် သူကလေး အလုပ်ဆင်းသည့် တောင်ယာခင်းဆီသို့ လိုက်သွားခြင်း သူတို့နှင့်အတူ "ရှမ်းပြေး" ပေါင်းပင်များ ရှင်ကောက်ပင်များကိုကူနုတ်ပေးခြင်း ရှမ်းပြေးပေါင်းမြက်ပင်များပေါ်တင်ကာ နာနတ်သီးစိပ်တို့ကို ဖြစ်သလို ခွဲစားခြင်း။ ရွာအတွက် "ရေနီကန်" မှာရေအတူ ချိုးခြင်းစသည့်ကြည်နူးဖွယ်တောင် တောအလုကို ခံစားမျှဝေရင်း ကျွန် တော်ဘဝသည် ပျော်ရွှင်ဖွယ်အတိခြင်း





www.burmeseclassic.com

www.burmeseclassic.com

မိမိလက်ရှိဘဝအပေါ် မေ့ထားလိုက်မိပါတော့သည်။

အမှန်ကို ဝန်ခံရသော် ကျွန်တော်သည် လက်ရှိအိမ်ထောင်သည်ဘဝအပေါ် ဥပေက္ခာပြုပြီးသကာလ ရင်ခုန်လှိုက်မောရသည့် အချစ်သစ်အပေါ် ပျော်မွေ့နေမိပြီလား။ အောက်ဒိုးဓာတ်ပုံရိုက်ရာမှ ပြန်လာတိုင်း နေ့ရှိသရွေ့ ဖနီးဖြစ်သူ၏ နားပူနားဆာအပြောခံနေရခြင်း ဝိသာလေးဘေးပစ်စကား၏ များအက်ချက်တို အစုးခံနေရခြင်း၊ ရှမ်းရွာ၊ ထင်းရွာ၊ ပဒိုင်ရွာများတွင် ဓာတ်ပုံရိုက်အပြီး စတ်သီးချက်ချေ၍ အပြန်နောက်ကျတိုင်းမသတ်ာသည့်ချက်လုံး၊ သက်ာမတောင်းသည့်စကားမျိုးဖြင့် ကုလားဖန်အထိုးခံရခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်အပြန် နောက်ကျခြင်းအပေါ်အမေးအမြန်းမရှိတစ်ချက်လွှတ်အမိန့်လို အပြုစုခံနေရခြင်းတို့ကြောင့် ထိုစဉ်က ကျွန်တော့်အိမ်ထောင်ရေးသည် အနှစ်မပါ အကာသက်သက်သာဖြစ်နေရပါသည်။ "စီ"သုံး"စီ" (cash, car, camera) ထဲမှ တစ်ပါးအပါအဝင်ဖြစ်သည်၊ "ကင်မရာမင်း" (camera man) အလုပ်အပေါ်ကျားမြီးဆွဲထားသူလို၊ ရှန်းမဖယ်သာပြီမို့ သည်လုပ်ငန်းသည်သာ သဘောထားနေသည့် ဖနီးအတွက် ပြောစမှတ်ပြုစရာ ဖြစ်နေရတော့သည်။

"ရှင်ဓာတ်ပုံရိုက်တယ်လို့အကြောင်းပြပြီး ညတိုင်း အိမ်ပြန်နောက်ကျနေပါလား။ ပြန်လာရင်လည်း ရန်ကလေးကတသင်းသင်းနဲ့၊ ဟင်းမပြောလိုက်ချင်ဘူး။ ဘယ်က အလေလိုက်ပြီး ပြန်လာမှန်းမသိ၊ နောက်ခါဆို အိမ်ပြန်မလာနဲ့"

"မဟုတ်ရပါဘူးကွာ၊ ဒီမှာ - ဖိုစက်ဘီးကို ကြည့်ပါလား၊ အပြင်းနင်းလာရလို့ ခြေနင်းတစ်ဖက်တောင် ဘယ်ကျွတ်ကျမှန်းမသိဘူး၊ ရွာမှာ အောက်ဒိုးထွက်ရိုက်တယ်ဆိုတော့ တစ်ယောက်စောင့်၊ နှစ်ယောက်စောင့်နဲ့မို့ မိုးချုပ်သွားတာ"

ဒါတွေကအမှန်တွေပေါ့။ ကျွန်တော်မည်သို့ပင်ရှင်းပြ ရှင်းပြ ဖနီးဖြစ်သူကနားမဝင်၊ သူ့အကျင့်က သူပြောချင်ရာမျက်စိစုံမှိတ်ပြီး ပြောနေတတ်သည်၊ ဝိသာလေးဘေးပစ်သည့်နယ်သူ့စကားများက နာသာခံခက်လှစွာ၊ ကျွန်တော့်ပညာ၊ ကျွန်တော့်မာနတရားအား ထိပါးစေခဲ့သည်။

ကျွန်တော်တွေးမိပြီ၊ "နားပူနားဆာလုပ်ခြင်းဟာ အိမ်ထောင်တစ်ခု ပြိုကွဲခြင်းရဲ့လမ်းစပါလား" လို့၊ မိမိကိုယ်တိုင်ပျော်ကျူးပြီး မူးမူးရူးရူးပြန်လာသည့်ဆိုလျှင်တော့ မထောင်းတာ၊ အမှန်တယ် ကြိုးစားပမ်းစားပြန်လာမှ ပြောခံရလေခြင်းဆိုလျှင် ကျွန်တော် ည်းမခံနိုင်၊ သည်သို့ဖြင့် ကျွန်တော် ၏အိမ်ထောင်ရေးသည် သူ့တစ်ပြန် ယ်တစ်ပြန် "နောင်ရိုန်ပလေး"ခြင်း သာ အဆုံးသတ်စမြဲ ဖြစ်နေရတော့ ည်၊ ဤမည်သောအိမ်ထောင်ရေး ပကွဲတွင် တပည့်လက်သားများက ည်းတရားခံအဖြစ် တစ်စိတ်တစ်ပိုင်း င်ပတ်သက်လာကြပြန်သည်။

"ဆရာလုံရေ - ဘာတဲ့ - "သည် ချိန်ရောက်လာရင် ကျွန်တော့်စိတ် ဖောက်၊ ဖောက်လာတယ်" ဆိုတဲ့ ီးသီချင်းလိုအချိန်တန်ပြီလေဆရာ၊ ခွက်တစ်ဖလားလောက် အမြည်း င်းကောင်းနဲ့ မော့ကြရအောင်လား ာ"

ဗွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်း ည်းပြီလေတော့တပည့်များအပေါ် သ်ချင်းပေါင်း ပေါင်းပြီး အလိုလိုက် ်သည့်ကျွန်တော့်မှာ "လေချဉ်တက် ို အမြဲနှံ့သား စောင့်စားနေသည့် ည့်အပေါင်းသူတော်ကောင်းတို့အား တစ်ပြန်တစ်လီ ပါရမီဖြည့်လိုက်ရပြန်တော့၏။

လက်ရှိအိမ်ထောင်ရေးအပေါ် ငြီးငွေ့စိတ်ကုန်နေသည့် ကျွန်တော့်မှာ "မွန်လေး" ဆီသို့သာ ကျွန်တော့်စိတ်တမဲ့တင်းလျက် ရှိနေပေပြီ။ ကိုယ့်ဘက်ကတော့ တစ်ဝက်သေချာပြီဖြစ်ပေမယ့် သူလေးမှာတော့ ကျွန်တော့်အပေါ် အစ်ကိုအရွယ်၊ ဦးလေးအရွယ်ပေမို့ ရိုးရိုးသားသား သဘောထားပါလိမ့်မည်။ ကြည့်လေ - (၄) ရပ်ကွက် သူ့ဦးလေး "လုံးစုပညာ" အိမ် အလည်သွားသည့် တစ်နေ့၊ စုံစမ်းရှာဖွေပြီး လိုက်လာသည့် ကျွန်တော့်အပေါ် ရှောင်ပြေးခြင်း၊ ရှမ်းစတိုက်ရှိုးပွဲတစ်ခုတွင် ဖျတ်ခနဲမြင်ပြီးခါမှ ကျွန်တော့်အား တွေ့သည်နှင့် ဝေ့ခနဲ ရုတ်ခြည်း အပျောက်ရိုက်၊ ပြေးရှောင်သွားလေသည်။ "အရိုင်းသဇင်မလေး" အပေါ် ကျွန်တော့်မှာ နားလည်ရန် ခက်လှသည်။

ထိုအချိန်က ကျွန်တော်သည် အချစ်ဦးကာ၏မွေ့တော်ဦး၊ လက်ဦးဆရာဖြစ်ခဲ့သည့် ကျွန်တော်တို့မြို့သား (နေ လေတပ်မတော်သို့ဝင်စဉ်အစ်မသေသီး ၏ ဆက်သွယ်ပေးမှုကြောင့် ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com

နှင့် အတူဝင်ဖြစ်ခဲ့သူ) ကိုမောင်လှ၏ စကားကို သွားသတိရလိုက်သည်။

"ဟော့ကောင် ညီမြင့် - ကိုယ်တစ်ဖက်သတ်ချစ်နေတဲ့မိန်းကလေးနဲ့တွေ့ရင် ဖွဲ့ရှိရတယ်။ ဟိုကွာ - မင်းကုသထုံးရော၊ သူဖုန်းစာ မာတင်ထုံးရော နလုံးမှုတတ်ရတယ်၊ ဘာတဲ့ - အချစ်မှိုင်းတဲ့ မျက်နှာညှိုးလေးနဲ့၊ ထမင်း(၇)ရက်စားရတဲ့ပုံ မျက်နှာသေလေးနဲ့ပေါ့ကွာ၊ တောဒီလို - တောဒီလို နေပြရတယ်ကွ"

ကိုမောင်လှသည်မြို့တောင်ဖေါက်အဲ - လှချိုဖေါက်အရှယ်တုန်းက ကျွန်တော့်အားပြောလည်းပြော၊ ဟန်ပန်အမူအရာလည်းလုပ်ပြရင်း၊ လက်ထပ်သင်ပေးခဲ့သည်။

(အင်း - သူ့စကားက ကျွန်တော့်အချစ်ရေးမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိရောက်မှု ရှိခဲ့ပေသည်)

နောက်နေ့များတွင် ကျွန်တော်သည် တစည့်ခင်မောင်မြင့်ကိုခေါ်ကာ သူလေး မက်မွန်မုန်းရွာသို့ ချစ်ဖျှာ အတွက် စစ်ထွက်ဖြစ်ကြတော့၏။ ဖျှာအစကနဦး ခင်မောင်မြင့်အား သူလေးရှိရာသို့ ဦးစွာစေလွှတ်ပြီး ကျွန်တော်ကတော့ နီးရာ ဝိစပ်ချုံတစ်ခုကို အကွယ်အာယူရင်း ရင်ခုန်မျှော်လင့်စွာ စောင့်ကြည့်နေလိုက်သည်။

"အီမွန်ရေ - ငါ့ဆရာတော့ နှင်ဆီလာပြီးတဲ့ညနေကတည်းက မိုးမိပြီး အပြင်းဖျားနေလို့ ခု မလာနိုင်တော့ဘူး။ ငါ့ကိုပဲ အမှာစကား ပါးလိုက်တယ်"

"ဟင်း - ဖျားနေပြီတဲ့လား၊ ကောင်းတယ် - မလာစေနဲ့၊ အဖေနဲ့ဆို မလွယ်ဘူးပြောထားလျက်သားနဲ့၊ ခုကော ဘာလာလုပ်တာလဲ"

(ဟာ - လုပ်ချလိုက်ပြီ၊ ကျွန်တော့်အထင်နဲ့အမြင် ပါစင်အောင်လွဲပေါ့)

"ဒေအး - အဲ ဒါပြောမလို့ သူနေကောင်းပျောက်ရင်တဲ့ နှင်ဆီ "ကက်ဆက်" တစ်လုံးဆွဲလာပြီး နင်ကြိုက်မယ့် သီချင်းတွေကိုဖွင့်ပြမလို့တဲ့၊ ခုလည်း သူနေမကောင်းသလို နင်လည်း ဖျားနေမလားစိတ်ပူလို့ဆိုပြီး နှင့်ဆီလွှတ်လိုက်တယ်လေ။

ငါ မလာချင်ပါဘူးကွာ - ကိုညီကြာကယောင်ကတမ်းနဲ့ နှင့်ချည်း ယောင်ယောင်ပြီး တမ်းတနေလို့ပေါ့၊ ငါ့နယ်မနေသာပဲထွက်လာခဲ့ရတယ်။ စိတ်ညစ်ပါတယ်ဟာ။ နင် သူ့ကို ပြန်ကြိုက်လိုက်ပါလားဟ"

"အို - ဘယ်ဖြစ်မလဲ၊ သူ့မှာ မိန်းမနဲ့ ကလေးတွေနဲ့ပြီးတော့ - သူကစစ်သား ပြသနာတွေမီးမိုးကြွက်လျှောက်လိုက်လာဦးမှာ"

"ဒါတော့ ဒါပေါ့ကွယ် - သူက ပြောတယ်၊ နှင့်ကို မပိုင်ရလည်း နှင့်ဆီက အကြင်နာစကား ကြားရရင် သေပျော်..."

"အို - အသက်နဲ့အဝေးကြီး၊ သူ့ကိုတော့ သနားပါရဲ့ နောက်လည်း ဒုက္ခရှာပြီး မလာပါနဲ့လို့ - မဖြစ်နိုင်ဘူး"

ကျွန်တော့်မှာ တပည့်ကျော်နှင့် မွန်လေးတို့၏စကားသံသဲ့သဲ့ကိုချုံကွယ်မှနားထောင်ရင်း ပီတိအတွေးဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်နေရသည်။

သူလေးမျက်နှာကို ငေးကြည့်ပြန်တော့လည်း ပီတိသူ့မျက်နှာမှာ မာန်တင်းထားသော်လည်း ဝိတိနလုံးနှင့် အကြင်နာအရိပ်အယောင် ဖုံးနေမှုန်း သိသာနေပေသည်။

ထိုနေ့ကကျွန်တော်သည်ကိုယ်ထင်ပြမနေတော့ပဲ ကန့်လန့်ကာနောက်ကွယ်မင်းသားအဖြစ် ဇာတ်မြုပ်ထားလိုက်သည်။

နောက်ရက်များတွင်လည်း ကျွန်တော်သည် သူ့ထံသို့ မသွား။

ခင်မောင်မြင့်ကိုသာ သွားစေပြီး သူလေးအတွက် ဓာတ်ပုံလှလှပုံကြီးရဲ့ပြီး ယူလာခဲ့မည်ဖြစ်ကြောင်းရင်ဖွင့်စာလေး ပါ ပါးလိုက်မည်ဖြစ်ကြောင်း မျှော်လင့်ချက်ရောင်နီသန်းစေခဲ့သည့် "ယောက်ျားကြိုက်တော့စိုက်စိုက်လာ" "မိန်းမကြိုက်တော့မျှော်လိုက်ခါ" လို့ဆိုထားကြသည် မဟုတ်ပါလား။

မျှော်လင့်ချက်ဖြင့် စောင့်စားရသူအဖို့ အဖြေသိလိုဇောဖြင့် ရင်မောတတ်ကြသည်မှာ မမွတာပေမို့ အပျိုဖော်ဝင်စပုရစ်ဖူးလေးအပေါ် ကျွန်တော့်မှာ မျှော်လင့်ချက်ဖြင့် မက်လုံးပေးမိခဲ့လေပြီ။

ရှိန်းမိလေမှ ပေါ်တော်မမူသည့်ချစ်သူရည်းစား ...၊ ဆိုတီးသီချင်းလေး နားထောင်ဖို့ ပြင်နေတုန်းမှာမှ ဂစ်တာကြိုးကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖြတ်ပစ်လိုက်သည့် အမျိုးသားတို့ကြောင့် ချစ်သူမိန်းကလေးမှာ ဆန့်တင့်ငံ့ဖြစ်သွားရပုံတွေ၊ ကြုံဖူး၊ ကြားဖူးသည့် ကျွန်တော့်မှာ မိမိတကာယ်ချစ်နေမိပြီမို့ သူလေးအပေါ် မရိုးမရွ နည်းမျိုးစုံဖြင့် စမ်းသပ်ခဲ့လေသည်။

ဤသို့ဖြင့် "မျှော်တော်ယောင်" ပတ်မျိုးကို စတင်နှီးခဲ့သည့် ကျွန်တော်သည် ရွာခံရှမ်းအမျိုးသမီး "ဝိနန်းတွိ" အား "အချစ်ထောက်လှမ်းမယ်" အဖြစ် မွေးထားရှိခန့်အပ်ထားခဲ့လေသည်။ ပုဒ်မ (၄)(ပေးမှလုပ်)ဟူသော လက်သုံး





www.burmeseclassic.com

www.burmeseclassic.com

စကားနှင့်အညီ "မမလေးကို နိုးဖို့ရာ လူဆိုးတွေနဲ့ မောင်တိုင်ပင်" လုပ်ကာ ဝီနန်းတို့အားမြှူဝယ်လာသည့်စားစရာ သောက်စရာများနှင့် မိန်းမအသုံး အဆောင်တို့ကို ဝယ်၍ပင် မျက်နှာလို ချက်နှာရလာဘ်ထိုးခဲ့ရပါသေးသည်။

"ဝီအိုင်ညီ (အစ်ကို ကိုညီ)ရေ အီမွန်လေးတော့ အစ်ကိုမလာတဲ့ရက်မှာ တမေးထဲ မေးနေတယ်။ သူ နေ ကောင်းလို့များလားဆိုပြီး စိုးရိမ်တတ် နေပြီ။ အီမွန်တ ချောတော့ ရွာက ရှမ်း လူပျိုလေးတွေနောက်ပိုးပိုးကြ၊ ရှမ်းထုံးစံ လက်ဆောင်ပေးကြတယ်။ ကျွန်မတို့ ရှမ်းလေလူတကိုယ်ချစ်တဲ့မိန်းကလေးကို လက်ဆောင်အဖြစ် ပေးပြီး လက်ခံရင် မိန်းကလေးက လက်ဆောင်ပြန်ပေးရ တယ်။ အီမွန်ကတော့ ချစ်ချစ်၊ မချစ်ချစ် လက်ဆောင်တော့ယူထားရတယ်၊ ပြန် တော့မပေးဘူး။

လက်ဆောင်ပေးတဲ့ သူဟာ မိန်း ကလေးအိမ်သွားနိုင်ပြီး မိန်းကလေးရဲ့ မိဘရှေ့မှာ ညဉ့်နက်တဲ့အထိ ရည်းစား စကားပြောခွင့်ရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက် "စကားထာ" ဝှက်တမ်း တစားကြပြီး မိန်းကလေး သူ့အပေါ်စိတ် ဝင်စားမှုရှိ၊ မရှိအလစ်အငိုက်မှာ စကား နိုက်တတ်ကြတယ်။ အဲ – ရှင့်မွန်လေး ကတော့ တစ်မျိုးတစ်ဘာသာ၊ ကာလ သားတွေညည စကားလာပြောရင် "အိပ် ငိုက်တယ်" ဆိုပြီး မီးခွက်ကိုမှုတ်၊ ခပ် တည်တည်နဲ့ ဝင်အိပ်တော့တာပဲ။ သူက "ဆိုးဆိုးဆတ်ဆတ်" နဲ့ တကယ့်ဂျစ်ကန် ကန် "ထီမထင်မလေး" တော့၊ ဗမာ မဟုတ်၊ ရှမ်းမဟုတ်ဆိုတော့ ရည်းစား စကား လာပြောတဲ့ ရှမ်းတွေဟာ ဘာ လုပ်လို့ ဘာကိုင်ရမှန်းမသိပဲ ပါးစပ်ကြီး ဟို့လို့ဟောင်းလောင်းနဲ့ ကြောင်စီစီကြီး ကျန်ခဲ့ရတယ်။ အင်းလေ – သူက ဗမာ သွေး တစ်ဝက်ပါတော့ သူ့အဖေလိုပဲ ဂျစ်တိဂျစ်ကန်လေ"

ဝီနန်းတို့ပြောစကားနှင့်ပင် ကျွန် တော့်နှလုံးသားထဲ ထာဝစဥ်စိုးမိုးနေ သည့် "မွန်" မျက်နှာပေါ်မှ "အချစ်၏လျှို့ ဝှက်ချက်" အားဖတ်ကြည့်လိုက်နိုင်ပါပြီ။

ထိုအချိန်ကကျွန်တော်သည်မြန်မာ ကာလပေါ်သီချင်းများဖြစ်သည့်ကိုသန်း လှိုင်၊ ကိုတင်လှိုင်၊ ဝင်းဦးသီချင်းများကို ခံစားနှစ်မြှုပ်မိပေ၍ တောင်ယာသွား တိုင်းဝီနန်းတို့အိမ်တွင်တစ်ထောက်နား တတ်သည့် မွန်နှင့် တွေ့ဖြစ်ကြသည်။



ဘာလို့ ဒုက္ခခံပြီး လာတွေ့ရတာလဲ–တို့ရယ်။ ရွာကလူကြီးတွေဟာ အုပ်မုန့်နဲ့ အရက်ရှိမှတ်နာ တွေကိုယောက်ပြီး အစ်ကို့ကို ဘာမှလုပ်မလွှတ်ပဲနေတာ သိလား။ ရွာမှာ စုန်းအတတ်၊ အောက်လမ်းအတတ်တွေ ပါပါတယ်သနဲ့၊ မွန့်ဆီ မလာပါနဲ့တော့နော်။ အစ်ကိုကတော့ ဘာမှမသိဘူးမှတ်လား။ ဖြစ်လည်း မဖြစ်နိုင်ပဲနဲ့၊ အစ်ကို–တစ်နေ့ ဒုက္ခတွေ့လိမ့်မယ်။ ❞

ထိုစဥ် ကျွန်တော့်မှာ မြန်မာသံစဥ် အပေါ် အရူးအမူး ရူးသွပ်သူဖြစ်ရကား မွန်နှင့် ဆုံတွေ့ဖြစ်တိုင်း ကက်ဆက်မှ သီချင်းများသည် မွန့်နှလုံးသားကို လှုပ် ခတ်နိုးဆွနိုင်စွမ်းရှိခဲ့သည်။ ကျွန်တော် ကိုယ်တိုင်လည်း ဆိုပြခဲ့ရပါသေးသည်။

ပါတီကောင်စီခေတ် "ပြည်ထောင် စုနေ့" စသည့် ပွဲတော်ရက်တိုင်း သီချင်း ဆို ပြိုင်ပွဲပြုလုပ်စဥ် ကျွန်တော် ကိုမင်း နောင်၏ "ဂျင်မလေးဂျမ်း"၊ ကိုသန်းလှိုင် ၏ "တစ်ဆောင်းသစ်ပြန်ပြီ၊ ချစ်ရသည် တသက်ထက်ဆုံး" စသည့်သီချင်းပြိုင်ပွဲ များတွင် ပန်းအား ဆတ်ခနဲ ဖက်ပြီးလျှင် ဘတ်ပုံအရိုက်ခံလိုက်ပါသည်။

"စောဖေတို့နောက်ကြေပေါ့" ဆိုသည့် အတိုင်း ကျွန်တော့်အထာကို သိနှင့်နေ သည့် ခင်မောင်မြင့်မှာလည်း လျှပ်တစ် ပြက်အတွင်း၊ ဆိုင်းငံ့မနေတော့ဘဲ အသင့်ရစ်ထားသည့်ဖလင်ကင်မရာဖြင့် တဖျပ်ဖျပ် ရိုက်ပါလေတော့သည်။

"ဟင် – ဒါ ဘာလုပ်တာလဲ၊ သွား သွား – သွား – တွဲမရိုက်ချင်ဘူးဆိုနေမှ"

မွန်သည် ရုတ်ခြည်း လှုပ်ရှားလိုက် သည်။ လတ်တလောအဖြစ်အပျက် အပေါ် နားမလည်စွာ မျက်လုံးလေး ကလယ်ကလယ်နှင့်ကြည့်ရင်း နှုတ်မှ ဖွင့်ဟလိုက်ခြင်းပင်။




www.burmeseclassic.com

www.burmeseclassic.com

"ချစ်လို့ - ချစ်လွန်းလို့ ခွဲရမယ်ဆို ရင်တောင် အမှတ်တရအဖြစ် ကျန်ခဲ့ဖို့ နလိုလုပ်လိုက်ရတာ မွန်လေးစိတ်မဆိုး နဲ့နော်"

"ဘာမွန်လဲ - သူ့ကို အရျားဆွတ် ဘယ်သူခေါ်ခွင့်ပေးထားလို့လဲ - သွား ရေစ်ုး"

ကျွန်တော်တို့ခေတ် အခါက ထွေထွေသိုလ်ဘုန်းနိုင်၏ "နွယ်ဦးမွန်မို့ ချစ် တွင်ရတင်သည်" ဝတ္ထုခေတ်စားအချိန်ဖြ စ်၍ကျွန်တော့်မှာ သူလေးအား ချစ်တွင် တင်ချင်၍ "နွယ်ဦးမွန်" ဟုပင်နှစ်ယောက် ထဲသာသိသည့် တိုနာမည်လေးအား ပေးထားမိလေသည်၊

"မွန်" ဟုခေါ်သည့်မိန်းကလေးကို စတင်မြင်ဖူးချိန်မှစ၍ ကျွန်တော် ကျင် လည်ခဲ့ဖူးသည့် ရမွက်ချစ်များသည် ဆိတ်သုဉ်းပျောက်ကွယ်ကာ ချစ်မျက် နှာလေးကို တစ်နေ့မမြင်ရ၊ မနေတတ် သည့် အလား သမုဒယသံယောဇဉ် အချစ်သည်သာ စိုးမိုးခဲ့ရချေတော့ သည်။

တစ်ခါတလေမှာတော့ မွန့်ကိုကြည့် ပြီး ကျွန်တော်သူ့အလှကို ခွဲခြမ်းစိတ်ဖြာ မိသည်။ မွန်သည် ပက်ပက်စက်စက် မထိရက်၊ မကိုင်ရက်စရာ ရွှေရုပ်လေး တစ်ရုပ်လို လှနေလို့လား၊ မဟုတ်ပါ။ မွန့် အလှကဟန်ဆောင်မှုကင်းသည့်သဘာဝ အလှ၊ အပြစ်ကင်းသည့်အလှနှင့် တော ဆန်ဆန် ကျွန်တော့်စိတ်အဝင်ကို ချမ်း မြေ့စေသည့် အရိုင်းအလှသာ ဖြစ်ချေ တော့သည်။

ပင်ပန်းနွမ်းနယ်သည့်နေ့တွင် မွန် နှင့်တွေ့ကာ စကားဖောင်ဖွဲ့ပြောနေရ လျှင်ပင် ကျွန်တော် ပျော်တတ်ပြီ။ မွန့်ကို သူတို့ရွာမှာ မတွေ့ရလျှင် ကျွန်တော့်မှာ မရှက်နိုင်၊ မကြောက်နိုင် ခေါင်းတောက် အောင် ရှာရပေဦးတော့မည်၊

ဤသို့ဖြင့် မွန် "ပင်လုံ" သို့ အလည် သွားသည့်တစ်နေ့တွင် ကျွန်တော်သည် ရှေ့မျက်နှာ နောက်ထားပြီးကြောက်အား ပိုပိုဖြင့် မွန့်မိခင်ထံ စုံစမ်းရတော့သည်၊

"အဲ - အင်း - သမီးကပင်လုံ(၇)ရပ် ကွက်က သူ့အဒေါ်အိမ် အလည်သွား တယ်"

မွန့်မိခင် သည်သို့နယ် လမ်းညွှန် လိုက်သည်နှင့် ကျွန်တော်တို့ ဆရာ တပည့်နှစ်ယောက်သည်ဘုမသိဘမသိ ဖြင့် မိမိမကျွမ်းသည့် နယ်ဖြစ်သည့် ပင်လုံမြေသို့ဒုန်းစိုင်းခြေဆန်ခဲ့ရပါတော့ သည်။



"ဟား - ဟား - မောင်ရင်တို့ကို ဘယ်သူက ချွန်တွန်းလွှတ်လိုက်သလဲ။ ပင်လုံမှာ (၇)ရပ်ကွက်ဆိုတာ မရှိဘူး။ (၅)ရပ်ကွက်လောက်ပဲရှိတယ်"

ကဲ - ကောင်းကြသေးရဲ့လား၊ ကျွန် တော့်အား ယောက္ခမ(အမ)လောင်းက အတည်ပေါက်ကြီးနှင့် ကောင်းကောင်း ညာပေးခြင်းကို ခံလိုက်ကြရပါတော့ သည်။

သည်သို့ဖြင့် ချစ်သူပျောက်ရှာပုံ တော်ဖွင့်သည့် ကျွန်တော့်မှာ ပင်လုံမြေ မှ တစ်ခေါက်ပြန်လာခဲ့ရဖူးချေပြီ၊

မက်မွန်မုန်းရွာ၏ အနောက်ဘက် တွင် တစ်နစ်ပတ်လုံး ထူးခြားစွာ ရေနီ၊ ရေနောက်နေတတ်သည့် "ရေနီကန်" ကြီးသည် ရှိ၏။ ထိုရေနီကန်သည် တစ် ရွာလုံးအတွက်သောက်ရေသုံးရေအဖြစ် အားထားရသည့်ကန်ဖြစ်ချေ၍ ကျွန် တော်သည် ကျွဲလှည်းတပ်လှည်းတစ်စီး ဖြင့် ရေလာခပ်တတ်သော ချစ်ရသူမွန် အား ချုံကွယ်တစ်နေရာမှ ချောင်းနေ တတ်ပါသည်၊

မွန့်မိဘမောင်ဘွားတို့ ပါမလာ သည့်နေ့တွင် ကျွန်တော်သည် ချောင်း နေရာမှ ထွက်လာပြီး အချိန်ရလျှင် ရသလို စကားပြောတတ်သည်၊

"ဘာလို့ ဒုက္ခခံပြီး လာတွေ့ရတာ လဲ - ကိုရယ်။ ရွာကလူကြီးတွေဟာ ... မှုနဲ့ အရာရှိမျက်နှာတွေကိုတောင် ... အစ်ကို့ကို ဘာမှလုပ်မလွှတ်ဝဲနေတာ ... သိလား။ ရွာမှာ စုန်းအတတ်၊ အောင် ... လမ်းအတတ်တွေ ပေါပါဘိသနဲ့။ မွန့် ... မလာပါနဲ့တော့နော်၊ အစ်ကိုတတော့ ... ဘာမှမသိဘူးမှတ်လား။ ဖြစ်လည်း ... နိုင်ပဲနဲ့။ အစ်ကို - တစ်နေ့ ဒုက္ခတွေ့လိမ့် မယ်"

"မွန်ရယ် - တစ်ရွာလုံးကလို့ ... ကမ္ဘာလုံးက အစ်ကို့ကို ဘယ်လိုတား ... တား ရွှေပင်လယ်ကြီး ဘယ်လိုဆီး ... တောအထပ်ထပ် တောင်အသွယ်သွယ် ... ကိုဖြတ်ပြီး မွန့်မျက်နှာလေး မြင်ရ ... ကိုယ်အရောက် လာတွေ့မယ်၊ ... "မြသန်းတင့်" ရဲ့ဝတ္ထုထဲကလိုတားတော ... ကိုကျော်၍မီးပင်လယ်ထဲဖြတ်ရဖြတ် ... အချိန်ရရင်ရသလို အစ်ကို ရောက်လာ ... နေမှာပါ - မွန်"

ကျွန်တော့်ခိုင်မာသည့်ဖွဲ့နှင့်လျှ ... အပေါ် တားဆီးမရနိုင်သည့် မွန်သည် ... ကျားဝိန်တွယ်တွယ်နေသည့်ကျွန်တော ... အဖြစ်ကိုကြည့်ကာ သက်ပြင်းချရသည် ... နှင့်သာ အဆုံးသတ်ရတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

သူမ တွေ့ကြုံရသမျှ အဘယ်မည်သောယောကျာ်းသားနှင့်မျှမတူအောင် ချစ်ခွဲတံခွန်လုပေသည့်ကျွန်တော့်အပေါ် သနားချစ်နှင့်အတူ သံယောဇဉ်မြစ်ပျဉ်းတို့ သွယ်ဆင်းနေပြီဖြစ်ကြောင်း ဆဌမအာရုံမိုပ်ဖြင့် ကျွန်တော် မှန်းဆ၍ ရနေပါပြီ။

အမှန်တကယ် ချစ်မိပြီဆိုလျှင် မိမိချစ်ရသူအတွက် အချိန်ပေါင်းများစွာ ဘဝပေါင်းများစွာ ပေးဆပ်တတ်ကြသည်မဟုတ်လား။

သို့အတွက်ဝင်ကျွန်တော်သည်မိမိတွေ့ကြုံရင်ဆိုင်လာရမည့်အန္တရာယ်ကိုပင် မကြောင်းနိုင်ဘဲ သူလေးရှိရာသို့ တာဝန်ပြီးဆုံးချိန် ခတ်ပုံရိုက်ထွက်ပြီး ပင်ချင်းလှတ်၊ နှလုံးချင်း ဆက်သည့် တောအုပ်အုပ် ထိုရွာကလေးထဲသို့ တစ်နေ့သောနေဝင်ဆီးတရောအချိန်တွင်တပည့်ကျော်နှင့်အတူ ရောက်သွားကြသည်၊

ထိုအချိန်က မက်မွန်မုန်းရွာမှာ ယခုတွဲသို့ တိုက်တာအိမ်ခြေများဖြင့် စည်ကားခြင်းမရှိလေရကား ရွာငယ်ဇနပုဒ်မျှသာ ရှိနေပါသေးသည်၊

ရေနီကန်နံဘေးမှဖြတ်ပြီး ရွာသို့အဝင် ဝါးပိုးရုံတစ်ရုံမှ "ဟောခနဲ၊ ရှောခနဲ" ဖြတ်သန်းစီးဆင်းလာသည့်အသံတစ်ခုအား တုန်လှုပ်ချောက်ချားဖွယ်ကြားလိုက်ရသည်၊

"ဟော – ကိုညို – ဟို – ဟိုမှာ – မြွေမြွေကြီး – အမြီးထောက်ပြီး ကျွန်တော်တို့ဆီစောင်းကန်းစောင်းကန်းလိုက်လာပြီး ဝန်းစောင်းကြီးနဲ့တူတယ်၊ မြေးတော့ကိုညို"

ကျွန်တော့်မှာ တပည့်ခင်မောင်မြင့်ပြောသည့်စကားပင် မဆုံးလိုက်ရ၊ စက်ဘီးကို နောက်ပြန်ကွေ့ကာ လာရာလမ်းသို့ပြန်းရချေတော့သည်၊

ကျွန်တော်တို့ ဆရာတပည့် နှစ်ဦးသည် ကံသီပေ၍သာ ထိုင်နှံးစောင်းမြွေရန်မှလက်မတင်လေးလွတ်မြောက်လာရပါသည်၊

ကျွန်တော်တို့အဖြစ်မှာ သည်မျှနှင့်ပင် အဆုံးမသတ်ချေသေး၊

အမှတ်မရှိသည့် ကျွန်တော်တို့နှစ်ယောက် လမိုက်ညတစ်ညဌ်၊ ဝါးရုံနှင့်သစ်တောအုပ်အုပ်ပေါ်မှ နိမ့်ချည်မြင့်ချည်ဖြင့် ဝဲကျလာသည့် မီးလုံးကြီး သုံးလေးလုံးခန့်ကို မြင်လိုက်ရသည်၊ အနီးကပ်ခေါင်းပေါ်မှ ဖြတ်ပျံလာသည့်အချိန်တွင် ထိုမီးလုံးကြီးသည် စုန်းမဦးခေါင်းပြတ်သဏ္ဌာန် ခေါင်းမှထွက်တျလာသည့် သွေးစက်လက်များဖြင့် ချောက်ချားစွာ မြင်လိုက်ကြသည်၊

"ကိုညို – ဒီရွာက ကျွန်တော်တို့ကို စုန်းတိုက်ပြီး ခြောက်လှန့်လိုက်ပြီထင်တယ်၊ ဒီရွာက ချောက်ချားစရာ ရွာကြီး၊ ပြန်ကြရအောင် – ကိုညိုရယ်၊ အိမ္မာန်နဲ့တွေ့ဖို့ စိတ်လျှော့လိုက်ပါတော့၊ ဟောပြောရင်းနဲ့ ကြောက်တောင်လာပြီ၊ တွေ့လား – စုန်းမတွေက ဝါးရုံပေါ်မှာ ပညာပြိုင်သလိုနဲ့ တွဲလောင်းကြီး အူအခွေလိုက်နဲ့ ခြောက်ပြနေတယ်"

"ဟုတ်ပါတယ် – ခင်မောင်မြင့်ရယ်၊ မွန်ကို တွေ့ချင်တဲ့ဇောသာမရှိရင် ငါလည်း ကြောက်လွန်းလို့ သေသွားနိုင်တယ်"

ဤသို့ဖြင့် ကျွန်တော်တို့သည် နောက်တစ်ကြိမ် ထိုချောက်ချားဖွယ် ချစ်သူရွာကလေးမှ တစ်ခေါက်ပြန်လိုက်ရပါပြီတည်း၊

နောက်တစ်နေ့၊ တောင်ယာဆင်းနေသည့် မွန်နှင့် တွေ့သည့်အခါမနေ့ညက တွေ့ကြုံလိုက်ရသည့်အဖြစ်အားပြောပြဖြစ်တော့သည်၊

"အမလေး – ရင်တုန်လိုက်တာ အစ်ကိုရယ်၊ ကံသီလို့သာ အစ်ကိုတို့ လွတ်မြောက်သွားတယ်မှတ်ပါ၊ ရွာကရှမ်းကုလားသားတွေ ပြောနေသံကြားရသလောက် အစ်ကိုတို့ကို နတ်မြွေ တိုက်မြွေတွေနဲ့ တိုက်လွှတ်တယ်ဆိုလား၊ စုန်းနဲ့တိုက်လွှတ်တယ်ဆိုတာ ပြောနေကြတယ်၊ အစ်ကို ဟာလေ – ဘယ်လောက်ပြောပြော အကြောက်တရားတို့ မရှိဘူး"

"ဒါဟာ – ချစ်လွန်းလို့ပေါ့ – မွန်ရယ်"

သည်သို့သည်နှယ် အန္တရာယ်နယ်မြေထဲ တိုးဝင်ရတိုင်း တစ္ဆေမကြောက် မြွေမကြောက်သည့်ကျွန်တော့်အဖြစ်တို့ ကျွန်တော် ပြန်လှည့်စဉ်းစားရင်း ထန်းစစ်ကြည့်မိပေသည်၊ "ငါချစ်တဲ့တောင်မလေးဟာ အရမ်းကို လှနေလို့လား၊ တိုက်ကြီးပေါ်က ဂုဏ်ကြီးရှင်သမီးချောနှင့်လား၊ ပွဲတက်မယားမို့လား"

မဟုတ်ပါချေ၊ တောင်ယာပေါင်းနုတ်အလုပ်ဆင်းပြီး သူ့မျက်နှာပေါ်မှ တဒီးဒီးကျရှာသည့် ချွေးသီးတို့ဖြင့် တန်ဆာဆင်၊ ဂုဏ်အင်မဖက်သည့် "ချွေးစက်" အလှသည်သာ ကျွန်တော့်အတွက် ပုလဲလုံးလေးပမာ တန်ဖိုးထားခဲ့ရသည်မဟုတ်ပါလား။

ထိုစဉ်က ကျွန်တော့်အားသင်ရှော မိုလ်ကြီးနှင့် အုပ်ချုပ်ရေးမှူးရှိတို့တာ

www.burmeseclassic.com

ရာမှ တိုင်ကြားလာချက်၊ သုံးသပ်ချက်နှင့်အတူ သတိပေးစကား ပြောလာကြသည်။

"ဆရာသတင်းတွေကမက်မွန်မုန်းတစ်ရွာလုံးမှာ မွှေးနေပြီ၊ ဟိုကလေးမလေးတလည်း အပျိုနနထွတ်ထွတ်၊ ကြောခင် သူ့အဖေလက်အောက်ကလေတပ်သားနဲ့ ပေးစားတော့မှာတဲ့၊ ဆရာမှာလည်းလွတ်မလပ်နဲ့ဆိုတော့ နောက်ဒုက္ခတွေ လာတိုင်နေကြပြီ၊ ရွာနဲ့တယ်ပြဿနာဖြစ်ကြရင်အကောင်းဆုံးပေါ့-ဆရာ"

အရာရှိတို့ ကျွန်တော့် ခေါ်တွေ့ပြီးနောက်တစ်နေ့တွင်ကျွန်တော်တို့နှစ်ဦးတည်းသာသိထားကြသည့် "အချစ်သစ်ပင်" ဟုအမည်ပေးထားသည့် ပျဉ်းမပင်ကြီးအောက်တွင် ဆုံတွေ့ဖြစ်သည်၊ ကျွန်တော်သည် မွန်နှင့် တွေ့တွေ့ချင်းပင်-

"ဘယ်လိုလဲ-မွန်၊ ကိုယ်ကြားထားရသလို မွန့်ကို ယောကျ်ားပေးစားတော့မယ်ဆို၊ ကိုယ်ဘယ်လိုလုပ်ရမှာလဲမွန်၊ ကိုယ်-မွန့်ကို လုံးဝအဆုံးရှုံးမခံနိုင်ဘူး"

"မွန်-စိတ်ညစ်ပါတယ်၊ အစ်ကိုကလွတ်လပ်လို့လား၊ ပြီးတော့-အစ်ကို့မိန်းမနဲ့ကလေးတွေကိုအစ်ကိုစွန့်လွှတ်နိုင်လား၊ စဉ်းစားနော်-မွန့်ကို ယူလိုက်တယ်ထား၊ အစ်ကို အလုပ်ပြုတ်မယ်၊ အစ်ကို့မိန်းမတိုင်လိုက်ရင်ထောင်လည်းကျမယ်၊ ဘယ်ဘက်ကကြည့်ကြည့် အစ်ကို့အတွက် အရှုံးကြီးပဲ၊ စစ်တပ်မှာတစ်ပြိုင်ထဲ မိန်းမနှစ်ယောက် ယူပိုင်ခွင့်မရှိဘူးမှတ်လား-ကိုရယ်"

မွန်ပြောသလိုပင်ကျွန်တော့်အဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူးစေသည့် ပဒိုင်းသီးအား လက်ဝယ်ပိုင်ပိုင်ရှိထားနှင့်သူ၊ အရူးတစ်ယောက်လို ဖြစ်နေပါပြီ၊

ဘယ်သို့ပင်ဖြစ်ပါစေ၊ ကျွန်တော်တတော့ မျက်တန်းတဆွေမကြောက်သူလို အချစ်နှင့် တည်ဆောက်သည့်ကမ္ဘာတစ်ခုကို ဖန်ဆင်းမိလေပြီတကား၊

ထိုကာလက မက်မွန်မုန်းရွာသည် ကျွန်တော် ဆိုခဲ့ဖူးသလို တိုက်တာအိမ်ခြေနှင့် ကတ္တရာလမ်းပင် မရှိလေရကား ချစ်သူမျက်နှာ လမင်းစန္ဒာအား မြင်ချင်လွန်းလှသည့်ကျွန်တော်သည်ခင်မောင်မြင့်ကို အပူကပ်ကာ မောင်လွန်းသည့် ညဦးတစ်ညတွင် ထိုချောက်ချားဖွယ်ရှမ်းရွာလေးသို့ ခရီးဆက်ကြပြန်သည်၊

ထိုညတွင်ကျွန်တော်တို့နှစ်ယောက်သည် ယခင်ဝင်နေကျ ရေနီကန်လမ်းမှ



မဝင်ပဲ ရွာတောင်ဘက်ရှိခနော်နီခနော်နဲ့ခင်းထားသည့်ကျောက်လမ်းဘက်မှဝင်ဖြစ်ကြသည်၊ ထိုလမ်းမှာ ရွာသချိုင်းကုန်းသို့သွားသည့်လမ်းဖြစ်၍ညဆိုလျှင်မည်သူမျှ မထွက်ဝံ့သည့်လမ်းပင် ဖြစ်ချေ၍ကျွန်တော်တို့မှာ လူမမြင်အောင်သွားနိုင်ပါလိမ့်မည်၊

ရှမ်းတို့သည် အသုဘအလောင်းကောင်အားအသုဘမချမီရွာပြင်ရှိထိုနေရာတွင်ထားပြီး အလောင်းဖြစ်ကြသည်၊ အသုဘချရာတွင်သုံးသည့် ဝါးလုံး၊ ဝါးခြမ်းပြား၊ သစ်တိုသစ်စတို့ကို ထိုနေရာတွင်စုတ်ထွင်ပြီးပစ်ထားကြ၍အလောင်းကောင်တစ်ထောက်နားသည့်ထိုနေရာသည် နာနာဘာဝဝိညာဉ်တစ္ဆေတို့ဖြင့်ကွန့်မြူးနေတတ်ကြကြောင်း ရွာသားများပြောစမှတ်ပြုသည့်နေရာလည်းဖြစ်ပေတော့သည်၊

ညညဆိုလျှင်လေတပ်မှအမဲလိုက်သမားများသည် အမဲကောင်များကို ဤနေရာတစ်ဝိုက် လာရောက်ပစ်ခတ်နေတတ် သည့် နေရာဖြစ်၍လည်း သားကောင် ပေါများလှသည်၊

ထိုညကကျွန်တော်သည်တစ္ဆေသရဲနှင့် သားရဲတိရစ္ဆာန်တို့ကိုပင် မကြောက်အားရေ့ပဲနှစ်ယောက်သား[illegible]တောတိုးထွက်လာကြတော့သည်၊

ထိုသို့သော အန္တရာယ်ရစ်ဝန်းသို့ဖြတ်သန်းအလာတွင် ကျွန်တော်တို့သည် မမျှော်လင့်သည့်အန္တရာယ်တစ်ခုနှင့် ပက်ပင်းတိုးမိကြသည်၊

"ဂရှူး-ဂရှူး-ဝူး-ရှူးရှူး"

ရှေ့တူရူမှ နှာမှုတ်သံများနှင့်အတူ မည်းမည်းကောင်တစ်စုတို့သည် ကျွန်တော်တို့ရှေ့တူရူရှိ ကျဉ်းမြောင်းသည့်ကမူလမ်းပေါ်သို့ အိပုံ့အိပုံ့ဖြင့် အမှတ်မထင် ရောက်ရှိလာကြတော့သည်၊ ရှေ့နောက် ဝဲယာဘေးဘယ်ညာအနှံ့ ထိုမည်းမည်းကောင်တို့သည် မီးဝင်းဝင်းတောက်နေသည့်နယ် ရဲရဲနီသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်ရင်း ကျွန်တော်တို့နှစ်ယောက်အား ဝိုင်းထားကြတော့သည်၊

အန္တရာယ်မီးဝိုင်းသည့်နယ်ညောင်းမည်းကောင်တို့သည် ကျွန်တော်တို့နှစ်ယောက်အား ပြေးပေါက်မရှိရလေအောင် ပိတ်ဆီးထားလိုက်ကြသည်၊

"ဟာ-ဂါ့တပည့်ရေ-တို့ ပြေးလို့မလွတ်တော့ဘူး၊ မြန်မြန်မှောက်မှာတအိပ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

တပည့်ဖြစ်သူအား အလျင်အမြန် သတိပေးစကားပြောအပြီးကျွန်တော်တို့သည် ထိုကျောက်လမ်းပေါ်သို့ ဖြိုင်တူ အားလျားထိုးမှောက်အိပ်လိုက်ကြသည်။

မိမိအနားကပ်ပြီး မှောက်အိပ်နေသည့်တပည့်အားလည်း ကြားလောက်ရုံ လေသံသဲ့သဲ့ဖြင့် "အသက်အောင့်ထား၊ အသံလုံးဝမထွက်စေနဲ့၊ အသေကောင်လို တန်ဆောင်ပြီးနေ"ဟု သတိပေးလိုက်ရသည်။

ထိုမည်းမည်းကောင်တို့မှာ ကျွန်တော်တို့အား နာခေါင်းတို့ ရှုံ့ရှည်ပွရှည် လုပ်ရင်း အတန်ကြာမျှ အနံ့ခံနေသေးသည်။ သူတို့သည် နှုတ်သီးဖြင့်လည်း ထိုးတာလော်ရင်း ကျွန်တော်တို့အား မှောက်လျက်မှ ပက်လက်အနေအထားသို့လှန်လှောပစ်လိုက်ကြသည်။သေချာသထက် သေချာအောင် လူသေကောင်လိုတန်ဆောင်ထားသည့်ကျွန်တော်တို့အားရှေ့ခြေထောက်များဖြင့်စမ်းထောက်ကြတုန်း၏။

ထိုစဉ် ကျွန်တော်သည် အသက်မရှူရဲ့သလို မျက်စိပင် မဖွင့်ရဲခဲ့၊ ထိုမည်းမည်းကောင်တို့၏ နာခေါင်းဝမှ ထွက်လာသည့် ပုပ်အက်အက်ပင့်သက်များကိုသာ စိတ်မသက်မသာ ရှူရှာစက်ဆုပ်စွာ ရှူရှိုက်နေရသည်။

တစ်အောင့်မျှအကြာ စိတ်ချလက်ချရှိဟန်ဖြင့် ထိုမည်းမည်းသတ္တဝါတို့သည်တောလမ်းဘေးရှိစိန်နဘဲ(စိန်နားပန်း)ချုံထဲသို့ အသီးသီး တိုးဝင်ပျောက်ကွယ်သွားကြတော့၏၊ သည်တော့မှပင် ကျွန်တော်တို့သည် ကြောက်သက်ပြင်းအား "မှုင်းခနဲ" ချနိုင်ပါတော့သည်၊

ကျွန်တော်တို့လည်း ဆိုင်းငံ့မနေသာတော့ပဲ ထိုမည်းမည်းကောင်တို့နှင့် ရင်ဆိုင်တိုးမိကြစဉ်က ထိုးလှဲချထားသည့်စက်ဘီးတို့အား ကိုယ်စီကောက်ယူပြီးလျှင် လာရာလမ်းဘက်သို့ ခြေနင်းနှင့် ဖဝါး တစ်သားတည်းကျစေလျက် စက်တပ်ယာဉ်အလား အပြင်းအထန်နင်းမြန်လိုက်ရသည်၊

"ကိုညိုရေ - ခင်ဗျားပြောသလို မျက်စိကိုမှိတ်၊ အသက်မရှူပဲ နေလိုက်ရတော့ဒီကောင်တွေဘာကောင်တွေလဲဆိုတာတောင်မသိလိုက်ရဘူး၊ဒီကောင်တွေဟာ ဘာကောင်တွေလဲဗျ"

"အဲဒါ ဝက်ဝံကောင်တွေပဲ၊ ကျုပ်တို့သာ အသေကောင်လို မနေမိခဲ့ရင် ဒီကောင်တွေက ကျုပ်တို့ကိုအစွယ်တွေနဲ့ ထိုး၊ လက်သည်းတွေနဲ့ ကုပ်ပြီးသတ်မှာ"

၃၃

တစ်နေ့တွင် ကျွန်တော်သည် အန္တရာယ်များလှသည့်စမ်းသပ်မှုတစ်ခုအနေနှင့် အားထုတ်ဖန်တီးလိုက်ပါသည်၊

ထူးခြားစွာပင်ထိုနေ့ကမွန်တို့သည်ရွာထဲတွင်အလုပ်မဆင်းဖြစ်ပဲ ရွာအပြင်ဘက်ကတ္တရာလမ်းတစ်ဖက်ရှိ အမှတ်(၆)ဂူကျောင်းအနီးတွင် ပေါင်းပေါက်နေကြစဉ်ဖြစ်သည်၊ သူငယ်ချင်းရှမ်းမလေးများကလည်း တစ်ဦးနှင့်တစ်ဦး ကိုက်(၂၀)ခန့် ဝေးနေ၍ ကျွန်တော်သည် တပည့်ကိုနောက်ချန်နေရစ်ခဲ့စေပြီးမွန်ရှိရာသို့ အချက်ပြခေါ်လိုက်သည်။

တွေ့နေကျဖြစ်၍ မွန်သည် ပေါက်သက်စပေါက်တူးကိုချ၊ မားမခါးကြားထိုးပြီးလျှင် ကျွန်တော့်ထံသို့လျှောက်လာပါသည်၊

မွန်သည် ကျွန်တော့်အားမြင်သည်နှင့်ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို အသံခပ်မာမာနှင့် မေးလိုက်သည်၊

"ဘာလာလုပ်ပြန်တာလဲ၊ ဟိုမှာ တွေ့လား၊ ကျွန်မ [illegible] တိုင်တော့မှာပဲ - သွားတော့"

"မွန့်မျက်နှာလေးကို တစ်ဝကြည့်ဦးမယ်၊ စကားနည်းနည်းပြောမယ်၊ ပြီးတော့ - ပြန်မှာပါ၊ ဓကလောက်ဟိုနားက ကျောက်ဆောင်နံဘေးမှာထိုင်ပြီးစကားပြောရအောင်နော်၊ အစ်ကို့အတွက် သိပ်အရေးကြီးတဲ့စကား ပြောစရာရှိလို့"

မွန်သည် ကျွန်တော့်အား သူ၏ ညိုမှောင်မှောင် ညိုမြက်ဝန်းဖြင့် ချက်မှောင်ကြုတ်ကြည့်လိုက်ကာ စဉ်းစားသလိုမျက်နှာပေးနှင့် ပြောလာသည်၊


"ဒါပဲနော် - ပြောစရာရှိရင် မြန်မြန်ပြော - မြန်မြန်ပြန်"

မွန့်အဖြေစကား ကြားလိုက်ရသဖြင့်ကျွန်တော့်ဝမ်းထဲ "ကုလားဘုရားပွဲ"လှည့်သည့်နှယ် အလွန်ပျော်သွားပါသည်၊

"ဒါဖြင့် - လာ - ကျည်ကွယ်မျက်ကွယ် - ဟိုး - ကျောက်ဆောင်နား သွားစကားပြောရအောင်"

"ဘာကျည်ကွယ်မျက်ကွယ်လဲ၊ သူ့ကိုဘယ်သူက သေနတ်နဲ့ ချောင်းပစ်နေမှာမို့လို့လဲ"

www.burmeseclassic.com



မွေးမသား
ဒီလောက်ပြောထားရက်သားနဲ့
အဲဒါကြီး လာဝံ့သေးတယ်
ငါ မှန်နေလို့ ချော်မိတာ
မင်းတို့ ကံကောင်းသွားတယ်
အော့–အော့–ဝေါ့ အဲ့အဲ့ **၆၆**

ကျွန်တော့်စကားအဆုံး မှန်သည် ခါးနှိမ်ခြင်း ချည်နှောင်ထားသည့် သူ့ဝမိ တို အသာမတော ခွန်းတုံ့ပြန်ရင်း ကျွန်တော့်နောက်မှ လိုက်ပါလာသည်။

ထိုစဉ်က သူ့မျက်နှာမှာ အရိုးခံမှ တတယ့်အရိုးခံကလေးပါ။ အကြံသမား ကျွန်တော်ကတော့ ရှေ့ကသာ လျှောက်နေရပေမယ့် ရင်တွေ တဒိန်းဒိန်း ခုန်နေပြီ။

ကျောက်ဆောင်နံဘေးလည်း ရောက်၊ ရှမ်းမလေးတွေလည်း မမြင်နိုင်လောက်ပြီမို့ ကျွန်တော်သည် အနီးရှိမှန့်လက်ကိုဆွဲပြီး အထိုင်ခိုင်းလိုက်တော့သည်။

"အင်း–အစ်ကိုပြောမယ့်စကားက အရမ်းကို အရေးကြီးတယ်၊ မှန်လေး သေသေချာချာ နားထောင်၊ ကိုယ်လေ မှန့်ကို လုံးဝအရှုံးရှုံးမခံနိုင်တော့ဘူး သိလား။ ဟိုတစ်နေ့ကမှန်ပြောတယ်မဟုတ်လား၊ နွားလာဝယ်တဲ့နွားပွဲစား ကုလားမြင့်သိန်းနဲ့ရှိုနှုတ်တို့ကမှန့်အဖေကိုစည်းရုံးပြီးအမဲသားတွဲတွေ "နမ့်စန်ပေါင်မုန့်" တွေ လာလာပို့ကြတယ်ဆို။ ဟိုကောင်ကုလားမြင့်သိန်းကလည်း ဟိုနှုတ်ခမ်းမိုမို မဲ့နက်ကလေးနဲ့ ကောင်မလေးတော ချစ်စရာလေးနော်၊ သူ့အမေကို စည်းရုံးပြီး အလစ်သုတ်ဦးမှဆိုပြီး ကိုယ့်ကို ရီသဲ့သဲ့နဲ့ ပြောသွားသေးတယ်၊ တို့ဘုရားက မယားဘက်ခပ်ပါပါဆိုသလိုမှန့်အမေကလည်း လက်ဆောင်လေး၊ ဘာလေးရလိုက်တာနဲ့ ကုလားဘက် ခပ်ပါပါဆိုတော့ အစ်ကိုစိတ်မချနိုင်တော့ဘူးကွာ၊ ပြီးတော့–မှန့်အဖေကလည်းပြောတယ်ဆို၊ အီနွံ–နင့်သမီးကိုငါ့တပည့်လေတပ်သားနဲ့ ပေးစားမှဖြစ်တော့မယ်၊ ငါက ဗမာဆိုတော့ ဗမာနဲ့ပဲ သဘောတူတယ်ဟော့လို့ ပြောသေးတယ်ဆို"

ခါးကြားထိုးထားသည့် ဓားမကို ထုတ်ကာ ရှေ့ရှိ မြက်ဖုတ်တို့အား အမိပွာယ်မဲ့ ခွေ့ရမ်းနေသည့်မှန်သည် ကျွန်တော့်စကားကြောင့် ကျွန်တော့်အား ရွှန်းလဲ့သည့်မျက်ဝန်းများဖြင့် လှန်ကြည့်လှန်ကြည့်သည်။

"လူတွင်ပါမှ နွားကျားဆွဲတာပါ အစ်ကို။ မှန်ကငယ်သေးတယ်၊ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ ကုလားတွေ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ လက်ဆောင်ထုပ် တကိုင်ကိုင်နဲ့ လာလာရစ်နေတာ မှန် သိသားပဲ၊ အဲဒီ့အခါ ကုလားရှေ့ဓားမမြှောက်ပြပြီးမှန် လစ်ထွက်သွားတာပဲ၊ မှန် စိတ်ညစ်တယ်၊ အဖေလည်း တစ်မျိုး၊ နေ့ရှိသရွေ့ အရက်မူးလာတိုင်း မှန့်ကိုအငြိုးတကြီးနဲ့ဆူတယ်၊ ရိုက်တယ်၊ အမေလည်း ဘာထူးလဲ၊ အမှန်က တစ်ဖက်၊ သူတို့က တစ်ဖက် ဆိုသလိုဖြစ်နေတယ်၊ တစ်ခါတစ်ခါ မှန်လေ–သူတို့နဲ့ဝေးရာဟိုးအဝေးကြီးကိုထွက်ပြေးလိုက်ချင်တယ်၊ ဘယ်သူမှမရှိတဲ့ဟိုး–အဝေးကြီး–အဝေးကြီးကိုပေါ့"

"ဟိုးထား–ဟိုးထား–ဆရာကြီး တကယ်လို့မှန်ထွက်ပြေးလာရင်အစ်ကို့ ရင်ဘတ်ဆီပဲ ပြေးလာခဲ့ပေါ့"

"ဟွန်း–မပြောလိုက်ချင်ဘူး။ လိမ်မျိုး၊ မိန်းမရှိနေရက်သားနဲ့ မှန့်လို အမျိုးနနထွတ်ထွတ်လေးကိုမှ ချစ်ချင်၊ လိုချင်ရတယ်လို့"

မှန်သည် ပြောရင်းပင် မျက်ရည်မို့လာရှာ၏။ ကျွန်တော်တို့၏မတူညီသော လတ်တလော မျဉ်းပြိုင်ဘဝနှစ်ခုအပေါ် ဝေခွဲရခက်နေဟန် တွေဝေနေရှာသည်။

ပစ္စက္ခအခြေအနေအပေါ် အခွင့်ကောင်းယူကာ ကျွန်တော်သည် တွေဝေနေသည့် မှန့်အား ဆတ်ခနဲ တွန်းလှဲချလိုက်ပါသည်။ ပြီးလျှင် ရှိသမျှအားအင်ဖြင့် ဖျစ်ညှပ်ပြီး သူမအပေါ်အပိုင်ကြံရန် ကြိုးစားလိုက်သည်၊ ယုံကြည်လို့ လိုက်လာပြီးမှ ပြုရက်လေခြင်းဆိုသည့်အကြည့်၊ အံ့သြယူကျုံးမရသည့်အကြည့်တို့ဖြင့် မှန်သည်ကျွန်တော့်အား စော်ကားမိလျှင် စိမ်းစိမ်းကြည့်ပြီးလျှင် ဆော်မိုးထားသည်

www.burmeseclassic.com

ကျွန်တော့်ကိုယ်ပေါ်မှ အတင်းပင် ရုန်းထွက်လိုက်ပါသည်။

"လွှတ် - လွှတ် - ရှင် ခွေးကျင့်ခွေးကြံ့ ကြံ့နဲ့၊ လူကို ဘာမှတ်လဲ၊ အသက်ရှင်း လဲလိုက်မယ်၊ ရှမ်းမဆိုပြီး ကြောဖို့ကြံတာလား။ သွား - ရှင့်မျက်နှာမမြင်ချင်ဘူး။ ဒီနေ့တစပြီး ကျွန်မနဲ့တွေ့ဖို့ မကြိုးစားနဲ့တော့၊ ရှင် - ကျွန်မဆီ လာရင် ရွာလူကြီးနဲ့ကို အဖမ်းခိုင်းဦးမယ် - သွားတော့"

သည်သို့ပြောလည်းပြော၊ ငိုလည်းငိုကြွေး သူသည်ကျွန်တော့်အား အသင့်တိုင်ထားသည့် ဓားမဖြင့် လိုက်ခုတ်ပါတော့သည်။

"နေ - နေပါဦး - မွန်ရယ်၊ ကိုယ်ရှင်းပြပါရစေဦး။ ကိုယ်မွန့်ကိုစိတ် - စိတ်စမ်းကြည့်တာပါ၊ ခုတော့ ယုံသွားပြီ၊ မွန်တာအညာမလွယ်တဲ့မိန်းကလေးဆိုတာ၊ ကိုယ် အရမ်းဝမ်းသာတယ် - မွန်"

ကျွန်တော်မှာပတ်ပြေးရင်းတတွတ်တွတ် ရှင်းပြနေရင်း သည်းထိတ်ရင်ဖိုဖွယ် မိမိ၏စမ်းသပ်မှုအတွက် မနည်းပင်တောင်းပန်လိုက်ရသည်၊ သည်တော့မှ မွန်သည် စိတ်အနည်းငယ်ပြေဟန်ဖြင့် အနီးရှိ သစ်ငုပ်တစ်ခုပေါ် ဆောင့်ကြီးအောင့်ကြီး ထိုင်ချလိုက်သည်၊

"ကဲ - မွန် နားထောင်၊ ဟောဒီခွေ့ခေါင်ခေါင်မှာမိုးကြိုးအတုံးလိုက် အတစ်လိုက် အပစ်ခံရစေရဲ့၊ စပါးကြီးကောင်ကြီး ခြေဆုံးခေါင်းဆုံး မျိုပါစေရဲ့ ကိုယ်ကျိန်ပြောဝံ့တယ်။ မွန် - မိန်းမတို့ကာယိန္ဒြေ ဘယ်လောက်ထိန်းနိုင်သိမ်းနိုင်သလဲ၊ အပျိုရည်ကို ဘယ်လိုထိန်းတတ်လဲဆိုတာ သိချင်လို့ စမ်းကြည့်တာပါ။ ခုတော့ - ကိုယ် အရမ်းအရမ်းကိုပျော်သွားပြီ။ ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ်ချစ်တဲ့သူကို "ယင်မှီ" တောင်မသန်းစေလိုတဲ့စိတ်ရှိတာမို့ ခုတော့ကိုယ်ကျေနပ်သွားပြီ။ ပြီးတော့ - ပိုပြီးတော့လည်း တန်ဖိုးထား၊ လေးစားမိပြီ။ အစကတော့ မွန်ဟာ ကိုယ်တွေ့ကြုံဖူး တဲ့ ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက်အဖြစ် ကိုယ်မြူသလိုနေမလားဆိုပြီးရင်တဖိုဖိုဖြစ်နေသေးတယ်။ မွန့်ကိုယ်ခန္ဓာကိုပိုင်လိုက်ရလို့ ကိုယ်ပျော်မယ်ထင်သလား - မွန်၊ လွယ်လွယ်နဲ့ ပိုင်လိုက်ရရင်တော့ တစ်သက်လုံး "ခြောက်အိပ်မက်" ဟာ တဝေ့ဝေ့နဲ့ ကိုယ့်အပေါ် ခြောက်လှန့်နေမှာပဲ၊ ခြော် - မိန်းကလေးကို လက်မထပ်ခင်မှာတောင် အလွယ်ကလေးနဲ့ ပေါ်ချောင်ရတယ်ဆိုပြီး အစ်ကို တန်ဖိုးထားမှာမဟုတ်တော့တာ အမှန်ပဲ၊ ဝုက်ယူတယ်

မွန်၊ ပြီးတော့ - တန်ဖိုးလည်း ပိုလို့ပိုလို့ ထားတတ်လာပြီ"

ကျွန်တော့်မှာ ရှည်ဝေးလှစွာသော စကားလက်တံများဖြင့် သူ့ကို မနည်းပင် ချောင်းချပါသော်လည်း မွန်တေတေ အပြုံးမပြေသည့်သူ့မျက်နှာထားကြောင့် ကိုယ့်အတတ်နှင့် ကိုယ်စူးကာ မျက်နှာ ပူနှင့်ပင် အပြန်လမ်းဆီသို့ တစ်ခေါက်ပြန်ခဲ့ရပါတော့သတည်း။

သည်သို့ဖြစ်ပျက်ပြီး တစ်ပတ်လုံးလုံးမျက်နှာပူလှသဖြင့် ကျွန်တော်သည် သူ့လေးနှင့်တွေ့ဖို့ ဝန်လေးနေမိတော့သည်၊ သို့ပင်ဖြစ်သော်ငြားတပည့်လက်သားနှင့်လွှတ်ကာ ဗီနန်းတွဲမှတစ်ဆင့် သူ့လေးထံသို့ညှပ်ဗီနပ်၊ အင်္ကျီစသည်တို့ကိုမူ ချစ်လက်ဆောင်အဖြစ် မျက်ဖြေလက်ဆောင်ပါ ဘုံ့အတူ ပို့ပေးဖြစ်ပါသေးသည်။ သောက်နေကျသေသောက်ကျူးထန်းရည်သမားတို့သည်နေညိုရိုန်ရောက်ပြီဆိုက ထန်းပင်ပေါ်သို့ မော့ကြည့်တတ်လေသတတ်။

ကျွန်တော်သည်လည်း မည်သို့ထူး၍ အရှုံးမပေးပဲ နေရှင်ပါအံ့နည်း။

"လျှောက်ပြန်သံပေးသမားတစ်ယောက်ရဲ့အသက်လုပွဲ"

၇၇

"အုံ့ပုန်းချစ်တစ်ရက်လောတ်ချစ်ရတာရယ် × × × လင်မယားချစ်တစ်သက်လိုက်လို့ မမှီပါတယ် × × × တစ်အိမ်ရာ ထဲလို့သာ ခင်ရယ်(မွန်ရယ်) မဝေးသွားထင်ပါတယ် × × × ယဉ်ဆိုသမျှရယ် × × × ပင်ကိုလှတယ် × × × ရွှေအုပ်ကလေးနှယ် × × × ကြိတ်မျိုမရတယ် × × × ရွှေရင်"

"ဒိုင်း"

ကျွန်တော် သီဆိုလက်စသီချင်းနှင့်အတူ ဒိုင်းခနဲ သေနတ်သံတစ်ချက်တသီချင်းသံစဉ်များကြားမှ လွှားခနဲ ဖြတ်သန်းလိုက်လေတော့သည်။

"ဟိုတ် - ယောက္ခမလောင်းကြီးတော့ G-3 ကြီးနဲ့ တကယ်ပစ်ပြီတော့နောက်ကျတဲ့စက်ဘီး ခရီးဆုံးပြီမှတ်တော့ဟေ့"

ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးသည် ဘာညာသာရကာတွေးနေချိန်မရချေပဲ စက်ဘီးတစ်စီး နှစ်ယောက်အတူစီးကာ ရွာကုန်းဆင်းမှ မြို့လမ်းဆီသို့ အပြင်းနှင်လိုက်ရတော့သည်၊

"ခွေးမသား - ဒီလောက်ပြောထားရက်သားနဲ့၊ အရဲကိုးပြီးလာဝံ့သေးတယ်။ ငါ မှုးနေလို့ ချော်ပစ်မိတာ၊ မင်းတို့ တ

www.burmeseclassic.com

တောင်းသွားတယ် - အေ့ - အေ့ - ဝေါ့ အဲ့အဲ့"

ယောကျ္ာမလေောင်းကြီးက အိမ်ထံစက်မြိတ်မှ ချောင်းပစ်အပြီး ဝါးလေ့ခါမှအဆင်းတွင်အမှုးလွှန်ကာ မြေချော်ပြီးအတူ မထနိုင်တော့၍သာ သူ့အသံ ထမ်းပိုင်းတစ်စမှာ ကျွန်တော်တို့နှင့် ဝေးလံစွာကျန်ရစ်ခဲ့တော့သည်။

အခုမှာ ထိုညက မတွေ့တာ ကြာပြီဖြစ်၍ ချစ်သူမျက်နှာ မြင်ချင်စောဖြင့် ကျွန်တော့်မှာ ယောကျ္ာမအေနတ်စာမိတာ အသက်နှင့်ကိုယ် အိုးစားကွဲမလို ဖြစ်ခဲ့ရသည်။ "လျှောက်ပြန်သံပေး၊ မြေအေးဝမ်းယောင်"အဖြစ် ကျွန်တော်သည်ပီနန်းတွံအိမ်ရောက်တိုင်း ဆိုပြနေကျ ဝင်းဦး၏ အုံ့ပုန်းချစ်သီချင်းပင် ဆုံးအောင်မဆိုလိုက်ရ၊ သည်နှယ် - ခွေးခြေးဝတ်ပြေး အသက်လုပြေးခဲ့ရချေတော့၏။ ရွာအတွက် လမ်းမပေါ်ရောက်လေမှ ကျွန်တော်တို့စီးလာခဲ့ သည့် "PHEASANT"ဗီးဆင့် (ဇာမဏီ) စက်ဘီးအညိုရောင်ရှေ့ရှိ မီးခွက်ကလေးမှာ သေနတ်ဒဏ်ချက်ကြောင့် ဟက်တက်ပင် ကွဲအက်နေပါပကောလား။

"အလိုလေး - ရှေ့မီးသီးကယ်ပေလို့၊ နို့မို့ဆို မောင့်အသည်းလေးတွေမွမွကြေပြီပေါ့ - မွန်လေးရေ"

မွန့်အတွက် အသက်နှင့် ရင်းလိုက်ရသည့် သည်းထိတ်ရင်ဖိုဖွယ် သည်တစ်ညအပေါ် တစ်သက်စာအတွက် ဖူလုံသွားပြီလားဟု မမေးလိုက်လေနှင့် စာရှုသူ၊ ကျွန်တော့်အထက်က အစ်ကိုရင်းခေါက်ခေါက်ဖြစ်သူ အစ်ကိုကိုတင့်ဆွေ ပြောဖူးသည့်စကားကိုပင် ပြန်ထုတ်သုံးရပါဦးမည်။

"ညီလေး - မင်းရဲ့ကံဇာတာကို စစ်ကြည့်လိုက်တော့ မင်းဘဝတစ်လျှောက်လုံး သည်းထိတ်ရင်ဖိုဖွယ်အဖြစ်အပျက်တွေနဲ့ ကြုံနေရဦးမှာပဲ၊ ဒါပေမဲ့ - ရှေးဘဝ အတိတ်ကံအကြောင်း ကောင်းလေတော့၊ မင်းဟာ အန္တရာယ်တွေကြားမှာ လိုက်တန်းပြေးတမ်းကစားရင်း လက်မတင်လေးလွတ်မြောက်နေတတ်တယ်၊ အဲ - ကံကိုယ်၊ ဆူးပုံတော့ မနင်းလိုက်လေနဲ့ပေါ့ကွာ"

မှန်ပါသည်။ မွန်နှင့် ချစ်ဇာတ်လမ်းလေးစပြီးကတည်းက သည်းထိတ်စရာဖုံဖုံတို့ဖြင့် ကြုံလိုက်ရသည့်ဖြစ်ခြင်း။

မွန့်အပေါ် သူ့မိုးချောင်း ချောင်းနေသူများ၊ သမာဓိပိုးပိုးကြွသူများ၊ တောင်းရမ်းစပ်ဟပ်သူတို့၏ "အကြံ့တူရန်သူ" ဆိုအပ်သည့် ရန်ဗီးအပေါင်းတို့မှ ကျွန်တော်သည် သီသီကလေးလွတ်မြောက်ခဲ့ဖူးပြီ။

မောင်စပျိုးရိုန်ဝယ် ရွာအတွက် ချုံဖုတ်ထဲမှဖုက်ထားသည့်ကျွန်တော့်စက်ဘီးအား လေလျှော့ထားခြင်း (တစ်ခါတစ်ရံ အပ်နှင့်ထောက်ထားခြင်း)၊ ဘရိတ်တုံး၊ ဘရိတ်တံတို့အား ဖျက်ဆီးထားခြင်း၊ ညကြည့်မီးသီးတို့အား ရိုက်ခွဲထားခြင်း။ အမှောင်လွှမ်းသည့် အပြန်လမ်းတွင် နွယ်ကြိုးတားကာ စက်ဘီးမှောက်ရန် ကြံစည်ခြင်းများစွာဖြင့် ရင်ဆိုင်ခဲ့ရပါသေးသည်၊ ကျွန်တော် ဆိုခဲ့ဖူးသည်မဟုတ်လား၊ "မေတ္တာစစ်တို့ရဲ့သွားရာလမ်းသည် မဖြောင့်ဖြူးဘူးဆိုတာလေ။

ကျွန်တော်သည်ယောကျ္ာမလေောင်းလျာကြီး၏ ကောင်းမှုသဒ္ဒါကြောင့် ရှေ့မီးခွက် ကွဲကြေခဲ့သည်ကို "မေတ္တာစစ်ရဲ့ချစ်အမှတ်တရ"အဖြစ် မပြုမပြင်သည့်အတိုင်းပင် ပစ်ထားလိုက်ပါသည်။

သည်ကွဲရှသည့်ဒဏ်ရာလေးကို ကြည့်မိတိုင်း ကျွန်တော်သည် ချစ်သူမျက်နှာအား ပြေးမြင်ယောင်ရင်း ဦးနိမ်းကျူးရင့်မိပါသည်။

တောအထပ်တောင်အသွယ်သွယ်ကိုစည်းခံရင်းဘယ်တော့မှ့နှုးမတောက်လက်မမြှောက်ဘူး၊ တစ်နေ့နေ့တော့ "မွန်"ရှိရာကို အရောက်လာပါဦးမည်။ ။

ညိုရောင်

www.burmeseclassic.com



# ပြိတ္တာဝင်စားသူ၏ သွေးကြောကာလဲ့စား

မြေမြုပ်သင်္ဂြိုဟ်ထားသော
ကလေးသူငယ်ကလေးတစ်ယောက်၏
ရုပ်အလောင်း ရုတ်တရက်
ပျောက်ကွယ်သွားရာမှ ..

**ထွန်းဇော်မှာ ...**

ဒုရဲအုပ်တစ်ယောက် ဖြစ်လာခဲ့သောအခါမြို့ကြီးပြကြီးများတွင်တာဝန်ထမ်းဆောင်နေရသည်ကို မနှစ်မြို့ခဲ့ပါချေ။ မြို့ကြီးပြကြီးများတွင် လူဦးရေကများပြား၏၊ လူမျိုးစုံတို့ စုဝေးနေထိုင်ရာဖြစ်၏၊ လူနေများသည့်နေရာဖြစ်၍အမှုအခင်းတွေကလည်းမျိုးစုံလေသည်၊ မိမိတာဝန်ကျရာ စခန်းနယ်မြေအပိုင်းအတွင်း၌မှုခင်းတစ်ခုခုပေါ်ပေါက်ခဲ့လျှင်သက်ဆိုင်ရာနယ်မြေစခန်းမှ ပြည်သူ့ရဲများ အလုပ်ရှုပ်ကြရတော့သည်၊ ပေါ်ပေါက်သည့်အမှုအခင်းမပေါ်ပေါက်မချင်းနေ့မအား၊ညမနားအမှုလိုက်ကြရသည်၊ ထိုအမှုကိုကျူးလွန်ခဲ့သည့်တရားခံများကို ဖော်ထုတ်နိုင်ရေးမှာ မလွယ်သောအလုပ်ဖြစ်သည်၊ အမှုအတွက်လိုက်လံစုံစမ်းရင်းတရားခံများနှင့်ထိပ်တိုက်တွေ့ရသည့်အခါသူ့သေကိုယ်သေရင်ဆိုင်ရ၏၊ တရားခံဘက်မှ အုပ်စုများခဲ့လျှင်သေပြေးရှင်ပြေးပြေးခဲ့သည့်အခါလည်းကြုံကြရသည်၊ အမှုကျူးလွန်သည့်တရားခံကို ဖော်ထုတ်မပေးနိုင်ခဲ့လျှင်စခန်းမှူး ညံ့ဖျင်းရာရောက်၍ လူတကာအထင်သေးခြင်းခံရသေးသည်၊ တရားခံကိုဖော်ထုတ်ပေးခဲ့ပြန်လျှင်လည်းအငြိုးအတေးခံရ၍စားသတိ၊ သွားသတိအမြဲရှိနေရသည်၊ သတိလက်လွှတ်နေလိုက်သည်နှင့်ခေါင်းနှင့်ကိုယ်အိုးစားကွဲသွားနိုင်လေသည်၊

"ဩော် - ငါမြို့ကြီးတွေမှာ တာဝန်ကျနေခဲ့ရတာဟာ အမှုအခင်းတွေတများလှတော့အတော့်ကိုပင်ပန်းနေရတာပဲ၊ ဒီတော့ ငါနယ်မြို့တစ်မြို့ကိုအပြောင်းအရွှေလျှောက်ထားပြီးနေရာပြောင်းတာ



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ထမ်းရရင်တော့ မြို့ကြီးတွေမှာလိုပင်ပန်းရမှာမဟုတ်ဘူး”

စခန်းမှူးထွန်းဖေလည်း ထိုအတွေးဖြင့် နယ်မြို့တစ်မြို့သို့ ပြောင်း၍ တာဝန်ထမ်းဆောင်နိုင်ရန် လျှောက်ထားခဲ့လေတော့သည်။

လများမကြာမီအချိန်တွင်ထွန်းဖေလည်း နယ်စပ်မြို့ကလေးတစ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းရန် အမိန့်ကျလာခဲ့သဖြင့် သူ၏ဆန္ဒ ပြည့်ခဲ့ရလေသည်။ သူ တာဝန်ကျသောနယ်စပ်မြို့ကလေး တာစီးပွားရေးအရအရောင်းအဝယ်လုပ်ကိုင်ရည်တားနေသောမြို့ကလေးတစ်မြို့ဖြစ်သည်။ မြို့ကလေးမှာလည်း ခပ်ဝယ်ဝယ်ဖြစ်၍ တာဝန်ထမ်းဆောင်ရသည့် နယ်ဝယ် ကျဉ်းမြောင်းသဖြင့် မြို့ကြီးပြကြီးမှာ တာဝန်ထမ်းဆောင်ရခြင်းထက် အဆုံးကြီးသက်သာမှုရှိခဲ့လေသည်။ စီးပွားရေးအတွက် ရောင်းဝယ်ဖောက်ကားလုပ်ကိုင်နေကြသူတို့မှာမိမိတို့စီးပွားရေးတိုအေးအေးချမ်းချမ်းနှင့်အမြတ်အစွန်းရရှိရေးသာ ဦးတည်လုပ်ကိုင်နေကြသဖြင့် အမှုအခင်းက မရှိသလောက်နည်းပါးခဲ့လေသည်။

စခန်းမှူး ထွန်းဖေလည်း ထိုနယ်စပ်မြို့ကလေးတွင် အေးအေးလူလူနှင့်ပင် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ နှစ်ဝက်မျှပင် ရှိလာခဲ့လေသည်။ စီးပွားရေးအတွက် ရောင်းဝယ်ဖောက်ကားနေကြသူတို့မှာ အမှုအခင်းဖြစ်ရပါက မိမိတို့၏ လုပ်ငန်းလုပ်ဆောင်နိုင်မှု ဖင့်နှေးကာ အလုပ်ပျက်ကြမည်ကို စိုးရိမ်ကြသဖြင့် တော်ရုံပြဿနာတို့မှာ မိမိတို့အချင်းချင်း ညှိနှိုင်းကြေအေးကြ၍အရေးယူလောက်အောင် မရှိခဲ့ပေ။ စခန်းမှ တာဝန်ရှိပြည်သူ့ရဲများလည်း ပုံမှန်တာဝန်များကိုအေးဆေးစွာ ဆောင်ရွက်ကြရကာ အေးချမ်းနေလေတော့သည်။

ထိုသို့အေးအေးချမ်းချမ်းရှိနေသော မြို့ကလေးတွင် တစ်နေ့တော့ ကလေးတစ်ယောက် ပျောက်ဆုံးမှုတစ်မှု ပေါ်ပေါက်လာခဲ့တော့သည်။

⁂

ပျောက်ဆုံးခဲ့သောကလေးမှာ ကျောင်းနေအရွယ်ဖြစ်ကာ တစ်ညနေ ကျောင်းအဆင်း၌ အိမ်သို့ ပြန်မရောက်ခဲ့ခြင်းကြောင့် နေရာအနှံ့ ရှာဖွေခဲ့ကြ၏။ ကျောင်းတက်ဖော်များကိုမေးမြန်းစုံစမ်းကြ၏။ ဆွေမျိုးသားချင်းများထံ သွားရောက်ရှာဖွေကြ၏။ သို့သော် ဘယ်နေရာမှ သတင်းအစအန ထွက်မလာခဲ့ပေ။ ကလေး၏မိဘများမှာလည်း ခေါင်းမီးတောက်တမျှ မှုပန်စိုးရိမ်ခဲ့ကြလေသည်။

“စခန်းမှူးကြီးရယ် - ကျွန်မတို့သမီးကလေးကို တွေ့အောင်စုံစမ်းပေးပါရှင်။ ကျွန်မတို့မှာဒီသမီးကလေးတစ်ယောက်တည်းပဲ ရှားရှားပါးပါး ထွန်းကားခဲ့တာပါရှင်”

“သိပ်လည်း စိတ်မပူကြပါနဲ့ဗျာ။ ကျွန်တော်တို့လည်းတာဝန်ရှိတဲ့အတိုင်း နေရာအနှံ့ကို လိုက်လံစုံစမ်းနေကြပါတယ်။ မကြာမီအချိန်မှာ စုံစမ်းဖော်ထုတ်ပေးနိုင်မှာပါဗျာ”

စခန်းမှူး ထွန်းဖေလည်း သမီးပျောက်ခဲ့၍ အပူမီးတောက်နေရှာသော မိဘများအား နှစ်သိမ့်အားပေးနေရပေသည်။

ခက်နေသည်က ပျောက်နေသောကလေးအား ဘာသတင်းမှလည်း မရ၊ ရှာ၍လည်းမတွေ့နေခြင်းပင်။ လူကုန်ကူးမှုတွေကလည်းခေတ်စားနေသဖြင့်တစ်ယောက်ယောက်က လူမသိသူမသိဖြင့် ဖမ်းခေါ်သွားပြီး တစ်ဖက်နိုင်ငံဘက်သို့ ရောင်းလိုက်ပြီလားလည်းမပြောနိုင်ပေ။ ထို့ကြောင့် နယ်စပ်စောင့်ရဲစခန်းများသို့လည်းကလေးပျောက်ကိစ္စကိုအကြောင်းကြားထား ပေးခဲ့ရသည်။

စခန်းမှူး ထွန်းဖေမှာ လအတန်ကြာသည့် တိုင်အောင် လူပျောက်သတင်းအစအန မရရှိသဖြင့် သူ့တာဝန်ပိုင်းမကျေမပွန်ဖြစ်နေရသဖြင့် ပြည်သူ့ရဲတပ်ဖွဲ့၏ဂုဏ်သိက္ခာလည်းညှိုးမှိန်နေရလေသည်။ ထို့ကြောင့် သတင်းအရချက်အလက်၊ သဲလွန်စ ရလိုရငြား မြို့ထဲအနှံ့လိုက်လံစုံစမ်းနေရသည်။

တစ်နေ့တွင်အမှိုက်ပုံ၌ပလတ်စတစ်အိတ်မည်းများနှင့်ထည့်ထားသော အရိုးများကိုထူးထူးဆန်းဆန်းတွေ့ရှိကြောင်း သတင်းထွက်ပေါ်လာသည်။

“ဒီအရိုးတွေဟာ ဆိတ်ရိုး၊ အမဲရိုးတွေတော့ မဟုတ်လောက်ဘူးပဲ”

“ဟုတ်တယ် - လူရဲ့အရိုးတွေပဲဖြစ်နိုင်တယ်”

ထိုတွေ့ရှိချက်သတင်းက မြို့ထဲအနှံ့ ပျံ့နှံ့လာခဲ့လေသည်။

“ဟင် - အမှိုက်ပုံမှာ လူရိုးတွေ စုထည့်ထားတဲ့ပလတ်စတစ်အိတ်တွေ တွေ့တယ်ဆိုပါလား၊ တော်တော်ထူးဆန်းတာပဲ”



www.burmeseclassic.com

www.burmeseclassic.com

ထိုသတင်းကြောင့် စခန်းမှူး ထွန်းဖော်လည်း အဲ့မိုက်ပုံသို့ရောက်လာခဲ့ရသည်။

"အင်း - ဒီလူရိုးတွေကို အမိုက်ပုံမှာ စွန့်ပစ်ထားတယ်ဆိုတော့ အမှုပေါ်မှာစိုးလို့ အရိုးတွေချည်း ရှပ်လုံးဖျက်ပြီးများ စွန့်ပစ်ခဲ့တာများလား"

ထွန်းဖော်မှာ ထိုအရိုးများနှင့်ပတ်သတ်၍ အမျိုးမျိုးတွေးတောကြည့်နေမိ၏။

"အရိုးတွေချည်းထုတ်ပြီး စွန့်ပစ်တယ်ဆိုတော့လူသတ်သမားဟာတော်တော်သွေးအေးအေးနဲ့ လုပ်ဆောင်ခဲ့တာပဲ၊ ကေနူ - နာကြည်းချက်ကြီးကြီးနဲ့ များတများလွန်ခဲ့တာများလား။ ဒါမှမဟုတ် တိုတစ်ရှိန်က ကြားဖူးလိုက်တဲ့ လူသားစားလာဘများ ပြန်ပေါ်ပေါက်လာပြီး အသားတွေ ထွင်ယူပြီး အရိုးတွေကို စွန့်ပစ်ခဲ့တာများလား"

ထိုအမိုက်ပုံတွင် အရိုးထုပ်များတွေ့ရှိခြင်းဖြင့် အရိုးများကိုစွန့်ပစ်ခဲ့သူသည် တခြားတစ်ရပ်တစ်ကျေးက မဖြစ်နိုင်၊ အနီးအပါးရပ်ကွက်ထဲမှသာ ဖြစ်နိုင်လေသည်။

"ငါ - ဒီရပ်ကွက်ထဲမှာ ညဘက်ပါ ဝပ်ကင်းတွေချပြီး စောင့်ကြည့်ရတော့မှာပဲ။ ဒါမှရပ်ကွက်ထဲက ထူးထူးခြားခြား လှုပ်ရှားမှုကို တွေ့လာနိုင်မှာပဲ"

လအတန်ကြာလျှင် ဝပ်ကင်းတာဝန်ကျရဲများအား မေးမြန်းရတော့သည်။

"ဘယ့်နှယ်လဲဟေ့ - မင်းတို့ရပ်ကွက်ထဲ ပတ္တရောင်လှည့်၊ ဝပ်တင်းတွေ ချပြီးစောင့်ကြည့်ကြတာ ဘာသတင်းထူးသလဲကွ"

"တခြားတော့ ဘာသတင်းထူးမှ မရှိဘူး - ဆရာ။ ဒါပေမဲ့ - ကျွန်တော်တို့ ဝပ်ကင်းချထားပြီး စောင့်ကြည့်နေကြစဉ်မှာ မြို့စွန်နားက အိမ်ကြီးတစ်အိမ်ထဲက အော်ဟစ်သံတွေ ကြားလာရတယ် ဆရာ"

"အဲဒီလိုအော်ဟစ်သံတွေ ကြားရတာက ဘယ်အချိန်လောက်လဲဟေ့"

"ညနာရီပြန် တစ်ချက်တီးအချိန်လောက်မှာ ကြားရတာပဲ - ဆရာ"

"အင်း - ဒီလောက်ညဉ့်နက်ချိန်ကြီးမှာ အော်ဟစ်သံတွေ ကြားရတယ်ဆိုတော့ လင်မယားချင်းပဲ စကားများပြီးရန်ဖြစ်နေကြတာလား၊ ကြောက်လန့်စရာ တစ်ခုခုနဲ့ ကြုံတွေ့ရလို့ လန့်အော်တာလားပေါ့ကွာ"



ဝပ်ကင်းတာဝန်ကျရဲများက ထိုအော်ဟစ်သံများ ကြားရပြီးနောက် နားစွင့်နေခဲ့ကြသော်လည်း နောက်ထပ်မကြားရတော့ကြောင်း၊ ဆက်၍ထူးခြားမလာတော့သောကြောင့်နံနက်(၄)နာရီအချိန်ခန့်တွင်ပြန်လာခဲ့ကြကြောင်းများကိုပါ ဆက်လက်ပြောပြနေလေသည်။

"အေး - ဘာမှထူးခြားမှုမရှိဘူးဆိုပြီး အာရုံမထားပဲမနေနဲ့ကွ၊ အခု မထူးခြားပေမဲ့၊ နောက်ထူးခြားမှုရှိလာမယ်လို့ မပြောနိုင်ဘူး၊ သတင်းအစအန ရှာဖွေကြတယ်ဆိုတာ မထင်မှတ်ပဲနဲ့လည်း တွေ့တတ်၊ ကြားတတ်တာမျိုးပဲဟေ့၊ သတိထားပြီးတော့သာ ဆက်လက်ပြီး စောင့်ကြည့်နေကြဖို့ လိုတယ်ဟေ့"

"ဟုတ်ကဲ့ပါ - ဆရာ။ ကျွန်တော်တို့ ညကင်းဝပ်ရင်း စောင့်ကြည့်ကြပါ့မယ် ဆရာ"

တစ်ညပိုင်းသန်းခေါင်ကျော်လူခြေတိတ်ချိန်တွင်ဖြစ်၏။ မှိန်ပျပျလင်းနေသော မီးသီးအလင်းရောင်အောက်ရှိ လမ်းမကြီးပေါ်တွင် လူသွားလူလာပြတ်နေပေပြီ။ ခွေးများသာ လမ်းပေါ်တွင် ဟိုဒီ လျှောက်နေသည်ကိုမြင်တွေ့နေရသည်။

"ဝုတ် - ဝုတ် - ဝုတ်"

"အူး - အူး - အူး"

"ဟာ - ခွေးတွေ တောင်ပြီး အူနေ… ကြပါလား။ ဘာကိုများတွေ့လို့ဟောင်နေ… ကြတာလဲပဲ"

ညသန်းခေါင်ချိန်ကြီးမှာ ခွေးများ… ဆွဲဆွဲငင်ငင် အူနေခြင်းကို ကြားရသည်… မှာကြက်သီးထစရာပင်။ တကယ်တော့… ခွေးများသည် ပရလောကသားတို့အား… မြင်တွေ့နိုင်ကြ၏၊ ထိုသို့မြင်တွေ့ကြ… လျှင် စူးစူးဝါးဝါး ထိုးဟောင်ခြင်း၊ ဆွဲဆွဲ… ငင်ငင်အူခြင်းများ ရှိတတ်လေသည်။

"ဆရာ - ကျွန်တော်တော့ အဲဒီမြို့… စွန်နားကအိမ်ကြီးကို သိပ်မသင်္ကာဘူး… ဆရာ"

"မင်းတို့က ဘာထူးခြားမှုတွေ မြင်… တွေ့ကြရလို့ မသင်္ကာရတာလဲကွ"

"ဒီလိုလေ ဆရာ - ခွေးတွေက အဲဒီ… အိမ်ကြီးဘက်ကို လှည့်ကြည့်ပြီး အူကြ… တယ်၊ ပြီးတော့ - အိမ်ကြီးပေါ်ကလည်း… ညအချိန်မတော်ကြီးမှာ မီးတွေ ထွန်း… တယ် - ဆရာ"

စခန်းမှူးထွန်းဖော်လည်း သူ့… များ တင်ပြလာကြသည်ကို အကြိမ် ကြိမ်…



www.burmeseclassic.com

www.burmeseclassic.com

အလှန်လှန်စဉ်းစားတွေးတောကြည့်နေသည်။

"အေး - အကယ်၍သာ ဥပဒေနဲ့ ငြိစွန်းတာတစ်ခုခု ကျူးလွန်နေတာဆိုရင်တော့ တစ်နေ့နေ့မှာ သဲလွန်စတစ်ခုခုရလာမှာပဲကွ။ မင်းတို့ ညစဉ်သာ ဆက်ပြီးစောင့်ကြည့်ကြပေါ့"

စခန်းမှူး ရဲများလည်း ထိုအိမ်ကြီး အနီးအနားတွင် ညစဉ် ဝပ်ကင်းချ၍စောင့်ကြည့်ခဲ့ကြလေသည်။

"ဟော - ခွေးတွေအိမ်ကြီးဘက်ကို ကြည့်ပြီး အူနေကြပါလား။ ဘာကိုများမြင်တွေ့နေကြလဲမသိဘူး"

"ဟင် - မှန်ဝါးဝါးအလင်းရောင်အောက်မှာ ဝတ်စုံအနက်ဝတ်လူတစ်ယောက် ထွက်လာပါလား။ သူ့လက်ထဲမှာလည်း အထုပ်တစ်ထုပ် ဆွဲလာနေတယ်"

"သွားနေတာကတော့ အမှိုက်ပုံဆီကို ဦးတည်သွားနေတာပဲပေါ့၊ ဒီလူကို သေတ်ာဘူး။ နောက်ယောင်ခံပြီး လိုက်ကြို့ပေါ့"

"တော - ဟိုလူ့လက်ထဲက အထုပ်ကြီးကို အမှိုက်ပုံထဲ ပစ်လိုက်ပြီ"

ထိုလူက နောက်မှရဲများ နောက်ယောင်ခံလိုက်နေသည်ကိုမသိပဲအထုပ်ကို ပစ်လိုက်ပြီးနောက်လှည့်ပြန်အလုပ်တွင် ရဲများက တားလိုက်ကြသည်။

"ဟေ့လူ - ခဏရပ်ဦး"

"ခင်ဗျား - ညဘက်ကြီးမှာအမှိုက်ပုံကို ဘာတွေလာပစ်တာလဲ"

"ကျုပ်ဗျာ - တစ်ရေးနိုးပြီး အိပ်မရတာနဲ့ အမှိုက်ထုပ် လာပစ်တာပါ"

"ဟာ - ပစ်လိုက်တဲ့အထုပ်ထဲမှာ အရိုးတွေပဲ"

ထိုအရိုးထုပ်နှင့်တကွ ထိုလူအား စခန်းသို့ ခေါ်လာခဲ့လေတော့သည်။

"ခင်ဗျား - ဒီအရိုးတွေက ဆိတ်ရိုး၊ အမဲရိုးတွေတော့မဟုတ်ဘူး။ ဘာရိုးတွေလဲဆိုတာ မှန်မှန်ပြောစမ်းဗျာ"

"ဆိတ်ရိုးတွေပါ - ဆရာရယ်၊ နေ့ခင်းထဲကလွှင့်ပစ်ဖို့မေ့နေလို့အခုမှသတိရတာနဲ့ လာပစ်ခဲ့တာပါ"

"အေးလေ - ဘာအရိုးတွေ ဖြစ်တယ်ဆိုတာ ကွဲကွဲပြားပြားသိရအောင် မှုခင်းဆရာဝန်ထံ ပြကြည့်ရမှာပဲ"

"ကဲ - ဟေ့ - ဒီလူကို ချုပ်ထားကြစမ်းကွာ၊ မသင်္ကာမှုနဲ့ ချုပ်ထားပြီး အဖြေအမည်းကွဲလာမှပဲ လွှတ်ပေးကြမယ်"

နောက်တစ်နေ့တွင် မှုခင်းဆရာဝန်၏ မှတ်ချက်အရ လူရိုးများဖြစ်ကြောင်း သိလာခဲ့ရသည်။



"ကဲ - ဟေ့လူ - ခင်ဗျားဘာငြင်းချင်သေးလဲ၊ ခင်ဗျားအမှိုက်ပုံမှာလာပစ်ခဲ့တဲ့ အထုပ်ထဲကအရိုးတွေဟာလူရိုးတွေဖြစ်တယ်ဆိုတာ သေချာသွားပြီ၊ ခင်ဗျား အဲဒီအရိုးတွေ ဘယ်ကရတာလဲ၊ မှန်မှန်ပြောစမ်းဗျာ"

ထိုလူလည်း ခိုးထုပ်ခိုးထည်နှင့်တကွ ရဲများမှ မိခဲ့ပြီဖြစ်၍ ဝန်ခံခဲ့လေတော့သည်။

"ကျုပ်ဆက်ပြီးငြင်းနေလည်းအရာမရောက်တော့ဘူးဆိုတာ သိပါပြီဗျာ၊ ကျုပ် အမှန်အတိုင်းပဲ ဝန်ခံပါတော့မယ်"

"ကျုပ်ဟာဒီနှစ်ပိုင်းမှာ ဘယ်လိုဖြစ်တယ်မသိဘူးဗျာ၊ ထမင်းစားရင်အသားကို စုံစုံမွှေ့မွှေ့ မက်မောလာခဲ့တယ်၊ အသားမပါပဲ လုံးဝကို စားမဝင်အောင်ပါပဲဗျာ၊ ဒါနဲ့ - ကျုပ်လည်း ထမင်းစားလေတိုင်း ကြက်သား၊ ဆိတ်သား၊ အမဲသားတွေချည်း ဝယ်ချက်စားခဲ့တာဗျ၊ ဒီအသားတွေနဲ့ စားရပြန်တော့ လည်း ကျုပ် မတင်းတိမ်ခဲ့ပြန်ဘူးလေ၊ ဒီလိုနဲ့ ကျုပ်ဟာ လူသားကိုစားချင်တဲ့စိတ်တွေ ပေါက်လာလို့ လောလောလတ်လတ်

သေဆုံးပြီး နေ့ချင်းမြှုပ်တဲ့အလောင်း ကောင်ကို သုသာန်ကို လာမြှုပ်နှံတာတို စောင့်နေခဲ့မိတယ်ဗျာ၊ အဲ - တစ်ညနေ တော့နှစ်နှစ်အရွယ်ကလေးတစ်ယောက် သေဆုံးလို့သုသာန်ကိုလာရောက်မြှုပ်နှံ ကြတာကို တွေ့ခဲ့တယ်ဗျ၊ ကျုပ်လည်း ကလေးတွေသေရင် ရက်မထားပဲ ချက် ချင်းဆိုသလို မြှုပ်နှံကြတာကို သိထား လေတော့ အဲဒီကလေးကို မြှုပ်နှံပြီး ပြန် သွားကြရော၊ ကျုပ်ဟာ အလောင်းကို ပြန်ယက်ဖော်ပြီး ပေါင်သား၊ ခြေသလုံး သား၊ လက်မောင်းသားတွေ လှီးယူပြီး မြေပြန်ဖို့ခဲ့ပြီး အိမ်ပြန်ခဲ့ပြီး ချက်စားခဲ့မိ တယ်ဗျာ"

စခန်းမှူးလည်း ထိုလူပြောပြနေ သည်ကို စိတ်ဝင်တစား နားထောင်နေ မိသည်။

"ခင်ဗျား - လူသားတွေ ချက်စား တော့ စားလို့ကော ဝင်ရဲ့လား"

"ဟာ - လူသားဟာ စားနေကျအခြား သား၊ ဆိတ်သားတွေနဲ့ ဘာမှမဆိုင်ဘူး ဗျ၊ သိပ်ကို အရသာရှိတာပဲ"

"အင်း - ဟုတ်ပါပြီဗျာ၊ ခုနောက် ကော - ဘာတွေဖြစ်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ဟာ လူသားရဲ့အရသာကိုသိသွားပြီးတဲ့နောက်မှာ လူသားစားချင်တဲ့စိတ်တွေကို တားမရ၊ ဆီးမနိုင်အောင်ဖြစ်လာခဲ့တယ်ဗျာ။ ဒါနဲ့ - ကျုပ်ဟာ လူသားရနိုင်ဖို့အတွက် လူသတ်ပြီးယူမှရမယ်ဆိုတာလည်းသိရော ကလေးမလေးတစ်ယောက်ကို ဖမ်းခေါ်ပြီးသတ်တာ အသားများ လှီးယူပြီး စားခဲ့တယ်၊ အရိုးတွေကိုတော့အမှိုက်ပုံမှာပဲပလတ်စတစ်အိတ်အစည်းတွေနဲ့ထည့်ပြီး လူခြေတိတ်ချိန်မှာ သွားစွန့်ပစ်ခဲ့တယ်လေ"

စခန်းမှူးထွန်းဇော်လည်း လွန်ခဲ့သည့်နှစ်လလောက်က သမီးကလေးတစ်ယောက်ပျောက်ဆုံးခဲ့၍လာရောက်တိုင်တန်းခဲ့သောမိဘများအား သတိရလာခဲ့သည်။

"ခင်ဗျား - လွန်ခဲ့တဲ့နှစ်လကျော်လောက်က ကျောင်းဆင်းပြီးပြန်လာတဲ့ကျောင်းသူမလေးတစ်ယောက်ကို ဖမ်းခေါ်သွားပြီးသတ်စားခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ - ကျုပ် သတ်စားခဲ့မိပါတယ်"

"အင်း - ခင်ဗျားဟာတော်တော်လူဆန်တဲ့လူပဲဗျာ၊ တော်တော်ရက်စက်တာပဲ"

"ဟုတ်ပါတယ်ဗျာ။ ကျုပ်ရဲ့အာသာပြေနိုင်ဖို့အတွက် ဒီလိုတွေကျူးလွန်ခဲ့မိတာပါပဲဗျာ"

"အခု အမှိုက်ပုံကို လာပစ်တဲ့လူရိုးတွေကရော ဘယ်သူ့ကိုသတ်ပြီးစားခဲ့တဲ့အရိုးတွေလဲဗျ"

"ဒီအရိုးတွေက ကုလားလေးတစ်ယောက်ကိုမြို့ထဲမှာ ရှင်းလင်းနိုင်းရင်းကသတ်စားခဲ့တဲ့အရိုးတွေပါပဲဗျာ"

စခန်းမှူးထွန်းဇော်လည်းသူ့စခန်းတွင်တော့ လောလောဆယ် လူပျောက်တိုင်တန်းလာခြင်းမရှိခဲ့သေးပေ၊ အခြားရပ်ကွက်ရဲစခန်းများတွင်လူပျောက်တိုင်တန်းထားခြင်းလည်း ရှိ၊မရှိ လှမ်း၍စုံစမ်းကြည့်ရမည်ပင်ဖြစ်လေသည်။

စခန်းမှူးထွန်းဇော်လည်းလူပျောက်မှု ကျူးလွန်သည့်တရားခံကို ဖမ်းမိခဲ့ပြီဖြစ်သောကြောင့်အမှုတည်ဆောက်ကာ တရားရုံးသို့ တရားခံနှင့်တကွ အမှုတင်ပေးခဲ့လေသည်။

မကြာမီ တရားခံအား ရုံးထုတ်ခဲ့လေသည်။

"ဟင် - ဒီလူကလူတွေဖမ်းသတ်ပြီးလူသားစားတဲ့အမှုနဲ့ ဖမ်းခဲ့တာတဲ့"





အင်း - ဒီတရားခံဟာ ရှေးက ဖောင်းမှုတ်နဲ့ လူပြိတ္တာကြီးဖြစ်ခဲ့လိမ့်မယ်၊ ကိုယ်လုံးကြီးက တောင်ကြီးလိုကြီးနေလေတော့ ပြိတ္တာကြီးရှင် မသိကြပဲ အသားတောင်ကြီးအလှုတ်နဲ့ အနီးအနား ရှိတဲ့လူတွေက ပြိတ္တာကြီးရဲ့ အသားကို လာလှီးယူပြီး ချက်စားခဲ့ကြသတဲ့၊ ဒီအခါ မှာ ပြိတ္တာကြီးဟာ ငါ့အသားကို စားကြသူတွေကို ငါလည်း ပြန်လည်စားရပါစေလို့ ဆုတောင်းခဲ့လို့ နောင်သာ ဝေါရီသာဒ ဘုရင်ဖြစ်လာတဲ့အခါ ... ၆၆

"ဟင် - ဟုတ်လား၊ တော်တော်ကြောက်စရာကောင်းတဲ့လူပါလား၊ စောစောစီးစီးဖမ်းမိခဲ့လို့သာ တော်တော့တယ်၊ ဖမ်းသာမမိခဲ့ရင်လူဘယ်လောက်များကိုဖမ်းသတ်စားနေဦးမယ်မပြောနိုင်ဘူးပဲ"

"အင်း - ဒီလူသတ်ကောင်ကတော့ ခေတ်သစ်ပေါရိသာဒ၊ ဒါမှမဟုတ် ပြိတ္တာဝင်စားသူရဲ့ သွေးကြွေးကလဲ့စားလို့တောင် ခေါ်ဆိုထိုက်တယ်ဗျ"

တရားရုံးရှေ့တွင်အမှုနှင့်ပတ်သက်၍ ရောက်နေကြသောလူများက ထိုလူသားစားသူအား တွေ့မြင်ကြသောအခါ အမျိုးမျိုးသော အမည်နာမများ ပေးနေကြတာ ပြောဆိုဝေဖန်နေကြလေသည်။

"အဲဒီတရားခံကိုဘာကြောင့်ခေတ်သစ်ပေါရိသာဒလို့ ပြောနိုင်တာလဲဗျ၊ ရှင်းပြစမ်းပါဦး"

"ဒီလိုလေဗျာ - ရှေးက ပေါရိသာဒဘုရင်ဟာ အမဲသားငါးမပါရင် ပွဲတော်မတည်ဘူးဗျ၊ သူ့အတွက် အမြဲထမ်း အမဲသားငါးတွေနဲ့ ပွဲတော်ဆက်ကြရတယ်၊ အဲ - တစ်နေ့မှာတော့ ဘုရင်ပေါရိသာဒအတွက်ထားတဲ့ အမဲသားကို မွေးရှိသွားလို့ အမဲသားငါး အစားတွေမနေခဲ့ရာမှ စားတော်ကဲဟာ သူ့ကို သတ်မှာ



www.burmeseclassic.com

www.burmeseclassic.com

စိုးတဲ့အတွက် ဉပုသ်နေ့ဖြစ်လို့ ဈေးက အခဲသားမရနိုင်ဖြစ်နေချိန်မှာ သုသာန်ကိုသွားပြီးလောလောလတ်လတ်မြှုပ်နှံသင်္ဂြိုဟ်ထားတဲ့ အလောင်းကိုဖော်ပြီး ခြေသလုံးသား၊ ပေါင်သားအချို့ကို လှီးဖြတ်ယူလာပြီး ဟင်းချက်ကာ စားတော်ပွဲဆက်ခဲ့သတဲ့၊ ဘုရင်လည်း ထိုအသားကို စားရတဲ့ အခါ "အရသာထူးတာကြောင့် စားတော်ကဲကို အမှန်အတိုင်း ပြောဖို့မေးတဲ့အခါစားတော်ကဲက သတ်ရင်လည်းခံရမယ်၊ ထားရင်လည်း ရှင်ပါမယ်ဆိုပြီး အဖြစ်မှန်ကို လျှောက်တင်ခဲ့သတဲ့။ ဒီတော့ - ဘုရင်က စားတော်ကဲကို မသတ်တဲ့အပြင် နောင်ပွဲတော်ဆက်ရင် လူသားနဲ့ ဆက်ရမယ်လို့ မိန့်ခဲ့သတဲ့၊ စားတော်ကဲလည်း သုသာန်က လူသေသားမရခဲ့ရင် ကလေးတွေကို သတ်ခဲ့တယ်၊ နောင်လူတွေကိုပါ သတ်ပြီးလူသားနဲ့စားတော်ဆက်ခဲ့ရတယ်တဲ့၊ နောက်တော့ - တိုင်းသူပြည်သားတွေက ဘုရင်ဟာ လူသားစားလို့ လူတွေကို သတ်ခဲ့ကြောင်း သိလာတဲ့အခါ လူသားစားခြင်းကိုစွန့်ရင်စွန့်၊ ဒါမှမဟုတ် ထီးနန်းကိုစွန့်လို့ ပိုင်းလျှောက်တင်ကြတဲ့အခါ ပေါရိသာဒက လူသားကို မစွန့်နိုင်ပဲ ထီးနန်းစွန့်ကာ တောသို့ဝင်ပြီး တွေ့သမျှလူတို့ကို သတ်၍စားနေခဲ့သတဲ့လေ"


"သြော် - ဒါကြောင့် - ဒီလူသားစားတရားခံကို ခေတ်သစ်ပေါရိသာဒလို့ အမည်ပေးချင်တာကိုး"

"အင်း - ဒီတရားခံဟာ ရှေးက မကောင်းမှုကံနဲ့ လူပြိတ္တာကြီးဖြစ်ခဲ့လိမ့်မယ်၊ ကိုယ်လုံးကြီးကတောင်ကြီးလိုဖြစ်နေလေတော့ ပြိတ္တာကြီးမှန်းမသိကြပဲ အသားတောင်ကြီးအမှတ်နဲ့ အနီးအနားရွာကလူတွေက ပြိတ္တာကြီးရဲ့အသားကို လာလှီးယူပြီး ချက်စားခဲ့ကြသတဲ့၊ ဒီအခါမှာ ပြိတ္တာကြီးဟာ ငါ့အသားကို စားကြသူတွေကို ငါလည်းပြန်လည်စားရပါစေလို့ဆုတောင်းခဲ့လို့နောင်ဘဝပေါရိသာဒဘုရင်ဖြစ်လာတဲ့အခါ အဲဒီပြိတ္တာဘဝက ဆုတောင်းပြည့်ခဲ့ပြီး သူ့အသားကိုစားခဲ့သူတွေရဲ့အသားကို သတ်စားပြီး သွေးကြွေးကလဲ့စား ပေးဆပ်ခဲ့တယ်လို့ပဲ ထင်ခဲ့ရတာပေါ့လေ"

တရားရုံးရှေ့မှာ လူများလည်း ထိုလူသားစားတရားခံအား အတိတ်က ကြွေးပေးဆပ်ရသော ခေတ်သစ်ပေါရိသာဒအဖြစ် ရှုမြင်ကြကာ ကရုဏာသက်နေမိကြလေတော့သည်၊

→ တင့်ထူး (ဇေယျဝတီ)






ဝိညာဉ်လောက ဝတ္ထုတိုများ
ဒဂုန်ရွှေမျှား

www.burmeseclassic.com